

# သမုဒ္ဒရာ · ၆ · ပါး

## ဝိပဿနာတရားတော်

ပုသိမ်ဆရာတော် အရှင်ဂရုဝံသ

၁၄၄၉၁

တရားကျောင်း၊ကမ္မဋ္ဌာန်းတိုက်ဟူသမျှမှယောဂီအားလုံးအတွက်

သမုဒ္ဒရာ ၆ ပါး

# ဝိပဿနာ တရားတော်

## ပုသိမ်ဆရာတော် အရှင်ဂရုဝံသ

[ စစ်တွေမြို့၊ သဒ္ဓမ္မာဂရုကျောင်းတိုက်အတွင်း၌ ၁၃၂၉ ခုနှစ်
ဝါတွင်းကာလများတွင် ဟောကြားတော်မူခဲ့သည့် တရားစဉ် ]

[ စမ္မအါန ]

နှလုံးလှစာပေဖြန့်ချိရေး၊ စာတိုက်သေတ္တာအမှတ် ၈၇၊
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊
ရန်ကုန်မြို့။ ဖုန်း - ၇၂၉၇၁။

## ပုံနှိပ်ခြင်း

ပထမ အကြိမ်။ ။အုပ်ရေ ၁၅၀၀။ ၁၉၆၀ ခု။ စက်တင်ဘာလ။

ဒုတိယ အကြိမ်။ ။အုပ်ရေ ၂၀၀၀။ ၁၉၇၀ ခု။ ဇူလိုင်လ။

## မျက်နှာဖုံးပန်းချီ

စံတိုး


## ဘလောက်

လွင်

## မျက်နှာဖုံးရိုက်

အောင်သာ

ဦးချစ်အောင်(၀၂၀၇-မြ)၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍၊ အသျှင် ဇနိတ၊ ကင်းလွတ်ခွင့် အမှတ်(၄၀၀)၊ခေမာသီဝံကျောင်းတိုက်၊ဘကြီးမှုံလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းက ဘာသာရေး ဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၉၉၇) အရ ထုတ်ဝေသည်။



ကျမ်းပြုပုဂ္ဂိုလ် ပုသိမ်ဆရာတော် အရှင်ဂရုဝံသ

# သမုဒ္ဒရာ ၆ ပါး ဝိပဿနာတရားတော်

## မာတိကာ


တိုက်တွန်းနှိုးဆော်ချက် ၁၀

ဓမ္မပရိသတ်မှ ထုတ်ဝေသူထံသို့ ၁၄


## အခန်း ၁


**သမုဒ္ဒရာ ၆ ပါး ဝိပဿနာတရားတော်**

သမုဒ္ဒရာ ၆ ပါး ၁၇

ပကတိ သမုဒ္ဒရာနှင့်တူပုံ ၂၀

ပကတိ သမုဒ္ဒရာ ရေအလျဉ်နှင့်တူပုံ ၂၂

ပကတိ သမုဒ္ဒရာမှာ ရေဝဲဩဃနှင့်တူပုံ ၂၂

ဝဲဩဃ လေးပါး ၂၃

တရားကိုယ်အားဖြင့်သုံးပါး ၂၄

လှိုင်းတံပိုးနှင့်တူပုံ ၂၆

ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ ရှိနေပုံ ၂၆

ဝဲဩဃ လှိုင်းတံပိုး ထကြွတိုက်ခတ်ပုံ ၂၇

လေးကြမ်းမုန်တိုင်း တိုက်ခတ်ပုံ ၂၈

ပကတိ ရေမြှုပ်နှင့်တူပုံ ၂၉

မာတိကာ


ရုပ် သမုဒ္ဒရာ ငါးပါးမှာ
ဝဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်ပုံ ၃၃

မဂ္ဂင် ရှစ်ပါး ၃၇

မဂ္ဂင် ရှစ်ပါး သဘော်တည်ဆောက်ပုံ ၉၀

လောင်းလှေ သမ္မန် တုန်ကင်း တည်ဆောက်ပေးပုံ ၃၉

အင်ဂျင်နီယာဆရာ ဝဲသြဃ လှိုင်းတံပိုးတို့မှာ နစ်မြုပ်နေပုံ ၄၂

လောင်း, တုံး, ဝါးဖောင်ကိုစီး၍ ကူးကြပုံ ၄၃

သာသနာ့ဖောင်ကိုစီး၍ ကူးကြပုံ ၄၃

သာသနာ့ဖောင် ပြိုထွက်နိုင်ပုံ ၄၄

အင်္ဂါ လေးပါး ၄၆

စူဠ သောတာပန် သုံးမျိုး ၄၉

အကြောင်းတရား နှစ်ပါး ၅၀

ကံ သုံးပါး ၅၂

လောကအလုပ် သုံးမျိုး ၅၄

သာသနာ့အလုပ် သုံးမျိုး ၅၇

ပရမတ်အပေါ်မှာ ဝဲသြဃ ထကြွနေပုံ ၆၀

ပဟာန ပရိညာ ၆၆

သစ္စာလေးပါး ၆၇

သောတာပန် ဒုစရိုက်ခြောက်ပါး ပယ်ပုံ ၆၀

သောတာပန် ဒိဋ္ဌိ ဝဲသြဃမှ လွန်မြောက်ပုံ ၇၀

မာတိကာ

## အခန်း ၂

### သမုဒ္ဒရာ ၆ ပါး ဝိပဿနာတရားတော်


စိတ်ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်နေပုံ ၄၃
စိတ်သမုဒ္ဒရာ ၄၄
စိတ်သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်ပုံ ၄၅
ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ နှိပ်စက်ဖမ်းစားပုံ ၄၉
ဉာတပရိညာ ၈၀
ပစ္စယ ပရိဂ္ဂဟဉာဏ် ၈၂
ဝဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်ပုံ ၉၁
ဉာတပရိညာ ၉၂
တီရဏ ပရိညာ ၉၃
ပဟာန ပရိညာ ၉၄
သမ္မာဉ္ဉပဗ္ဗ ၉၇


## အခန်း ၃

### ဒိဋ္ဌိ ဝိစိကိစ္ဆာကွာ ဝိပဿနာတရားတော်


သက္ကာယ ၁၂၅
ရုပ် ဥပါဒါနက္ခန္ဓာ ၁၂၈

မာတိကာ


| | |
|---|---|
| ရှုပ် ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ | ၁၃၁ |
| ရှုပ် ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာ ဖြစ်ပုံ | ၁၃၂ |
| ပစ္စယ ပရိဂ္ဂဟဉာဏ် | ၁၃၅ |
| ပရမတ် အတ္တဒိဋ္ဌိ | ၁၃၇ |
| ဝိညာဏ် ဥပါဒါနက္ခန္ဓာ | ၁၄၂ |
| ဝိညာဏ် ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိစွဲကပ်ပုံ | ၁၄၃ |
| ဝိညာဏ် ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ | ၁၄၃ |
| ပစ္စယ ပရိဂ္ဂဟဉာဏ် | ၁၄၅ |
| ပရမတ် အတ္တဒိဋ္ဌိ | ၁၄၆ |
| ဝေဒနာ ဥပါဒါနက္ခန္ဓာ | ၁၄၇ |
| ဝေဒနာ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ | ၁၄၉ |
| ဝေဒနာ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ | ၁၅၀ |
| ပစ္စယ ပရိဂ္ဂဟဉာဏ် | ၁၅၁ |
| ပရမတ် အတ္တဒိဋ္ဌိ | ၁၅၂ |
| သညာ ဥပါဒါနက္ခန္ဓာ | ၁၅၅ |
| သညာဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ | ၁၅၅ |
| သညာဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ | ၁၅၆ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၁၅၇ |
| ပရမတ်အတ္တဒိဋ္ဌိ | ၁၅၉ |

| | |
|---|---|
| သင်္ခါရဥပါဒါနက္ခန္ဓာ | ၁၆၀ |
| သင်္ခါရဥပါဒါနက္ခန္ဓာမှာဒိဋ္ဌိကပ်ပုံ | ၁၆၂ |
| သင်္ခါရဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ | ၁၆၂ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၁၆၄ |
| ပရမတ်အတ္တဒိဋ္ဌိ | ၁၆၅ |
| တီရဏပရိညာ | ၁၆၇ |
| ပဟာနပရိညာ | ၁၇၁ |
| သစ္စာလေးပါး | ၁၇၂ |

## အခန်း ၄

### ဒိဋ္ဌိဝိစိကိစ္ဆာကွာ ဝိပဿနာတရားတော်

| | |
|---|---|
| အာယတနသက္ကာယ | ၁၇၈ |
| အာယတနမှာ ဒိဋ္ဌိစွဲကပ်ပုံ | ၁၈၉ |
| ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ | ၁၉၂ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၁၉၅ |
| တီရဏပရိညာ | ၁၉၈ |
| ပဟာနပရိညာ | ၁၉၉ |
| ခေတ်သက္ကာယ | ၁၉၉ |
| နာမ်ခေတ်, ရုပ်ခေတ်သက္ကာယတို့မှာ ဒိဋ္ဌိကပ်ပုံ | ၂၀၅ |

မာတိကာ

နာမ်ခေတ်၊ ရုပ်ခေတ်တို့မှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ ၂၀၇
တီရဏပရိညာ ၂၁၀
ပဟာနပရိညာ ၂၁၀
သက္ကာယကိုမပယ်ရ၊ ဒိဋ္ဌိကိုသာပယ်ရပုံ ၂၁၁

## အခန်း ၅

### မီးဆယ့်တစ်ပါး ငြိမ်းအေးသော ဝိပဿနာတရားတော်

အာဒိတ္တသုတ် ၂၂၂
မီးဆယ့်တစ်ပါး ၂၂၃
အကြောင်းမီးငြိမ်းအေးမှ အကျိုးမီးငြိမ်းအေးခြင်း ၂၂၅
မီးဆယ့်တစ်ပါး လောင်နေပုံ ၂၂၅
သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်ပါး ၂၂၇
မီးလောင်ခံရသောပုဂ္ဂိုလ်တို့ တခုတည်းသောနေရာ၌
နေ၍မရသည်နှင့် တူပုံ ၂၃၃
လူတို့၏နေရာအိမ်ကို မီးလောင်သည်နှင့်တူပုံ ၂၃၄
အဖိုးတန် ပစ္စည်းဥစ္စာတို့ကို
မီးခံသေတ္တာထဲထည့်ထားလျှင် မီးလွတ်ပုံ ၂၃၇
မီးဆယ့်တစ်ပါးငြိမ်းအောင် ဘာသာကိုးကွယ်ခြင်း ၂၃၈
ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပုံ
သရဏဂုံသုံးပါး ၂၄၀

## မာတိကာ


| | |
|---|---|
| မီးသတ်ရုံနှင့်တူပုံ | ၂၄၁ |
| တေဇောသမုဋ္ဌာနရုပ် ဝိပဿနာတရား | ၂၄၄ |
| မီးဆယ့်တစ်ပါးငြိမ်းအေးအောင် ဒီလိုပွားများအားထုတ်ကြ | ၂၄၅ |
| ပရိညာသုံးပါး | ၂၄၇ |
| ဉာတပရိညာ | ၂၄၈ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၂၄၉ |
| တီရဏပရိညာ | ၂၅၀ |
| သစ္စာလေးပါးကို ပိုင်းခြား၍သိမြင်ခြင်း | ၂၅၂ |


## အခန်း ၆

**အာမဂန္ဓ ဝိပဿနာတရားတော်**


| | |
|---|---|
| ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခြင်း | ၂၅၆ |
| ကိလေသာတို့နှင့်တကွ ယုတ်မာသော အကုသိုလ် တရားတို့သာ အာမဂန္ဓ အစာအာဟာရမည်ပုံ | ၂၆၄ |
| ကဿပမြတ်စွာဘုရားအား အာမဂန္ဓ အစာအာဟာရကိုမေးခြင်း | ၂၆၇ |
| အာမဂန္ဓဝိပဿနာတရား | ၂၇၆ |


* * *

# တိုက်တွန်းနှိုးဆော်ချက်

အို...ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းတို့၊ ဓမ္မမိတ်ဆွေအပေါင်းတို့နှင့်တကွ ကျွန်တော်တို့သည် အို၊ နာ၊ သေဘေးစသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ကြရန်အတွက် ဗုဒ္ဓဘာသာ သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ သာသနာတော်ကို ကိုးကွယ် ဆည်းကပ်ကြပါလျက် အို၊ နာ၊ သေဘေး စ သော ဆင်းရဲ ဒုက္ခတို့မှ လွတ်မြောက်ကြောင်း တရားကို မရ မယူနိုင်ကြလျှင် ဓမ္မ မိတ်ဆွေအပေါင်းတို့နှင့်တကွ ကျွန်တော်တို့မှာ ရည်မှန်းချက် အတိုင်း ဗုဒ္ဓ သာသနာတော်၏ အကျိုးစီးပွား အရသာကို ပြည့်စုံစွာ မရနိုင်ကြသည့်အတွက် အလွန်တရာပင်ဆုံးရှုံးနစ်နာမှုကြီးတရပ် ဖြစ်ကြပါမည်။

အို...ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ကြကုန်သော ဓမ္မမိတ်ဆွေ အပေါင်းတို့၊ အို၊ နာ၊ သေဘေး စသော ဆင်းရဲ ဒုက္ခ

အပေါင်းတို့မှ လွတ်မြောက်ကြရန်မှာ ဗုဒ္ဓဘာသာ သာသနာတော်ကို သာမည မိရိုးဖလာ ကိုးကွယ် ဆည်းကပ်ကြရုံမျှဖြင့် လွတ်မြောက် နိုင်ကြမည် မဟုတ်ပါ။ နည်းကောင်း လမ်းမှန် တရားကို ရရှိကြပါမှသာလျှင် အို, နာ, သေ ဘေး စသော ဆင်းရဲ ဒုက္ခတို့မှ လွတ်မြောက်နိုင်ကြပါမည်။

နည်းကောင်းလမ်းမှန် တရားကို ရရှိကြရန်မှာလည်း နည်းကောင်း လမ်းမှန် တရားကို ဟောပြော, ညွှန်ပြ တတ်သော ဆရာကောင်း ဆရာမြတ်တို့ကို ရှာမှီးကြလျက် ကိုးကွယ်ဆည်းကပ်ကြမှသာလျှင် အို, နာ, သေဘေးစသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်နိုင်ကြပါမည်။

ကျွန်တော်တို့သည် နည်းကောင်းလမ်းမှန်တရားကို ရရှိကြရန်အတွက် ဟိုသွား, ဒီလာ ဆိုသလို မနားမနေ ရှာဖွေကြိုးစားကြလျက် စုံစမ်းကြပါသော်လည်း နည်းကောင်းလမ်းမှန်တရားကို ရရှိနိုင်ကြရန်မှာ အလွန်တရာပင် အခက်အခဲ များစွာတို့နှင့် တွေ့ကြုံခဲ့ကြရပါသည်။

ယခုအခါ စစ်တွေမြို့ ပုသိမ်ဆရာတော်ဘုရားသည် ဝါတွင်း ဝါပ ဥပုသ်နေ့တိုင်း တကာ-တကာမ အပေါင်းတို့အား ဟောပြောပြသ သင်ကြားအပ်သော ဝိပဿနာ ဟောစဉ် တရားတော်ကို နာကြားကြရမှသာလျှင် ကျေနပ်နှစ်သက်ဝမ်းမြောက်မှု ဖြစ်ကြရပါသည်။

ကျွန်ုပ်တို့ ကျေနပ် နှစ်သက် ဝမ်းမြောက်မှု ဖြစ်ကြရသဖြင့် ပုသိမ်ဆရာတော် အရှင်မြတ် ဟောပြော ပြသအပ်သော တရားတော် ဒေသနာမြတ်တို့ကို ဓမ္မာစရိယ ဦးပဉ္ဉင်းများ အကူအညီ

ဖြင့် ရနိုင်သမျှစုဆောင်း၍ အပင်ပန်းခံကြလျက် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ကြရန် ရေးမှတ်ခဲ့ကြပါသည်။

ဤသို့ ပုသိမ်ဆရာတော် အရှင်မြတ် ဟောပြော ပြသအပ်သော တရားတော် ဒေသနာမြတ်ကို အပင်ပန်းခံကြလျက် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ကြရန် ရေးမှတ်ကြခြင်းသည် နည်းကောင်း လမ်းမှန် တရားကို မရရှိကြသေးသော ဓမ္မမိတ်ဆွေအပေါင်းတို့အား နည်းကောင်း လမ်းမှန် တရားကို ရရှိနိုင်ကြပါစေ ဟူသော မနောပဏိဓိ စေတနာ သဒ္ဓါတရား တို့ ဖြင့် ရေးမှတ်ကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ပုံနှိပ်ထုတ်ဝေသော စာအုပ်ပါ အချို့စကားရပ်တို့သည် ပုသိမ်ဆရာတော် အရှင်မြတ် ဟောပြော ပြသ, အပ်သော စကားရပ်တို့နှင့် အသုံးအနှုန်း မတူသော်လည်း တရားသဘောတူကြောင်း၊ မှန်ကန်ကြောင်းကို ဆရာတော် အရှင်မြတ် ကိုယ်တိုင် အမိန့်ရှိခဲ့ပါသည်။

အို....ဓမ္မမိတ်ဆွေအပေါင်းတို့၊ ကျွန်ုပ်တို့အပင်ပန်းခံ၍ ရနိုင်သမျှ စုဆောင်းကြလျက် ပုံနှိပ်ထုတ်ဝေ အပ်သော ဤစာအုပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ကြပါက ကိုယ်တိုင်ကိုယ်တွေ့ ဓမ္မပီတိ အကျိုးကျေးဇူး များသည်ကို တွေ့ကြုံ ကြရပါလိမ့်မည်။

ကိုယ်တိုင်ကြည့်ရှု လေ့လာသုံးသပ်၍ သဘောမပေါက်သော စကားရပ်များရှိနေကြပါက ကျွန်ုပ်တို့နှင့်ဆွေးနွေးကြပါမည်။ ကျွန်ုပ်တို့နှင့် ဆွေးနွေး၍ သဘောမပေါက်နိုင်လျှင် ဆရာတော် အရှင်မြတ်အား လျှောက်ထားကြပါက အလုံးစုံသဘောပေါက်၍ ဓမ္မရသကို ခံစားကြရပါလိမ့်မည်။

အို....ဓမ္မမိတ်ဆွေ **အပေါင်း**တို့၊ ဤစာအုပ်ပါ တရားနည်းလမ်းတို့ကို ပွားများ အားထုတ်နိုင်ကြပါစေ၊ ပွားများ အားထုတ်နိုင်ကြလျက် အို၊နာ၊သေဘေး စသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်နိုင်ကြပါစေ-ဟူ၍ ကျွန်ုပ်တို့က ဆုတောင်းလိုက်ရပေသတည်း။

**ကျောင်းတကာများ**
သဒ္ဓမ္မဂရုကျောင်းတိုက်
ပရိယတ္တိ ထောက်ပံ့ရေးအဖွဲ့
စစ်တွေမြို့။

# ဓမ္မပရိသတ် မှ ထုတ်ဝေသူထံသို့

ကိုစိုးမြင့်
အမှတ် (၁၀) ကင်မွန်းခြံ
ချောက်မြို့။
နေ့စွဲ။ ၁၉၇၉ ခု၊ မေလ ၂၅ ရက်

အသျှင်ဇနိတ
ခေမာသီဝံကျောင်း
မင်္ဂလာဒုံမြို့နယ်။

**လျှောက်ထားပါသည် အရှင်ဘုရား။**

တပည့်တော်သည် ဝိပဿနာအလုပ်ကို လုပ်ပါသည်။ လုပ်သည်ဆိုရာမှာလည်း မိမိကိုယ်တိုင် အခြေခံလောက်ဖြစ်ဖြစ် သဘောပေါက်ရမည်ဆိုသော အသိဖြင့် ဖြစ်ပါသည် အရှင်ဘုရား။

ထို့ကြောင့် တပည့်တော်သည် ဝိပဿနာကျမ်းများကို လက်လှမ်းမီသမျှ ဖတ်ရှုလေ့လာခဲ့ပါသည်။ တတ်စွမ်းသမျှလည်း တွေးဆခဲ့ပါသည်။ သို့သော် တပည့်တော်၌ အခြေခံမရှိ၍လား၊ ဒုန်းဝေး၍လား၊ သို့မဟုတ် ဉာဏ်မမီ၍လား မသိပါ။ တပည့်တော် ဖတ်ရှုလေ့လာခဲ့သော ကျမ်းများအနေဖြင့် တပည့်တော်အား ဘဝင်ကျခြင်း မဖြစ်စေခဲ့ပါ။ နားလည်သဘောပေါက်ခြင်းလည်း မရှိခဲ့ပါ။ တပိုင်းကလည်း ဝိပဿနာ အလုပ်သည် တပည့်တော်နှင့် ကျောချင်းကပ်နေပြီဟုပင် သဘောပိုက်မိပါသည်။


ယင်းသို့ရှိနေစဉ် မရည်ရွယ်ပဲနှင့် ဝိပဿနာ စာအုပ်တအုပ်ကို ဝယ်ခဲ့ပြန်ပါသည်။ ဖတ်ရိုးဖတ်စဉ်အတိုင်း ဖတ်ခဲ့ပါသည်။ ၎င်းတွင် မမျှော်လင့်မိသော အဖြစ်များနှင့် ကြုံရပါသည်။ ထိုစာအုပ်သည် တပည့်တော်အား ဥာဏ်ကို ပွင့်စေခဲ့ပါသည်။ ခမ္မလင်းရောင်ခြည်ကို ဖြစ်စေခဲ့ပါသည်။ ယင်းကြောင့်လည်း အတိုင်းမသိ ဝမ်းမြောက်ခဲ့ပါသည် ဘုရား။

ယင်းစာအုပ်မှာ 'ပုသိမ်ဆရာတော် အရှင်ဂရုဝံသ'၏ 'ဓမ္မစကြာ ဝိပဿနာ' ဒုတိယအကြိမ်ထုတ် စာအုပ်ပင် ဖြစ်ပါသည် အရှင်ဘုရား။ သို့ဖြစ်၍လည်း လုပ်ရပ်လမ်းညွှန်ဖြစ်သော 'သမုဒ္ဒရာ ၆ ပါး' စာအုပ်ကိုလည်း အာသာငမ်းငမ်းဖြင့် မျှော်လင့်ခဲ့ပါသည်။ ယခုတိုင် ထွက်ပေါ်လာခြင်း မရှိသေးသဖြင့် မချင့်မရဲ ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ တပည့်တော်များအား သနားသောအားဖြင့် ဆုတ်ဝေရန်ဖြစ်သော **သမုဒ္ဒရာ ၆ ပါးအား အမြန်ဆုံးထုတ်ဝေသောအားဖြင့်** သနားငဲ့ညှာပါမည့်အကြောင်း လျှောက်ထားပါသည် အရှင်ဘုရား။ ။

စစ်တွေမြို့ ပုသိမ်ဆရာတော် အရှင်ဂရုဝံသသည်
သဒ္ဓမ္မဂရု ကျောင်းတိုက်၌ ဥပုသ်ဆောက်တည်
ကြကုန်သော တကာ တကာမ တို့အား
၁၃၂၉ ခုနှစ်၊ ဝါဆို လပြည့် နေ့ တွင်
ဟောပြော ပြသသော

# သမုဒ္ဒရာ ၆ ပါး ဝိပဿနာ တရားတော်



အခန်း ၁

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သမုဒ္ဒရာ ၆ ပါး

ဒီနေ့ တကာကြီး-တကာမကြီးတို့အား သမုဒ္ဒရာ ၆ ပါး ဝိပဿနာတရားကို ဟောပြမည်။

တကာကြီးတို့ - တကာမကြီးတို့၊ ဤလောက အတွင်း၌ တဘက်ကမ်းသို့ ရောက်အောင် ကူးခတ်ခြင်းငှာ အလွန်တရာ ခဲယဉ်းကြီးကျယ်သော သမုဒ္ဒရာကြီးရှိတယ်။ ထိုသမုဒ္ဒရာကြီးမှာ အလွန်ပြင်းထန်သော ရေအလျဉ် စီးဆင်းနေတယ်။ အလွန်

ကြီးကျယ်သော တယူဇနာ၊ နှစ်ယူဇနာမှ စ၍ ယူဇနာတရာထိ ရေဝဲဩဃထကြွနေတယ်။ အလွန်ကြီးကျယ်သော လှိုင်းတံပိုးတို့ တိုက်ခတ်နေတယ်။ သတ္တဝါတို့ကို နှိပ်စက်ဖမ်းစားတတ်သော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ ရှိနေတယ်။

ကြီးကျယ်သောလေမုန်တိုင်း အမြဲတမ်းတိုက်ခတ်နေတယ်။ ထိုသမုဒ္ဒရာ၌ ပြင်းထန်သော ရေအလျဉ် ရေစီးကြောင်းမှာ မျောပါနေကြသော သတ္တဝါတို့သည် ကြီးကျယ်စွာ ထကြွနေသော ရေဝဲဩဃတွင် ပါဝင်ကြရလျှင် အထက်သို့ မပေါ်နိုင်အောင် အောက်သို့စုပ်ယူ၍ နစ်မြုပ်ပျက်စီးကြရတယ်။ ကြီးကျယ်သောလှိုင်းတံပိုး တိုက်ခတ်မှုကို ခံကြရလျှင်လည်းအောက်သို့ နစ်မြုပ်၍ ပျက်စီးကြရတယ်။ ကြီးကျယ်သောလေမုန်တိုင်း တိုက်ခတ်မှုကို ခံကြရလျှင်လည်း အောက်သို့နစ်မြုပ်၍ ပျက်စီးကြရတယ်။ ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ နှိပ်စက်ဖမ်းစားကြလျှင်လည်း ပျက်စီးကြရတယ်။

တကာကြီးတို့-တကာမကြီးတို့၊ ဤလောကအတွင်း၌ ဖြစ်ကြရသော သတ္တဝါဟူသမျှတို့၏ခန္ဓာကိုယ်မှာ သမုဒ္ဒရာ ၆ပါးစီ ရှိကြောင်းကို မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဤကဲ့သို့ ဟောတော်မူထားတယ်။

စက္ခုဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊
သောတံဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊
ဃာနံဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊

ဇိဝှာဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊
ကာယောဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊
မနောဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ–
ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ စက္ခု=မျက်စိသည်။ ပုရိသဿ= ယောကျ်ား, မိန်းမဟု ဆိုအပ်သော သတ္တဝါ၏။ သမုဒ္ဒေါ= သမုဒ္ဒရာတည်း။

ဘိက္ခဝေ=ရဟန်းတို့။ သောတံ=နားသည်။ ပုရိသဿ= ယောကျ်ား, မိန်းမဟု ဆိုအပ်သော သတ္တဝါ၏။ သမုဒ္ဒေါ= သမုဒ္ဒရာတည်း။

ဘိက္ခဝေ=ရဟန်းတို့။ ဃာနံ=နှာခေါင်းသည်။ ပုရိသဿ= ယောကျ်ား, မိန်းမဟု ဆိုအပ်သော သတ္တဝါ၏။ သမုဒ္ဒေါ= သမုဒ္ဒရာတည်း။

ဘိက္ခဝေ= ရဟန်းတို့။ ဇိဝှာ= လျှာသည်၊ ပုရိသဿ= ယောကျ်ား, မိန်းမဟု ဆိုအပ်သော သတ္တဝါ၏။ သမုဒ္ဒေါ= သမုဒ္ဒရာတည်း။

ဘိက္ခဝေ=ရဟန်းတို့။ ကာယော=ကိုယ်သည်။ ပုရိသဿ= ယောကျ်ား, မိန်းမဟု ဆိုအပ်သော သတ္တဝါ၏။ သမုဒ္ဒေါ= သမုဒ္ဒရာတည်း။

ဘိက္ခဝေ= ရဟန်းတို့။ မနော=စိတ်သည်။ ပုရိသဿ= ယောကျ်ား, မိန်းမဟု ဆိုအပ်သော သတ္တဝါ၏။ သမုဒ္ဒေါ= သမုဒ္ဒရာတည်း။

အစီပွာယ်။ ။ရဟန်းတို့၊ သတ္တဝါဟူသမျှတို့၏ခန္ဓာကိုယ်မှာ သမုဒ္ဒရာ ၆ ပါးစီ ရှိကြတယ်။ သမုဒ္ဒရာ ၆ပါး ဆိုသည်မှာ—

မျက်စိက သမုဒ္ဒရာတပါး၊
နားက သမုဒ္ဒရာတပါး၊
နှာခေါင်းက သမုဒ္ဒရာတပါး၊
လျှာက သမုဒ္ဒရာတပါး၊
ကိုယ်က သမုဒ္ဒရာတပါး၊
စိတ်က သမုဒ္ဒရာတပါး —

ဟူ၍ သတ္တဝါဟူသမျှတို့၏ ခန္ဓာကိုယ်မှာ သမုဒ္ဒရာ ၆ ပါးစီ ရှိကြသည့်အတွက် တကာကြီးတို့·တကာမကြီးတို့ ခန္ဓာကိုယ်မှာလဲ သမုဒ္ဒရာ ၆ ပါးစီ ရှိကြတယ် ဟူ၍ မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတယ်။

## ပကတိ သမုဒ္ဒရာနှင့်တူပုံ

မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ သတ္တဝါဟူသမျှတို့၏ ခန္ဓာကိုယ်မှာ မျက်စိ၊နား၊နှာခေါင်း၊ လျှာ၊ ကိုယ်၊စိတ် ဤ ၆ ပါးတို့ကို အဘယ်ကြောင့် သမုဒ္ဒရာဟူ၍ ဟောတော်မူထားသလဲ။ ပကတိသမုဒ္ဒရာမှာ ကြီးစွာသောမိုး အဆက်မပြတ် ရွာချသော်လဲ သမုဒ္ဒရာမှာ ရေမဆံ့၍ ကမ်းကို လွှန်တက်နေတယ် ဟူ၍ မရှိဘူး။

ထို့အတူ သတ္တဝါဟူသမျှတို့၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ပါး တို့မှာလဲ ထင်လာသောအာရုံ မဆံ့၍ လျှံတက်နေတယ် ဟူ၍ မရှိ။

မျက်စိမှာ မည်မျှလောက်ကြီးကျယ်များပြားသောအဆင်း အာရုံ ထင်စေကာမူ မျက်စိမှာ အဆင်းအာရုံ မဆံ့၍ လျှံ တက်နေတယ်ဟူ၍မရှိ။

နားမှာ မည်မျှလောက် ကြီးကျယ်များပြားသော အသံ အာရုံ ထင်စေကာမူ နားမှာ အသံအာရုံ မဆံ့၍ လျှံတက် နေတယ်ဟူ၍ မရှိ။

နှာခေါင်းမှာ မည်မျှလောက် ကြီးကျယ် များပြားသော အနံ့အာရုံ ထင်စေကာမူ နှာခေါင်းမှာ အနံ့အာရုံ မဆံ့၍ လျှံတက်နေတယ်ဟူ၍ မရှိ။

လျှာမှာ မည်မျှလောက်ကြီးကျယ်များပြားသော အရသာ အာရုံ ထင်စေကာမူ လျှာမှာ အရသာအာရုံမဆံ့၍ လျှံတက် နေတယ်ဟူ၍ မရှိ။

ကိုယ်မှာ မည်မျှလောက်ကြီးကျယ်များပြားသော တွေ့ထိ တိုက်ခိုက်မှုအာရုံ ထင်စေကာမူ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု အာရုံမဆံ့၍ လျှံတက်နေတယ်ဟူ၍ မရှိ။

စိတ်မှာ မည်မျှလောက် ကြီးကျယ်များပြားသော အာရုံ ၆ ပါး ထင်စေကာမူ စိတ်မှာ အာရုံ၆ပါး မဆံ့၍ လျှံတက် နေတယ်ဟူ၍ မရှိ။

၁၄၄၉၁

သို့အတွက် မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဤ ၆ပါးတို့ကို ပကတိသမုဒ္ဒရာနှင့်တူသောကြောင့် သမုဒ္ဒရာဟူ၍ ဟောတော်မူထားသည်။

## ပကတိ သမုဒ္ဒရာ ရေအလျဉ်နှင့်တူပုံ

ပကတိသမုဒ္ဒရာမှာ ရေအလျဉ် အဆက်မပြတ်စီးနေသကဲ့သို့ သတ္တဝါဟူသမျှတို့၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါး တို့မှာလည်း ရုပ်၊နာမ်၊ခန္ဓာ၊အာယတနဓာတ်တို့ အဆက်မပြတ် ဖြစ်ပျက်နေကြသည့်အတွက် ရုပ်၊နာမ်၊ခန္ဓာ၊အာယတနဓာတ်တို့ အဆက်မပြတ် ဖြစ်ပျက်နေကြမှုသည် ပကတိ သမုဒ္ဒရာမှာ ရေအလျဉ် အဆက်မပြတ်စီးနေမှုနှင့် တူတယ်။

ရုပ်၊နာမ်၊ခန္ဓာ၊အာယတနဓာတ်တို့ အဆက်မပြတ်ဖြစ်ပျက်နေမှုကို သံသရာရေအလျဉ်ဟူ၍ ခေါ်တယ်။

## ပကတိ သမုဒ္ဒရာမှာ ရေဝဲဩဃနှင့် တူပုံ

ပကတိသမုဒ္ဒရာမှာ ရေဝဲဩဃ ထကြွနေမှုသည် တယူဇနာ၊ နှစ်ယူဇနာမှစ၍ ယူဇနာတရာထိ ကြီးကျယ်စွာထကြွနေတယ်။

ထကြွနေသော ရေဝဲဩဃမှာ ပါဝင်ကြရသော ထိုထို ဝတ္ထုပစ္စည်းတို့သည် အထက်သို့မပေါ်နိုင်အောင် အောက်သို့ နှစ်မြုပ်ကြရတယ်။

ထိုထို သတ္တဝါများတို့သည် အောက်သို့နစ်မြုပ်၍ သေကြရတယ်။

ထို့အတူ သတ္တဝါဟူသမျှတို့၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ပါးတို့မှာလည်း ဝဲသြဃ လေးပါးတို့ ထကြွနေကြသည့် အတွက် သတ္တဝါဟူသမျှတို့သည် အထက်သို့မပေါ်နိုင်အောင်အောက်သို့ နစ်မြုပ်၍ သေကြရတယ်။

## ဝဲသြဃ လေးပါး

မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ—

စတ္တာရော မေ ဘိက္ခဝေ၊ သြဃာ ကာမောဃော၊
ဘဝေါဃော၊ ဒိဋ္ဌောဃော၊ အဝိဇ္ဇောဃော—

ဟူ၍ ဝဲသြဃလေးပါးရှိကြောင်းကို ဟောတော်မူထားတယ်။

ဘိက္ခဝေ = ရဟန်းတို့။ သြဃာ = ဝဲသြဃတရားတို့သည်။ ကာမောဃော=ကာမ ဝဲသြဃလည်းကောင်း။ ဘဝေါဃော= ဘဝဝဲသြဃ လည်းကောင်း။ ဒိဋ္ဌောဃော=ဒိဋ္ဌိဝဲသြဃ လည်းကောင်း။ အဝိဇ္ဇောဃော = အဝိဇ္ဇာဝဲသြဃ လည်းကောင်း။ ဣမေစတ္တာရော=ဤလေးပါးတို့တည်း။

**အဓိပ္ပာယ်။** ။ချစ်သား ရဟန်းတို့၊ သတ္တဝါ ဟူသမျှတို့၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာ—

ကာမဝဲသြဃ တပါး၊
ဘဝဝဲသြဃ တပါး၊

ဒိဋ္ဌိဝဲသြဃ တပါး၊
အဝိဇ္ဇာဝဲသြဃ တပါး—

ဟူ၍ ဝဲသြဃ လေးပါး ထကြွနေတယ် ဟူ၍မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတယ်။

ကာမဝဲသြဃ ဆိုသည်မှာ— အာရုံငါးပါး ကာမဂုဏ်တရားတို့၌ သာယာ ခင်တွယ် စွဲလမ်းတတ်သော လောဘသည် ကာမဝဲသြဃ ဖြစ်တယ်။

ဘဝဝဲသြဃ ဆိုသည်မှာ— ယခု ဖြစ်ပေါ်နေသော ဘဝနှင့် နောက်ဘဝတို့၌ သာယာခင်တွယ် စွဲလမ်းတတ်သော လောဘသည် ဘဝဝဲသြဃ ဖြစ်တယ်။

ဒိဋ္ဌိဝဲသြဃ ဆိုသည်မှာ— ရုပ်၊နာမ်၊ခန္ဓာ၊အာယတန၊ဓာတ်တို့ကို ငါ-သူတပါး၊ ယောကျ်ား မိန်းမ စသော အားဖြင့် ထင်မှတ်ယူဆတတ်သော ဒိဋ္ဌိသည် ဒိဋ္ဌိဝဲသြဃ ဖြစ်တယ်။

အဝိဇ္ဇာဝဲသြဃ ဆိုသည်မှာ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန ဓာတ်တို့ကို အမှန်အတိုင်း မသိအောင် ဖုံးလွှမ်းတတ်သော မောဟသည် အဝိဇ္ဇာဝဲသြဃ ဖြစ်တယ်။

## တရားကိုယ်အားဖြင့် သုံးပါး

ကာမဝဲသြဃနှင့် ဘဝဝဲသြဃအရ လောဘရတယ်။
ဒိဋ္ဌိဝဲသြဃအရ အတ္တဒိဋ္ဌိရတယ်။
အဝိဇ္ဇာဝဲသြဃအရ မောဟရတယ်။

ယင်း လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားသုံးပါးတို့သည်—

"သံသာရေ သတ္တေ ဩသီဒါပေန္တီတိ ဩဃာ"

ဟူသော ဝစနတ္ထကြောင့်လည်းကောင်း။

"သံသာရေ သတ္တေ အဝတရိတွာ ဟနန္တီတိ ဩဃာ"

ဟူသော ဝစနတ္ထကြောင့်လည်းကောင်း ဩဃတို့မည်တယ်။

ယေဓမ္မာ=အကြင် လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားသုံးပါးတို့သည်။ သံသာရေ= သံသရာ၌။ သတ္တေ=သတ္တဝါတို့ကို။ ဩသီဒါပေန္တိ=အောက်သို့နစ်မြုပ်စေတတ်ကုန်၏။ ဣတိ=ထို့ကြောင့်။ တေဓမ္မာ= ထို လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားသုံးပါးတို့သည်။ ဩဃာ=ဩဃတို့ မည်ကုန်၏။

ယေဓမ္မာ= အကြင် လောဘ၊ဒိဋ္ဌိ၊မောဟ တရားသုံးပါးတို့သည်။ သံသာရေ=သံသရာ၌။ သတ္တေ=သတ္တဝါတို့ကို။ အဝတရိတွာ=အောက်သို့ဖိနှိပ်၍။ ဟနန္တိ=သတ်တတ်ကုန်၏။ ဣတိ=ထို့ကြောင့်။ တေဓမ္မာ=ထို လောဘ၊ဒိဋ္ဌိ၊မောဟ တရားသုံးပါးတို့သည်။ ဩဃာ=ဩဃတို့ မည်ကုန်၏။

**အဓိပ္ပာယ်။** ။လောဘ၊ ဒိဋ္ဌိ၊ မောဟ တရား သုံးပါးတို့သည် သတ္တဝါ ဟူသမျှတို့ကို သံသရာ၌ အောက်သို့ နစ်မြုပ်စေတတ် သောကြောင့် လည်းကောင်း၊ သံသရာ၌ သတ္တဝါ ဟူသမျှတို့ကို အောက်သို့ ဖိနှိပ်၍ သတ်တတ်သော ကြောင့်လည်းကောင်း ဝဲဩဃတရားတို့မည်တယ်ဟူ၍ မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတယ်။

ယင်း လောဘ၊ဒိဋ္ဌိ၊မောဟ တရားသုံးပါးတို့ကို မလွတ်မြောက်နိုင်ကြလျှင် အို-နာ-သေရ ဝဋ္ဋဒုက္ခတို့မှ မလွတ်မြောက်နိုင်။ လွန်မြောက်နိုင်ကြမှသာလျှင် အို-နာ-သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်နိုင်ကြတယ်။

## ပကတိသမုဒ္ဒရာမှာ ထကြွတိုက်ခတ်သော လှိုင်းတံပိုးနှင့်တူပုံ

ပကတိသမုဒ္ဒရာမှာ ကြီးကျယ်သော လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်သကဲ့သို့ သတ္တဝါ ဟူသမျှတို့၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာ ထကြွဖြစ်ပေါ်နေသော ဒေါသ၊မာနတရားတို့ကို လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်မှုနှင့် တူသောကြောင့် ဒေါသ၊ မာန ဖြစ်ပေါ်မှုတို့ကို လှိုင်းတံပိုး ထကြွတိုက်ခတ်တယ် ဟူ၍ မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဟောတော်မူထားသည့်အတွက် တကာကြီးတို့-တကာမကြီးတို့ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာလည်း ဒေါသ၊မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်နေတယ်။

## သတ္တဝါတို့ကို နှိပ်စက်ဖမ်းစားတတ်သော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ ရှိနေပုံ

ပကတိသမုဒ္ဒရာမှာ သတ္တဝါတို့ကို နှိပ်စက် ဖမ်းစားတတ်သော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ ရှိနေသကဲ့သို့ သတ္တဝါ ဟူသမျှတို့၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာလည်း သတ္တဝါ

တို့ကို နှိပ်စက်ဖမ်းစားတတ်သော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တည်းဟူသော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ ရှိနေကြသည့် အတွက် တကာကြီးတို့-တကာမကြီးတို့ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာလည်း တကာကြီးတို့-တကာမကြီးတို့ကို နှိပ်စက် ဖမ်းစားတတ်သော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တည်းဟူသော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့ ရှိနေကြတယ်။

## လေကြမ်းမုန်တိုင်း တိုက်ခတ်၍ ဝဲသြဃလှိုင်းတံပိုး ထကြွတိုက်ခတ်ပုံ

ပကတိသမုဒ္ဒရာမှာ လေကြမ်းမုန်တိုင်း အဆက်မပြတ် တိုက် ခတ်နေမှုကြောင့် ကြီးကျယ်သော ဝဲသြဃလှိုင်းတံပိုးတို့ ထကြွ တိုက်ခတ်နေသကဲ့သို့ သတ္တဝါဟူသမျှတို့၏ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာလည်း အာရုံ ၆ ပါး တည်းဟူသော လေကြမ်း မုန်တိုင်း အဆက်မပြတ်တိုက်ခတ်နေမှုကြောင့် ဝဲသြဃလေးပါး တို့နှင့်တကွ ဒေါသ၊ မာန လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်နေကြ သည့်အတွက် တကာကြီးတို့-တကာမကြီးတို့ ခန္ဓာကိုယ်သမုဒ္ဒရာ ၆ ပါးတို့မှာလည်း ဝဲသြဃ လေးပါးတို့နှင့်တကွ ဒေါသ၊ မာန လှိုင်းတံပိုးတို့ ထကြွ တိုက်ခတ်နေတယ်။

## လေကြမ်းမုန်တိုင်း တိုက်ခတ်ပုံ

မျက်စိသမုဒ္ဒရာမှာ အဆင်းအာရုံတည်းဟူသော လေကြမ်း မုန်တိုင်း အဆက်မပြတ် တိုက်ခတ်နေတယ်။

နားသမုဒ္ဒရာမှာ အသံအာရုံ တည်းဟူသော လေကြမ်းမုန်တိုင်း အဆက်မပြတ် တိုက်ခတ်နေတယ်။

နှာခေါင်းသမုဒ္ဒရာမှာ အနံ့အာရုံတည်းဟူသော လေကြမ်းမုန်တိုင်း အဆက်မပြတ် တိုက်ခတ်နေတယ်။

လျှာသမုဒ္ဒရာမှာ အရသာအာရုံတည်းဟူသော လေကြမ်းမုန်တိုင်း အဆက်မပြတ် တိုက်ခတ်နေတယ်။

ကိုယ်သမုဒ္ဒရာမှာ တွေ့ထိတိုက်ခိုက်မှုအာရုံ တည်းဟူသော လေကြမ်းမုန်တိုင်း အဆက်မပြတ် တိုက်ခတ်နေတယ်။

စိတ်သမုဒ္ဒရာမှာ အာရုံ ၆ ပါး တည်းဟူသော လေကြမ်းမုန်တိုင်း အဆက်မပြတ် တိုက်ခတ်နေတယ်။

အာရုံ ၆ ပါး တည်းဟူသော သာမည လေကြမ်းမုန်တိုင်း တိုက်ခတ်မှုက တနာရီမှာ အနည်းဆုံး ၁၀၀ မိုင်နှုန်း အထိ အလွန်ပြင်းထန်စွာ တိုက်ခတ်တယ်။

သား-သမီး-မြေး-မြစ်စသောအာရုံတည်းဟူသောလေကြမ်းမုန်တိုင်း တိုက်ခတ်မှုက တနာရီမှာ အနည်းဆုံး ၅၂၀ မိုင်နှုန်း အထိ အလွန်ပြင်းထန်စွာ တိုက်ခတ်တယ်။

သား-သမီး-မြေး-မြစ် စသော အာရုံဘည်းဟူသော လေကြမ်းမုန်တိုင်း တိုက်ခတ်မှု ခံကြရသော မိဘ ဘိုးဘွားတို့သည် ကြီးစွာသော ဒုက္ခဘေးဒဏ်တို့ကို ခံကြရတယ်။

မိန်းမအာရုံ၊ ယောကျ်ားအာရုံ တည်းဟူသော ဆိုက်ကလုံး ခေါ် မုန်တိုင်းကြီးများ တိုက်ခတ်မှုက တနာရီမှာ မိုင်ပေါင်း ၁၅၀၀ အထိ အလွန်တရာ ကြမ်းတမ်းပြင်းထန်စွာ တိုက်ခတ်တယ်။

မိန်းမအာရုံ၊ယောကျ်ားအာရုံ တည်းဟူသော ဆိုက်ကလုံး ခေါ် မုန်တိုင်းကြီးများ တိုက်ခတ်မှု ခံကြရလျှင် ဖရိုဖရဲပျက်စီး ကြရတယ်။ ထိခိုက်ဒဏ်ရာရ၍ အသက်သေဆုံးသည်အထိ ဒုက္ခ ဘေးဒဏ် ခံကြရယယ်။

လောကီ ဈာန်အဘိညာဏ် ရရှိကြသော ရသေ့ ရဟန်းတို့ သော်မှ ဖရိုဖရဲ လွင့်စဉ် ပျက်စီးကြရတယ်။

အသက် မသေသော်လည်း ဒဏ်ရာဒဏ်ချက် ရ၍ သိဝိမင်း ကြီးတို့ ရှုံးသွပ်သွားရတယ်။ သတိထားကြ။

## ပကတိရေမြှုပ်နှင့် တူပုံ

ပကတိ သမုဒ္ဒရာမှာ ရေမြှုပ်-ရေစိုင်ခဲတို့ ရှိနေကြသကဲ့သို့ သတ္တဝါဟူသမျှ၏ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါးတို့မှာလည်း ငါ-သူတပါး၊ ယောကျ်ား-မိန်းမ စသော အားဖြင့် ထင်မှတ် ယူဆကြသော ရုပ်ခန္ဓာတို့ ရှိနေကြသည့်အတွက် တကာကြီး တို့-တကာမကြီးတို့ ခန္ဓာကိုယ် သမုဒ္ဒရာ ၆ ပါး တို့မှာလည်း ငါ-သူတပါး၊ ယောကျ်ား-မိန်းမ စသောအားဖြင့် ထင်မှတ် ယူဆကြသော ရုပ်ခန္ဓာတို့ ရှိနေကြတယ်။

ပကတိ ရေမြှုပ်-ရေစိုင်ခဲတို့သည် အစပထမက သေးငယ် သော ဆီးသီးလုံးခန့်ပမာဏမှစ၍ဖြစ်ပေါ်လျက် အစဉ်အတိုင်း ထန်းသီး၊အုန်းသီး ပမာဏ စသောအားဖြင့် ကြီးပွားလာပြီး လျှင် တောင်ပို့တောင်ထွတ်ပမာဏအထိ ကြီးပွားနေသကဲ့သို့-

ငါ-သူတပါး၊ယောကျ်ား-မိန်းမ စသောအားဖြင့် ထင်မှတ် ယူဆကြသော ရုပ်ခန္ဓာသည်လည်း အစပထမက အလွန်သေး ငယ်သော ကလလရေကြည်မှ စ၍ အစဉ်အတိုင်း အမြှုပ်၊ သားတစ်၊အခဲ စသောအားဖြင့် ကြီးပွားလာပြီးလျှင်—

လူ၊ ခွေး၊ မြင်း၊ ဆင် စသော ပမာဏအထိ ကြီးပွားနေ ကြတယ်။

အစပထမ အလွန်သေးငယ်သော ကလလရေကြည် ဆိုသည် မှာ ဇာတိဥဏ္ဏမည်သော သားမွေးတချောင်းကို ဆီကြည်မှာ နှစ်၍ ဆီကြည်မှ ထုတ်ယူသောအခါ သားမွေး အဖျား၌ ရှိသော ဆီခပေါက်ခန့်မျှ အလွန်သေးငယ်သော ပမာဏမျှ ဖြစ်တယ်။

ပကတိ ရေမြှုပ်, ရေစိုင်ခဲတို့သည် အနှစ်သာရ မရှိသည့် အတွက် အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန် စသည် တခုခု ပြုလုပ်ရန် လက်ဖြင့်ယူ၍မရ။ လက်ဖြင့် ကိုင်ကာမျှဖြင့်ပင် ကွယ်ပျောက် ပျက်စီးသကဲ့သို့ ငါ-သူတပါး၊ ယောကျ်ား- မိန်းမ စသော အားဖြင့် ထင်မှတ် ယူဆကြသော ရုပ်ခန္ဓာသည်လည်း အနှစ် သာရ မရှိသည့်အတွက် ဉာဏ်ပညာဖြင့် ကြည့်ရှုသုံးသပ်လျှင် ကြည့်ရှုသုံးသပ်ရုံမျှဖြင့် ကွယ်ပျောက် ပျက်စီးသွားတယ်။

ပကတိ ရေမြှုပ်,ရေစိုင်ခဲတို့သည် အပေါက်ကြီး,အပေါက် ငယ် ရှိသောကြောင့် ရေမြေစသော ပိုးသတ္တဝါတို့၏ နေရာ၊ သားဖွားရာ၊ကျင်ကြီးစွန့်ရာ၊ရောဂါဖြစ်ရာ၊သေဆုံးရာဖြစ်သည့် အတွက် ရေမြေစသော ပိုးသတ္တဝါတို့၏ နေရာအိမ်၊သားဖွား

အိမ်၊ကျောင်ကြီးအိမ်၊ သူနာအိမ်၊ မသာအိမ်၊ သုသာန်သင်္ချိုင်း ဖြစ်သကဲ့သို့—

ငါ-သူတပါး၊ ယောကျ်ား-မိန်းမ **စသောအားဖြင့်** ထင်မှတ် ယူဆကြသော ရုပ်ခန္ဓာသည်လည်း ပိုးမျိုး ရှစ်ဆယ်တို့၏ နေရာ၊သားဖွားရာ၊ ကျောင်ကြီးစွန့်ရာ၊ ရောဂါဖြစ်ရာ၊ သေဆုံးရာ ဖြစ်သည့်အတွက် ပိုးမျိုးရှစ်ဆယ်**တို့၏** နေရာအိမ်၊ သားဖွား အိမ်၊ကျောင်ကြီးအိမ်၊ သူနာအိမ်၊ မသာအိမ်၊ သုသာန်သင်္ချိုင်းတို့ ဖြစ်တယ်။

ပကတိ ရေမြှုပ်,ရေစိုင်ခဲတို့သည်—

ဖြစ်ပေါ်စကလည်း ပျက်စီးတတ်တယ်။

ဆီးသီးခန့်၊ ထန်းသီးခန့်၊ အုန်းသီးခန့်- **ပမာဏ စသော** အားဖြင့် ကြီးထွားလာသောအခါလည်း ပျက်စီးတတ်တယ်။

တောင်ပို့ တောင်ထွတ် စသောအားဖြင့် ကြီးပွားလာသော အခါလည်း ပျက်စီးတတ်တယ်။

အနည်းငယ် ရွေ့သွားသောအခါလည်း ပျက်စီးတတ်တယ်။

များစွာ ရွေ့သွားသောအခါလည်း ပျက်စီးတတ်တယ်။

ကြားကာလမှာ မပျက်စီးလျှင် သမုဒ္ဒရာသို့ ရောက်သော အခါကား မုချ ကေန် အမှန် ပျက်စီးတတ်တယ်။

ထို့အတူ ငါ-သူတပါး၊ ယောကျ်ား- မိန်းမ စသော အားဖြင့် ထင်မှတ် ယူဆကြသော ရုပ်ခန္ဓာသည်လည်း –

အစပထမ ကလလရေကြည် ဖြစ်သောအခါလည်း ပျက်စီး တတ်တယ်။

အမြှုပ် သားတစ် စသည် ဖြစ်သောအခါလည်း ပျက်စီးတတ်တယ်။

တရက် နှစ်ရက် စသည် ဖြစ်သောအခါလည်း ပျက်စီးတတ်တယ်။

တလ နှစ်လ စသည် ဖြစ်သော အခါလည်း ပျက်စီးတတ်တယ်။

မွေးဖွားခါစလည်း ပျက်စီးတတ်တယ်။

တရက် နှစ်ရက် စသည် ဖြစ်သောအခါလည်း ပျက်စီး တတ်တယ်။

တလ နှစ်လ စသည်ဖြစ်သောအခါလည်း ပျက်စီး တတ်တယ်။

တနှစ် နှစ်နှစ် စသည် ဖြစ်သောအခါလည်း ပျက်စီးတတ်တယ်။

ငါးနှစ် ဆယ်နှစ် စသည် ဖြစ်သောအခါလည်း ပျက်စီးတတ်တယ်။

အနှစ်သုံးဆယ် ငါးဆယ် စသည်ဖြစ်သော အခါလည်း ပျက်စီးတတ်တယ်။

ကြားကာလမှာ မပျက်စီးလျှင် နှစ်တရာအတွင်းမှာ မုချ ကေန် အမှန် ပျက်စီးတတ်တယ်။

တကာကြီးတို့- တကာမကြီးတို့၊ ခန္ဓာကိုယ်မှာ သမုဒ္ဒရာ ၆ ပါးရှိရာတွင် ရှပ်သမုဒ္ဒရာ ငါးပါးတို့မှာ–

ဝဲသြဃ လှိုင်းတံပိုးထကြွ တိုက်ခတ်နေပုံ၊
ဝဲသြဃ လှိုင်းတံပိုးတို့မှ လွန်မြောက်ပုံ၊
မဂ္ဂင် ရှစ်ပါး သင်္ဘောကိုစီး၍ သမုဒ္ဒရာငါးပါးကို ကူးပုံ၊
နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်၍ ချမ်းသာ သုခနှင့် ပြည့်စုံပုံတို့ကို ရှေးဦးစွာ ဟောပြမည်။

## ရုပ်သမုဒ္ဒရာငါးပါးမှာ ဝဲသြဃ လှိုင်းတံပိုး ထကြွ တိုက်ခတ်ပုံ

မျက်စိသမုဒ္ဒရာမှာ မျက်စိအကြည်ဓာတ်သည် မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော အကြည်ဓာတ်ရုပ်တရားသာ ဖြစ်တယ်ဟု မသိလျှင် အဝိဇ္ဇာဝဲသြဃထကြွတယ်။

မျက်စိအကြည်ဓာတ်ရုပ်တရားကို ငါ့မျက်စိဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

ငါ့မျက်စိကို သာယာခင်တွယ် စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝမှာ မျက်စိဖြစ်ရမှုနှင့် နောင်ဘဝမှာ မျက်စိဖြစ်ရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃ ထကြွတယ်။

မျက်စိနှင့်ပတ်သက်၍ မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

မျက်စိနှင့်ပတ်သက်၍ ထောင်လွှားတက်ကြွမှုဖြစ်လျှင် မာနလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

နားသမုဒ္ဒရာမှာ နားအကြည်ဓာတ်သည် မဟာဘုတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နားအကြည်ဓာတ်

ရုပ်တရားသာ ဖြစ်တယ်ဟု မသိလျှင် အဝိဇ္ဇာဝဲသြဃ ထကြွ တယ်။

နားအကြည်ဓာတ် ရုပ်တရားကို ငါ့နားဟု ထင်မှတ်ယူဆကြလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

ငါ့နားကို သာယာခင်တွယ် စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝမှာ နားဖြစ်ရမှုနှင့် နောင်ဘဝမှာ နားဖြစ်ရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃ ထကြွတယ်။

နားနှင့်ပတ်သက်၍ မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

နားနှင့်ပတ်သက်၍ ထောင်လွှားတက်ကြွမှု ဖြစ်လျှင် မာနလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

နှာခေါင်းသမုဒ္ဒရာမှာ နှာခေါင်းအကြည်ဓာတ်သည် မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှာခေါင်းအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု မသိလျှင် အဝိဇ္ဇာဝဲသြဃ ထကြွတယ်။

နှာခေါင်းအကြည်ဓာတ် ရုပ်တရားကို ငါ့နှာခေါင်းဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

ငါ့နှာခေါင်းကို သာယာခင်တွယ် စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝမှာ နှာခေါင်းဖြစ်ရမှုနှင့် နောင်ဘဝမှာ နှာခေါင်းဖြစ်ရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃ ထကြွတယ်။

နှာခေါင်းနှင့် ပတ်သက်၍ မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှု ဖြစ်လျှင် ဒေါသလိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

နှာခေါင်းနှင့် ပတ်သက်၍ ထောင်လွှားတက်ကြွမှုဖြစ်လျှင် မာနလိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

လျှာသမုဒ္ဒရာမှာ လျှာအကြည်ဓာတ်သည် မဟာဘုတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော လျှာအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု မသိလျှင် အဝိဇ္ဇာဝဲသြဃ ထကြွတယ်။

လျှာအကြည်ဓာတ်ရုပ်တရားကို ငါ့လျှာဟု ထင်မှတ် ယူဆလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

ငါ့လျှာကို သာယာခင်တွယ် စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝမှာ လျှာဖြစ်ရမှုနှင့် နောင်ဘဝမှာ လျှာဖြစ်ရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃ ထကြွတယ်။

လျှာနှင့်ပတ်သက်၍ မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

လျှာနှင့်ပတ်သက်၍ ထောင်လွှားတက်ကြွမှုဖြစ်လျှင် မာနလိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

ကိုယ် သမုဒ္ဒရာမှာ ကိုယ် အကြည်ဓာတ်သည် မဟာဘုတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ကိုယ်အကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု မသိလျှင် အဝိဇ္ဇာ ဝဲသြဃ ထကြွတယ်။

ကိုယ်အကြည်ဓာတ်ရုပ်တရားကို ငါ့ကိုယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

ငါ့ကိုယ်ကို သာယာခင်တွယ် စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝမှာ ကိုယ်ဖြစ်ရမှုနှင့် နောင်ဘဝမှာ ကိုယ်ဖြစ်ရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃ ထကြွတယ်။

ကိုယ်နှင့်ပတ်သက်၍ မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

ကိုယ်နှင့်ပတ်သက်၍ ထောင်လွှားတက်ကြွမှု ဖြစ်လျှင် မာနလှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

ယခုဟောပြသော တရားကား ရုပ်သမုဒ္ဒရာ ငါးပါးတို့မှာ ဝဲသြဃလှိုင်းတံပိုးတို့ ထကြွ တိုက်ခတ်နေပုံ ဖြစ်တယ်။

ရုပ် သမုဒ္ဒရာငါးပါးတို့မှာထကြွတိုက်ခတ်နေသော ဝဲသြဃလှိုင်းတံပိုးတို့မှ မလွန်မြောက်နိုင်ကြလျှင်—

ဇာတိ,ဇရာ,ဗျာဓိ,မရဏတည်းဟူသော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့၏ နှိပ်စက်ဖမ်းစားမှုတို့ကို ခံကြရမည်။

ထကြွတိုက်ခတ်နေသော ဝဲသြဃလှိုင်းတံပိုးတို့မှ လွန်မြောက်နိုင်ကြမှသာလျှင်—

ဇာတိ,ဇရာ,ဗျာဓိ,မရဏ တည်းဟူသော ငါးမန်း၊ငါးဆင်၊ ငါးသရဲတို့၏ နှိပ်စက်ဖမ်းစားမှုတို့မှ လွတ်မြောက်ကြမည်။

ဝဲသြဃ လှိုင်းတံပိုးတို့မှ လွန်မြောက် လိုကြသော ပုဂ္ဂိုလ်တို့မှာ—

မဂ္ဂင် ရှစ်ပါးကို သဘော တည်ဆောက်လျက်ဥာတပရိညာ, တိရဏပရိညာ နှစ်ပါးတို့ကို စက်အဖြစ်တပ်ဆင်၍ မဂ္ဂင်ရှစ်ပါး သဘောကိုတက်စီးလျက်ဥာတပရိညာ, တိရဏပရိညာစက်နှစ်ပါး တို့ကိုအားကုန်မောင်း၍ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်း သို့ အရောက် ကူးကြရမည်။

နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်မှသာလျှင်-ဒုက္ခ ဘေးဒဏ် ရန်မာန် ခပ်သိမ်း ကင်းငြိမ်းလျက် သန္တိ သုခ၊ အေးမြသော ချမ်းသာနှင့် ပြည့်စုံစွာ နေကြရမည်။

## မဂ္ဂင်ရှစ်ပါး

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်သော အမြင် အယူ၊
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်သော အကြံအစည်၊
၃။ သမ္မာဝါစာ = မှန်ကန်သော အပြောအဆို၊
၄။ သမ္မာကမ္မန္တ = မှန်ကန်သောအလုပ်အကိုင်၊
၅။ သမ္မာအာဇီဝ = မှန်ကန်သော အသက်မွေးမှု၊
၆။ သမ္မာဝါယာမ = မှန်ကန်သော အားထုတ်မှု၊
၇။ သမ္မာသတိ = မှန်ကန်သော အောက်မေ့မှု၊
၈။ သမ္မာသမာဓိ = မှန်ကန်သော စူးစိုက်မှု၊

## မဂ္ဂင်ရှစ်ပါး သင်္ဘောတည်ဆောက်ပုံ

မဂ္ဂင်ရှစ်ပါးကို သင်္ဘော တည်ဆောက်လိုသော ပုဂ္ဂိုလ်တို့မှာ—

သင်္ဘောကျင်း တည်းဟူသော သာသနာ့ အဆောက်အအုံ ကျောင်းမရှိသေးလျှင် ရှေးဦးစွာ သင်္ဘောကျင်းတည်းဟူသော သာသနာ့အဆောက်အအုံကျောင်းကိုတည်ထောင်ဆောက်လုပ်ကြရမည်။

သင်္ဘောကျင်း တည်းဟူသော သာသနာ့ အဆောက်အအုံ ကျောင်းရှိနေကြလျှင် မဂ္ဂင်ရှစ်ပါးကို သင်္ဘော တည်ဆောက်တတ်သော အင်ဂျင်နီယာ ဆရာတော်တပါးပါးကိုပင့်ဆောင်၍ သင်္ဘောကျင်း တည်းဟူသော သာသနာ့ အဆောက်အအုံ ကျောင်းမှာထား၍ ပစ္စည်းလေးပါး ပြည့်စုံအောင် ထောက်ပံ့ကြရမည်။

အင်ဂျင်နီယာ ဆရာတော်က မဂ္ဂင်ရှစ်ပါးသင်္ဘောကို တည်ဆောက်ပေးလျှင် မဂ္ဂင်ရှစ်ပါးသင်္ဘောကို တက်စီး၍ ဝဲဩဃ လှိုင်းတံပိုးတို့မှ လွန်မြောက်အောင် သံသရာသမုဒ္ဒရာရေအလျဉ်ကို ကူးကြရမည်။

မဂ္ဂင်ရှစ်ပါးကို သင်္ဘောတည်ဆောက်သောအခါ သမ္မာဒိဋ္ဌိမဂ္ဂင်ကို သင်္ဘောဦးကထား၍ သမ္မာသမာဓိမဂ္ဂင်ကိုပဲ့ကထားပြီး တည်ထောက်ကြရမည်။

သဘော်ဝမ်းမှာ စပ်ထားသော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သီလက္ခန္ဓမဂ္ဂင်ကိုလည်းမပေါက်မပျက်စေအောင် သတိထားကြရမည်။

သဘော် ဝမ်းက သီလက္ခန္ဓမဂ္ဂင် ပေါက်ပျက်လျှင်လည်း ဝီတိက္ကမ ကိလေသာ ရေဝင်၍ သဘော် မြုပ်သွားနိုင်တယ်။ သတိထားကြ။

## လောင်းလှေ သမ္မန် တုန်ကင်း တည်ဆောက်ပေးပုံ

အချို့သဘော်ကျင်းမှာ အင်ဂျင်နီယာ ဆရာတော်များတို့က မဂ္ဂင်ရှစ်ပါး သဘော်ကို တည်ဆောက်မပေးပဲ—

ဒါန တည်းဟူသော လောင်းလှေ, သီလ တည်းဟူသော သမ္မန်, သမထတည်းဟူသော တုန်ကင်းတို့ကိုသာတည်ဆောက်ပေး၍—

တကာ-တကာမများတို့သည် ဒါနတည်းဟူသော လောင်းလှေကိုစီး၍၊ သီလတည်းဟူသောသမ္မန်ကိုစီး၍၊ သမထတည်းဟူသော တုန်ကင်းကိုစီး၍ ဝဲသြဃလှိုင်းတံပိုးထကြွတိုက်ခတ်နေသော သံသရာသမုဒ္ဒရာ ရေအလျဉ်ကို ကူးကြတယ်။

ဟိုမှာဘက်ကမ်းကို ရောက်ကြဖို့ရာ မလွယ်ကူဘူး။

ဒါန, သီလ, သမထတို့ဖြင့် နိဗ္ဗာန်သို့မရောက်နိုင်ပါလား ဟူ၍ မေးစရာ ဖြစ်ပေါ်လာတယ်။

သာမည မိရိုးဖလာ ဒါန, သီလ, သမထအလုပ်တို့ဖြင့် နိဗ္ဗာန်သို့ မရောက်နိုင်။

နိဗ္ဗိန္ဒဉာဏ်တည်းဟူသော စက်ကိုတပ်ဆင်၍ ကူးနိုင်ကြလျှင်ကား နိဗ္ဗာန်သို့ရောက်နိုင်တယ် ဟူ၍ ဖြေကြားရမည်။

နိဗ္ဗိန္ဒဉာဏ်ဆိုသည်မှာ-ဘုံဘဝ၌ ဖြစ်ကြရမှုသည် အို,နာ,သေ ဝဋ္ဋဒုက္ခတို့မှ မလွတ်မြောက်နိုင်သည့်အတွက် ဒီဘဝက စုတေ၍ နောက်ဘဝမှာ—

လူဖြစ်ကြရလျှင်လည်း အို,နာ,သေ ဝဋ္ဋဒုက္ခ၊
နတ်ဖြစ်ကြရလျှင်လည်း အို, နာ, သေ ဝဋ္ဋဒုက္ခ၊

ဗြဟ္မာဖြစ်ကြရလျှင်လည်း အို,နာ,သေ ဝဋ္ဋဒုက္ခသာ ဖြစ်ကြရသောကြောင့် ဘုံဘဝတို့မှာ ဖြစ်ကြရမှုသည် အနှစ်သာရမရှိ စက်ဆုပ်ရွံရှာဖွယ်၊ ကြောက်မက်ဖွယ်တို့သာ ဖြစ်တယ်။

သို့အတွက်တကာကြီး တကာမကြီးတို့မှာ ဒါန သီလ သမထ တရား ကြိုးစားအားထုတ်ကြသောအခါ ဘုံဘဝတို့မှာ ဖြစ်ကြရမှုကို ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်ဖြင့် ကြိုးစားအားထုတ်ကြ။

နိဗ္ဗိန္ဒဉာဏ်ဖြင့် ကြိုးစား အားထုတ်ကြမှသာလျှင် နိဗ္ဗာန်သို့ရောက်နိုင်ကြမည်။

သို့သော်လည်း နိဗ္ဗိန္ဒအားနဲ့နေလျှင် ကြာမြင့်စွာ ကူးကြရမည်။ နိဗ္ဗိန္ဒဉာဏ်အားကောင်းမှသာလျှင် အမြန် ရောက်နိုင်ကြမည်။

နိဗ္ဗိန္ဒဉာဏ် အားကောင်းဖို့ရန်ကား လူတိုင်းလူတိုင်း တို့မှာ လွယ်ကူသော သဘောတရားမဟုတ်ဘူး။

နိဗ္ဗိန္ဒဉာဏ် အားနဲ့နေကြသော ပုဂ္ဂိုလ်တို့မှာ ဘုရား တရား သံဃာ ရတနာသုံးပါးတည်းဟူသော ကျောက်တောင်ကြီးတို့၏

အနားက ကပ်၍ ကူးကြလျှင် အန္တရာယ်အယှက် မရှိပဲ နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်ကြမည်။

သို့သော်လည်း ဘုရား တရား သံဃာ ရတနာ သုံးပါးတည်း ဟူသော ကျောက်တောင်ကြီးတို့၏ အနားမှကပ်၍ကူးကြသော အခါ သတိတရားအမြဲထား၍ ကူးကြ။

သတိ မထားပဲ ငါတို့၏ ဘုရား, ငါတို့၏ တရား, ငါတို့၏ အဖွဲ့ကတရား, ငါတို့၏ ဆရာတော်, ငါတို့ဂိုဏ်းဟူ၍ ထင်မှတ် ကြလျက် စွဲလမ်းကြလျှင် ကြီးစွာသော ဝဲသြဃ ထကြွလာမည်။

ဘုရား တရား သံဃာ ရတနာ သုံးပါးတို့ကို အမှီပြု၍-

ငါ အထက်တန်းကျရေး၊

ငါ ဂုဏ်ပကာသန ရရှိရေး၊

နောင်ဘဝမှာ ငါ လူကောင်း၊ နတ်ကောင်း ဖြစ်ရေး၊

ငါ မိန်းမကောင်း၊ယောကျာ်းကောင်း ဖြစ်ရေး တို့ကိုသာ အကြောင်းပြု၍ ကြိုးစား အားထုတ်ကြလျှင် ကြီးစွာသော ဝဲသြဃ ထကြွလာမည်။

အချင်းချင်း မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှု ဖြစ်ကြလျှင် ဒေါသ လှိုင်းတံပိုး ထကြွ တိုက်ခတ် လာမည်။

ထောင်လွှား တက်ကြွမှု ဖြစ်ကြလျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်လာမည်။

ဒီလိုဖြစ်ကြလျှင် ဘုရား တရား သံဃာ ရတနာ သုံးပါး တည်းဟူသော ကျောက်တောင်ကြီးတို့ အနားမှာ အထက်သို့ မပေါ်နိုင်အောင် မြုပ်ကြရ လိမ့်မည်။

အထက်သို့ မပေါ်နိုင်အောင် မြုပ်ကြရလျှင် ဇာတိ, ဇာရာ, ဗျာဓိ, မရဏ တည်းဟူသော ငါးမန်း၊ ငါးဆင်၊ ငါးသရဲတို့၏ နှိပ်စက်ဖမ်းစား နှိပ်စက်မှုတို့ကို ခံကြရမည်။

## အင်္ဂလိပ်နီယာ ဆရာ ဝဲသြဃ လှိုင်းတံပိုးတို့မှာ နစ်မြုပ်နေပုံ

အချို့ အင်္ဂလိပ်နီယာ ဆရာတော်တို့မှာ ငါ့သက်န်း, ငါ့ဆွမ်း, ငါ့ကျောင်း, ငါ့ပစ္စည်း, ငါ့တကာ, တကာမဟူ၍ စွဲလမ်းနေကြလျှင် ဝဲသြဃတို့မှာ နစ်မြုပ်နေတယ်။

မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှု ဖြစ်ကြလျှင် ဒေါသလှိုင်းတံပိုး ထကြွ တိုက်ခတ် ခံနေရကြတယ်။

ထောင်လွှား တက်ကြွမှု ဖြစ်ကြလျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ် ခံနေကြရတယ်။

ဒီလို ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွ တိုက်ခတ် ခံနေကြရသဖြင့် နစ်မြုပ်နေကြလျှင် ကိုးကွယ် ဆည်းကပ်ကြသော တကာ တကာမတို့အား မဂ္ဂင် ရှစ်ပါး သင်္ဘောကို တည်ဆောက် ပေးနိုင်ကြမည် မဟုတ်။

အင်္ဂလိပ်နီယာ ဆရာတော်တို့က မဂ္ဂင် ရှစ်ပါး သင်္ဘောကို တည်ဆောက်၍ မပေးနိုင်ကြလျှင် ကိုးကွယ်ဆည်းကပ်ကြသော တကာ တကာမများတို့မှာ မဂ္ဂင် ရှစ်ပါး သင်္ဘောကိုစီး၍ မကူးနိုင်ကြသည့်အတွက် အမြဲမပြတ် အထက်သို့ မပေါ်နိုင်အောင် နစ်မြုပ်ကြရလျက် ဇာတိ, ဇရာ, ဗျာဓိ, မရဏ တည်းဟူသော

ငါးမန်း၊ ငါးဆင်၊ ငါသရဲတို့၏ နှိပ်စက် ဖမ်းစားမှုတို့ကို အမြဲ မပြတ် ခံနေကြရမည်။

## လောင်း တုံး ဝါးဖောင်ကိုစီး၍ ကူးကြပုံ

အချို့ တကာ တကာမတို့ကား ဝဲသြဃ လှိုင်းတံပိုး ထကြွ တိုက်ခတ်နေသော သံသရာ သမုဒ္ဒရာ ရေအလျဉ်ကို ငါတို့ ဆရာတော် တည်းဟူသော လောင်းတုံးကိုစီး၍ ကူးကြတယ်။

ငါတို့ ဂိုဏ်းတည်းဟူသော ဝါးဖောင်ကိုစီး၍ ကူးကြတယ်။

ဘုန်းကြီးပျံ အလောင်းကောင် တင်သော ဖောင်ကိုစီး၍ ကူးကြတယ်။

နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်ဖို့ရန် အလွန်ပင် ခဲယဉ်းတယ်။

ကမ်းမှမခွာခင် မြုပ်ကြရလိမ့်မည်။

## သာသနာ့ဖောင်ကိုစီး၍ ကူးကြပုံ

အချို့ တကာ တကာမများတို့မှာ ဝဲသြဃ လှိုင်းတံပိုး ထကြွ တိုက်ခတ်နေသော သံသရာ သမုဒ္ဒရာ ရေအလျဉ်ကို သာသနာ့ ဖောင်ကိုစီး၍ ကူးကြရန်အတွက် သာသနာ့ဖောင်ကို ခိုင်ခိုင် ခံ့ခံ့ ပြုလုပ်ရန် မိမိ၏ ရင်၌ဖြစ်သော သားကိုဖြစ်စေ၊ သူတပါးတို့၏ ရင်၌ဖြစ်သော သားကိုဖြစ်စေ ပရိက္ခရာ ရှစ်ပါးတို့ဖြင့် သာသနာ့ဘောင်၌ရှင်‌ ရဟန်း ပြုစေကြတယ်။

ထိုရှင် ရဟန်းတို့ကသာသနာ့ဘောင်အလုပ်ကိစ္စတို့ကို မနေမနား ကြိုးစား အားထုတ်ကြလျှင် သာသနာဖောင် ခိုင်ခိုင်ခံ့ခံ့ ဖြစ်လာမည်။

သာသနာ့ဖောင် ခိုင်ခိုင်ခံ့ခံ့ဖြစ်လာသောအခါ ထိုရှင်ရဟန်းတို့နှင့် ကပ်၍ သာသနာ့ဖောင်ကို စီးလျက် ဝဲသြဃလှိုင်းတံပိုး ထကြွတိုက်ခတ်နေသော သံသရာ သမုဒ္ဒရာ ရေအလျဉ်ကို ကူးနိုင်ကြမည်။

## သာသနာဖောင် ပြိုထွက်နိုင်ပုံ

ထိုရှင် ရဟန်းတို့က သာသနာ့ဖောင် အလုပ်ကိစ္စ တို့ကို ကြိုးစား အား ထုတ် မှု မ ပြု ပဲ ''စားပြီးအိပ်နေ ဘိက္ခုဝေ'' ဖြစ်နေကြလျှင်-

သို့မဟုတ်သာသနာ့ဖောင်၏ဆန့်ကျင်ဘက်ဖြစ်သောလောကီရေးရာ အလုပ်ကိစ္စများတို့ကိုသာလျှင် ပြုလုပ်နေကြလျှင်-

သာသနာ့ဖောင် ခိုင်ခိုင်ခံ့ခံ့ ဖြစ်နိုင်မည်မဟုတ်၊

သာသနဖောင် ခိုင်ခိုင်ခံ့ခံ့မဖြစ်လျှင်-

သာသနာ့ဖောင်ကိုစီး၍ ဝဲသြဃလှိုင်းတံပိုး ထကြွတိုက်ခတ်နေသော သံသရာ့ သမုဒ္ဒရာရေအလျဉ်ကို မကူးနိုင်။

သံသရာ့ သမုဒ္ဒရာ ရေအလျဉ်ကို မကူးနိုင်ကြလျှင်-

နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ မရောက်နိုင်။

အချို့ တကာ တကာမများတို့မှာ သာသနာ့ဖောင် အလုပ်ကိစ္စကိုပင် ပဓာန မထားနိုင်ကြပဲ လူစည်ကားရန်အတွက် နွားသတ်၊ ကျွဲသတ်၊ ဝက်သတ်စသောအားဖြင့် မကောင်းမှုဒုစရိုက်တို့ကိုပင် များစွာပြုလုပ်ကြတယ်။

ဖဲဝိုင်းချပေးရ၊ အရက်ဝိုင်း ချပေးရ စ သော အား ဖြင့် မကောင်းမှု ဒုစရိုက်တို့ကိုပင်များစွာပြုလုပ်ကြရတယ်။ သာသနာဖောင်ပြိုထွက်သွားမည်ကိုပင် များစွာ စိုးရိမ်ရတယ်။ သတိထားကြ။

သာသနာ့ဖောင် ဆိုသည်မှာ ပရိယတ္တိ သာသနာနှင့် ပဋိပတ္တိသာသနာ ဆက်စပ်မှု၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာ ဆက်စပ်မှုကို သာသနာ့ဖောင် ဟု ခေါ်တယ်။

ထိုစကားမှန်တယ် ပရိယတ္တိ သာသနာ့ညာဏ်မရှိလျှင် ပဋိပတ္တိသာသနာ့ညာဏ် မဖြစ်။

ပဋိပတ္တိ သာသနာ့ညာဏ်မရှိလျှင် ပဋိဝေဓ သာသနာ့ညာဏ် မဖြစ်။

ပရိယတ္တိ သာသနာ့ညာဏ်ရှိမှသာလျှင် ပဋိပတ္တိ သာသနာ့ညာဏ် ဖြစ်တယ်။

ပဋိပတ္တိသာသနာ့ညာဏ်ရှိမှသာလျှင် ပဋိဝေဓသာသနာ့ညာဏ် ဖြစ်တယ်။

**ဥပမာ**— ရေကန်တခုမှာကန်ပေါင်ရှိမှသာလျှင် ရေရှိနိုင်တယ်၊ ရေရှိမှသာလျှင် ကြာရှိနိုင်တယ်။
ကန်ဘောင်မရှိလျှင် ရေမရှိနိုင်၊

ရေမရှိလျှင် ကြာမရှိနိုင်သကဲ့သို့ သာသနာ့ဖောင်ကိုမှတ်ယူကြ။

ဝဲညြာသလိုင်းတံပိုး ထကြွတိုက်ခတ်နေသောသံသရာ့သမုဒ္ဒရာ ရေအလျဉ်ကို မဂ္ဂင် ၈ ပါးသင်္ဘောဖြင့် ကူးလိုကြသော ပုဂ္ဂိုလ်တို့မှာ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံစေရမည် ဟူ၍ မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ ဟောတော်မူထားတယ်။

## အင်္ဂါ လေးပါး

၁။ သပ္ပုရိသ သံသေဝ= မဂ္ဂင်ရှစ်ပါးကို သင်္ဘော တည်ဆောက်တတ်သော သူတော်ကောင်း ဖြစ်သော ဆရာသမားကို မှီဝဲဆည်းကပ်ရခြင်း။

၂။ သဒ္ဓမ္မဿဝန=မဂ္ဂင်ရှစ်ပါးကို သင်္ဘော တည်ဆောက်ပုံ တည်ဆောက်နည်းတို့ကို နာကြား မှတ်သား သင်ယူရခြင်း။

၃။ ယောနိသော မနသိကာရ=နာ ကြား မှတ်သားသင်ယူခဲ့သောအတိုင်း သင်္ဘောတည်ဆောက်ပုံ တည်ဆောက်နည်းတို့ကို စိတ်ဝင်စားစွာဖြင့် လေ့လာသုံးသပ် ဆင်ခြင်ရခြင်း။

၄။ ဓမ္မာနု ဓမ္မ ပဋိပတ္တိ = သဘော တည်ဆောက်ပုံ တည်ဆောက်နည်းတို့ကို စိတ်ဝင်စားစွာဖြင့်လေ့လာသုံးသပ်ပြီးလျှင် မဂ္ဂင်ရှစ်ပါးကို သဘောတည်ဆောက်ရခြင်း။

ဤ အင်္ဂါလေးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သာလျှင် မဂ္ဂင်ရှစ်ပါး သဘောကိုစီး၍ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ကူးမြောက်နိုင်ကြမည်။

ဤ အင်္ဂါလေးပါးနှင့်မပြည့်စုံသော ပုဂ္ဂိုလ်တို့ကား မဂ္ဂင်ရှစ်ပါးသဘောကိုစီး၍ နိဗ္ဗာန်တည်းဟူသောဟိုမှာဘက်ကမ်းသို့ မကူးမြောက်နိုင်။

မဂ္ဂင်ရှစ်ပါးသဘောကိုစီး၍ ဝဲဩဃလှိုင်းတံပိုး ထကြွတိုက်ခတ်နေသော သံသရာ့သမုဒ္ဒရာ ရေအလျဉ်ကို ကူးကြသောအခါ အာရုံခြောက်ပါး တည်းဟူသော လေကြမ်း မုန်တိုင်း တိုက်ခတ်လာလျှင်–

သဘောဦးမှာ တပ်ဆင်ထားသော သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် တည့်ခံကြရမည်။

သဘောဦးမှာ တပ်ဆင်ထားသော သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် တည့်ခံကြလျှင် လေကြမ်းမုန်တိုင်း ပြိုကွဲပျက်စီးသွား၍ ဝဲဩဃလှိုင်းတံပိုးတို့ ငြိမ်းအေးသွားသောအခါ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် အမှန်တရားကို သိမြင်နိုင်ကြမည်။

သဘောဦးမှာ တပ်ဆင်ထားသော သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် အမှန်တရားကို သိမြင်သောအခါ–

မျက်စိသမုဒ္ဒရာမှာ မျက်စိ အကြည်ဓာတ်သည် ငါ့မျက်စိ မဟုတ်၊ မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော မျက်စိအကြည်ဓာတ် ရုပ်တရားသာဖြစ်တယ်ဟု အမှန်အတိုင်းသိမြင်တယ်။

နားသမုဒ္ဒရာမှာ နားအကြည်ဓာတ်သည် ငါ့နား မဟုတ်၊ မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နား အကြည်ဓာတ် ရုပ်တရားသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

နှာခေါင်း သမုဒ္ဒရာမှာ နှာခေါင်း အကြည် ဓာတ်သည် ငါ့နှာခေါင်းမဟုတ်၊ မဟာဘုတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှာခေါင်းအကြည်ဓာတ် ရုပ်တရားသာဖြစ် တယ်ဟု အမှန်အတိုင်းသိမြင်တယ်။

လျှာ သမုဒ္ဒရာမှာ လျှာအကြည်ဓာတ်သည် ငါ့လျှာမဟုတ်၊ မဟာဘုတ်လေးပါးတို့ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော လျှာ အကြည်ဓာတ် ရုပ်တရားသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင် တယ်။

ကိုယ်သမုဒ္ဒရာမှာ ကိုယ်အကြည်ဓာတ်သည် ငါ့ကိုယ်မဟုတ်၊ မဟာဘုတ်လေးပါးတို့ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ကိုယ် အကြည်ဓာတ် ရုပ်တရားသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင် တယ်။

ဤသို့ ရုပ် သမုဒ္ဒရာငါးပါးတို့မှာ ရုပ်တရားကို ပိုင်းခြား၍ သိမြင်ကြလျှင် ရူပ ပရိစ္ဆေဒဉာဏ်ဖြစ်တယ်။

ရူပပရိစ္ဆေဒဉာဏ်ဖြစ်လျှင် အယူအမြင်စင်ကြယ်သည့်အတွက် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

သာသနာတော်မှာ သိအပ် သိသင့် သိထိုက်သော တရားကို ပိုင်းခြားသိသည့်အတွက် ပရိညာ သုံးပါးတို့တွင် ဉာတပရိညာ ဖြစ်တယ်။

မဟာသောတာပန်တို့၏ သိမြင်ပုံနှင့် တူသည့်အတွက် စူဠသောတာပန် ဖြစ်တယ်။

## စူဠသောတာပန် သုံးမျိုး

စူဠသောတာပန်သည်-

ကနိဋ္ဌ စူဠသောတာပန်၊

မဇ္ဈိမ စူဠသောတာပန်၊

ဥက္ကဋ္ဌ စူဠသောတာပန် ဟူ၍ သုံးမျိုးရှိတယ်။

နာမ ပရိစ္ဆေဒဉာဏ်၊ ရူပ ပရိစ္ဆေဒဉာဏ်၊ နာမ ရူပ ပရိစ္ဆေဒ ဉာဏ် သုံးပါးတို့တွင် တပါးပါးနှင့်ပြည့်စုံသော စူဠသောတာ ပန်သည် ဉာဏ်အမြင်သေးငယ်သည့်အတွက် ကနိဋ္ဌစူဠသောတာ ပန် ဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံသော စူဠသောတာပန်သည် ဉာဏ်အမြင် အလယ် အလတ်ရှိသည့်အတွက် မဇ္ဈိမစူဠသောတာ ပန် ဖြစ်တယ်။

သမ္မသာနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ပြည့်စုံသော စူဠသောတာပန်သည် ဉာဏ်အမြင်အားရှိသည့်အတွက် ဥက္ကဋ္ဌ စူဠသောတာပန်ဖြစ်တယ်။

စူဠသောတာပန်ပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိထားသောဉာဏ်မှ မယုတ်မလျော့လျှင် အပါယ်လေးပါးတို့မှ လွတ်မြောက်ကြတယ်။

## အကြောင်းတရား နှစ်ပါး

နာမပရိစ္ဆေဒဉာဏ်၊ ရူပပရိစ္ဆေဒဉာဏ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အပေါ်မှာ ထကြွတိုက်ခတ်နေသော ဝဲသြဃလှိုင်းထံပိုးတို့မှ လွန်မြောက်တယ်။

နာမ် ရုပ် တရားတို့၏အကြောင်းကို မသိမမြင်လျှင် အဟေတုကဒိဋ္ဌိ ဖြစ်တယ်။

နာမ် ရုပ်တရားတို့၏အကြောင်းကား ပစ္စုပ္ပန်အကြောင်း၊ အတိတ်အကြောင်းဟူ၍ နှစ်မျိုးရှိတယ်။

**ပစ္စုပ္ပန်အကြောင်းကား–**

မျက်စိအကြည်ဓာတ် ရုပ်တရား၏အကြောင်း၊ နားအကြည်ဓာတ် ရုပ်တရား၏အကြောင်း၊ နှာခေါင်း အကြည်ဓာတ် ရုပ်တရား၏ အကြောင်း၊ လျှာအကြည်ဓာတ် ရုပ်တရား၏အကြောင်း၊ ကိုယ်အကြည်ဓာတ် ရုပ်တရား၏အကြောင်းသည် မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိမှု ဖြစ်တယ်။

မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိမှုသည် မျက်စိအကြည် ခေတ် ရုပ်တရား၏ ဖြစ်ခြင်းအကြောင်း၊ နားအကြည်ခေတ် ရုပ်တရား၏ ဖြစ်ခြင်းအကြောင်း၊ နှာခေါင်း အကြည်ခေတ် ရုပ်တရား၏ဖြစ်ခြင်းအကြောင်း၊လျှာအကြည်ခေတ်ရုပ်တရား၏ ဖြစ်ခြင်းအကြောင်း၊ ကိုယ်အကြည်ခေတ်ရုပ်တရား၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

**အတိတ်အကြောင်းကား—**

အဝိဇ္ဇာ, တဏှာ, ဉပါဒါန်,ကံတရားတို့ဖြစ်တယ်။

အမှန်တရားကို မသိအောင် ဖုံးလွှမ်းထားမှုသည် အဝိဇ္ဇာ တရား ဖြစ်တယ်။

အမှန်တရားကိုမသိအောင် အဝိဇ္ဇာတရားက ဖုံးလွှမ်းထား သဖြင့် အတိတ်ဘဝက ရုပ် နာမ် ခန္ဓာ တရားတို့ကို ငါ, သူ တပါး, ယောကျ်ား,မိန်းမ စသောအားဖြင့် ထင်မှတ် ယူဆ ခဲ့ကြသည့်အတွက် သာယာခင်တွယ်မှု တဏှာ ဖြစ်ခဲ့ကြတယ်။

သာယာ ခင်တွယ်မှု တဏှာ ဖြစ်ခဲ့ကြသည့်အတွက် စွဲလမ်းမှု ဉပါဒါန် ဖြစ်ခဲ့ကြတယ်။

စွဲလမ်းမှု ဉပါဒါန် ဖြစ်ခဲ့ကြသည့်အတွက် လောကမှာ ငါ ကြီးပွားရေး၊ ငါ အထက်တန်းကျရေး၊ ငါ ဂုဏ်ပကာသန ရရှိရေးတို့အတွက် တရားရော မတရားရော စိစစ်မှုမပြုနိုင်တော့ပဲ ပစ္စည်း ဉစ္စာတို့ကို ရသမျှ ရှာဖွေစုဆောင်း၍ ပြုစု လုပ်ကျွေးခဲ့ ကြတယ်။

နောင်ဘဝမှာ ငါ လူကောင်း နတ်ကောင်းဖြစ်ရေး၊ ငါ မိန်းမကောင်း, ယောကျ်ားကောင်း ဖြစ်ရေးတို့အတွက် ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့ကြတယ်။

## ကံသုံးပါး

အတိတ်ဘဝက ပြုလုပ်ခဲ့သော အကုသိုလ်ကံက ပဋိသန္ဓေ အကျိုးကိုပေးလျှင် ဒုဂ္ဂတိ ဘုံဘဝတို့၌ ရုပ်နာမ် ခန္ဓာတရားတို့ ဖြစ်ကြရတယ်။

အတိတ်ဘဝက ပြုလုပ်ခဲ့ကြသော ကုသိုလ်ကံက ပဋိသန္ဓေ အကျိုးကိုပေးလျှင် သုဂတိ ဘုံဘဝ၌ ရုပ်နာမ် ခန္ဓာတရားတို့ ဖြစ်ကြရတယ်။

ကုသိုလ်ကံသည် ဟီန ကုသိုလ်ကံ၊ မဇ္ဈိမ ကုသိုလ်အံ၊ပဏီတ ကုသိုလ်ကံဟူ၍ သုံးမျိုးရှိတယ်။

ယုတ်နိမ်သော ကုသိုလ်ကံသည် ဟီန ကုသိုလ်ကံ ဖြစ်တယ်။

ယုတ်နိမ့်သော ဟီန ကုသိုလ်ကံသည် ယုတ်နိမ့်သော ဟီန အကျိုးကို ပေးတယ်။

ယုတ်နိမ့်သော ဟီန ကုသိုလ်ကံဆိုသည်မှာ တဏှာ,မာန,ဒိဋ္ဌိ ပြင်းထန်စွာဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ ဖြစ်တယ်။

တဏှာ, မာန, ဒိဋ္ဌိ ပြင်းထန်စွာဖြင့် အားထုတ်သော ကုသိုလ်ကံ ဆိုသည်မှာ-

ငါ အထက်တန်းကျရေး၊ ငါ ဂုဏ်ပကာသန ရရှိရေးတို့ အတွက် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ၊

သူ့ဘပါးတို့အား ဖိနှိပ် လွှမ်းမိုးလို၍၊ မိမိကို ချီးမြှောက်ပလွှားလို၍ ပြုလုပ်အားထုတ်သော ကုသိုလ်ကံ၊

နွားသတ်၊ ကျွဲသတ်၊ ဝက်သတ် စသည်တို့ဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ၊

လူ စည်ကားရန်အတွက် ဖဲဝိုင်းချပေး၊ အရက်ဝိုင်းချပေး၍ ပြုလုပ်အားထုတ်သော ကုသိုလ်ကံ၊

ဤသို့ ပြုလုပ်အားထုတ်သော ကုသိုလ်ကံသည် တဏှာ, မာန, ဒိဋ္ဌိ ပြင်းထန်စွာ ဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ ဖြစ်တယ်။

**အလယ် အလတ်ဖြစ်သော ကုသိုလ်ကံသည် မဇ္ဈိမ ကုသိုလ်ကံ ဖြစ်တယ်။**

အလယ် အလတ်ဖြစ်သော မဇ္ဈိမ ကုသိုလ်ကံသည် အလယ်အလတ်ဖြစ်သော မဇ္ဈိမ အကျိုးကို ပေးတယ်။

အလယ် အလတ်ဖြစ်သော မဇ္ဈိမ ကုသိုလ်ကံ ဆိုသည်မှာ—

တဏှာ, မာန, ဒိဋ္ဌိ ပြင်းထန်စွာဖြင့် ပြုလုပ်အားထုတ်သည်လည်း မဟုတ်။

ဉာဏ်ပညာနှင့်ယှဉ်၍ ပြုလုပ်အားထုတ်သည်လည်း မဟုတ်ပဲ မိရိုးဖလာ ဓမ္မတာအားဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ ဖြစ်တယ်။

**မွန်မြတ်သော ကုသိုလ်ကံသည် ပဏီတ ကုသိုလ်ကံ ဖြစ်တယ်။**

မွန်မြတ်သော ပဏီတ ကုသိုလ်ကံသည် မွန်မြတ်သော ပဏီတ အကျိုးကို ပေးတယ်။

မှန်မြတ်သော ပဏ္ဍိတ ကုသိုလ်ကံ ဆိုသည်မှာ ဉာဏ်ပညာ ထက်သန်စွာဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ ဖြစ်တယ်။

ဉာဏ်ပညာထက်သန်စွာဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ ဆိုသည်မှာ မိမိသည် မြတ်စွာဘုရား၏ သာသနာတော်၌ အလွန်ကြည်ညိုသော သဘောရှိသည်ဖြစ်၍ မိမိကိုယ်တိုင် သာသနာ့ဘောင်သို့ ဝင်၍ ကြိုးစား အားထုတ် နိုင်လျှင် အို နာ သေရ ဝဋ်ဒုက္ခတို့မှ မုချလွတ်မြောက်နိုင်မည်ဟု သိမြင်ယုံကြည်သော်လည်း မိမိမှာ ဃရာဝါသ အမှုကိစ္စ ရှိနေသည့်အတွက် မိမိကိုယ်တိုင် သာသနာ့ဘောင်သို့ဝင်၍ ကြိုးစား အားထုတ်မှု မပြုလုပ်နိုင်။ မိမိကိုယ်တိုင် သာသနာ့ဘောင်သို့ဝင်၍ ကြိုးစား အားထုတ်မှု မပြုလုပ်နိုင်သည့်အတွက် အို နာ သေရ ဝဋ်ဒုက္ခတို့မှ လွတ်မြောက်နိုင်ရန် မိမိ၏ ရင်၌ဖြစ်သော သားကိုဖြစ်စေ, သူတပါးတို့၏ ရင်၌ဖြစ်သော သားကိုဖြစ်စေ သာသနာ့ဘောင်သို့ သွတ်သွင်း၍ မိမိကိုယ်စား ကြိုးစား အားထုတ် စေခြင်း၊ သာသနာတော် အလုပ်ကို ကြိုးစား အားထုတ် နေကြသော နေရာ ဌာနမှာ အစုရှယ်ယာ သွင်းသော သဘော အားဖြင့် လှူဒါန်းထောက်ပံ့ခြင်း။ ဤသို့ ပြုလုပ်အားထုတ်သော ကုသိုလ်မျိုးသည် ဉာဏ်ပညာ ထက်သန်စွာဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံဖြစ်တယ်။

## လောကအလုပ် ၃ မျိုး

လောကမှာ အမြတ်အစွန်းကို အလိုရှိကြသော ပုဂ္ဂိုလ်တို့သည် အလုပ်တခုခုကို မိမိကိုယ်တိုင် လုပ်ကိုင်အားထုတ်၍ ဖြစ်

စေ၊ ကိုယ်စားသင်း၍ လုပ်ကိုင်အားထုတ်၍ဖြစ်စေ၊ အစုရှယ်ယာ သင်း၍ လုပ်ကိုင် အားထုတ်၍ဖြစ်စေ အမြတ် အစွန်းကို ရှာမှီးကြတယ်။

**မိမိကိုယ်တိုင်လုပ်ကိုင်အားထုတ်ရာ၌-**

မိမိက ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်၍ ရိုးသား ဖြောင့်မတ်စွာ လုပ်ကိုင် အားထုတ်ကြလျှင် ထို အလုပ်က အမြတ်အစွန်းရရှိနိုင်တယ်။

မိမိက ထိုအလုပ်ကို လိမ္မာကျွမ်းကျင်မှု မရှိလျှင် ထိုအလုပ်က အမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်မှု ရှိသော်လည်း ရိုးသားဖြောင့်မတ်မှုမရှိလျှင် ထိုအလုပ်က အမြတ် အစွန်း ရရှိနိုင်မည် မဟုတ်။

ထိုအလုပ်ကို ကျွမ်းကျင်လိမ္မာမှုရှိ၍ ရိုးသားဖြောင့်မတ်မှု ရှိသော်လည်း လုပ်ကိုင် အားထုတ်မှု မရှိလျှင် ထို အလုပ်က အမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

**ကိုယ်စားသင်း၍ လုပ်ကိုင် အားထုတ်၌-**

မိမိ ကိုယ်စား ပုဂ္ဂိုလ်က ထိုအလုပ်ကို လိမ္မာကျွမ်းကျင်၍ ရိုးသား ဖြောင့်မတ်စွာ လုပ်ကိုင်အားထုတ်ကြလျှင် ထိုအလုပ်က အမြတ်အစွန်း ရရှိနိုင်တယ်။

မိမိကိုယ်စား ပုဂ္ဂိုလ်က ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်မှု မရှိလျှင် ထိုအလုပ်က အမြတ်အစွန်း ရရှိနိုင်မည်မဟုတ်။

မိမိကိုယ်စား ပုဂ္ဂိုလ်က ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်မှု ရှိသော်လည်း ရိုးသားဖြောင့်မတ်မှုမရှိလျှင် ထိုအလုပ်ကအမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

မိမိကိုယ်စား ပုဂ္ဂိုလ်က ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်မှု ရှိ၍ ရိုးသားဖြောင့်မတ်မှုရှိသော်လည်း လုပ်ကိုင် အားထုတ်မှု မရှိလျှင် ထိုအလုပ်က အမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

## ရှယ်ယာသွင်း၍ လုပ်ကိုင် အားထုတ်ရာ၌-

မိမိ ရှယ်ယာသွင်းထားသော အလုပ်ဌာနက အလုပ်သမားတို့သည် ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်၍ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင် အားထုတ်ကြလျှင် ထိုအလုပ်က အမြတ် အစွန်း ရရှိနိုင်တယ်။

အလုပ်သမားတို့သည် ထို အလုပ်ကို လိမ္မာ ကျွမ်းကျင်မှု မရှိလျှင် ထိုအလုပ်က အမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

အလုပ်သမားတို့သည် ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်မှု ရှိသော်လည်း ရိုးသား ဖြောင့်မတ်မှု မရှိလျှင် ထို အလုပ်က အမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

အလုပ်သမားတို့သည် ထိုအလုပ်ကို လိမ္မာ ကျွမ်းကျင်မှုရှိ၍ ရိုးသားဖြောင့်မတ်မှု ရှိခဲ့သော်လည်း လုပ်ကိုင်အားထုတ်မှု မရှိလျှင် ထိုအလုပ်က အမြတ်အစွန်း ရရှိနိုင်မည် မဟုတ်။

## သာသနာ့အလုပ် ၃ မျိုး

မြတ်စွာဘုရား၏ သာသနာတော်ကိုအမှီပြု၍ အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်လိုကြသော ပုဂ္ဂိုလ်တို့သည် သာသနာတော် အလုပ်ကို မိမိကိုယ်တိုင် လုပ် ကိုင် အားထုတ်ကြ၍ဖြစ်စေ၊ ကိုယ်စားသွင်း၍ လုပ်ကိုင် အားထုတ်၍ဖြစ်စေ၊ အစုရှယ်ယာ သွင်း၍ လုပ်ကိုင် အားထုတ်၍ဖြင်စေ အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်မှုကို ရှာမှီးကြတယ်။

### မိမိကိုယ်တိုင် လုပ်ကိုင်အားထုတ်ရာ၌—

မိမိက သာသနာ့ အလုပ်ကို လိမ္မာ ကျွမ်းကျင်၍ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်အားထုတ်ကြလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်နိုင်တယ်။

မိမိက သာသနာ့ အလုပ်ကို လိမ္မာ ကျွမ်းကျင်မှု မရှိလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်နိုင်မည် မဟုတ်။

မိမိက သာသနာ့ အလုပ်ကို လိမ္မာ ကျွမ်းကျင်မှု ရှိသော်လည်း ရိုးသားဖြောင့်မတ်မှု မရှိလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်နိုင်မည် မဟုတ်။

မိမိက သာသနာ့ အလုပ်ကို လိမ္မာ ကျွမ်းကျင်မှုရှိ၍ ရိုးသားဖြောင့်မတ်မှု ရှိသော်လည်း လုပ်ကိုင် အားထုတ်မှုမရှိလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်နိုင်မည် မဟုတ်။

**ကိုယ်စားသွင်း၍ လုပ်ကိုင်အားထုတ်ရာ၌-**

မိမိ၏ရင်၌ဖြစ်သော သားကို ဖြစ်စေ၊ သူတပါးတို့၏ ရင်၌ ဖြစ်သောသားကိုဖြစ်စေ မိမိတို့၏ကိုယ်စား သာသနာ့ဘောင်၌ ပရိက္ခရာ ၈-ပါးတို့ဖြင့် ရှင်-ရဟန်းပြုစေလျက် သာသနာ့အလုပ် ကို လုပ်ကိုင်အားထုတ်စေကြလျှင် မိမိတို့ကိုယ်စား ရှင်-ရဟန်း တို့က သာသနာ့အလုပ်ကို လိမ္မာကျွမ်းကျင်၍၊ လိမ္မာ မကျွမ်း ကျင်သော်လည်း လိမ္မာ ကျွမ်း ကျင် သော ဆရာ၏ ဩဝါဒ စကားကို ရိုသေစွာ လိုက်နာ၍ ရိုးသားဖြောင့်မတ်စွာ လုပ် ကိုင်အားထုတ်ကြလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက် ကြောင်းကို ရရှိနိုင်တယ်။

မိမိတို့ကိုယ်စား ရှင်-ရဟန်းတို့က သာသနာ့အလုပ်ကို လိမ္မာ ကျွမ်းကျင်မှုမရှိလျှင်၊ လိမ္မာ ကျွမ်းကျင်သော ဆရာ၏ဩဝါဒ စကားကို ရိုသေစွာ လိုက်နာမှု မရှိလျှင် အို နာ သေရ ဝဋ္ဋ ဒုက္ခတို့မှ လွတ်မြောက် ကြောင်းကို အပြည့် အစုံ ရရှိနိုင်မည် မဟုတ်။

မိမိတို့ကိုယ်စား ရှင်-ရဟန်းတို့က သာသနာ့အလုပ်ကို လိမ္မာ ကျွမ်းကျင်မှုရှိသော်လည်း ရိုးသား ဖြောင့်မတ်မှု မရှိလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်ကြောင်းကို အပြည့်အစုံ ရရှိနိုင်မည်မဟုတ်။

မိမိတို့ကိုယ်စား ရှင်-ရဟန်းတို့ကသာသနာ့အလုပ်ကို လိမ္မာ ကျွမ်းကျင်မှုရှိ၍ ရိုးသားဖြောက်မတ်မှု ရှိသော်လည်း လုပ်ကိုင် အားထုတ်မှု မရှိလျှင် အို နာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက် ကြောင်းကို အပြည့်အစုံ ရရှိနိုင်မည် မဟုတ်။

**ရှုယ်ယာသွင်း၍ လုပ်ကိုင် အားထုတ်ရာ၌—**

မိမိတို့ ရှယ်ယာ သွင်း ထားသော သဘောဖြင့် လှူဒါန်း ထောက်ပံ့ထားသော သာသနာ့အလုပ်ဌာနက သာသနာ့အလုပ် သမားများဖြစ်ကြသော ရဟန်းသံဃာများတို့သည် သာသနာ့ အလုပ်ကို လိမ္မာကျွမ်းကျင်၍ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင် အားထုတ်ကြလျှင် အိုနာသေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက် ကြောင်းကို ရနိုင်တယ်။

သာသနာ့ အလုပ်သမားများဖြစ်ကြသော ရဟန်း သံဃာ များတို့သည် သာသနာ့အလုပ်ကို လိမ္မာကျွမ်းကျင်မှုမရှိကြလျှင် အိုနာသေရဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်ကြောင်းကိုအပြည့် အစုံ ရရှိနိုင်မည် မဟုတ်။

သာသနာ့အလုပ်သမားများဖြစ်ကြသောရဟန်းသံဃာများ တို့သည်သာသနာ့ အလုပ်ကို လိမ္မာကျွမ်းကျင်မှု ရှိသော်လည်း ရိုးသားဖြောင့်မတ်မှု မရှိလျှင် အိုနာသေရ ဝဋ္ဋဒုက္ခတို့မှ လွတ် မြောက်ကြောင်းကို အပြည့်အစုံ ရရှိနိုင်မည်မဟုတ်။

သာသနာ့ အလုပ်သမားများဖြစ်ကြသော ရဟန်း သံဃာ များတို့သည် သာသနာ့အလုပ်ကိုလိမ္မာကျွမ်းကျင်မှုရှိ၍ရိုးသား ဖြောင့်မတ်မှု ရှိသော်လည်း လုပ်ကိုင်အားထုတ်မှု မရှိလျှင်အိုနာ သေရ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်ကြောင်းကို အပြည့်အစုံ ရရှိ နိုင်မည်မဟုတ်။

ဤသို့ အတိတ်ဘဝက အကြောင်းကြောင့် ပစ္စုပ္ပန်ဘဝမှာ အကျိုး ရုပ် နာမ် ခန္ဓာ ဖြစ်ပေါ်မှု။

ပစ္စုပ္ပန် ဘဝက အကြောင်းကြောင့် အနာဂတ် ဘဝမှာ အကျိုး ရုပ် နာမ် ခန္ဓာဖြစ်ပေါ်လိမ့်မည်ဟု အကြောင်းအကျိုး တို့ကို ပိုင်းခြား၍ သံ မြင် ကြသဖြင့် အ ကြောင်း တ ရား ကို သိမ်းဆည်း၍ သိမြင်ခြင်းသည်ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်လျှင်—

ယုံမှား သံသယဖြစ်မှုကိုလွန်မြောက်၍ စင်ကြယ်သည်အတွက် **ကင်္ခါဝိတရဏ** ဝိသုဒ္ဓိဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဖြင့် ဝိစိကိစ္ဆာကိုပယ်တယ်။

## ပရမတ်အပေါ်မှာ ဝဲသြဃ ထကြွနေပုံ

ရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့်ပညတ်အပေါ်မှာ ထကြွတိုက်ခတ် နေသော ဝဲသြဃလှိုင်းတို့မှလွတ်မြောက်၍ ပရမတ် အပေါ်မှာ ထကြွနေသော ဝဲသြဃတို့ ကျန်ရှိနေသေးတယ်။

မျက်စိ သမုဒ္ဒရာမှာ မျက်စိအကြည့်ဓာတ်သည် ငါ့မျက်စိ မဟုတ်၊ မဟာဘုတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာ သော မျက်စိ အကြည့်ဓာတ် ရုပ်တရားသာ ဖြစ်တယ်၊ ယင်း မျက်စိအကြည်ဓာတ် ရုပ်တရားသည် မပျက်စီးပဲ ရှိနေတယ်ဟု ထင်မှတ်ယူဆလျှင် မျက်စိအကြည်ဓာတ် ရုပ်တရား ကျန်ရှိနေ သေးတယ်။

နားသမုဒ္ဒရာမှာ နားအကြည်ဓာတ်သည် ငါ့နားမဟုတ်၊ မဟာဘုတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသောနား အကြည်ဓာတ် ရုပ်တရားသာဖြစ်တယ်၊ ယင်းနားအကြည်ဓာတ်

ရုပ်တရားသည် မပျက်စီးပဲရှိနေတယ်ဟု ထင်မှတ်ယူဆလျှင်နှာ အကြည်ဓာတ် ရုပ်တရားကျန်ရှိနေသေးတယ်။

နှာခေါင်း သမုဒ္ဒရာမှာ နှာခေါင်း အကြည်ဓာတ်သည် ငါ့နှာခေါင်းမဟုတ်၊ မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှာခေါင်း အကြည်ဓာတ် ရုပ်တရား သာ ဖြစ်တယ်၊ ယင်းနှာခေါင်းအကြည်ဓာတ်ရုပ်တရားသည် မပျက်စီးပဲ ရှိနေတယ်ဟု ထင်မှတ်ယူဆလျှင် နှာခေါင်းအကြည်ဓာတ် ရုပ်တရားကျန်ရှိနေသေးတယ်။

လျှာသမုဒ္ဒရာမှာ လျှာအကြည်ဓာတ်သည် ငါ့လျှာမဟုတ်၊ မဟာဘုတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသောလျှာ အကြည်ဓာတ် ရုတ်တရားသာ ဖြစ်တယ်၊ ယင်းလျှာအကြည် ဓါတ် ရုပ်တရားသည် မပျက်စီးပဲရှိနေတယ်ဟု ထင်မှတ် ယူဆ လျှင် လျှာအကြည်ဓာတ် ရုပ်တရား ကျန်ရှိနေသေးတယ်။

ကိုယ်သမုဒ္ဒရာမှာ ကိုယ်အကြည်ဓာတ်သည်ငါ့ကိုယ်မဟုတ်၊ မဟာဘုတ်လေးပါးတို့ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသောကိုယ် အကြည်ဓာတ်ရုပ်တရားသာဖြစ်တယ်၊ ယင်းကိုယ်အကြည်ဓာတ် ရုပ်တရားသည် မပျက်စီးပဲရှိနေတယ်ဟု ထင်မှတ် ယူဆလျှင် ကိုယ်အကြည်ဓာတ် ရုပ်တရား ကျန်ရှိနေသေးတယ်။

ဤသို့ ပရမတ်အပေါ်မှာ ထကြွနေသော ဝဲဩဃတို့ ကျန်ရှိနေသေးလျှင် သဿတဒိဋ္ဌိ ဖြစ်နေကြတယ်။

သဿတဒိဋ္ဌိ ဖြစ်နေကြလျှင် ဝဲဩဃ လှိုင်းတံပိုးတို့ ထကြွ တိုက်ခတ်နေသော သံသရာ သမုဒ္ဒရာ ရေအလျဉ်ကို ကူး၍ နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ မရောက်နိုင်။

သို့အတွက် မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ—

ယောဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊
ဒုက္ခံသော အဘိနန္ဒတိ၊
ယောဒုက္ခံ အဘိနန္ဒတိ၊
အပရိမုတ္တော သော ဒုက္ခ သ္မာတိ ဝဒါမိ။

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ ယော=အကြင် ပုဂ္ဂိုလ်သည်။ ရူပံ= ရုပ်တရားကို။ အဘိနန္ဒတိ= နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ= သံသရာ ဆင်းရဲ ဒုက္ခ ကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲသမ်းနေသည်မည်၏။ ယော= အကြင် ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ= နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော= ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသ္မာ=အို နာ သေရ ဝဋ္ဋဒုက္ခမှ။ အပရိမုတ္တော= မလွတ်။ ဣတိ=ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ=ဟောတော်မူ၏။

**အဓိပ္ပာယ်။** ။ချစ်သား ရဟန်းတို့ ရုပ်တရားကို နှစ်သက် ခင်တွယ် စွဲလမ်းနေလျှင် သံသရာ ဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ် စွဲလမ်းနေသည် မည်တယ်။

သံသရာ ဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ် စွဲလမ်းနေလျှင် အိုနာ သေရ ဝဋ် ဒုက္ခတို့မှ မလွတ်မြောက်နိုင်ဟူ၍ ငါဘုရား ဟောတော်မူတယ်ဟု သံယုတ် ပါဠိတော်မှာ ဟောတော်မူ ထားတယ်။

သို့အတွက် ရုပ်ဘရားတို့သည် မဖြစ်ပေါ်မီက မည်သည့် နေရာမှာမျှ စုပုံ၍ ရှိနေသော တရားမဟုတ်။

အကြောင်းအားလျော်စွာ မမြင်ရရာမှ ဖြစ်ပေါ်လာပြီး လျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးလျက် မည်သည့် နေရာမှာမျှ စုပုံ၍ မရှိပဲ မမြင်ရရာသို့ ရောက်သွားတယ်။

ကောင်းကင်မှာ လျှပ်စစ် ပြက် သကဲ့သို့ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

**သို့အတွက် မြတ်စွာဘုရားက နိဒ္ဒေသ ပါဠိတော်၌**

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တျဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

ဟူ၍ ဟောတော်မူထားတယ်။

သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည်။ အဒဿန-တော=မမြင်ရရာမှ။ အာယန္တိ= အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာကြကုန်၏။ ဘဂ္ဂါ= ခဏ ချက်ချင်း ချုပ်ပျောက် ခြင်းကြောင့်။ အဒဿနံ=မမြင်ရရာသို့။ ဂစ္ဆန္တိ= ရောက်ကြရ ကုန်၏။

**အဘာသေ**=အထက်ကောင်းကင်၌။ဝိဇ္ဇုပ္ပါဒေါဝ=လျှပ်စစ်ပြက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိစ= အကြောင်း အားလျော်စွာလည်းဖြစ်ပေါ် လာကြကုန်၏။ ဝယန္တိစ= ခဏ ချက်ချင်းလည်း ချုပ် ပျောက် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

**အဓိပ္ပာယ်။** ။ရုပ် နာမ် ဓမ္မ သင်္ခါရ တရားတို့သည် မမြင်ရရာမှ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြတယ်။

မဖြစ်ပေါ်မီက မည်သည့်နေရာမှာမျှ စုပုံ၍ ရှိနေကြသောတရားတို့မဟုတ်။

ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက်ပျက်စီးပြီးလျှင် မမြင်ရရာသို့ ရောက်ကြရတယ်။

ချုပ်ပျောက် ပျက်စီးပြီးလျှင် မည်သည့်နေရာမှာမျှ စုပုံ၍ရှိနေကြသော တရားတို့မဟုတ်။

အထက် ကောင်းကင်မှာ လျှပ်စစ်ပြက်သည်နှင့် တူတယ်။

လျှပ်စစ် ပြက်သောအခါ ယင်းလျှပ်စစ်သည် မပျက်မီက မည်သည့်နေရာမှာမျှ စုပုံ၍ ရှိနေသည်မဟုတ်။

လျှပ်စစ် ပြက်ပြီးလျှင်လည်း ယင်းလျှပ်စစ်သည် မည်သည့်နေရာမှာမျှ စုံပုံ၍ ရှိနေသည်မဟုတ်။

ထို့အတူ ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့သည် မဖြစ်ပေါ်မီက မည်သည့်နေရာမှာမျှ စုပုံ၍ရှိနေကြသည်မဟုတ်။

အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာဖြစ်တယ်။

ချုပ်ပျောက် ပျက်စီးပြီးလျှင် မည်သည့်နေရာမှာမျှ စုပုံ၍ ရှိနေကြသောတရားတို့မဟုတ်။

ဟူ၍ မြတ်စွာဘုရား ဟောတော်မူထားသည့်အတွက် တကာကြီးတို့ တကာမကြီးတို့မှာ ရုပ်,နာမ် ဓမ္မ သင်္ခါရတရား ဟူသမျှတို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟူ၍ ရှုကြ။

တကာကြီးတို့ တကာမကြီးတို့မှာ—

မျက်စိအကြည်ဓာတ် ရုပ်တရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။

နားအကြည်ဓာတ် ရုပ်တရားသည် ဖြစ်ပေါ် လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။

နှာခေါင်း အကြည်ဓာတ် ရုပ်တရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

လျှာအကြည်ဓာတ် ရုပ်တရားသည် ဖြစ်ပေါ် လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။

ကိုယ်အကြည်ဓာတ် ရုပ်တရားသည် ဖြစ်ပေါ်လာ ပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။ ဒီလို ကြိမ်ဖန်များစွာ အထပ်ထပ်ရှုကြ။

ဒီလို ကြိမ်ဖန်များစွာ အထပ်ထပ်ရှုကြသဖြင့်—

ဖြစ်ပေါ်လာသော ရုပ်,နာမ်တရားတို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ

ဖြစ်တယ်ဟု ဝိပဿနာဉာဏ်မှာ ထင်မြင်လာလျှင် **တီရဏပရိညာ** ဖြစ်တယ်။

တီရဏပရိညာဖြင့် ပရမတ်အပေါ်မှာ ထကြွနေသော ဝဲသြဃမှ လွန်မြောက်တယ်။

## ပဟာန ပရိညာ

တီရဏပညာ နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှာ ရုပ်,နာမ် ဓမ္မသင်္ခါရတရားတို့၏ ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော သဘောကိုပင် ကြိမ်ဖန်များစွာ မနေမနားပွားများအားထုတ်ကြရတယ်။

ကြိမ်ဖန်များစွာ မနေမနား ပွားများ အားထုတ်ကြလျှင် ပညတ် ပရမတ်တို့ အပေါ်မှာ အကြောင်းရှိလျှင် ထကြွလာတတ်သော သာယာခင်တွယ် စွဲလမ်းမှုအနုသယဝဲသြဃ သဘော မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားတယ်။

အကြောင်းရှိလျှင် ထကြွ လာတတ်သော သာယာခင်တွယ် စွဲလမ်းမှု အနုသယ ဝဲသြဃ သဘော ချုပ်ငြိမ်းသွားလျှင် ဒုက္ခ ချုပ်ငြိမ်းသွားတယ်။

အနုသယ ဝဲသြဃ သဘော ချုပ်ငြိမ်းသွားသဖြင့် ဒုက္ခ ချုပ်ငြိမ်းသွားလျှင် **ပဟာနပရိညာ** ဖြစ်တယ်။

ပဟာနပရိညာ ဖြစ်လျှင် မဟာသောတာပန် ဖြစ်တယ်။

မဟာသောတာပန် ပုဂ္ဂိုလ်သည် သစ္စာ လေးပါး တရားတို့ကို ပိုင်းခြား၍ သိမြင်တယ်။

## သစ္စာ လေးပါး

သစ္စာ လေးပါး တရားဆိုသည်မှာ-

ဒုက္ခ သစ္စာ တပါး၊
သမုဒယ သစ္စာ တပါး၊
နိရောဓသစ္စာ တပါး၊
မဂ္ဂသစ္စာ တပါး

ဟူ၍ လေးပါး ရှိတယ်။

ရုပ်,နာမ်တရားတို့ ဖြစ်ပေါ်မှုသည် အို,နာ,သေရ ၀ဋ်ဒုက္ခ တို့မှ မလွတ်မြောက်သည့်အတွက် ဆင်းရဲခြင်း အမှန် ဖြစ်တယ်ဟု (ဆင်းရဲခြင်းကား ဒုက္ခ၊ အမှန်က သစ္စာ) ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ပညတ်, ပရမတ်တို့ အပေါ်မှာ အကြောင်းရှိလျှင် ထကြွလာတတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ ၀ဲသြဿသဘော ရှိနေခြင်းသည် ဆင်းရဲ ဒုက္ခ ဖြစ်မှု၏ အကြောင်းမှန် ဖြစ်တယ်ဟု (ဆင်းရဲ ဒုက္ခ ဖြစ်ရမှု၏ အကြောင်းကားသမုဒယ၊ အမှန်က သစ္စာ) သမုဒယသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ပညတ်, ပရမတ်တို့ အပေါ်မှာ အကြောင်းရှိလျှင် ထကြွလာတတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ ၀ဲသြဿသဘော မဖြစ်တော့ပဲ ချုပ်ငြိမ်းခြင်းသည် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှု အမှန် ဖြစ်တယ်ဟု(ဆင်းရဲ ဒုက္ခ ချုပ်ငြိမ်းမှုက နိရောဓ၊ အမှန်က သစ္စာ)နိရောဓ သစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်သည်ဖြစ်စေ၊
သမုဒယသစ္စာကို ပိုင်းခြား၍ သိမြင်သည်ဖြစ်စေ၊
နိရောဓသစ္စာကို ပိုင်းခြား၍ သိမြင်သည်ဖြစ်စေ၊
ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှု အကြောင်းမှန် ဖြစ်တယ်ဟု (ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှု အကြောင်းက မဂ္ဂ၊ အမှန်က သစ္စာ) မဂ္ဂသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

## သောတာပန် ဒုစရိုက် ခြောက်ပါးပယ်ပုံ

သောတာပန် ပုဂ္ဂိုလ်သည် ဒုစရိုက် ဆယ်ပါးတို့တွင်–

ပါဏာတိပါတာ, အဒိန္နာဒါနာ, ကာမေသု မိစ္ဆာစာရ, ကာယဒုစရိုက် သုံးပါးကို အချင်းခပ်သိမ်း ပယ်တယ်။

ဝစီဒုစရိုက် လေးပါးတို့တွင် မုသာဝါဒ, ပိသုဏာဝါစာ နှစ်ပါးကို အချင်းခပ်သိမ်း ပယ်တယ်။

ဖရုသဝါစာ, သမ္ဖပ္ပလာပ နှစ်ပါး ကျန်ရှိနေသေးတယ်၊ မပယ်နိုင်သေးဘူး။

ဖရုသဝါစာ ကျန်ရှိနေသေးသော်လည်း သူတပါးတို့ကို ကြမ်းတမ်း ယုတ်မာစွာ ဆဲဆိုမှု ဖရုသဝါစာကို ပယ်တယ်။

မိမိတို့၏ သား, သမီး, မြေး, မြစ်တို့ကို ဆုံးမသွန်သင်၍ မရလျှင် ဝေါက်ငန်းစွာ ဆုံးမ သွန်သင်မှု ဖရုသဝါစာကို မပယ်နိုင်သေး။

သမ္ဖပ္ပလာပ ကျန်ရှိနေသေးသော်လည်း လောကီ စီးပွား ရရှိရေး၊ ဂုဏ်ပကာသန ရရှိရေးတို့နှင့် ပတ်သက်၍ မင်္ဂ ဖိုလ်တို့၏ ဆန့်ကျင်ဘက် ပြောဆိုမှု သမ္ဖပ္ပလာပ စကားကို ပယ်တယ်။

သား,သမီး, မြေး,မြစ် တို့ ငိုကြွေးနေလျှင် အငိုတိတ်အောင် ပြောဆိုရမှု။

ဥပမာ—'ဘိုးသာအောင်ရယ် ဗျို-ဗျို-ဗျို လိုက်ဆို'ဟု ပြော ဆိုရမှု စသော သမ္ဖပ္ပလာပ ဝါစာကို မပယ်နိုင်သေး၊ မနော ဒုစရိုက် ၃-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိတပါးကိုပယ်တယ်။ အဘိဇ္ဈာ နှင့် ဗျာပါဒ ကျန်ရှိ နေသေးတယ်။ မပယ်နိုင်သေးဘူး။ အဘိဇ္ဈာ ကျန်ရှိနေသေး သော်လည်း သူ့ဘပါးတို့၏ ပစ္စည်း ဥစ္စာတို့ကို မတရားသဖြင့် ရအောင် ကြံ စည် အား ထုတ် မှု အဘိဇ္ဈာကို ပယ်တယ်။

တရားသဖြင့် ဝယ်၍ဖြစ်စေ၊ တောင်း၍ဖြစ်စေ ရအောင် ကြံစည် အားထုတ်မှု အဘိဇ္ဈာကို မပယ်နိုင်သေး။

ဗျာပါဒ ကျန်ရှိနေသေးသော်လည်း သူတပါးတို့၏ ပစ္စည်း ဥစ္စာတို့ကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည် အားထုတ်မှု ဗျာပါဒကို ပယ်တယ်။

ရာထူး ဂုဏ်ထူး ပစ္စည်း ဥစ္စာ ကြီးကျယ်နေသော မိမိတို့၏ သား, သမီး,မြေး,မြစ်တို့ သောက်စားမူးယစ်လျက် အကျင့် ပျက်နေကြလျှင် မိဘ ဘိုးဘွားတို့က ဆုံးမ၍ မရသောအခါ ဒီအကောင် ရာထူးဂုဏ်ထူး ပစ္စည်းဥစ္စာ ကြီးကျယ်နေ၍ ငါတို့ စကားကို နားမထောင်၊ ရာထူးဂုဏ်ထူး ပစ္စည်းဥစ္စာတို့ပြုတ်ကျ

ဆုတ်ယုတ်မှ ကောင်းမည်ဟု စိတ်ဖြစ်ပေါ်ရုံမျှ ဗျာပါဒကို မပယ်နိုင်သေး။

## သောတာပန် ဒိဋ္ဌိ ဝဲသြဃမှ လွန်မြောက်ပုံ

သောတာပန် ပုဂ္ဂိုလ်သည် ဒိဋ္ဌိ ဝဲသြဃ ထကြွနေသော သံသရာ သမုဒ္ဒရာ ရေအလျဉ်မှ လွန်မြောက်၍ နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်တယ်။

ကာမ ဝဲသြဃ ထကြွနေသော သံသရာ သမုဒ္ဒရာ တခု၊ ဘဝ ဝဲသြဃနှင့် အဝိဇ္ဇာ ဝဲသြဃ ထကြွနေသော သံသရာ သမုဒ္ဒရာ တခု၊ ပေါင်း သံသရာ သမုဒ္ဒရာ နှစ်ခုတို့ကို ကူးစရာ ကျန်ရှိနေသေးတယ်။

ယင်းကျန်ရှိနေသော သံသရာ သမုဒ္ဒရာ နှစ်ခုတို့မှာ အောက်သို့ နစ်မြုပ်နိုင်လောက်အောင် ဝဲသြဃ ထကြွမှု မရှိတော့ဘူး။

ဒိဋ္ဌိ ဝဲသြဃ ထကြွနေသော သံသရာသမုဒ္ဒရာမှာ သာလျှင် အောက်သို့ နစ်မြုပ်စေတတ်သော ဝဲသြဃ ထကြွမှုရှိနေတယ်။ သတိပဋ္ဌာန် လေးပါးတို့တွင် ရုပ်တရားကို ပွားများအားထုတ်လျှင် ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။

တကာကြီးတို့ တကာမကြီးတို့မှာ ဗုဒ္ဓဘာသာ သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြရသော ယခု ဘဝမှာ ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်နေသော သံသရာသမုဒ္ဒရာကိုကူး၍ နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက် ကမ်းသို့ ရောက်အောင် ဝိပဿနာတရားကို ပွားများအားထုတ်ကြ။

ဗုဒ္ဓဘာသာ သာသနာတော်ကို ကိုးကွယ် ဆည်းကပ်ကြရ ပါလျက် သံသရာ သမုဒ္ဒရာကို ကူး၍ နိဗ္ဗာန် တည်း ဟူ သော ဟိုမှာဘက်ကမ်းသို့ မရောက်နိုင်ကြလျှင်—

ဇာတိ, ဇရာ, ဗျာဓိ, မရဏ တည်း ဟူ သော ငါး မန်း၊ ငါးဆင်၊ ငါးသရဲ တို့၏ နှိပ်စက် ဖမ်းစားမှုတို့ကို အမြဲတမ်း ခံကြရလျက် အိုမဆုံး,နာမဆုံး, သေမဆုံး ဖြစ်နေကြလိမ့်မည်။


ဒီနေ့ ဟောပြသော တရားကား—

ရုပ် သမုဒ္ဒရာ ငါးပါးတို့ကို ကူး မြောက် သော တရားဖြစ် တယ်။ စိတ်သမုဒ္ဒရာ ကူးမြောက်သော တရားကို နောက် ဥပုသ်နေ့မှာ ဟောပြမည်။ ။



စစ်တွေမြို့ ပုသိမ်ဆရာတော် အရှင်ဂရုဝံသသည်
သဒ္ဓမ္မဂရု ကျောင်းတိုက်၌ ဥပုသ်ဆောက်တည်
ကြကုန်သော တကာ တကာမ တို့အား
၁၃၂၉ ခုနှစ်၊ ဝါဆိုလဆုတ် ၈ ရက်နေ့တွင်
ဟောပြော ပြသသော

# သမုဒ္ဒရာ ၆ ပါး ဥပသဿနာ တရားတော်



# အခန်း ၂

## စိတ်ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်နေပုံ

ဒီနေ့ တကာကြီးတို့၊ တကာမကြီးတို့အား စိတ်သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်နေပုံ, ဝဲသြဃ လှိုင်းတံပိုးတို့မှ လွန်မြောက်ပုံကို ဟောပြမည်။

တကာကြီးတို့ တကာမကြီးတို့မှာ ထကြွတိုက်ခတ်နေသော ဝဲသြဃ လှိုင်းတံပိုးတို့မှ မလွန်မြောက်နိုင်လျှင် အို, နာ, သေရ ဝဋ်ဒုက္ခတို့မှ မလွန်မြောက်နိုင်။

လွန်မြောက်နိုင်မှသာလျှင် အို,နာ, သေရ ဝဋ်ဒုက္ခတို့မှ လွန်မြောက်နိုင်ကြမယ်။

ဝါဆိုလပြည့်နေ့က ရုပ်သမုဒ္ဒရာ ငါးပါးတို့မှာ ထကြွ တိုက်ခတ်နေသော ဝဲသြဃလှိုင်းတံပိုးတို့မှ လွန်မြောက်ကြောင်း ဝိပဿနာတရားကို ဟောပြခဲ့တယ်။

ဒီနေ့ စိတ်သမုဒ္ဒမှာ ထကြွတိုက်ခတ်နေသော ဝဲသြဃ လှိုင်းတံပိုးမှ လွန်မြောက်ကြောင်း ဝိပဿနာတရားကို ဟောပြမယ်။

## စိတ်သမုဒ္ဒရာ

တကာကြီးတို့၊ တကာမကြီးတို့မှာ—

မျက်စိမှာ အဆင်းကို မြင်ခြင်း ရှိကြတယ်။
နားမှာ အသံကို ကြားခြင်း ရှိကြတယ်။
နှာခေါင်းမှာ အနံ့နံခြင်း ရှိကြတယ်။
လျှာမှာ အရသာ သိခြင်း ရှိကြတယ်။
ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိခြင်း ရှိကြတယ်။
စိတ်မှာ ထင်လာသော အာရုံကို သိခြင်း ရှိကြတယ်။

မျက်စိမှာ အဆင်းကို မြင်ခြင်းသည် စက္ခုဝိညာဏ် စိတ် ဖြစ်တယ်။

နားမှာ အသံကို ကြား ခြင်း သည် သောတဝိညာဏ်စိတ် ဖြစ်တယ်။

နှာခေါင်းမှာ အနံ့နံ ခြင်း သည် ဃာန ဝိညာဏ်စိတ် ဖြစ် တယ်။

လျှာမှာ အရသာကို သိခြင်းသည် ဇိဝှာဝိညာဏ်စိတ် ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိတိုက်ခတ်မှုကိုသိခြင်းသည် ကာယဝိညာဏ်စိတ် ဖြစ်တယ်။

စိတ်မှာ ထင်လာသော အာရုံကို သိခြင်းသည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်းဝိညာဏ်စိတ် ၆ ပါးတို့ကို ပတာတိသမုဒ္ဒရာနှင့် တူသောကြောင့် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာသမုဒ္ဒရာဟူ၍— ဟောတော်မူထားတယ်။

## စိတ်သမုဒ္ဒရာမှ ဝဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်ပုံ

တကာကြီးတို့၊တကာမကြီးတို့မှာ–

မျက်စိမှာ အဆင်းကိုမြင်ခြင်းသည် စက္ခုဝိညာဏ်စိတ်က မြင်တယ်ဟု မသိလျှင် အဝိဇ္ဇာ ဝဲသြဃထကြွတယ်။

စက္ခုဝိညာဏ်စိတ်က အဆင်းမြင်သည်ကိုငါမြင်တယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိဝဲသြဃထကြွတယ်။

အဆင်းကို သာယာခင်တွယ်စွဲလမ်းလျှင်ကာမဝဲသြဃထကြွတယ်။

ယခုဘဝ အဆင်းမြင်ရမှုနှင့် နောက်ဘဝ အဆင်းမြင်ရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃထကြွတယ်။

အဆင်းကိုမြင်ရ၍ မနှစ်သက်မှု,အမျက်ထွက်မှု, ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

**အဆင်း**ကိုမြင်ရ၍ ထောင်လွှားတက်ကြွမှု ဖြစ်လျှင် **မာန** လိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

နားမှာ အသံကို ကြားခြင်းသည် သောတ ဝိညာဏ်စိတ်က ကြားတယ်ဟု မသိလျှင် အဝိဇ္ဇာ ဝဲသြဃထကြွတယ်။

သောတ ဝိညာဏ်စိတ်က အသံကြားသည်ကို ငါကြားတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

အသံကို သာယာ ခင်တွယ် စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝ အသံကြားရမှုနှင့် နောက်ဘဝ အသံကြားရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃထကြွတယ်။

**အသံ**ကြားရ၍ မနှစ်သက်မှု, အမျက်ထွက်မှု, ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလိုင်းတံပိုးထကြွတိုက်ခတ်ကြတယ်။

အသံကိုကြားရ၍ ထောင်လွှာတက်ကြွမှုဖြစ်လျှင် **မာန**လိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

နှာခေါင်းမှာ အနံ့နံခြင်းသည် ဃာနဝိညာဏ်စိတ်က အနံ့နံတယ်ဟု မသိလျှင် **အဝိဇ္ဇာ** ဝဲသြဃ ထကြွတယ်။

ဃာန ဝိညာဏ်စိတ်က အနံ့နံသည်ကို ငါအနံ့နံတယ်၊ ငါပုပ်တယ်၊ ငါမွှေးတယ်၊ ငါညှော်တယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိဝဲသြဃ ထကြွတယ်။

အနံ့ကို သာယာခင်တွယ် စွဲလမ်းလျှင် ကာမ ဝဲသြဃထကြွတယ်။

ယခုဘဝအနံ့ရှူရမှုနှင့် နောက်ဘဝ အနံ့ရှူရမှုကို သာယာခင်တွယ် စွဲလမ်းလျှင် ဘဝဝဲသြဃ ထကြွတယ်။

အနံ့နံ၍မနှစ်သက်မှု,အမျက်ထွက်မှု,ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

အနံ့နံ၍ ထောင်လွှားတက်ကြွမှုဖြစ်လျှင် မာန လှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

လျှာမှာ အရသာကို သိခြင်းသည် ဇိဝှာ ဝိညာဏ် စိတ်က သိတယ်ဟု မသိလျှင် အဝိဇ္ဇာ ဝဲသြဃ ထကြွတယ်။

ဇိဝှာ ဝိညာဏ်စိတ်က အရသာသိသည်ကို ငါအရသာကို သိတယ်၊ ငါချိုတယ်၊ ငါချဉ်တယ်၊ ငါဖန်တယ်၊ ငါခါးတယ်၊ ငါစပ်တယ်၊ ငါငန်တယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ဝဲသြဃ ထကြွတယ်။

အရသာကို သာယာခင်တွယ်စွဲလမ်းလျှင် ကာမဝဲသြဃ ထကြွတယ်။

ယခုဘဝ အရသာ စားရမှုနှင့် နောက်ဘဝ အရသာ စားရမှုကို သာယာ ခင်တွယ် စွဲလမ်းလျှင် ဘဝ ဝဲသြဃ ထကြွတယ်။

အရသာ စားရ၍ မနှစ်သက်မှု, အမျက်ထွက်မှု, ရန်ငြိုးထားမှုဖြစ်လျှင် ဒေါသ လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

အရသာ စားရ၍ ထောင်လွှား တက်ကြွမှုဖြစ်လျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိခြင်းသည် ကာယ ဝိညာဏ် စိတ်က သိတယ်ဟု မသိလျှင် အဝိဇ္ဇာ ဝဲသြဃ ထကြွတယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို ငါသိတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ဝဲသြဃ ထကြွတယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သာယာ ခင်တွယ် စွဲလမ်းလျှင် ကာမ ဝဲသြဇာ ထကြွတယ်။

ယခု ဘဝ တွေ့ထိ တိုက်ခိုက်ရမှုနှင့် နောက်ဘဝ တွေ့ထိ တိုက်ခိုက်ရမှုကို သာယာ ခင်တွယ် စွဲလမ်းလျှင် ဘဝ ဝဲသြဇာ ထကြွတယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်ရမှုတို့နှင့် ပတ်သက်၍မနှစ်သက်မှု, အမျက်ထွက်မှု, ရန်ငြိုးထားမှု, ဖြစ်လျှင် ဒေါသ လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်ရမှုနှင့် ပတ်သက်၍ ထောင်းလွှား တက်ကြွမှုဖြစ်လျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

စိတ်မှာ ထင်လာသော အာရုံကို သိခြင်းသည် မနောဝိညာဏ် စိတ်က သိတယ်ဟု မသိလျှင် အဝိဇ္ဇာ ဝဲသြဇာ ထကြွတယ်။

စိတ်မှာ ထင်လာသော အာရုံကို ငါသိတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ဝဲသြဇာ ထကြွတယ်။

စိတ်မှာ ထင်လာသော အာရုံကို သာယာ ခင်တွယ် စွဲလမ်းလျှင် ကာမ ဝဲသြဇာ ထကြွတယ်။

ယခုဘဝ စိတ်မှာ ထင်လာသော အာရုံနှင့် နောက်ဘဝ စိတ်မှာ ထင်လာသော အာရုံကို သာယာ ခင်တွယ် စွဲလမ်းလျှင် ဘဝ ဝဲသြဇာ ထကြွတယ်။

စိတ်မှာ ထင်လာသော အာရုံနှင့် ပတ်သက်၍ မနှစ်သက်မှု, အမျက်ထွက်မှု, ရန်ငြိုးထားမှု, ဖြစ်လျှင် ဒေါသ လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

စိတ်မှာ ထင်လာသော အာရုံနှင့် ပတ်သက်၍ ထောင်လွှား တက်ကြွမှုဖြစ်လျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

## ငါးမန်း ငါးဆင် ငါးသရဲတို့ နှိပ်စက် ဖမ်းစားပုံ

ယခု ဟောပြသော တရားကား စိတ် သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွ တိုက်ခတ်နေပုံ ဖြစ်တယ်။

စိတ် **သမုဒ္ဒရာမှာ** ဝဲသြဃ **လှိုင်းတံပိုးတို့မှ မလွန်မြောက်** နိုင်ကြလျှင်—

ဇာတိ, ဇရာ, ဗျာဓိ, မရဏ တည်းဟူသော ငါးမန်း, ငါးဆင်, ငါးသရဲတို့၏ နှိပ်စက် ဖမ်း**စား**မှုတို့ကို ခံနေကြရတယ်။

**စိတ် သမုဒ္ဒရာမှာ** ဝဲသြဃ **လှိုင်းတံပိုးတို့မှ လွန်မြောက်မှ သာလျှင်—**

ဇာတိ, ဇရာ, ဗျာဓိ, မရဏ တည်းဟူသော ငါးမန်း, ငါးဆင်, ငါးသရဲတို့၏ နှိပ်စက် ဖမ်းစားမှုတို့မှ လွတ်မြောက် ကြမည်။

ဝဲသြဃ လှိုင်းတံပိုးတို့မှ လွန်မြောက်လိုကြသော **ပုဂ္ဂိုလ်တို့မှာ—**

မဂ္ဂင် ရှစ်ပါး သင်္ဘောကိုစီး၍ ဉာတပရိညာ, တီရဏပရိညာ စက် နှစ်လုံးတို့ဖြင့် အချိန်မှန်မှန် မောင်းနှင်လျက် နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်အောင်ကူးကြရမယ်။

## ဉာတပရိညာ

**မဂ္ဂင် ၈ ပါးသဘောကိုစီး၍ ကူးကြသောအခါ—**

အာရုံ ၆ပါးတည်းဟူသော လေကြမ်း မုန်တိုင်း တိုက်ခတ်ပါလျှင်သဘောဦးက တပ်ဆင်ထားသော သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့်တည့်ခံကြ။

သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် တည့်ခံ၍ အာရုံ ၆ပါးတည်း ဟူသော လေကြမ်းမုန်တိုင်း ငြိမ်းအေးသွားသောအခါ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် ကြည့်ရှုလျှင် အမှန်တရားကို သိမြင်ကြမည်။

မျက်စိမှာ အဆင်းကို မြင်ခြင်းသည် ငါမြင်သည် မဟုတ်၊ စက္ခုဝိညာဏ်စိတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

နားမှာ အသံကို ကြားခြင်းသည် ငါကြားသည်မဟုတ်၊ သောတ ဝိညာဏ်စိတ်က ကြားခြင်းသာ ဖြစ်တယ်ဟု အမှန် သိမြင်တယ်။

နှာခေါင်းမှာ အနံ့နံခြင်းသည် ငါ နံသည်မဟုတ်၊ ဃာန ဝိညာဏ် စိတ်က နံခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်းသိမြင်တယ်။

လျှာမှာ အရသာကို သိခြင်းသည် ငါသိသည်မဟုတ်၊ဃာန ဝိညာဏ် စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်းသိမြင်တယ်။

ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို သိခြင်းသည် ငါ သိသည် မဟုတ် ကာယဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်မှာ ထင်လာသော အာရုံကို သိခြင်းသည် ငါ သိသည် မဟုတ် မနောဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်သမုဒ္ဒရာမှာ ဝိညာဏ် တရားတို့ကို အမှန်အတိုင်း ပိုင်းခြား၍ သိမြင်ကြလျှင် ဝိညာဏပရိစ္ဆေဒဉာဏ် ဖြစ်တယ်။

ယင်းဝိညာဏ် တရားတို့သည် အာရုံရှိသောအခါ ဖြစ်ပေါ်လာတတ်သည့်အတွက် နာမ်တရားဟု ခေါ်၍ နာမပရိစ္ဆေဒဉာဏ်ဟုလည်း ခေါ်တယ်။

နာမပရိစ္ဆေဒဉာဏ်ဖြစ်လျှင်အယူအမြင် စင်ကြယ်သည့်အတွက် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

သာသနာတော်မှာ သိအပ် သိသင့် သိထိုက်သော တရားကို ပိုင်းခြား၍ သိမြင်သည့်အတွက် ဉာတပရိညာဖြစ်တယ်။ မဟာသောတာပန်တို့၏ သိမြင်ပုံနှင့် တူသည့်အတွက် စူဠသောတာပန် ဖြစ်တယ်။

စူဠသောတာပန် ဖြစ်လျှင် အပါယ် လေးပါးတို့မှလွတ်မြောက်တယ်။

နာမပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အပေါ်မှာ ထကြွတိုက်ခတ်နေသော ဝဲဩဃ လှိုင်းတံပိုးတို့မှ လွန်မြောက်တယ်။

ပရမတ်အပေါ်မှာ ထကြွတိုက်ခတ်နေသော လှိုင်းတံပိုးတို့ ကျန်ရှိနေသေးတယ်။

[၆]                                    ဒုတိယအကြိမ်

## ပစ္စယ ပရိဂ္ဂဟဉာဏ်

ဝိညာဏ် နာမ်တရားတို့၏ အကြောင်းကို မသိမမြင်ကြလျှင် အ ဟေတုက ဒိဋ္ဌိ ဖြစ်တယ်။

အ ဟေတုက ဒိဋ္ဌိ ဖြစ်နေလျှင်—
နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက်ကမ်းသို့ မရောက်နိုင်။

**ဝိညာဏ်နာမ်တရားတို့၏ အကြောင်းကား—**

ပစ္စုပ္ပန်အကြောင်း, အတိတ်အကြောင်း ဟူ၍ ၂ မျိုး ရှိတယ်။

**ပစ္စုပ္ပန်အကြောင်းကား—**

စက္ခုဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း တရား သည် အဆင်းအာရုံ ဖြစ်တယ်။

အဆင်းအာရုံသည် စက္ခုဝိညာဏ်စိတ်၏ဖြစ်ခြင်းအကြောင်း တရားဖြစ်တယ်၊

သောတ ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း တရားသည် အသံ အာရုံ ဖြစ်တယ်။

အသံ အာရုံသည် သောတ ဝိညာဏ် စိတ် ၏ ဖြစ် ခြင်း အကြောင်းတရား ဖြစ်တယ်။

ဃာန ဝိညာဏ်စိတ်၏ ဖြစ် ခြင်း အ ကြောင်း တရားသည် အနံ့ အာရုံ ဖြစ်တယ်။

အနံ့အာရုံသည် ဃာန ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်း တရားဖြစ်တယ်။

ဇိဝှာ ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း တရား သည် အရသာအာရုံ ဖြစ်တယ်။

အရသာ အာ ရုံ သည် ဇိဝှာ ဝိညာဏ် စိတ် ၏ ဖြစ် ခြင်း အကြောင်းတရားဖြစ်တယ်။

ကာယ ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း တရားသည် ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု အာရုံ ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု အာရုံသည် ကာယ ဝိညာဏ် စိတ်၏ ဖြစ်ခြင်း အကြောင်းတရား ဖြစ်တယ်။

မနော ဝိညာဏ် စိတ်၏ ဖြစ်ခြင်း အကြောင်း တရားသည် စိတ်မှာ ထင်လာသော အာရုံ ဖြစ်တယ်။

စိတ်မှာထင်လာသော အာရုံသည် မနော ဝိညာဏ် စိတ်၏ ဖြစ်ခြင်းအကြောင်းတရားဖြစ်တယ်။

ဤကား ပစ္စုပ္ပန် အကြောင်းတရားဖြစ်တယ်။

**အတိတ်အကြောင်းတရားကား—**

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတရားတို့ဖြစ်တယ်။

အတိတ်အကြောင်းတရားကား ရုပ် သမုဒ္ဒရာမှာ ဟောပြခဲ့သောအတိုင်း ဖြစ်တယ်။

ဤသို့ အကြောင်းတရားကို သိမ်းဆည်း၍ သိမြင်ခြင်းသည် ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

နာမပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အပေါ်မှာ ထကြွတိုက်ခတ်သော ဝဲသြဃ လှိုင်းတံပိုးတို့မှ လွန်မြောက်၍ ပရမတ်အပေါ်မှာ ထကြွတိုက်ခတ်သော သြဝဲဃလှိုင်းတံပိုးတို့ ကျန်ရှိနေသေးတယ်။ ပရမတ်အပေါ်မှာ ထကြွတိုက်ခတ်နေသော ဝဲသြဃ လှိုင်းတံပိုးတို့ ကျန်ရှိနေသေးတယ် ဆိုသည်မှာ—

မျက်စိမှာ အဆင်းကို မြင်ခြင်းသည် ငါ မြင်သည်မဟုတ်၊ စက္ခုဝိညာဏ်စိတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု စက္ခုဝိညာဏ်စိတ် မပျက်မစီးပဲ ကျန်ရှိနေသေးတယ်ဟု ထင်မှတ် ယူဆမှု။

နားမှာ အသံကို ကြားရခြင်းသည် ငါ ကြားသည်မဟုတ်၊ သောတဝိညာဏ်စိတ်က ကြားခြင်းသာ ဖြစ်တယ်ဟု သောတဝိညာဏ်စိတ်က မပျက်မစီးပဲ ကျန်ရှိနေသေးတယ်ဟု ထင်မှတ် ယူဆမှု။

နှာခေါင်းမှာ အနံ့နံခြင်းသည် ငါ အနံ့ နံသည် မဟုတ်၊ ဃာနဝိညာဏ်စိတ်တ နံခြင်းသာ ဖြစ်တယ်ဟု ဃာန ဝိညာဏ်စိတ် မပျက်မစီးပဲ ကျန်ရှိ နေသေးတယ်ဟု ထင်မှတ် ယူဆမှု။

လျှာမှာ အရသာကို သိခြင်းသည် ငါ သိသည် မဟုတ်၊ ဇိဝှာ ဝိညာဏ် စိတ်ကသိခြင်းသာ ဖြစ်တယ်ဟုဇိဝှာဝိညာဏ်စိတ်မပျက်စီး ကျန်ရှိနေသေးတယ်ဟု ထင်မှတ်ယူဆမှု။

ကိုယ်မှာ တွေ့ထိ တိုက်ခတ်မှုကို သိခြင်းသည် ငါ သိသည် မဟုတ်၊ ကာယ ဝိညာဏ်စိတ်က သိ ခြင်း သာ ဖြစ် တယ် ဟု ကာယဝိညာဏ်စိတ် မပျက်စီးပဲ ကျန်ရှိနေသေးတယ်ဟု ထင်မှတ် ယူဆမှု။

စိတ်မှာ ထင်လာသော အာရုံကို သိခြင်းသည် ငါသိသည် မဟုတ်၊ မနောဝိညာဏ်စိတ်ကသိခြင်းသာ ဖြစ်တယ်ဟု မနော ဝိညာဏ်စိတ်မပျက်စီးပဲကျန်ရှိနေသေးတယ်ဟု ထင်မှတ်ယူဆမှု။

ဤသို့ ပရမတ်အပေါ်မှာ ထကြွတိုက်ခတ်နေသော ဝဲသြဃ လှိုင်းတံပိုးတို့ ကျန်ရှိနေသေးလျှင် သဿတဒိဋ္ဌိ ဖြစ်နေတယ်။

သဿတဒိဋ္ဌိဖြစ်နေလျှင် နိဗ္ဗာန် တည်းဟူသော ဟိုမှာဘက် ကမ်းသို့ မရောက်နိုင်။ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ မရောက်နိုင်လျှင် အို၊နာ၊သေရ ဝဋ်ဒုက္ခတို့မှ မလွတ်မြောက် နိုင်။ သို့အတွက် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ—

ယော ဘိက္ခဝေ ဝိညာဏံ အဘိနန္ဒတိ၊
ဒုက္ခံသော အဘိနန္ဒတိ, ယောဒုက္ခံ အဘိနန္ဒတိ၊
အပရိမုတ္တောသော ဒုက္ခသ္မာတိဝဒါမိ။

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ= ရဟန်းတို့။ ယော= အကြင် ပုဂ္ဂိုလ်သည်။ ဝိညာဏံ=ဝိညာဏ်တရားကို။ အဘိနန္ဒတိ= နှစ် သက် ခင်တွယ် စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲ ဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ်စွဲလမ်းနေသည် မည်၏။ ယော=အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲ ဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ် စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ် သည်။ ဒုက္ခသ္မာ=အို၊နာ၊ သေရ ဝဋ်ဒုက္ခမှ။ အပရိမုတ္တော= မလွတ်။ ဣတိ= ဤသို့။ အဟံ= ငါဘုရားသည်။ ဝဒါမိ= ဟောတော်မူ၏။

**အမိပ္ပာယ်။** ။ချစ်သား ရဟန်းတို့၊ဝိညာဏ် တရားကို နှစ်သက်ခင်တွယ် စွဲလမ်းနေလျှင် သံသရာ ဆင်းရဲဒုက္ခကို နှစ်သက်ခင်တွယ် စွဲလမ်းနေသည် မည်တယ်။ သံသရာ ဆင်းရဲဒုက္ခကို နှစ်သက်ခင်တွယ် စွဲလမ်းနေလျှင် အို,နာ,သေရ ဝဋ်ဒုက္ခတို့မှ မလွတ်မြောက်နိုင် ဟူ၍ ငါဘုရား ဟောတော်မူတယ်ဟု သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတယ်။

သို့အတွက် ဝိညာဏ် တရားတို့သည် မိုးရွာသော အခါ ရေပွက်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသကဲ့သို့ လည်းကောင်း၊ တပေါင်း တန်ခူးလတို့မှာ တောနား တောင်နားတို့၌ တံလျှပ်ဖြစ်ပေါ်နေသကဲ့သို့ လည်းကောင်း တုစ္ဆ,သုည သဘော တရားတို့သာ ဖြစ်တယ်ဟု ဝိပဿနာဉာဏ်မှာ မြင်အောင်ကြည့်ရှုကြရမည်။

ဝိညာဏ် တရားတို့ကို မိုးရွာသော အခါ ရေပွက် သကဲ့သို့ လည်းကောင်း၊ တပေါင်း တန်ခူးလတို့မှာ တောနား တောင်နားတို့၌ ဖြစ်ပေါ်နေသော တံလျှပ် ကဲ့ သို့ လည်း ကောင်း ဝိပဿနာဉာဏ်မှာ ထင်မြင်လာလျှင် တီရဏ ပရိညာ ဖြစ်တယ်။

**သို့အတွက် မြတ်စွာဘုရားက ဓမ္မပဒ ပါဠိတော်မှာ—**

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ဟူ၍ ဟောတော်မူထားတယ်။

သဗ္ဗါရေ= ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ကို။ ပုဗ္ဗုဋ္ဌကံ= မိုးရွာသောအခါ ရေပွက်ကို။ ပဿေယထာ=မြင်ရရာသကဲ့သို့။ မရီစိကံ=တပေါင်း တန်ခူး လတို့မှာ တောနား၊ တောင်နားဌ် ဖြစ်ပေါ်နေသော တံလျှပ်ကို။ ပဿေယထာ=မြင်ရရာသကဲ့သို့။ ပဿေယျ=ဝိပဿနာ ဉာဏ်မှာ ထင်မြင်လာအောင် ကြည့်ရှုရာ၏။ ဧဝံ=ဤသို့။ လောကံ=သင်္ခါရလောကကို။ အဝေက္ခန္တံ= ကြည့်ရှု၍ မြင်နေသော သူကို။ မစ္စုရာဇာ= သေမင်းသည်။ နပဿတိ=ကြည့်ရှု၍ မမြင်။

**အဓိပ္ပာယ်။** ။တကာကြီးတို့၊ တကာမကြီးတို့မှာ ရုပ်, နာမ် ဓမ္မ သင်္ခါရတရားတို့ကို မိုးရွာသောအခါ ရေပွက်ကို မြင်ရသကဲ့သို့၊ တပေါင်း တန်ခူး လတို့မှာ တောနား တောင်နားဌ် ဖြစ်ပေါ်နေသော တံလျှပ်ကို မြင်ရရာသကဲ့သို့ ဝိပဿနာ ဉာဏ်မှာ ထင်မြင်လာအောင် ကြည့်ရှု၍ ထင်မြင်ကြလျှင် သေမင်း ကြည့်ရှု၍ မမြင်သည့်အတွက် မသေတော့ဘူး ဟူ၍ မြတ်စွာဘုရားက ဓမ္မပဒ ပါဠိတော်မှာ ဟောတော်မူထားတယ်။

သို့အတွက် ဝိညာဏ်တရားတို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ် ဟူ၍ ရှုကြ။

ဝိညာဏ် တရားတို့ကိုဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟု ဝိပဿနာ ဉာဏ်မှာ ထင်မြင်လာလျှင် တီရဏပရိညာ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ မျက်စိမှာ အဆင်းကို မြင်သော စက္ခုဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်၊ ဟူ၍ ရှုကြ။

နားမှာ အသံကို ကြားသော သောတ ဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

နှာခေါင်းမှာ အနံ့နံ့သော ဃာန ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

လျှာမှာ အရသာကို သိသော ဇိဝှာ ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိသော ကာယ ဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

စိတ်မှာ ထင်လာသော အာရုံကို သိသော မနော ဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလို ကြိမ်ဖန်များစွာ အထပ်ထပ်ရှုကြ။

ဒီလို ကြိမ်ဖန်များစွာ အထပ်ထပ် ရှု၍ ဝိညာဏ် တရားတို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီး

သော တရားတို့သာ ဖြစ်တယ်ဟု ဝိပဿနာ ဉာဏ်မှာ မြင်လာလျှင် တီရဏပရိညာ ဖြစ်တယ်။

တီရဏ ပရိညာဖြင့် ပရမတ် အပေါ်မှာ ထကြွ တိုက်ခတ်နေသော ဝဲသြဃ လှိုင်းတံပိုးတို့မှ လွန်မြောက်တယ်။

တီရဏ ပရိညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှာ ဝိညာဏ်နာမ်တရားတို့၏ ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော သဘောကိုပင် ကြိမ်ဖန်များစွာ အထပ်ထပ် အဖန်ဖန် ပွားများအားထုတ်ကြ။

ဝိညာဏ် နာမ်တရားတို့ ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော သဘောကိုပင် ကြိမ်ဖန်များစွာ အထပ်ထပ် အဖန်ဖန် ပွားများ အားထုတ်ကြလျှင်—

ပညတ်, ပရမတ်တို့အပေါ်မှာ အကြောင်း ရှိလျှင် ထကြွလာတတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ ဝဲသြဃ သဘော မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားတယ်။

အကြောင်းရှိလျှင် ထကြွလာတတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ ဝဲသြဃ သဘော ချုပ်ငြိမ်းသွားလျှင် ဒုက္ခ ချုပ်ငြိမ်းသွားတယ်။

အနုသယ ဝဲသြဃ သဘော ချုပ် ငြိမ်း သွား သဖြင့် ဒုက္ခ ချုပ်ငြိမ်းသွားလျှင် ပဟာန ပရိညာ ဖြစ်တယ်။

ပဟာန ပရိညာဖြစ်လျှင် မဟာ သောတာပန် ဖြစ်တယ်။

မဟာ သောတာပန် ပုဂ္ဂိုလ်သည် သစ္စာ လေးပါး တရားတို့ကို ပိုင်းခြား၍ သိမြင်တယ်။

ကြွင်းကျန်သော စိတ်သမုဒ္ဒရာ ကူးမြောက်ကြောင်း တရားကို သိသာရုံ အကျဉ်းမျှ ဟောပြသွားမည်။

တကာကြီးတို့၊တကာမကြီးတို့မှာ–

အဆင်းကို ကြည့်ချင်သော စိတ် ရှိကြတယ်၊
အသံကို နားထောင်ချင်သော စိတ် ရှိကြတယ်၊
အနံ့ကို ရှူချင်သောစိတ် ရှိကြတယ်၊
အရသာ စားချင်သောစိတ် ရှိကြတယ်၊
ကိုယ်မှာ တွေ့ထိ တိုက်ခိုက်ချင်သော စိတ် ရှိကြတယ်၊
စိတ်မှာ ထင်လာလော အာရုံကို သိချင်သော စိတ် ရှိကြတယ်။

အဆင်းကို ကြည့်ချင်သောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

အသံကို နားထောင်ချင်သော စိတ်သည် မနော ဝိညာဏ် စိတ် ဖြစ်တယ်။

အနံ့ကို ရှူ ချင် သော စိတ် သည် မနော ဝိ ညာ ဏ် စိတ် ဖြစ်တယ်။

အရသာကို စားချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်ချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

စိတ်မှာ ထင်လာသော အာရုံကို ယူချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနော ဝိညာဏ်စိတ်တို့သည် စိတ် သမုဒ္ဒရာ ဖြစ်တယ်၊

စိတ် သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွ တိုက်ခတ် နေကြတယ်။

## ဝဲသြဃ လှိုင်းတံပိုး ထကြွ တိုက်ခတ်ပုံ

သာမည သိသာရုံမျှသာ ဟောပြမည်။

အဆင်းကို ငါ ကြည့်ချင်တယ်ဟု ထင်မှတ် ယူဆလျှင် ဝဲသြဃ ထကြွတယ်။

မနှစ်သက်မှု, အမျက်ထွက်မှု, ရန်ငြိုးထားမှု ဖြစ်လျှင် ဒေါသ လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

ထောင်လွှား တက်ကြွမှုဖြစ်လျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

အသံကို ငါ နားထောင်ချင်တယ် ဟု ထင်မှတ် ယူဆလျှင် ဝဲသြဃ ထကြွတယ်။

ငါ အနံ့ ရှူချင်တယ် ဟု ထင်မှတ် ယူဆလျှင် ဝဲသြဃ ထကြွတယ်။

ငါ အရသာ စားချင်တယ် ဟု ထင်မှတ် ယူဆလျှင် ဝဲသြဃ ထကြွတယ်။

ငါ ကိုယ်မှာ တွေ့ထိ တိုက်ခတ်ချင်တယ် ဟု ထင်မှတ်ယူဆ လျှင် ဝဲသြဃ ထကြွတယ်။

စိတ်မှာ ထင်လာသော အာရုံကို ငါသိချင်တယ်ဟု ထင်မှတ် ယူဆလျှင် ဝဲသြဿ ထကြွတယ်။

မနှစ်သက်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးထားမှု ဖြစ်လျှင် ဒေါသလှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

ထောင်လွှား တက်ကြွမှု ဖြစ်လျှင် မာန လှိုင်းတံပိုး ထကြွ တိုက်ခတ်တယ်။

## ဉာတပရိညာ

ဝဲသြဿလှိုင်းတံပိုး ထကြွတိုက်ခတ်နေသော စိတ်သမုဒ္ဒရာကို မဂ္ဂင် ၈ ပါး သင်္ဘောဖြင့် ကူးသောအခါ—

သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြင့် ကြည့်ရှု၍ အမှန်အတိုင်း သိမြင်လျှင် အဆင်းကို ငါကြည့်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ကြည့်ချင်ခြင်းသာ ဖြစ်တယ် ဟု အမှန်အတိုင်း သိမြင်တယ်။

အသံကို ငါ နားထောင်ချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က နားထောင်ချင်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိ မြင်တယ်။

ငါ အနံ့ ရှူချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ရှူချင် ခြင်းသာ ဖြစ်တယ် ဟု အမှန်အတိုင်း သိမြင်တယ်။

ငါ အရသာ စားချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က စားချင်ခြင်းသာ ဖြစ်တယ် ဟု အမှန်အတိုင်း သိမြင်တယ်။

ငါ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်ချင်သည် မဟုတ်၊ မနော ဝိညာဏ် စိတ် က တွေ့ထိ တိုက်ခိုက်ချင်ခြင်းသာ ဖြစ်တယ် ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်မှာ ထင်လာသော အာရုံကို ငါ သိချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သိချင်ခြင်းသာ ဖြစ်တယ် ဟု အမှန်အတိုင်း သိမြင်တယ်။

မနောဝိညာဏ်စိတ်တို့ကို အမှန်အတိုင်း ပိုင်းခြား၍ သိမြင်ကြလျှင် ဝိညာဏ ပရိစ္ဆေဒဉာဏ် ဖြစ်တယ်။ နာမ်တရားကို ပိုင်းခြား၍ သိမြင်သည့်အတွက် နာမ ပရိစ္ဆေဒဉာဏ် ဟုလည်း ခေါ်တယ်။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တယ်။ ဉာတပရိညာ ဖြစ်တယ်။ စူဠသောတာပန် ဖြစ်တယ်။

## တီရဏ ပရိညာ

တကာကြီးတို့၊တကာမကြီးတို့မှာ ယင်း မနောဝိညာဏ်စိတ်တို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ် ဟူ၍ ရှုကြ။

အဆင်းကို ကြည့်ချင်သော မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ် ဟူ၍ ရှုကြ။

အသံကို နားထောင်ချင်သော မနောဝိညာဏ်စိတ်သည်—

အနံ့ ရှူချင်သော မနောဝိညာဏ်စိတ်သည် —

အရသာ စားချင်သော မနောဝိညာဏ်စိတ်သည် —

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်ချင်သော မနောဝိညာဏ်စိတ်သည်—

စိတ်မှာထင်လာသော အာရုံကို သိချင်သော မနောဝိညာဏ် စိတ်သည်—

ဖြစ်ပေါ်လာပြီး ခဏ ချက်ချင်းချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်ဟူ၍ ရှုကြ။

ဒီလိုကြိမ်ဖန်များစွာ အထပ်ထပ် အဖန်ဖန် ရှုဆင်ခြင်ကြလျှင် မနောဝိညာဏ်စိတ်တို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသောတရားတို့သာ ဖြစ်တယ်ဟု ဝိပဿနာ ဉာဏ်မှာထင်မြင်လာသောအခါ တီရဏပရိညာ ဖြစ်တယ်။

စိတ် သမုဒ္ဒရာကို ဉာတ ပရိညာ,တီရဏပရိညာ စက်နှစ်လုံး တပ်ဆင်ထားသော မဂ္ဂင်ရှစ်ပါးသင်္ဘောဖြင့် ကူးနိုင်ကြလျှင် နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်ကြမည်။

## ပဟာန ပရိညာ

တီရဏပရိညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့မှာ မနောဝိညာဏ် စိတ်တို့၏ ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော သဘောကိုပင် ကြိမ်ဖန်များစွာ မနေမနားပွားများ အားထုတ်ကြလျှင် ပညတ်, ပရမတ် တို့အပေါ်မှာ အကြောင်းရှိလျှင် ထကြွလာတတ်သော သာယာခင်တွယ် စွဲလမ်းမှု အနုသယဝဲဩဃ သဘောမဖြစ်တော့ပဲ ချုပ်ငြိမ်းသွားတယ်။

အကြောင်းရှိလျှင် ထကြွလာတတ်သော သာယာခင်တွယ်စွဲလမ်းမှု အနုသယဝဲဩဃ သဘောမဖြစ်တော့ပဲ ချုပ်ငြိမ်းသွားလျှင် ဒုက္ခချုပ်ငြိမ်းတယ်၊ အနုသယ ဝဲဩဃသဘော ချုပ်ငြိမ်းသွားသဖြင့် ပဟာန ပရိညာဖြစ်တယ်၊ ပဟာန ပရိညာဖြစ်လျှင် မဟာသောတပန်ဖြစ်တယ်၊ မဟာသောတပန် ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို ပိုင်းခြား၍ သိမြင်တယ်။

**ဃာနိယာ ပထ ပဗ္ဗကို ဆက်ဟောပြမည်။**

**တထာ**ကြီးတို့၊ တကာမကြီးတို့မှာ–

လား(သွား)ချင်သောစိတ်ရှိကြတယ်၊
ရပ်ချင်သောစိတ် ရှိကြတယ်၊
ထိုင်ချင်သောစိတ် ရှိကြတယ်၊
အိပ်ချင်သောစိတ် ရှိကြတယ်၊
လား(သွား)ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်၊
ရပ်ချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်၊
အိပ်ချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်၊
ယင်းမနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်တယ်၊

## ဝိပဿနာ ပွားများ အားထုတ်ပုံကိုသာ အကျဉ်းချုံး၍ ပေါ်ပြသွားမည်

လား(သွား)ချင် ခြင်းသည် ငါလား (သွား)ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က လား (သွား)ချင်ခြင်းသာဖြစ်တယ်၊ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက်ပျက်စီးသော တရားသာ ဖြစ်တယ် ဟူ၍ ရှုကြ။

ရပ်ချင် ခြင်းသည် ငါရပ်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ချင်ရပ်ခြင်းသာဖြစ်တယ်၊ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ် ဟူ၍ ရှုကြ။

ထိုင်ချင်ခြင်းသည် ငါထိုင်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ထိုင်ချင်ခြင်းသာ ဖြစ်တယ်၊ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်ဟူ၍ ရှုကြ။

အိပ်ချင်ခြင်းသည် ငါအိပ်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က အိပ်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာ ဖြစ်တယ်။

ဒီလိုရှုကြ။ပွားများအားထုတ်ကြ။ ငါမပါကြစေနှင့်၊ငါပါလျှင် ဝဲသြဃထကြတယ်။ ဝဲသြဃတို့မှ မလွန်မြောက်နိုင်လျှင် ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရမည်။

## သမ္ပဇညပဗ္ဗ

သမ္ပဇညပဗ္ဗကို ဆက်၍ ဟောပြမည်။

တကာကြီးတို့၊တကာမကြီးတို့မှာ ရှေ့သို့တက်ချင်သောစိတ် ရှိကြတယ်။

နောက်သို့ ဆုတ်ချင်သောစိတ် ရှိကြတယ်။

ရှေ့သို့တက်ချင်သောစိတ်သည်မနောဝိညာဏ်စိတ်ဖြစ်တယ်။

နောက်သို့ ဆုတ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်းမနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်တယ်။

ငါ ရှေ့သို့တက်ချင်တယ် ဟု ထင်မှတ်ယူဆလျှင် ဝဲသြဃ ထကြွတယ်။

ငါ နောက်သို့ဆုတ်ချင်တယ်ဟု ထင်မှတ်ယူဆလျှင် ဝဲသြဃ ထကြွတယ်။

မနှစ်သက်မှု၊အမျက်ထွက်မှု၊ရန်ငြိုးထားမှု ဖြစ်လျှင် ဒေါသ လှိုင်းတံပိုး ထကြွတိုက်ခတ်တယ်။

ထောင်လွှားတက်ကြွမှုဖြစ်လျှင် မာနလှိုင်းတံပိုး ထကြွတိုက် ခတ်တယ်။

## ဝဲသြဃလှိုင်းတံပိုးတို့မှ လွန်မြောက်အောင် ဒီလိုရှုကြ

ရှေ့သို့တက်ချင်ခြင်းသည် ငါရှေ့သို့ တက်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ရှေ့သို့တက်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း

မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသောတရားသာဖြစ်တယ်။

နောက်သို့ဆုတ်ချင်ခြင်းသည် ငါနောက်သို့ ဆုတ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က နောက်သို့ ဆုတ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီး သော တရား သာ ဖြစ်တယ်။ ဒီလို ရှုကြ၊ ပွားများကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ တဲ့တဲ့ ကြည့်ချင်သော စိတ်၊စောင်း၍ကြည့်ချင်သောစိတ်၊ မျက်စိကို ဖွင့်ချင်သောစိတ်၊ မျက်စိကို မှိတ်ချင်သောစိတ်၊အောက်သို့ ငုံ့ကြည့်ချင်သောစိတ်၊ အထက်သို့ မော့်ကြည့်ချင်သောစိတ်၊ နောက်သို့လှည့်ကြည့်ချင် သော စိတ်တို့ ရှိကြတယ်။

တဲ့တဲ့ကြည့်ချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

စောင်း၍ကြည့်ချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ် တယ်။

မျက်စိကို ဖွင့်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

မျက်စိကို မှိတ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

အောက်သို့ငုံ့ကြည့်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

အထက်သို့ မော်ကြည့်ချင်သော စိတ်သည် မနော ဝိညာဏ် စိတ် ဖြစ်တယ်။

နောက်သို့ လှည့်ကြည့်ချင်သော စိတ်သည် မနော ဝိညာဏ် စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

ငါ ပါနေကြလျှင် ဝဲသြဃ လှိုင်းတံပိုး ထကြွ တိုက်ခတ် ကြမည်။

ငါ တဲ့တဲ့ ကြည့်ချင်သည် မဟုတ်၊ မနော ဝိညာဏ်စိတ်က တဲ့တဲ့ကြည့်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ် သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ငါ စောင်း၍ ကြည့်ချင်သည် မဟုတ်၊မနောဝိညာဏ်စိတ်က စောင်း၍ ကြည့်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ငါ မျက်စိကို ဖွင့်ချင်သည်မဟုတ်၊ မနော ဝိညာဏ်စိတ်က ဖွင့်ချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ် ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ငါ မျက်စိကို မှိတ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က မှိတ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည်

ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ငါ အောက်သို့ ငုံ့ကြည့်ချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က ငုံ့ကြည့်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ငါ အထက်သို့ မော့်ကြည့်ချင်သည်မဟုတ်၊ မနောဝိညာဏ် စိတ်က မော့်ကြည့်ချင်ခြင်းသာ ဖြစ်တယ်။ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ငါ နောက်သို့ လှည့်ကြည့်ချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က လှည့်ကြည့်ချင်ခြင်းသာ ဖြစ်တယ်။ယင်းမနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ဒီလို ရှုကြ၊ ပွားများအားထုတ်ကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ လက်, ခြေ တို့ကို ကုပ်ချင်သော စိတ်(ကွေးချင်သောစိတ်)၊ လက်ခြေတို့ကို ဆန့်ချင်သောစိတ်တို့ ရှိကြတယ်။ လက်ခြေတို့ကို ကုပ်ချင်(ကွေးချင်)သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။ လက်ခြေတို့ကို ဆန့်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

**ဝဲညြှဿလှိုင်းတံပိုးတို့ ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ။**

လက်ခြေတို့ကို ကုပ်ချင်(ကွေးချင်)ခြင်းသည် ငါ ကုပ်ချင်(ကွေးချင်) သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ကုပ်ချင်(ကွေးချင်)ခြင်းသာ ဖြစ်တယ်။

လက်ခြေတို့ကို ဆန့်ချင်ခြင်းသည် ငါ ဆန့်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ဆန့်ချင်ခြင်းသာ ဖြစ်တယ်။

ယင်း မနောဝိညာဏ် စိတ်တို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟု ရှုကြ။

တကာကြီးတို့တကာမကြီးတို့မှာ အဝတ် ဝတ်ချင်သောစိတ်၊ အဝတ် ဖွပ်ချင်သောစိတ်၊ အဝတ်ကို ရေဆွတ်ချင်သောစိတ်၊ အဝတ်ကို နယ်ချင်သောစိတ်၊ အဝတ်ကို ဆောင့်ဖွပ်ချင်သော စိတ်။ အဝတ်ကို လှန်းချင်သောစိတ်၊ အဝတ်ကို ဖြန့်ချင်သော စိတ်၊ အဝတ်ကို ချုပ်ချင်သောစိတ်၊ အဝတ်ကို ခေါက်ထားချင်သော စိတ်တို့ရှိကြတယ်။

အဝတ် ဝတ်ချင်သော စိတ်သည် မနောဝိညာဏ် စိတ် ဖြစ်တယ်။

အဝတ် ဖွပ်ချင်သော စိတ်သည် မနောဝိညာဏ် စိတ် ဖြစ်တယ်။

အဝတ်ကို ရေဆွတ်ချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

အ၀တ်ကို နယ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အ၀တ်ကိုဆောင့်ဖွပ်ချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အ၀တ်ကို လှန်းချင်သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အ၀တ်ကို ဖြန့်ချင်သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အ၀တ်ကို ချုပ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အ၀တ်ကို ခေါက်ထားချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

ယင်းမနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ၀ဲသြဃလှိုင်းတံပိုး ထကြွ တိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

အ၀တ်၀တ်ချင်ခြင်းသည် ငါ၀တ်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ၀တ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသောတရားသာဖြစ်တယ်ဟုရှုကြ။

အ၀တ် ဖွပ်ချင်ခြင်းသည် ငါ ဖွပ်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ဖွပ်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနောဝိညာဏ်

စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

အဝတ်ကို ရေဆွတ်ချင်ခြင်းသည် ငါဆွတ်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ဆွတ်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။

အဝတ်ကိုနယ်ချင်ခြင်းသည်ငါနယ်ချင်သည်မဟုတ်၊ မနော ဝိညာဏ်စိတ်က နယ်ချင်ခြင်းသာဖြစ်တယ်။ ယင်း မနော ဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

အဝတ်ကို ဆောင့်ဖွပ်ချင်ခြင်းသည် ငါဆောင့်ဖွပ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ဆောင့်ဖွပ်ချင်ခြင်းသာဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

အဝတ်ကို လှန်းချင်ခြင်းသည် ငါ လှန်းချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က လှန်းချင် ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အဝတ်ကို ဖြန့်ချင် ခြင်း သည် ငါ ဖြန့်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ဖြန့်ချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အဝတ်ကို ချုပ်ချင်ခြင်းသည် ငါ ချုပ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ချုပ်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အဝတ်ကို ခေါက်ထားချင်ခြင်းသည် ငါ ခေါက်ထားချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က ခေါက်ထားချင် ခြင်းသာ ဖြစ်တယ်။ ယင်းမနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ်စသည်တို့ကို ကိုင်ချင်သောစိတ်၊ အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ်စသည်တို့ကိုဆေးချင်သောစိတ်၊ အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ် စသည်တို့ကို မှောက်ထားချင်သောစိတ်တို့ ရှိကြတယ်။

အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ် စသည်တို့ကို ကိုင်ချင်သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ် စသည်တို့ကို ဆေးချင်သော စိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ်စသည်တို့ကိုမှောက်ထားချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ် စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲဩဃလှိုင်းတံပိုးတို့ ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ်စသည်တို့ကို ကိုင်ချင်ခြင်းသည် ငါကိုင်ချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က ကိုင်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ် စသည်တို့ကို ဆေးချင်ခြင်းသည် ငါဆေးချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ဆေးချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အိုး၊ ခွက်၊ ဇလုံ၊ ပန်းကန်၊ သပိတ်စသည်တို့ကိုမှောက်ထားချင်ခြင်းသည် ငါ မှောက်ထားချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က မှောက်ထား ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊တကာမကြီးတို့မှာထမင်းဟင်းချက်ချင်သော စိတ်၊ထမင်းအိုးဟင်းအိုးမွှေချင်သောစိတ်၊ ထမင်းအိုးဟင်းအိုး ချချင်သောစိတ်၊ထမင်းဟင်းခူးချင်သောစိတ်၊တမင်းကျွေးချင်သော စိတ်တို့ ရှိကြတယ်။

ထမင်းဟင်း ချက်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ထမင်းအိုးဟင်းအိုး မွှေချင်သောစိတ်သည် မနောဝိညာဏ် စိတ်ဖြစ်တယ်။

ထမင်းအိုးဟင်းအိုးချချင်သောစိတ်သည်မနောဝိညာဏ်စိတ် ဖြစ်တယ်။

ထမင်းဟင်း ခူးချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ထမင်း ကျွေးချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်းမနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်ကြတယ်။

စိတ်သမုဒ္ဒရာမှာ ဝဲသြဃလှိုင်းတံပိုး ထကြွတိုက်ခတ်မှု မဖြစ် ရအောင် ဒီလိုရှုကြ။

ထမင်းဟင်း ချက်ချင်ခြင်းသည် ငါ ချက်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ချက်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ် ပျောက်ပျက်စီးသွားခြင်းသာ ဖြစ်တယ်။

ထမင်းအိုးဟင်းအိုးမွှေချင်ခြင်းသည်ငါမွှေချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က မွှေချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ် ပျောက်ပျက်စီးခြင်းသာ ဖြစ်တယ်။

ထမင်းအိုးဟင်းအိုး ချချင်ခြင်းသည် ငါချချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ချချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနော

ဝိညာဏ်စိတ်သည် ဖြစ်ပေါ် လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးခြင်းသာဖြစ်တယ်။

ထမင်းဟင်းခူးချင်ခြင်းသည် ငါ ခူးချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ခူးချင်ခြင်းသာဖြစ်တယ်။ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာ ဖြစ်တယ်။

ထမင်းကျွေးချင်ခြင်းသည် ငါကျွေးချင်သည်မဟုတ်၊မနောဝိညာဏ်စိတ်ကကျွေးချင်ခြင်းသာဖြစ်တယ်။ယင်းမနောဝိညာဏ်စိတ်သည်ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ မီးမွေးချင်သောစိတ်၊ မီးထိုးချင်သောစိတ်၊ထင်းခွဲချင်သောစိတ်၊ရေခပ်ချင်သောစိတ်၊ အမှိုက် လှည်းချင်သောစိတ်၊ အမှိုက် ပစ်ချင်သော စိတ်တို့ ရှိကြတယ်။

မီးမွေးချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။
မီးထိုးချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။
ထင်းခွဲချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။
ရေခပ်ချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။
အမှိုက် လှည်းချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

အမှိုက်ပစ်ချင်သောစိတ်သည်မနောဝိညာဏ်စိတ်ဖြစ်တယ်။
ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

မီးမွှေးချင်ခြင်းသည် ငါမွှေးချင်သည် မဟုတ်၊ မနော ဝိညာဏ်စိတ်က မွှေးချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

မီးထိုးချင်ခြင်းသည် ငါ ထိုးချင်သည် မဟုတ်၊ မနော ဝိညာဏ် စိတ်က ထိုးချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ထင်းခွဲချင်ခြင်းသည် ငါ ခွဲချင်သည်မဟုတ်၊မနော ဝိညာဏ် စိတ်က ခွဲချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ရေခပ်ချင်ခြင်းသည် ငါ ရေခပ်ချင်သည် မဟုတ်၊ မနော ဝိညာဏ်စိတ်က ခပ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အမှိုက်လှည်းချင်ခြင်းသည် ငါ လှည်း ချင် သည် မ ဟုတ်၊ မနော ဝိညာဏ်စိတ်က လှည်းချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

အမှိုက်ပစ်ချင်ခြင်းသည် ငါပစ်ချင်သည်မဟုတ်၊ မနော ဝိညာဏ်စိတ်က ပစ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊တကာမကြီးတို့မှာ ထမင်းစားချင်သောစိတ်၊ ထမင်းကို ကောက်ယူချင်သောစိတ်၊ ထမင်းကို ခံတွင်းသို့ သွင်းချင်သောစိတ်၊ထမင်းကိုမွှားချင်(ဝါးချင်)သောစိတ်၊ထမင်းကို မျိုချချင်သောစိတ်၊ ထမင်းကို ထွေးပစ်ချင်သော စိတ်တို့ ရှိကြတယ်။

ထမင်းစားချင်သောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ထမင်းကို ကောက်ယူချင်သောစိတ်သည် မနောဝိညာဏ် စိတ်ဖြစ်တယ်။

ထမင်းကို ခံတွင်းသို့ သွင်းချင်သောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ထမင်းကိုမွှားချင်(ဝါးချင်)သောစိတ်သည် မနောဝိညာဏ် စိတ် ဖြစ်တယ်။

ထမင်းကို မျိုချချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ထမင်းကို ထွေးပစ်ချင်သောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဓဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

ထမင်းစားချင်ခြင်းသည် ငါ စားချင်သည် မဟုတ်၊မနော ဝိညာဏ်စိတ်က စားချင်ခြင်းသာဖြစ်တယ်။ ယင်းမနောဝိညာဏ် စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

ထမင်းကို ကောက်ယူချင်ခြင်းသည်ငါကောက်ယူချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ကောက်ယူချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည်ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ထမင်းကို ခံတွင်းသို့ သွင်းချင်ခြင်းသည် ငါသွင်းချင်သည် မဟုတ်၊မနောဝိညာဏ်စိတ်ကသွားချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

ထမင်းကို မွှားချင် (ဝါးချင်) ခြင်းသည် ငါမွှားချင် (ဝါးချင်)သည်မဟုတ်၊ မနော ဝိညာဏ်စိတ်က မွှားချင် (ဝါးချင်)ခြင်းသာ ဖြစ်တယ်။ ယင်းမနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

ထမင်းကိုမျိုချချင်ခြင်းသည် ငါမျိုချချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က မျိုချချင်ခြင်းသာ ဖြစ်တယ်။ ယင်း

မနောဝိညာဏ်စိတ်သည်ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ထမင်းကိုထွေးပစ်ချင်ခြင်းသည်ငါထွေးပစ်ချင်သည်မဟုတ် မနောဝိညာဏ်စိတ်က ထွေးပစ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ ဟင်းရည် သောက်ချင် သောစိတ်၊ ရေသောက်ချင်သောစိတ်၊လက်ဖက်ရည်သောက်ချင် သောစိတ်၊ အဖျော်ရည်သောက်ချင်သောစိတ်၊ အရည်တခုခု သောက်ချင်သောစိတ်တို့ ဖြစ်ကြတယ်။

ဟင်းရည်သောက်ချင်သောစိတ်သည်မနောဝိညာဏ်စိတ်ဖြစ် တယ်။

ရေသောက်ချင်သောစိတ်သည်မနောဝိညာဏ်စိတ်ဖြစ်တယ်။

လက်ဖက်ရည်သောက်ချင်သောစိတ်သည်၊ မနောဝိညာဏ် စိတ်ဖြစ်တယ်။

အဖျော်ရည်သောက်ချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

အရည်တခုခုသောက်ချင်သောစိတ်သည်မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်းမနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲဩဃလှိုင်းတံပိုး ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ။

ဟင်းရည်သောက်ချင်ခြင်းသည်ငါသောက်ချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က သောက်ချင် ခြင်းသာဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

ရေသောက်ချင်ခြင်းသည်ငါသောက်ချင်သည်မဟုတ်၊မနော ဝိညာဏ်စိတ်ကသောက်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ် ပျောက် ပျက်စီးသောတရားသာ ဖြစ်တယ်။

လက်ဖက်ရည် သောက်ချင်ခြင်းသည် ငါ သောက်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သောက်ချင်ခြင်းသာဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာ ဖြစ်တယ်။

အဖျော်ရည် သောက်ချင်ခြင်းသည် ငါ သောက်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သောက်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက် ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်။

အရည်တခုခုကို သောက်ချင်ခြင်းသည် ငါ သောက် ချင် သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သောက်ချင်ခြင်းသာ ဖြစ် တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင်

ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသောတရားသာဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ ကျောင်းကြီး,ကျောင်းငယ် စွန့်ချင်သောစိတ်၊ စကားပြောချင်သောစိတ်၊ တံတွေး ထွေးချင်သောစိတ်၊ နှပ်ညှစ်ချင်သောစိတ်တို့ ဖြစ်ကြတယ်။

ကျောင်းကြီး,ကျယ်ငယ် စွန့်ချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

စကား ပြောချင်သော စိတ်သည် မနော ဝိညာဏ် စိတ် ဖြစ်တယ်။

တံတွေး ထွေးချင်သောစိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

နှပ်ညှစ်ချင်သော စိတ်သည် မနောဝိညာဏ် စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ် စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုး ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

ကျောင်းကြီး,ကျောင်းငယ် စွန့် ချင် ခြင်း သည် ငါ စွန့် ချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ် က စွန့်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ် စိတ်သည် ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

စကားပြောချင်ခြင်းသည် ငါပြောချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ပြောချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

တံတွေး ထွေးချင်ခြင်းသည် ငါ ထွေးချင်သည် မဟုတ်၊ မနောဝိညာဏ် စိတ်က ထွေးချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသောတရားသာ ဖြစ်တယ်။

နှပ်ညှစ်ချင်ခြင်းသည် ငါ ညှစ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်ကညှစ်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ အိပ်ရာက ထချင်သော စိတ်၊ မျက်နှာသစ်ချင်သော စိတ်၊ သွားတိုက်ချင်သော စိတ်၊ မျက်နှာသုတ်ချင်သောစိတ်တို့ ဖြစ်ကြပါတယ်။

အိပ်ရာက ထချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

မျက်နှာ သစ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

သွားတိုက်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

မျက်နှာ သုတ်ချင် သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲသြဃ လှိုင်းတံပိုးတို့ ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

အိပ်ရာက ထချင်ခြင်းသည် ငါ ထချင်သည်မဟုတ်၊ မနော ဝိညာဏ်စိတ်က ထချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

မျက်နှာသစ်ချင်ခြင်းသည် ငါသစ်ချင်သည်မဟုတ်၊မနော ဝိညာဏ်စိတ်က သစ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

သွားတိုက်ချင်ခြင်းသည် ငါ တိုက်ချင်သည်မဟုတ်၊ မနော ဝိညာဏ်စိတ်က တိုက်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

မျက်နှာ သုတ်ချင်ခြင်းသည် ငါ မျက်နှာသုတ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သုတ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ ရေချိုး ချင်သောစိတ်၊ ရေခွက်ကို ကိုင်ချင်သောစိတ်၊ ရေကို ခပ်ယူချင်သောစိတ်၊ ရေ သွန်ချချင်သောစိတ်၊ ချေးတွန်းချင်သောစိတ်၊ ကိုယ်သုတ်ချင် သော စိတ်တို့ ဖြစ်ကြတယ်။

ရေချိုးချင်သောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ရေခွက်ကို ကိုင်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ရေကို ခပ်ယူချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ရေ သွန်ချချင်သောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ် တယ်။

ချေးတွန်းချင်သော စိတ်သည် မနော ဝိညာဏ်စိတ် ဖြစ် တယ်။

ကိုယ် သုတ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ် တယ်။

ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာ ဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲသြဃလှိုင်းတံပိုးတို့ ထကြွတိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

ရေ ချိုးချင်ခြင်းသည် ငါ ချိုးချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က ချိုးချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ရေခွက်ကို ကိုင်ချင်ခြင်းသည် ငါ ကိုင်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ကိုင်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ရေကိုခပ်ယူချင်ခြင်းသည် ငါခပ်ယူချင်သည်မဟုတ်၊မနောဝိညာဏ်စိတ်က ခပ်ယူချင် ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ရေသွန်ချချင်ခြင်းသည် ငါသွန်ချချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သွန်ချချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်။

ချေးတွန်းချင်ခြင်းသည် ငါ တွန်းချင်သည်မဟုတ်၊ မနောဝိညာဏ် စိတ် က တွန်းချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော

ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာ ဖြစ်တယ်။ ဒီလိုရှုကြ။

ကိုယ်သုတ်ချင်ခြင်းသည် ငါသုတ်ချင်သည် မဟုတ်၊ မနော ဝိညာဏ် စိတ် က သုတ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနော ဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ လက်,ခြေ တို့ကို ဆေးချင်သော စိတ်၊ လက်,ခြေတို့ကို သုတ်ချင်သော စိတ်တို့ ဖြစ်ကြတယ်။

လက်, ခြေတို့ကို ဆေးချင်ခြင်းသည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

လက်,ခြေတို့ကို သုတ်ချင်ခြင်းသည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနောဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲဩဃလှိုင်းတံပိုး ထကြွ တိုက်ခတ်မှု မဖြစ်ရအောင် ဒီလို ရှုကြ

လက်,ခြေတို့ကို ဆေး ချင် ခြင်း သည် ငါဆေးချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က ဆေးချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ် ပေါ် လာ ပြီး လျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးခြင်းသာ ဖြစ်တယ်။

လက်, ခြေတို့ကို သုတ်ချင်ခြင်းသည် ငါ သုတ်ချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်က သုတ်ချင်ခြင်းသာ ဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီး လျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးခြင်းသာ ဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊ တကာမကြီးတို့မှာ လှူဒါန်း ပေးကမ်းချင်သောစိတ်၊ သီလစောင့်ချင်သောစိတ်၊ တရားနာချင်သောစိတ်၊ ဘာဝနာတရား ပွားများ အားထုတ်ချင်သော စိတ်တို့ ဖြစ်ကြတယ်။

လှူဒါန်း ပေးကမ်းချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

သီလစောင့်ချင်သောစိတ်သည်မနောဝိညာဏ်စိတ်ဖြစ်တယ်။

တရားနာချင်သောစိတ်သည် မနောဝိညာဏ်စိတ်ဖြစ်တယ်။

ဘာဝနာတရား ပွားများ အားထုတ်ချင်သော စိတ်သည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း မနော ဝိညာဏ်စိတ်တို့သည် စိတ်သမုဒ္ဒရာဖြစ်တယ်။

## စိတ်သမုဒ္ဒရာမှာ ဝဲသြဃလှိုင်းတံပိုး ထကြွ တိုက်ခတ်မှု မဖြစ်ရအောင် ဒီလိုရှုကြ

လှူဒါန်းပေးကမ်းချင်ခြင်းသည် ငါလှူဒါန်း ပေးကမ်းချင်သည်မဟုတ်၊ မနောဝိညာဏ်စိတ်က လှူဒါန်းပေးကမ်းချင်ခြင်း

သာဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးခြင်းသာ ဖြစ်တယ်။

သီလစောင့်ချင်ခြင်းသည် ငါ စောင့်ချင်ခြင်း မဟုတ်၊ မနောဝိညာဏ်စိတ်ကစောင့်ချင်ခြင်းသာဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးခြင်းသာ ဖြစ်တယ်။

တရားနာချင်ခြင်းသည် ငါနာချင်သည် မဟုတ်၊ မနောဝိညာဏ်စိတ်ကနာချင်ခြင်းသာ ဖြစ်တယ်။ ယင်းမနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးခြင်းသာ ဖြစ်တယ်။

ဘာဝနာပွားများအားထုတ်ချင်ခြင်းသည်ငါအားထုတ်ချင်သည်မဟုတ်၊မနောဝိညာဏ်စိတ်က ပွားများအားထုတ်ချင်ခြင်းသာဖြစ်တယ်။ ယင်း မနောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးခြင်းသာဖြစ်တယ်။ ဒီလိုရှုကြ။

တကာကြီးတို့၊တကာမကြီးတို့မှာ ဖြစ်ပေါ်လာသမျှဘယ်လိုစိတ်ပင်ပေါ်ပေါ် စိတ်သမုဒ္ဒရာဖြစ်တယ်။ ယင်းစိတ်သမုဒ္ဒရာ၌ ဝဲဩဃ လှိုင်းတံပိုး ထကြွတိုက်ခတ်မှုမဖြစ်ရအောင် ခုဟောပြသောအတိုင်း ဝိပဿနာတရား ပွားများအားထုတ်ကြ။

ပွားများအားထုတ်ဖန်များလာလျှင် ဉာဏ်အမြင် စင်ကြယ်လာကြလျက် ဝဲသြဃလှိုင်းတံပိုးမှ လွတ်မြောက်နိုင်ကြမည်။

ဝဲသြဃလှိုင်းတံပိုးတို့မှ လွတ်မြောက်နိုင်မှသာလျှင် နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်၍ ချမ်းသာကြမည်။


စိတ်သမုဒ္ဒရာကို ကူးမြောက် ပွားများ အားထုတ်ကြလျှင် စိတ္တာ နဲ့ပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။

ကိုင်း....ဆုံးပြီ။



စစ်တော့မြို့ ပုသိမ်ဆရာတော် အရှင်ဂရုဝံသသည်
သဒ္ဓမ္မဂရု ကျောင်းတိုက်၌ ဥပုသ်ဆောက်တည်
ကြကုန်သော တကာ - တကာမ တို့အား
၁၃၂၉ ခုနှစ်၊ ဝါဆို လပြည့်နေ့တွင်
ဟောကြား ပြသသော

# ဒိဋ္ဌိဝိစိကိစ္ဆာကင်္ခါ ဝိပဿနာတရားတော်



# အခန်း ၃

သံသရာ၌ ကျင်လည် ကြရသော သတ္တဝါ ဟူသမျှတို့သည် ဒိဋ္ဌိဝိစိကိစ္ဆာ မကွာသေးသမျှ ကာလပတ်လုံး အပါယ်လေးပါး သို့ ရောက်စေတတ်သော မျိုးစေ့ရှိနေကြတယ်။

မည်ကဲ့သို့ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ် အားထုတ်ကြစေကာမူ ဒိဋ္ဌိဝိစိကိစ္ဆာ မကွာသေးလျှင် အပါယ် လေးပါးတို့မှ လွတ်မြောက် လိမ့်မည်ဟု စိတ်မချရ။ ကုသိုလ် ကောင်းမှု၏ အစွမ်းသတ္တိကြောင့် သုဂတိ ဘုံဘဝတို့၌ ဖြစ်ကြရစေကာမူ အခိုက်အတန့်သာ ဖြစ်နိုင်ကြတယ်။

ဒိဋ္ဌိဝိစိကိစ္ဆာ မကွာသေးသော ပုဂ္ဂိုလ်တို့မှာ-

စတ္တာရော အပါယာ သကဂေဟ သဒိသာ- ဟူ၍

အဋ္ဌကထာဆရာ မိန့်ဆိုထားသောကြောင့် အပါယ် လေးပါး တို့သည် မိမိတို့အိမ်နှင့် တူတယ်။

ကုသိုလ်ကောင်းမှု၏ အစွမ်းသတ္တိကြောင့်သုဂတိဘုံဘဝတို့၌ ဖြစ်ကြရခြင်းသည် ခရီးသွားသောအခါ ဆွေမျိုးမိတ်သင်္ဂဟ တို့အိမ်မှာအခိုက်အတန့် တည်းခိုနေမှုနှင့် တူတယ်။ ခရီးသွားရာမှ ပြန်လာလျှင် မိမိတို့ အိမ်သို့ ရောက်ကြရ သကဲ့သို့ သုဂတိဘုံ ဘဝမှ စုတေပြန်လျှင် အပါယ် လေးပါးသို့ ပြန်ရောက်ကြရ တယ်။

စတ္တာရော အပါယာ= အပါယ်လေးပါးတို့သည်။ သက ဂေဟ သဒိသာ=မိမိတို့နေအိမ်နှင့် တူကုန်၏။

အပါယ်လေးပါးတို့မှလွတ်မြောက်လိုကြလျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ကို မျိုးစေ့အကြွင်းအကျန် မရှိရအောင် ပယ်ခွာပစ်ရမည်။

ဒိဋ္ဌိဝိစိကိစ္ဆာကို မျိုးစေ့အကြွင်းအကျန် မရှိရအောင် ပယ် ခွာပစ်ဖို့ရန် ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်သော နေရာကို သိမြင်ကြမှ သာလျှင် ပယ်ခွာပစ်နိုင်ကြမည်။

ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်နေသော နေရာကို မသိ မမြင် ကြ လျှင် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခွာပစ်နိုင်ကြမည် မဟုတ်၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်သော နေရာကို ရအောင် ရှာကြရမည်။

ဒိဋ္ဌိဝိစိကိစ္ဆာသည် သက္ကာယ ခေါ်သော ရုပ်,နာမ်,ခန္ဓာ, အာယတန,ဓာတ်တို့မှာ ကပ်တယ်။

## သက္ကာယ

**သက္ကာယ** ဆိုသည်မှာ ရုပ်, နာမ်, ခန္ဓာ, အာယတန,ဓာတ်တို့ကို သက္ကာယ ဟု ခေါ်တယ်။

ရုပ်,နမ်,ခန္ဓာ, အာယတန, ဓာတ်တို့သည် သဘောအားဖြင့် ထင်ရှားရှိသောကြောင့် သက္ကာယ တရားဖြစ်တယ်။

သို့အတွက် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ—

ကတမောစ ဘိက္ခဝေ သက္ကာယော
ပဉ္စုပါဒါနက္ခန္ဓာ တိဿံ ဝစနီယံ
ကတမေ ပဉ္စ သေယျထိဒံ
ရူပုပါဒါနက္ခန္ဓော, ဝေဒနုပါဒါနက္ခန္ဓော,
သညုပါဒါနက္ခန္ဓော, သင်္ခါရုပါဒါနက္ခန္ဓော,
ဝိညာဏုပါဒါနက္ခန္ဓော,အယံဝုစ္စတိ ဘိက္ခဝေ သက္ကာယော

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ ကတမောစ=အဘယ်တရားသည်သာလျှင်။သက္ကာယော=သက္ကာယမည်သနည်း။ ပဉ္စုပါဒါနက္ခန္ဓာတိ=ငါးပါးသောဥပါဒါနက္ခန္ဓာဟူ၍။ဝစနီယံ=ဆိုအပ်သည်၏ အဿံ=ဖြစ်ရာ၏။ ကတမေပဉ္စ=အဘယ်ငါးပါးတို့နည်း။ ဣမေ=ဤ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည်။ သေယျထာကတမေ=အဘယ်တို့နည်း။ ရူပုပါဒါနက္ခန္ဓောစ=ရုပ်ဥပါဒါနက္ခန္ဓာလည်းကောင်း။ ဝေဒနုပါဒါနက္ခန္ဓောစ= ဝေဒနာဥပါဒါ

နက္ခန္ဓာလည်းကောင်း။ သညုပါဒါနက္ခန္ဓောစ=သညာဥပါဒါ
နက္ခန္ဓာလည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓောစ=သင်္ခါရ ဥပါ
ဒါနက္ခန္ဓာလည်းကောင်း။ ဝိညာဏုပါဒါနက္ခန္ဓောစ=ဝိညာဏ်
ဥပဒါနခန္ဓာလည်းကောင်း။ ဣမေပဉ္စ- ဤငါးပါးတို့တည်း။
ဘိက္ခဝေ=ရဟန်းတို့။ အယံ=ဤဥပါဒါနက္ခန္ဓာ ငါးပါးကို။
သက္ကာယော=သက္ကာယဟူ၍။ ဝုစ္စတိ=ဆိုအပ်၏။

**အဓိပ္ပာယ်။** ။ရဟန်းတို့ အဘယ်တရားသည်သာလျှင် သက္ကာ
ယမည်သနည်းဟူ၍ မြတ်စွာဘုရားကရဟန်း
တို့အား ဖြေရှင်းဟောပြလို၍ မေးတယ်။ ယင်းအမေးကို
မြတ်စွာဘုရားကပင် ရဟန်းတို့အား ဖြေရှင်းဟောပြတယ်။

ဥပါဒါနက္ခန္ဓာ ငါးပါးသည် သဘောအားဖြင့် ထင်ရှား
ရှိသောကြောင့် သက္ကာယဟုဆိုခြင်းငှာ ထိုက်တယ်ဟူ၍ ဖြေရှင်း
ဟောပြတော်မူတယ်။

ဥပါဒါနက္ခန္ဓာ ငါးပါး ဟူသည်—
ရုပ်ဥပါဒါနက္ခန္ဓာ တပါး၊
ဝေဒနာ ဥပါဒါနက္ခန္ဓာ တပါး၊
သညာ ဥပါဒါနက္ခန္ဓာ တပါး၊
သင်္ခါရ ဥပါဒါနက္ခန္ဓာ တပါး၊
ဝိညာဏ်ဥပါဒါနက္ခန္ဓာ တပါး-
ဟူ၍ ငါးပါးရှိတယ်။

ယင်းဥပါဒါနက္ခန္ဓာ ငါးပါးကို သက္ကာယဟု ခေါ်တယ်
ဟူ၍ မြတ်စွာဘုရား ဟောတော်မူတယ်။

## အဋ္ဌကထာ

'သက္ကာယော ဟိ တေဘူမကပဉ္စက္ခန္ဓာ တေစ သမာသတော နာမ ရူပမေဝ' ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုထားသောကြောင့် သက္ကာယဆိုသည်မှာ ဘုံသုံးပါး၌ ဖြစ်သော ခန္ဓာငါးပါးတို့ ဖြစ်တယ်။

ထိုဘုံသုံးပါး၌ဖြစ်သောခန္ဓာငါးပါးတို့သည်လည်း အကျဉ်းအားဖြင့် နာမ်, ရုပ်, တရားဖြစ်တယ်။ သို့အတွက် နာမ်,ရုပ် တရားသည် သက္ကာယဖြစ်တယ်။

အဓိပ္ပာယ်ကို အကျဉ်းချုံး၍ယူလျှင် သဘောအားဖြင့် ထင်ရှားရှိသော ပရမတ္ထ တရားဟူသမျှတို့သည် သက္ကာယ ဖြစ်တယ် ဟူ၍ မှတ်ကြ။

ဟိသဒ္ဒ= ထိုစကားမှန်၏။ သက္ကာယော= သက္ကာယတရားသည်။ တေဘူမက ပဉ္စက္ခန္ဓာ=ဘုံ သုံးပါး၌ဖြစ်သော ခန္ဓာငါးပါးတို့တည်း။ တေစ= ထို ဘုံ သုံးပါး၌ဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း၊ သမာသတော=အ ကျဉ်း အား ဖြင့်။ နာမရူပမေဝ=နာမ်ရုပ်တရားသာ လျှင်တည်း။

သက္ကာယဖြစ်သောရုပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ်ပရမတ္ထ တရားတို့သည် သတ္တဝါဟူသမျှတို့၏ ခန္ဓာကိုယ်မှာ အကြောင်းအားလျော်စွာ ဖြစ်ပေါ် ပျက်စီးနေကြသည့်အတွက် တကာကြီးတို့ တထာမကြီးတို့ ခန္ဓာကိုယ်မှာ သက္ကာယဖြစ်သော ရုပ်, နာမ်,ခန္ဓာ,အာယတန,ဓာတ် ပရမတ္ထတရားတို့ ဖြစ်ပေါ် ပျက်စီးနေကြတယ်။

## ရုပ် ဥပါဒါနက္ခန္ဓာ

တကာကြီးတို့၊တကာမကြီးတို့ခန္ဓာကိုယ်မှာ တောင့်တင်းမှု၊ ထုံကျဉ်မှု ဖြစ်ကြတယ်။

တောင့်တင်းမှု၊ ထုံကျဉ်မှု၊ ဖြစ်ကြခြင်းသည် ပထဝီဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တောင့်တင်းမှု၊ ထုံကျဉ်မှု ဖြစ်တယ်။

ယင်း တောင့်တင်းမှု၊ထုံကျဉ်မှု၊ ရုပ်အပေါင်းတို့သည် ငါ ဟူသောသဘော၊မိန်းမ, ယောကျ်ားဟူသော သဘောမှ ကင်းသောကြောင့် 'ခံသုညံ့ ဓာရေတီတိ ခန္ဓော' ဟူသော ဝစနတ္ထကြောင့် ရုပ်ခန္ဓာ ဖြစ်တယ်။

ယောဓမ္မော=အကြင်တရားသည်။ ခံသုညံ=ငါ,သူတပါး ယောကျ်ား,မိန်းမသဘောတို့မှ ဆိတ်သုဉ်းခြင်းကို။ ဓာရေတိ= ဆောင်တတ်၏။ဣတိ=ထိုကြောင့်။သောဓမ္မော=ထိုတရားသည် ခန္ဓော=ခန္ဓာမည်၏။

တကာကြီးတို့၊ တကာမကြီးတို့မှာ ခန္ဓာကိုယ် တလုံးတခဲ တည်း ဖြစ်နေမှု,ယိုးစီးမှု ဖြစ်နေကြတယ်။

ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်နေမှု, ယိုစီးမှု ဖြစ်ကြခြင်း သည် အာပေါဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တလုံးတခဲတည်း ဖြစ်နေမှု, ယိုစီးမှု ဖြစ်တယ်။

ယင်း ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်နေမှု, ယိုစီးမှု ရုပ် အပေါင်းတို့သည် ငါ ဟူသောသဘော၊ မိန်းမ, ယောကျ်ား ဟူသောသဘောမှ ကင်းသောကြောင့် ရုပ်ခန္ဓာ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်မှာ ပူမှု, အေးမှု, ပုပ်ပျော်မကျမှု ဖြစ်ကြတယ်။

ပူမှု, အေးမှု, ပုပ်ပျော်မကျမှု ဖြစ်ကြခြင်းသည် တေဇောဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ ပူမှု, အေးမှု, ပုပ်ပျော်မကျမှု ဖြစ်တယ်။

ယင်း ပူမှု,အေးမှု,ပုပ်ပျော်မကျမှု ရုပ်အပေါင်းတို့သည် ငါ ဟူသော သဘော၊ မိန်းမ, ယောကျ်ားဟူသော သဘောမှ ကင်းသောကြောင့် ရုပ်ခန္ဓာ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်မှာ ပုံစံသဏ္ဌာန် ဖြစ်ပေါ်နေမှု၊ လှုပ်ရှားမှု ဖြစ်နေကြတယ်။

ခန္ဓာကိုယ်မှာ ပုံစံသဏ္ဌာန်ဖြစ်ပေါ်နေမှု၊လှုပ်ရှားမှု ဖြစ်ကြခြင်းသည်ဝါယောဓာတ်၏အစွမ်းသတ္တိကြောင့်ရုပ်အပေါင်းတို့ ပုံစံသဏ္ဌာန်ဖြစ်ပေါ်နေမှု၊လှုပ်ရှားမှုဖြစ်တယ်။

ယင်းပုံစံသဏ္ဌာန်ဖြစ်ပေါ်နေမှု၊လှုပ်ရှားမှု ရုပ်အပေါင်းတို့သည် ငါ ဟူသော သဘော၊ မိန်း မ, ယောကျ်ား ဟူသော သဘောမှ ကင်းသောကြောင့် ရုပ်ခန္ဓာ ဖြစ်တယ်။

ယင်း ရုပ် ခန္ဓာ တို့ သည် အတိတ် ဘဝက ဥပါဒါန် အစွဲ အလမ်းကြောင့် ဖြစ် ပေါ် ကြ ရ သည် အတွက် ရုပ် ဥပါဒါ နက္ခန္ဓာ ဖြစ်တယ်။

ရုပ် ဥပါဒါနက္ခန္ဓာသည် သက္ကာယဖြစ်တယ်။

ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ် လေးပါးတို့ များစွာ ပေါင်းဆုံမိကြလျှင် အကြည် ဓာတ်ပေါင်း များစွာ ဖြစ်ပေါ်လာကြတယ်။

ယင်း အကြည်ဓာတ်တို့သည် မျက်စိခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေလျှင် မျက်စိအကြည်ဓာတ် ဖြစ်တယ်။

နား ခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေလျှင် နား အကြည်ဓာတ်ဖြစ်တယ်။

နှာခေါင်း ခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေလျှင် နှာခေါင်းအကြည်ဓာတ် ဖြစ်တယ်။

လျှာ ခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေလျှင် လျှာ အကြည်ဓာတ် ဖြစ်တယ်။

ကိုယ် ခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေလျှင် ကိုယ် အကြည်ဓာတ် ဖြစ်တယ်။

နှလုံးသား ခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေလျှင် နှလုံးသားအကြည်ဓာတ် ဖြစ်တယ်။

ယင်းအကြည်ဓာတ် ခြောက်ပါးတို့သည် ဖောက်ပြန်မှု ထင်ရှားသောကြောင့် ရုပ်တရားတို့ဖြစ်တယ်။

ယင်း ရုပ် တ ရား တို့ သည် ငါ ဟူသော သဘော၊ မိန်းမ, ယောကျ်ား ဟူသော သဘောမှ ကင်းသောကြောင့် ရုပ်ခန္ဓာ ဖြစ်တယ်။

ယင်း ရုပ် ခန္ဓာ တို့ သည် အတိတ်ဘဝက ဥပါဒါန် အစွဲ အလမ်းကြောင့် ဖြစ်ပေါ်ကြသည်အတွက် ရုပ် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။

ရုပ်ဥပါဒါနက္ခန္ဓာသည် သက္ကာယ ဖြစ်တယ်။

## ရုပ်ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ

ရုပ်ဥပါဒါနက္ခန္ဓာ သက္ကာယမှာ ဒိဋ္ဌိစွဲကပ်လာလျှင်–

ခန္ဓာကိုယ်မှာ ပထဝီ ဓာတ်၏ အစွမ်း သတ္တိကြောင့် ရုပ်အပေါင်းတို့ တောင့်တင်းမှု၊ ထုံကျဉ်မှုဖြစ်သည်ကို ငါတောင့်တင်းတယ်၊ ငါ့ခန္ဓာကိုယ် တောင့်တင်းတယ်၊ ငါထုံကျဉ်တယ်၊ ငါ့ခန္ဓာကိုယ် ထုံကျဉ်တယ် ဟု အလွဲအမှားထင်မှတ်မှု ဖြစ်လျှင် ဒိဋ္ဌိ ကပ်တယ်။

အာပေါဓာတ်၏အစွမ်းသတ္တိကြောင့်ရုပ်အပေါင်းတို့တလုံးတခဲတည်း ဖြစ်နေမှု၊ယိုစီးမှု ဖြစ်သည်ကို ငါ့ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်နေတယ်။ငါ့ခန္ဓာကိုယ် ယိုစီးနေတယ် ဟု အလွဲအမှား ထင်မှတ်ယူဆမှုဖြစ်လျှင် ဒိဋ္ဌိကပ်တယ်။

တေဇောဓာတ်၏ အစွမ်း သတ္တိကြောင့် ရုပ်အပေါင်းတို့ ပူမှု၊ အေးမှု၊ ပုပ်ပျော်မကျမှု ဖြစ်သည်ကို ငါပူတယ်၊ ငါ့ ခန္ဓာကိုယ် ပူတယ်။ ငါအေးတယ်။ ငါ့ခန္ဓာကိုယ် အေးတယ်။ ငါ့ခန္ဓာကိုယ် ပုပ်ပျော်မကျဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်လျှင် ဒိဋ္ဌိကပ်တယ်။

ဝါယောဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ ပုံစံသဏ္ဌာန် ဖြစ်ပေါ်နေမှု၊ လှုပ်ရှားမှု ဖြစ်သည်ကို ငါ့ ခန္ဓာကိုယ် ပုံစံသဏ္ဌာန်လှတယ်။ ငါ့ခန္ဓာကိုယ် ပုံစံသဏ္ဌာန်မလှ။ ငါ့ခန္ဓာကိုယ် လှုပ်ရှားတယ်ဟု အလွဲအမှား ထင်မှတ် ယူဆမှု ဖြစ်လျှင် ဒိဋ္ဌိကပ်တယ်။

ခေတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ် လာသော အကြည်ဓာတ် ရုပ်တရားကို ငါ့မျက်စိ၊ ငါ့နား၊ငါ့နှာခေါင်း၊ ငါ့လျှာ၊ ငါ့ကိုယ်၊ ငါ့နှလုံးသားဟု အလွဲ အမှား ထင်မှတ်ယူဆမှုဖြစ်လျှင် ဒိဋ္ဌိ ကပ်တယ်။

ယခုဟောပြသော တရားတား ရုပ်ဥပါဒါနက္ခန္ဓာ သက္ကာယမှာ ဒိဋ္ဌိကပ်ပုံ ဖြစ်တယ်။

## ရုပ်ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ

ရုပ်ဥပါဒါနက္ခန္ဓာ သက္ကာယမှာ စွဲကပ်နေသော ဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်ရမည်။ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်၍ ဒိဋ္ဌိကွာသွားလျှင်-

ခန္ဓာကိုယ်မှာ တောင့်တင်းမှု၊ ထုံကျဉ်မှု ဖြစ်ခြင်းသည် ငါ တောင့်တင်းသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် တောင့်တင်းသည် မဟုတ်၊ ငါထုံကျဉ်သည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ထုံကျဉ်သည် မဟုတ်။ ပထဝီဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တောင့်တင်းမှု၊ ထုံကျဉ်မှုသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်ပေါ်နေမှု၊ ယိုစီးမှု ဖြစ်ခြင်းသည် ငါ့ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်သည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ယိုစီးသည် မဟုတ်၊ အာပေါဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တလုံးတခဲတည်း ဖြစ်ပေါ်နေမှု၊ ယိုစီးမှုသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ခန္ဓာကိုယ်မှာ ပူမှု၊ အေးမှု၊ ပုပ်ပျော်မကျမှု ဖြစ်ခြင်းသည် ငါပူသည်မဟုတ်၊ ငါ့ခန္ဓာကိုယ် ပူသည် မဟုတ်၊ ငါအေးသည် မဟုတ်၊ ငါ့ ခန္ဓာကိုယ် အေးသည် မဟုတ်၊ ငါ့ ခန္ဓာကိုယ် ပုပ်ပျော်မကျသည် မဟုတ်၊ တေဇော ဓာတ်၏ အစွမ်း သတ္တိကြောင့် ရုပ်အပေါင်းတို့ ပူမှု၊ အေးမှု၊ ပုပ်ပျော်မကျမှုသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ခန္ဓာကိုယ်မှာ ပုံစံသဏ္ဌာန်ဖြစ်ပေါ်နေမှု၊ လှုပ်ရှားမှု ဖြစ်ခြင်းသည် ငါ့ခန္ဓာကိုယ် ပုံသဏ္ဌာန် ဖြစ်ပေါ်နေသည် မဟုတ်။ ငါ့ခန္ဓာကိုယ်လှုပ်ရှားနေသည် မဟုတ်၊ ဝါယောဓာတ်၏ အစွမ်း သတ္တိကြောင့် ရုပ်အပေါင်းတို့ ပုံစံသဏ္ဌာန် ဖြစ်ပေါ် နေမှု၊ လှုပ်ရှားမှုသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

မျက်စိ အကြည်ဓာတ်သည် ငါ့မျက်စိ မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော မျက်စိ အကြည် ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

နား အကြည်ဓာတ်သည် ငါ့နား မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နားအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

နှာခေါင်း အကြည် ဓာတ်သည် ငါ့ နှာခေါင်း မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ဖြစ်ပေါ်လာသော နှာခေါင်း အကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

လျှာ အကြည်ခေတ်သည် ငါ့လျှာမဟုတ်၊ ခေတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော လျှာအကြည်ခေတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ကိုယ်အကြည်ခေတ်သည်ငါ့ကိုယ်မဟုတ်၊ ခေတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ကိုယ်အကြည်ခေတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

နှလုံးသား အကြည်ခေတ်သည်ငါ့နှလုံးသားမဟုတ်၊ ခေတ်လေးပါးတို့ပေါင်းဆုံမိ၍ဖြစ်ပေါ်လာသောနှလုံးသားအကြည်ခေတ် ရုပ် တရားသာဖြစ်တယ်ယု အမှန်အတိုင်း သိမြင်တယ်။

ရုပ်တရားတို့ကို ပိုင်းခြား၍ အမှန်အတိုင်း သိမြင်လျှင် ရူပပရိစ္ဆေဒဉာဏ် ဖြစ်တယ်။

ရူပ ပရိစ္ဆေဒ ဉာဏ်ဖြစ်လျှင် အယူအမြင် စင်ကြယ်သည့်အတွက် ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်တယ်။

သာသနာတော်မှာ သိအပ် သိသင့် သိထိုက်သော တရားကို သိမြင်သည့်အတွက် ပရိညာ သုံးပါးတို့တွင် ဉာတပရိညာ ဖြစ်တယ်။

မဟာ သောတာပန်တို့၏ သိမြင် ပုံ နှင့် တူသည့် အတွက် စူဠသောတာပန် ဖြစ်တယ်။

ရူပပရိစ္ဆေဒ ဉာဏ်ဖြင့် ပညတ်အတ္တဒိဋ္ဌိကို ပယ်တယ်။

(ရုပ်, နာမ်, တရားတို့ကို ပိုင်းခြား၍ အမှန်အတိုင်းသိမြင်လျှင် ဉာတ ပရိညာဖြစ်တယ်။ ရုပ်, နာမ် တရားတို့၏ အဖြစ်အပျက်ကို ပိုင်းခြား၍သိမြင်လျှင် တီရဏ ပရိညာဖြစ်တယ်။

ပညတ် ပရမတ်တို့အပေါ်မှာ သာယာခင်တွယ် စွဲလမ်းမှုကို ပယ်လျှင် ပဟာနပရိညာ ဖြစ်တယ်။)

## ပစ္စယပရိဂ္ဂဟဉာဏ်

ရုပ်ဥပါဒါနက္ခန္ဓာသည် အကြောင်းမရှိပဲ အလိုအလျောက် ဖြစ်ပေါ်နေတယ်ဟု ထင်မှတ် ယူဆလျှင် အဟေတုကဒိဋ္ဌိ ဖြစ်တယ်။

ရုပ် ဥပါဒါနက္ခန္ဓာ၏ ဖြစ်ခြင်းအကြောင်းကား ပစ္စုပ္ပန် အကြောင်း၊ အတိတ်အကြောင်း ဟူ၍ နှစ်ပါးရှိတယ်။

ပစ္စုပ္ပန်အကြောင်းကား—

ခန္ဓာကိုယ်မှာ တောင့်တင်းမှု, ထုံကျဉ်မှု ရုပ်အပေါင်းတို့၏ ဖြစ်ပေါ်ခြင်းအကြောင်းသည် ပထဝီဓာတ်၏ အစွမ်းသတ္တိ ဖြစ်တယ်။ ပထဝီဓာတ်၏ အစွမ်းသတ္တိသည် တောင့်တင်းမှု၊ ထုံကျဉ်မှု ရုပ်အပေါင်းတို့၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

ခန္ဓာကိုယ် တလုံးတခဲဘည်း ဖြစ်ပေါ်နေမှု၊ ယိုစီးမှု ရုပ် အပေါင်းတို့၏ဖြစ်ပေါ်ခြင်းအကြောင်းသည် အာပေါ ဓာတ်၏ အစွမ်း သတ္တိ ဖြစ်တယ်။ အာပေါဓာတ်၏ အစွမ်းသတ္တိသည် ခန္ဓာကိုယ် တလုံးတခဲတည်းဖြစ်ပေါ်နေမှု၊ယိုစီးမှု ရုပ်အပေါင်း တို့၏ ဖြစ်ပေါ်ခြင်းအကြောင်းဖြစ်တယ်။

ခန္ဓာကိုယ်မှာ ပူမှု, အေးမှု, ပုပ်ပျော်မကျမှု ရုပ်အပေါင်း တို့၏ ဖြစ်ပေါ်ခြင်းအကြောင်းသည် တေဇောဓာတ်၏ အစွမ်း

သတ္တိဖြစ်တယ်။ တေဇောဓာတ်၏အစွမ်းသတ္တိသည် ခန္ဓာကိုယ်မှာ ပူမှု၊ အေးမှု၊ ပုပ်ပျော်မကျေမှု ရုပ်အပေါင်းတို့၏ ဖြစ်ပေါ်ခြင်းအကြောင်း ဖြစ်တယ်။

ခန္ဓာကိုယ်မှာ ပုံစံသဏ္ဌာန် ဖြစ်ပေါ်မှု၊ လှုပ်ရှားမှု ရုပ်အပေါင်းတို့၏ ဖြစ်ပေါ်ခြင်းအကြောင်းသည်ဝါယောဓာတ်၏ အစွမ်းသတ္တိဖြစ်တယ်။ ဝါယောဓာတ်၏ အစွမ်းသတ္တိသည် ခန္ဓာကိုယ်မှာ ပုံစံသဏ္ဌာန် ဖြစ်ပေါ်မှု၊လှုပ်ရှားမှု ရုပ်အပေါင်းတို့၏ ဖြစ်ပေါ်ခြင်းအကြောင်းဖြစ်တယ်။

မျက်စိ အကြည်ဓာတ် ရုပ်တရား၊ နားအကြည်ဓာတ် ရုပ်တရား၊ နှာခေါင်းအကြည်ဓာတ် ရုပ်တရား၊လျှာအကြည်ဓာတ် ရုပ်တရား၊ ကိုယ်အကြည်ဓာတ်ရုပ်တရား၊နှလုံးသား အကြည်ဓာတ်ရုပ်တရားတို့၏ ဖြစ်ခြင်းအကြောင်းသည် ဓာတ်လေးပါးတို့ ပေါင်းဆုံမိမှု ဖြစ်တယ်။

ဓာတ်လေးပါးတို့ ပေါင်းဆုံမိမှုသည် မျက်စိအကြည်ဓာတ် ရုပ်တရား၏ ဖြစ်ခြင်းအကြောင်း၊ နားအကြည်ဓာတ် ရုပ်တရား၏ဖြစ်ခြင်း အကြောင်း၊ နှာခေါင်း အကြည်ဓာတ် ရုပ်တရား၏ ဖြစ်ခြင်း အကြောင်း၊လျှာအကြည်ဓာတ် ရုပ်တရား၏ ဖြစ်ခြင်းအကြောင်း၊ ကိုယ်အကြည်ဓာတ် ရုပ်တရား၏ ဖြစ်ခြင်း အကြောင်း၊ နှလုံးသား အကြည်ဓာတ် ရုပ်တရား၏ ဖြစ်ခြင်း အကြောင်းဖြစ်တယ်။ ဤကား ပစ္စုပ္ပန် အကြောင်းဖြစ်တယ်။

အတိတ်အကြောင်းကား အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံတရားတို့ ဖြစ်တယ်။

အတိတ်ဘဝကအဝိဇ္ဇာတရားဖုံးလွှမ်းထားသဖြင့် ရုပ်,နာမ်, ခန္ဓာ,အာယတန,ဓာတ်,တရားတို့ကို ငါ,သူတပါး,ယောကျ်ား, မိန်းမဟု ထင်မှတ်ယူဆခဲ့တယ်။

ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ်တရားတို့ကိုငါ,သူတပါး, ယောကျ်ား,မိန်းမဟု ထင်မှတ်ယူဆခဲ့ကြသည်အတွက် သာယာ ခင်တွယ်မှုတဏှာ ဖြစ်ကြတယ်။

သာယာ ခင်တွယ်မှုတဏှာ ဖြစ်ခဲ့ကြသည့်အတွက် စွဲလမ်းမှု ဉပါဒါန် ဖြစ်ခဲ့ကြတယ်။

စွဲလမ်းမှုဉပါဒါန်ဖြစ်ခဲ့ကြသည်အတွက်ယခုဘဝမှာ ငါကြီး ပွားရေး၊ ငါအထက်တန်းကျရေးအတွက် မတရားရော၊ တရား ရော မစိစစ်ပဲ ပစ္စည်းဉစ္စာတို့ကို ရသမျှရှာဖွေစုဆောင်း၍ ပြုစု လုပ်ကျွေးခဲ့ကြတယ်။

ယခုဘဝမှာ ငါအထက်တန်းကျရေး၊ငါဂုဏ်ပကာသန ရရှိ ရေး၊ နောက်ဘဝမှာ ငါလူကောင်း,နတ်ကောင်း ဖြစ်ရေး၊ ငါ မိန်းမကောင်း, ယောကျ်ားကောင်း ဖြစ်ရေးတို့ အတွက် ကုသိုလ်ကောင်းမှု ပြုလုပ် အားထုတ်ခဲ့ကြတယ်။

မတရားသဖြင့် ပစ္စည်းဉစ္စာတို့ကို ရသမျှ ရှာဖွေစုဆောင်း၍ ပြုစု လုပ်ကျွေးခဲ့ကြခြင်းသည် အကုသိုလ်ကံဖြစ်တယ်။

တရားသဖြင့် ပစ္စည်းဉစ္စာတို့ကို ရှာဖွေစုဆောင်း၍ ပြုစုလုပ် ကျွေးခဲ့ကြမှု၊ ယခုဘဝမှာ ငါ အထက်တန်းကျရေး၊ငါ ဂုဏ် ပကာသနရရှိရေးတို့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြမှု၊ နောက်ဘဝမှာ ငါ လူကောင်း, နတ်ကောင်း ဖြစ်ရေး၊

ငါ မိန်းမကောင်း, ယောကျ်ားကောင်း ဖြစ်ရေးတို့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြမှုတို့သည် ကုသိုလ်ကံ ဖြစ်တယ်။

အကုသိုလ်ကံကြောင့် အပါယ်လေးပါတို့၌ ရုပ်,နာမ်,ခန္ဓာ အာယတန, ဓာတ်အကျိုးတရား ဖြစ်ပေါ်ကြရတယ်။ ကုသိုလ်ကံ ကြောင့် သုဂတိဘုံဘဝတို့၌ ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ် အကျိုးတရား ဖြစ်ပေါ်ကြရတယ်။ ဤသို့ အကြောင်းတရားကို သိမ်းဆည်း၍ သိမြင်ကြလျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်လျှင် ယုံမှားသံသယဖြစ်မှုကို လွန် မြောက်၍ စင်ကြယ်သည့် အတွက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်တယ်။

ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

## ပရမတ် အတ္တဒိဋ္ဌိ

ရုပ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အတ္တဒိဋ္ဌိ ပယ်၍ ပရမတ် အတ္တ ဒိဋ္ဌိ ကျန်ရှိနေသေးတယ်။ ပရမတ်အတ္တဒိဋ္ဌိ ကျန်ရှိနေသေးလျှင် သဿတ ဒိဋ္ဌိဖြစ်၍ နိဗ္ဗာန်သို့ မရောက်နိုင်။

ပရမတ်အတ္တဒိဋ္ဌိဆိုသည်မှာ ငါ တောင့်တင်းသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် တောင့်တင်းသည် မဟုတ်။ ငါ ထုံကျဉ်သည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ထုံကျဉ်သည် မဟုတ်။ ပထဝီ ဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တောင့်တင်းမှု၊ ထုံကျဉ် မှုသာ ဖြစ်တယ်ဟု တောင့်တင်းမှု၊ ထုံကျဉ်မှု ရုပ်အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

ငါ့ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်နေသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ယိုစီးနေသည် မဟုတ်၊ အာပေါ ဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တလုံး တခဲတည်း ဖြစ်နေမှုသာ ဖြစ်တယ်။ ရုပ်အပေါင်းတို့ ယိုစီးမှုသာ ဖြစ်တယ်ဟု တလုံးတခဲတည်း ဖြစ်နေမှု၊ ယိုးစီးမှု အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

ငါ ပူသည်မဟုတ်၊ ငါ့ခန္ဓာကိုယ် ပူသည်မဟုတ်၊ ငါအေးသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် အေးသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ပုပ်ပျော်မကျသည် မဟုတ်၊ တေဇောဓာတ်၏ အစွမ်း သတ္တိကြောင့် ရုပ် အပေါင်းတို့ ပူမှု, အေးမှု, ပုပ်ပျော် မကျမှုသာ ဖြစ်တယ်ဟု ပူမှု, အေးမှု, ပုပ်ပျော် မကျမှု ရုပ် အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ် ယူဆမှု ဖြစ်တယ်။

ငါ့ခန္ဓာကိုယ် ပုံစံသဏ္ဌာန် ဖြစ်နေသည် မဟုတ်၊ ငါ့ ခန္ဓာကိုယ် လှုပ်ရှားနေသည် မဟုတ်၊ ဝါယော ဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ ပုံစံသဏ္ဌာန်ဖြစ်ပေါ်နေမှု၊ လှုပ်ရှားနေမှုသာ ဖြစ်တယ်ဟု ပုံစံသဏ္ဌာန် ဖြစ်ပေါ်နေမှု၊ လှုပ်ရှားနေမှု ရုပ်အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

မျက်စိ အကြည်ဓာတ်သည် ငါ့မျက်စိ မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော မျက်စိအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု မျက်စိ အကြည်ဓာတ် ရုပ်တရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ် ယူဆမှု ဖြစ်တယ်။

ငါ မိန်းမကောင်း, ယောကျ်ားကောင်း ဖြစ်ရေးတို့အတွက် ကုသိုလ်တောင်းမှု ပြုလုပ်ခဲ့ကြမှုတို့သည် ကုသိုလ်ကံ ဖြစ်တယ်။

အကုသိုလ်ကံကြောင့် အပါယ်လေးပါတို့၌ ရုပ်,နာမ်,ခန္ဓာ အာယတန, ဓာတ်အကျိုးတရား ဖြစ်ပေါ်ကြရတယ်။ ကုသိုလ်ကံကြောင့် သုဂတိဘုံဘဝတို့၌ ရုပ်,နာမ်,ခန္ဓာ,အာယတန,ဓာတ် အကျိုးတရား ဖြစ်ပေါ်ကြရတယ်။ ဤသို့ အကြောင်းတရားကို သိမ်းဆည်း၍ သိမြင်ကြလျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်လျှင် ယုံမှားသံသယဖြစ်မှုကို လွန်မြောက်၍ စင်ကြယ်သည့် အတွက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်တယ်။

ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

## ပရမတ် အတ္တဒိဋ္ဌိ

ရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အတ္တဒိဋ္ဌိ ပယ်၍ ပရမတ် အတ္တဒိဋ္ဌိ ကျန်ရှိနေသေးတယ်။ ပရမတ်အတ္တဒိဋ္ဌိ ကျန်ရှိနေသေးလျှင် သဿတ ဒိဋ္ဌိဖြစ်၍ နိဗ္ဗာန်သို့ မရောက်နိုင်။

ပရမတ်အတ္တဒိဋ္ဌိဆိုသည်မှာ ငါ တောင့်တင်းသည် မဟုတ်၊ ငါ့ ခန္ဓာကိုယ် တောင့်တင်းသည် မဟုတ်။ ငါ ထုံကျဉ်သည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ထုံကျဉ်သည် မဟုတ်။ ပထဝီ ဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တောင့်တင်းမှု၊ ထုံကျဉ်မှုသာ ဖြစ်တယ်ဟု တောင့်တင်းမှု၊ ထုံကျဉ်မှု ရုပ်အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

ငါ့ခန္ဓာကိုယ် တလုံးတခဲတည်း ဖြစ်နေသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ယိုစီးနေသည် မဟုတ်၊ အာပေါ ဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ တလုံး တခဲတည်း ဖြစ်နေမှုသာ ဖြစ်တယ်။ ရုပ်အပေါင်းတို့ ယိုစီးမှုသာ ဖြစ်တယ်ဟု တလုံးတခဲတည်း ဖြစ်နေမှု၊ ယိုးစီးမှု အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

ငါ ပူသည်မဟုတ်၊ ငါ့ခန္ဓာကိုယ် ပူသည်မဟုတ်၊ ငါအေးသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် အေးသည် မဟုတ်၊ ငါ့ခန္ဓာကိုယ် ပုပ်ပျော်မကျသည် မဟုတ်၊ တေဇောဓာတ်၏ အစွမ်း သတ္တိကြောင့် ရုပ် အပေါင်းတို့ ပူမှု, အေးမှု, ပုပ်ပျော် မကျမှုသာ ဖြစ်တယ်ဟု ပူမှု, အေးမှု, ပုပ်ပျော် မကျမှု ရုပ် အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ် ယူဆမှု ဖြစ်တယ်။

ငါ့ခန္ဓာကိုယ် ပုံစံသဏ္ဌာန် ဖြစ်နေသည် မဟုတ်၊ ငါ့ ခန္ဓာကိုယ် လှုပ်ရှားနေသည် မဟုတ်၊ ဝါယော ဓာတ်၏ အစွမ်းသတ္တိကြောင့် ရုပ်အပေါင်းတို့ ပုံစံသဏ္ဌာန်ဖြစ်ပေါ်နေမှု၊ လှုပ်ရှားနေမှုသာ ဖြစ်တယ်ဟု ပုံစံသဏ္ဌာန် ဖြစ်ပေါ်နေမှု၊ လှုပ်ရှားနေမှု ရုပ်အပေါင်းတို့ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

မျက်စိ အကြည်ဓာတ်သည် ငါ့မျက်စိ မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော မျက်စိအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု မျက်စိ အကြည်ဓာတ် ရုပ်တရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ် ယူဆမှု ဖြစ်တယ်။

နားအကြည်ဓာတ်သည် ငါ့နားမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နား အကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု နား အကြည်ဓာတ် ရုပ်တရား မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

နှာခေါင်းအကြည်ဓာတ်သည် ငါ့နှာခေါင်းမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှာခေါင်းအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု နှာခေါင်းအကြည်ဓာတ် ရုပ်ဘရားမပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင် မှတ်ယူဆမှု ဖြစ်တယ်။

လျှာ အကြည်ဓာတ်သည် ငါ့ လျှာမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော လျှာအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု လျှာ အကြည်ဓာတ် ရုပ်တရား မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

ကိုယ်အကြည်ဓာတ်သည် ငါ့ကိုယ်မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ကိုယ်အကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု ကိုယ်အကြည်ဓာတ် ရုပ်တရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

နှလုံးသား အကြည်ဓာတ်သည် ငါ့နှလုံးသား မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှလုံးသားအကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု နှလုံး သားအကြည်ဓာတ် ရုပ်တရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှု ဖြစ်တယ်။

သို့အတွက် မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ—

**ယောဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ဒုက္ခံ သော အဘိနန္ဒတိ၊ ယောဒုက္ခံ အဘိနန္ဒတိ၊အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။**

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ ယော=အကြင်ပုဂ္ဂိုလ်သည်။ ရူပံ= ရုပ်တရားကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော= ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ= သံ သ ရာ ဆင်း ရဲ ဒုက္ခ ကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေသည်မည်၏။ ယော= အကြင်ပုဂ္ဂိုလ်သည် ဒုက္ခံ=သံသရာ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ= နှစ်သက်ခင်တွယ်စွဲလမ်းနေ၏၊ သော=ထိုပုဂ္ဂိုလ်သည်၊ဒုက္ခသ္မာ= အို, နာ, သေရ သံသရာ ဆင်းရဲဒုက္ခမှ။ အပရိမုတ္တော=မလွတ်။ ဣတိ=ဤသို့။ အဟံ=ငါဘုရားသည်။ ဝဒါမိ=ဟောတော်မူ၏။

**အဓိပ္ပာယ်။** ။ရဟန်းတို့၊ရုပ်တရားကို နှစ်သက်ခင်တွယ်စွဲလမ်းနေလျှင် သံသရာ ဆင်း ရဲ ဒုက္ခ ကို နှစ်သက် ခင်တွယ် စွဲလမ်းနေသည်မည်တယ်။ သံသရာ ဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ် စွဲလမ်းနေလျှင် အို, နာ, သေရ သံသရာ ဆင်းရဲဒုက္ခမှ မလွတ်ဟူ၍ မြတ် စွာ ဘု ရား ဟောတော်မူထားတယ်။

## ဝိညာဏ် ဥပါဒါနက္ခန္ဓာ

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မြင်သော စိတ် ရှိကြတယ်။ အသံကိုကြားသောစိတ် ရှိကြတယ်။ အနံ့ကို နံသောစိတ် ရှိကြတယ်။ အရသာကို သိသောစိတ် ရှိကြတယ်။ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို သိသောစိတ် ရှိကြတယ်။စိတ်မှာ ထင်လာသော အာရုံကို သိသောစိတ် ရှိကြတယ်။

အဆင်းကို မြင်သောစိတ်သည် စက္ခုဝိညာဏ်စိတ် ဖြစ်တယ်။

အသံကို ကြားသောစိတ်သည် သောတ ဝိညာဏ်စိတ် ဖြစ်တယ်။

အနံ့ကို နံသောစိတ်သည် ဃာနဝိညာဏ်စိတ် ဖြစ်တယ်။

အရသာကို သိသောစိတ်သည် ဇိဝှာဝိညာဏ်စိတ် ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိသောစိတ်သည် ကာယ ဝိညာဏ်စိတ် ဖြစ်တယ်။

စိတ်မှာထင်လာသော အာရုံကို သိသောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း ဝိညာဏ်စိတ်တို့သည် ငါ ဟူသော သဘော၊ မိန်းမ ယောကျာ်း ဟူ သော သ ဘော မှ ကင်း သော ကြောင့် ဝိညာဏက္ခန္ဓာ ဖြစ်တယ်။

ယင်း ဝိညာဏက္ခန္ဓာသည် အတိတ်ဘဝက အစွဲအလမ်း ဥပါဒါန်ကြောင့်ဖြစ်ပေါ်သည့်အတွက် ဝိညာဏ် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ ဝိညာဏ် ဥပါဒါနက္ခန္ဓာသည် သက္ကာယ ဖြစ်တယ်။

## ဝိညာဏ် ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိစွဲကပ်ပုံ

ဝိညာဏ် ဥပါဒါနက္ခန္ဓာ သက္ကာယမှာ ဒိဋ္ဌိ စွဲကပ်လာသော အခါ စက္ခုဝိညာဏ်စိတ်က အဆင်းမြင်သည်ကို ငါ မြင်တယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

သောတ ဝိညာဏ်စိတ်က အသံကြားသည်ကို ငါ ကြားတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

ဃာန ဝိညာဏ်စိတ်က အနံ့ နံသည်ကို ငါ နံတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

ဇိဝှာဝိညာဏ်စိတ်က အရသာ သိသည်ကို ငါ သိတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

ကာယဝိညာဏ်စိတ်က ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှု သိသည်ကို ငါသိတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

မနောဝိညာဏ်စိတ်က စိတ်မှာထင်လာသော အာရုံသိသည်ကို ငါသိတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

## ဝိညာဏ်ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ

ဝိညာဏ် ဥပါဒါနက္ခန္ဓာ သက္ကာယမှာ စွဲကပ်နေသော ဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်ရမည်။ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်၍ ဒိဋ္ဌိကွာသွားလျှင်–

အဆင်းကိုမြင်ခြင်းသည် ငါမြင်သည်မဟုတ်၊ စက္ခုဝိညာဏ်စိတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အသံကိုကြားခြင်းသည် ငါကြားသည် မဟုတ်၊ သောတ ဝိညာဏ်စိတ်က ကြားခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အနံ့ကိုနံခြင်းသည်ငါနံသည် မဟုတ်၊ ဃာနဝိညာဏ်စိတ်က နံခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်းသိမြင်တယ်။

အရသာကို သိခြင်းသည် ငါသိသည် မဟုတ်၊ ဇိဝှာဝိညာဏ် စိတ်က သိခြင်းသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိခြင်းသည် ငါသိသည် မဟုတ်၊ ကာယဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်တယ်။

စိတ်မှာထင်လာသော အာရုံကို သိခြင်းသည် ငါသိသည် မဟုတ်၊ မနောဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်တယ်။

ဝိညာဏ်စိတ်တရားတို့ကို ပိုင်းခြား၍ အမှန် အတိုင်း သိမြင် လျှင် ဝိညာဏပရိစ္ဆေဒဉာဏ် ဖြစ်တယ်။ ယင်း ဝိညာဏ်စိတ် တရားတို့သည် အာရုံ ရှိသောအခါ ဖြစ်ပေါ် လာတတ်သည့် အတွက် နာမ်တရားဖြစ်၍ နာမပရိစ္ဆေဒဉာဏ် ဟုလည်း ခေါ် တယ်။

ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

ဉာတပရိညာ ဖြစ်တယ်။

စူဠသောတာပန် ဖြစ်တယ်။

နာမ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်, အတ္တ ဒိဋ္ဌိကို ပယ်တယ်။ ပရမတ်အတ္တဒိဋ္ဌိ ကျန်ရှိနေသေးတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ဝိညာဏ် စိတ်တရားတို့သည် အကြောင်းမရှိပဲ အလိုအလျောက် ဖြစ်ပေါ်နေတယ်ဟု ထင်မှတ်ယူဆလျှင် အဟေတုက ဒိဋ္ဌိဖြစ်တယ်။

ဝိညာဏ်စိတ်တို့၏ ဖြစ်ခြင်း အကြောင်းသည် ပစ္စုပ္ပန် အကြောင်း၊ အတိတ်အကြောင်းဟူ၍ နှစ်မျိုးရှိတယ်။

ပစ္စုပ္ပန်အကြောင်းကား—

စက္ခုဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းသည် **အဆင်း အာရုံဖြစ်တယ်။** အဆင်း အာရုံသည် စက္ခုဝိညာဏ် စိတ်၏ ဖြစ်ခြင်း အကြောင်းဖြစ်တယ်။

သောတဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းသည် အသံအာရုံဖြစ်တယ်။ အသံအာရုံသည် သောတဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းဖြစ်တယ်။

ဃာနဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းသည် အနံ့အာရုံ ဖြစ်တယ်။ အနံ့အာရုံသည် ဃာန ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းဖြစ်တယ်။

ဇိဝှာ ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းသည် အရသာ အာရုံ ဖြစ်တယ်။ အရသာအာရုံသည် ဇိဝှာ ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

ကာယဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းသည် ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုအာရုံ ဖြစ်တယ်။ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှု

အာရုံသည် ကာယဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

မနောဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းသည် စိတ်မှာ ထင်လာသော အာရုံဖြစ်တယ်။ စိတ်မှာ ထင်လာသော အာရုံသည် မနော ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

ဤကား ပစ္စုပ္ပန်အကြောင်း ဖြစ်တယ်။

အတိတ် အကြောင်း ကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတရားတို့ ဖြစ်တယ်။ ရုပ် ဥပါဒါနက္ခန္ဓာ တို့ ၏ အတိတ် အကြောင်းနှင့် တူတယ်။

ဤသို့ အကြောင်းတရားကို သိမ်းဆည်း၍ သိမြင်ကြလျှင် ပစ္စယပရိဂ္ဂဟာဉာဏ် ဖြစ်တယ်။ ထိုခါ ဝိတရဏ ဝိသုဒ္ဓိ ဖြစ်တယ်။ ပစ္စယပရိဂ္ဂဟာဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

## ပရမတ် အတ္တဒိဋ္ဌိ

ပရမတ် အတ္တ ဒိဋ္ဌိ ရှိနေသေးလျှင် သဿတ ဒိဋ္ဌိ ဖြစ်၍ နိဗ္ဗာန်သို့ မရောက်နိုင်၊ ပရမတ် အတ္တ ဒိဋ္ဌိ ဆိုသည်မှာ အဆင်းကို မြင်ခြင်းသည် ငါ မြင်သည်မဟုတ်၊ စက္ခုဝိညာဏ်စိတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု စက္ခု ဝိညာဏ်စိတ် မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ် ယူဆမှု။

အသံကို ကြားခြင်းသည် ငါကြားသည် မဟုတ်၊ သောတ ဝိညာဏ်စိတ်က ကြားခြင်းသာ ဖြစ်တယ်ဟု သောတ ဝိညာဏ် စိတ် မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ် ယူဆမှု။

အနံ့ကိုနံခြင်းသည် ငါနံသည်မဟုတ်၊ဃာနဝိညာဏ်စိတ်ကနံခြင်းသာ ဖြစ်တယ်ဟု ဃာန ဝိညာဏ်စိတ် မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ် ယူဆမှု။

အရသာကို သိခြင်းသည် ငါသိသည်မဟုတ်၊ ဇိဝှါဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု ဇိဝှါဝိညာဏ်စိတ် မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ် ယူဆမှု။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိခြင်းသည် ငါသိသည် မဟုတ်၊ကာယဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု ကာယဝိညာဏ်စိတ် မပျက်မစီးပဲ ရှိနေ သေး တယ် ဟူ ၍ ထင်မှတ် ယူဆမှု။

စိတ်မှာ ထင်လာသော အာရုံကို သိခြင်းသည် ငါ သိသည် မဟုတ်၊ မနောဝိညာဏ်စိတ်က သိခြင်းသာဖြစ်တယ်ဟု မနောဝိညာဏ်စိတ် မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ် ယူဆမှုတို့ ဖြစ်တယ်။

သို့အတွက် မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ —

ယော ဘိက္ခဝေ ဝိညာဏံ အဘိနန္ဒတိ၊
ဒုက္ခံ သော အဘိနန္ဒတိ၊
ယော ဒုက္ခံ အဘိနန္ဒတိ၊
အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ ယော=အကြင်ပုဂ္ဂိုလ်သည်။ ဝိညာဏံ =ဝိညာဏ်တရားကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ် စွဲလမ်း နေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ= နှစ်သက်စွဲလမ်းနေသည်မည်၏။ ယော= အကြင် ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသ္မာ= အို၊နာ၊သေရ သံသရာဆင်းရဲဒုက္ခမှ။ အပရိမုစ္စော= မလွတ်။ ဣတိ=ဤသို့။ အဟံ=ငါဘုရားသည်။ ဝဒါမိ=ဟောတော် မူ၏။

**အဓိပ္ပာယ်။** ။ရဟန်းတို့ ဝိညာဏ်တရားကို နှစ်သက်ခင်တွယ် စွဲလမ်းနေလျှင် သံသရာဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ် စွဲလမ်းနေသည်မည်တယ်။ သံသရာ ဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ်စွဲလမ်းနေလျှင် အို၊နာ၊သေရသံသရာဆင်းရဲ ဒုက္ခမှ မလွတ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူထားတယ်။

## ဝေဒနာ ဥပါဒါနက္ခန္ဓာ

တကာကြီး၊ တကာမကြီးတို့မှာ အဆင်းကို မြင်သောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်မှု၊ စိတ်မချမ်းသာမှု တခုခုဖြစ် ကြတယ်။ အသံကိုကြားသောအခါ ဝမ်းမြောက် ဝမ်းသာဖြစ်မှု၊ စိတ်မချမ်းသာဖြစ်မှု၊ အနံ့ကိုနံသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှု၊ စိတ်မချမ်းသာဖြစ်မှု၊ အရသာကို စားသောအခါ

ဝမ်းမြောက် ဝမ်းသာဖြစ်မှု၊ စိတ်မချမ်းမသာဖြစ်မှု၊ ကိုယ်မှာတွေ့ထိ တိုက်ခတ်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်မှု၊ စိတ်မချမ်းသာဖြစ်မှု၊ စိတ်မှာအာရုံထင်လာသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်မှု၊ စိတ်မချမ်းမသာ ဖြစ်မှု တခုခု ဖြစ်ကြတယ်။ ဝမ်းမြောက်ဝမ်းသာဖြစ်မှုသည်သောမနဿဝေဒနာဖြစ်တယ်။ စိတ်မချမ်းမသာ ဖြစ်မှုသည် ဒေါမနဿ ဝေဒနာ ဖြစ်တယ်။ ဝမ်းမြောက် ဝမ်းသာဖြစ်မှုလည်းမရှိ။ စိတ်မချမ်းသာဖြစ်မှုလည်းမရှိသော ဝေဒနာသည် ဥပေက္ခာဝေဒနာဖြစ်တယ်။

သောမနဿဝေဒနာနှင့် ဒေါမနဿဝေဒနာ နှစ်ပါးကို ဝိပဿနာတရား ပွားများအားထုတ်လျှင် ဥပေက္ခာဝေဒနာတရားကို ဝိပဿနာတရား ပွားများမှု ကိစ္စပြီးနိုင်သည့်အတွက် ဥပေက္ခာဝေဒနာတရားကိုမဟောပဲ ထားခဲ့တယ်။ ယင်းဝေဒနာတရားတို့သည် ငါဟူသောသဘော၊မိန်းမ, ယောကျ်ားဟူသောသဘောမှ ကင်းသောကြောင့် ဝေဒနက္ခန္ဓာ ဖြစ်တယ်။ ယင်းဝေဒနာက္ခန္ဓာသည် အတိတ်ဘဝကအစွဲအလမ်း ဥပါဒါန်ကြောင့် ဖြစ်ပေါ်သည့်အတွက် ဝေဒနာ ဥပါဒါနက္ခန္ဓာဖြစ်တယ်။ ဝေဒနာ ဥပါဒါနက္ခန္ဓာသည် သက္ကာယဖြစ်တယ်။

## ဝေဒနာဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ

ဝေဒနာ ဥပါဒါနက္ခန္ဓာ သက္ကာယမှာ ဒိဋ္ဌိစွဲကပ်လာလျှင် အဆင်းကိုမြင်သောအခါ သောမနဿဝေဒနာက ဝမ်းမြောက်ဝမ်းသာဖြစ်သည်ကို ငါဝမ်းမြောက် ဝမ်းသာ ဖြစ်သည်ဟု အလွဲအမှားထင်မှတ်ယူဆမှုဖြစ်လျှင်ဒိဋ္ဌိစွဲကပ်တယ်။

ဒေါမနဿဝေဒနာက စိတ်မချမ်းသာဖြစ်သည်ကို ငါ စိတ်မချမ်းသာဖြစ်တယ်ဟု အလွဲအမှား ထင်မှတ် ယူဆမှုဖြစ်လျှင် ဒိဋ္ဌိကပ်တယ်။ အသံကိုကြားသောအခါ၊ အနံ့ကို နံသောအခါ၊ အရသာကို စားသောအခါ၊ ကိုယ်မှာတွေ့ထိ တိုက်ခိုက်မှုဖြစ်သောအခါ၊ စိတ်မှာအာရုံထင်လာသောအခါ သောမနဿဝေဒနာက ဝမ်းမြောက် ဝမ်း သာ ဖြစ် သည် ကို ငါ ဝမ်းမြောက် ဝမ်း သာ ဖြစ် တယ် ဟု အ လွဲ အ မှား ထင် မှတ် ယူ ဆ မှု ဖြစ် လျှင် ဒိ ဋ္ဌိ စွဲ ကပ် တ ယ် ။ ဒေ ါ မ န ဿ ဝေဒနာက စိတ်မချမ်းမသာ ဖြစ်သည်ကို ငါ စိတ်မချမ်းမသာ ဖြစ်တယ်ဟု အလွဲအမှားထင်မှတ်ယူဆမှုဖြစ်လျှင် ဒိဋ္ဌိကပ်တယ်။

## ဝေဒနာ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ

ဝေဒနာဥပါဒါနက္ခန္ဓာ သက္ကာယမှာ စွဲကပ်နေသော ဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်ရမယ်။ သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ပယ်ခွာပစ်၍ ဒိဋ္ဌိကွာသွားလျှင်—

အဆင်းကိုမြင်သောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသည် ငါဝမ်းမြောက် ဝမ်းသာ ဖြစ်သည်မဟုတ်၊ သောမနဿဝေဒနာက ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်မချမ်းသာ ဖြစ်ခြင်းသည် ငါ စိတ်မချမ်းသာ ဖြစ်သည်မဟုတ်၊ ဒေါမနဿဝေဒနာက စိတ်မချမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အသံကိုကြားသောအခါ၊ အနံ့ကိုနံသောအခါ၊အရသာကို စားသောအခါ၊ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှု ဖြစ်သောအခါ၊ စိတ်မှာအာရုံထင်လာသောအခါ၊ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း သည် ငါဝမ်းမြောက် ဝမ်းသာ ဖြစ်သည်မဟုတ်၊ သောမနဿ ဝေဒနာက ဝမ်းမြောက် ဝမ်း သာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်မချမ်းသာ ဖြစ်ခြင်းသည် ငါစိတ်မချမ်းသာ ဖြစ်သည် မဟုတ်၊ ဒေါမနဿ ဝေဒနာက စိတ်မချမ်းသာဖြစ်ခြင်းသာ ဖြစ်တယ်ဟုအမှန်အတိုင်း သိမြင်တယ်။

ဝေဒနာတရားတို့ကို ပိုင်းခြား၍ အမှန်အတိုင်း သိမြင်လျှင် ဝေဒနာ ပရိဂ္ဂဟဉာဏ်ဖြစ်တယ်။ ယင်းဝေဒနာတရားတို့သည် အာရုံရှိသောအခါ ဖြစ်ပေါ်လာတတ်သည့်အတွက် နာမ်တရား ဖြစ်၍ နာမပရိဂ္ဂဟဉာဏ်ဟု ခေါ်တယ်။

အယူအမြင် စင်ကြယ်သည့်အတွက် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

သာသနာတော်မှာ သိအပ်,သိသင့်,သိထိုက်သော တရားကို သိသည့်အတွက် ပရိညာ သုံးပါးတို့တွင် ဉာတပရိညာဖြစ်တယ်။

မဟာသောတာပန်တို့၏ သိမြင်ပုံနှင့် တူသည့် အတွက် စူဠ သောတာပန် ဖြစ်တယ်။

## ပစ္စယ ပရိဂ္ဂဟဉာဏ်

ဝေဒနာ တရားတို့သည် အကြောင်းမရှိပဲ အလိုအလျောက် ဖြစ်ပေါ်နေတယ်ဟု ထင်မှတ်ယူဆလျှင် အဟေတုက ဒိဋ္ဌိ ဖြစ် တယ်။

ဝေဒနာတရားတို့၏ ဖြစ်ခြင်း အကြောင်းကား—
ပစ္စုပ္ပန်အကြောင်း၊
အတိတ်အကြောင်း ဟူ၍ နှစ်မျိုးရှိတယ်။

ပစ္စုပ္ပန်အကြောင်း–

ဝေဒနာတရားတို့၏ ဖြစ်ခြင်းအကြောင်းသည် 'ဖဿပစ္စယာ ဝေဒနာ' ဟုပဋိစ္စသမုပ္ပါဒ် ပါဠိတော်မှာ မြတ်စွာဘုရား ဟော တော်မူသောကြောင့် အာရုံကို တွေ့ထိတတ်သော ဖဿ တရား ဖြစ်တယ်။ အာရုံကို တွေ့ထိ တတ်သော ဖဿ တရားသည် ဝေဒနာတရားတို့၏ ဖြစ်ခြင်း အကြောင်းဖြစ်တယ်။ ဤကား ပစ္စုပ္ပန်အကြောင်း ဖြစ်တယ်။

အတိတ် အကြောင်းကား—

အဝိဇ္ဇာ, တဏှာ,ဥပါဒါန်,ကံတရားတို့ ဖြစ်တယ်။

ဤသို့အကြောင်းကို သိမ်းဆည်း၍ သိမြင်လျှင် ပစ္စယပရိဂ္ဂဟ ဉာဏ် ဖြစ်တယ်။ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။ နာမ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အတ္တဒိဋ္ဌိကို ပယ်တယ်။ ပရမတ် အတ္တဒိဋ္ဌိ ကျန်ရှိနေသေးတယ်။

## ပရမတ် အတ္တဒိဋ္ဌိ

ပရမတ် အတ္တဒိဋ္ဌိ ရှိနေသေးလျှင် သဿတဒိဋ္ဌိ ဖြစ်၍ နိဗ္ဗာန်သို့ မရောက်နိုင်။

ပရမတ် အတ္တဒိဋ္ဌိ ဆိုသည်မှာ-

အဆင်းကို မြင်သောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသည် ငါ ဝမ်းမြောက် ဝမ်းသာ ဖြစ်သည်မဟုတ်၊ သောမနဿဝေဒနာက ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု သောမနဿဝေဒနာ မပျက် မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

စိတ် မချမ်းသာဖြစ်ခြင်းသည် ငါ စိတ်မချမ်းသာ ဖြစ်သည်မဟုတ်၊ ဒေါမနဿဝေဒနာက စိတ်မချမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု ဒေါမနဿဝေဒနာ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

အသံကိုကြားသောအခါ၊

အနံ့ကို နံသောအခါ၊

အရသာကို စားသောအခါ၊

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု ဖြစ်သောအခါ၊

စိတ်မှာ အာရုံ ထင်လာသောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသည် ငါ ဝမ်းမြောက် ဝမ်းသာ ဖြစ်သည်မဟုတ်၊ သောမနဿ ဝေဒနာက ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု သောမနဿဝေဒနာ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

စိတ် မချမ်းသာဖြစ်ခြင်းသည် ငါ စိတ် မချမ်းသာ ဖြစ်သည်မဟုတ်၊ ဒေါမနဿ ဝေဒနာက စိတ်မချမ်းသာ ဖြစ်ခြင်းသာ

ဖြစ်တယ်ဟု ဒေါမနဿဝေဒနာ မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ် ယူဆမှုတို့ ဖြစ်တယ်။

သို့အတွက် မြတ်စွာဘုရားက သံယုတ် ပါဠိတော်မှာ—

**ယော ဘိက္ခဝေ ဝေဒနံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။**

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ ယော=အကြင်ပုဂ္ဂိုလ်သည်။ ဝေဒနံ=ဝေဒနာတရားကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေသည် မည်၏။ ယော=အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော= ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသ္မာ=အို, နာ, သေရ သံသရာ ဆင်းရဲဒုက္ခမှ။ အပရိမုတ္တော= မလွတ်။ ဣတိ=ဤသို့။ အဟံ=ငါ ဘုရားသည်။ ဝဒါမိ= ဟောတော်မူ၏။

**အဓိပ္ပာယ်။** ။ရဟန်းတို့၊ဝေဒနာတရားကို နှစ်သက် ခင်တွယ် စွဲလမ်းနေလျှင် သံသရာဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ်စွဲလမ်းနေသည် မည်တယ်။ သံသရာဆင်းရဲ ဒုက္ခကို နှစ်သက် ခင်တွယ်စွဲလမ်းနေလျှင် အို, နာ, သေရ သံသရာဆင်းရဲ ဒုက္ခမှ မလွတ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူထားတယ်။

## သညာ ဥပါဒါနက္ခန္ဓာ

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မှတ်ထားမှု၊ အသံကို မှတ်ထားမှု၊ အနံ့ကို မှတ်ထားမှု၊ အရသာကို မှတ်ထားမှု၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထားမှု၊ စိတ်မှာ ထင်လာသော အာရုံကို မှတ်ထားမှုတို့ ရှိကြတယ်။

အဆင်းကို မှတ်ထားမှု၊ အသံကို မှတ်ထားမှု၊ အနံ့ကို မှတ်ထားမှု၊ အရသာကို မှတ်ထားမှု၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထားမှု၊ စိတ်မှာထင်လာသော အာရုံကို မှတ်ထားမှုတို့သည် သညာတရား ဖြစ်တယ်။

ယင်း သညာ တရားသည် ငါ ဟူသောသဘော၊ မိန်းမ ယောကျ်ားဟူသောသဘောမှ ကင်းသောကြောင့် သညာက္ခန္ဓာ ဖြစ်တယ်။

ယင်း သညာက္ခန္ဓာသည် အတိတ် ဘဝက အစွဲ အလမ်း ဥပါဒါန်ကြောင့် ဖြစ်ပေါ်လာသည့် အတွက် သညာဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ သညာ ဥပါဒါနက္ခန္ဓာသည် သက္ကာယ ဖြစ်တယ်။

## သညာ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ

သညာ ဥပါဒါနက္ခန္ဓာသက္ကာယမှာ ဒိဋ္ဌိကပ်လာလျှင်—

သညာတရားက အဆင်းကို မှတ်ထားသည်ကို ငါမှတ်ထားတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သညာတရားက အသံကို မှတ်ထားသည်ကို ငါမှတ်ထား တယ်ဟု ထင်မှတ် ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သညာတရားက အနံ့ကို မှတ်ထားသည်ကို ငါမှတ်ထား တယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သညာတရားက အရသာကို မှတ်ထားသည်ကို ငါမှတ်ထား တယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သညာတရားက ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထား သည်ကို ငါမှတ်ထားတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သညာတရားက စိတ်မှာထင်လာသောအာရုံကို မှတ်ထား သည်ကို ငါမှတ်ထားတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

## သညာ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ

သညာ ဥပါဒါနက္ခန္ဓာသက္ကာယမှာ စွဲကပ်နေသော ဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်ရမည်။ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာ ပစ်၍ ဒိဋ္ဌိကွာသွားလျှင် —

အဆင်းကိုမှတ်ထားခြင်းသည် ငါမှတ်ထားသည် မဟုတ်၊ သညာ တရားက မှတ်သားထားခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်တယ်။

အသံကို မှတ်ထားခြင်းသည် ငါမှတ်ထားသည် မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အနံ့ကို မှတ်ထားခြင်းသည် ငါမှတ်ထားသည် မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်တယ်။

အရသာကို မှတ်ထားခြင်းသည် ငါမှတ်ထားသည်မဟုတ်၊ သညာ တရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထားခြင်းသည် ငါမှတ် ထားသည်မဟုတ်၊ သညာတရားကမှတ်ထားခြင်းသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်မှာထင်လာသောအာရုံကို မှတ်ထားခြင်းသည် ငါမှတ် ထားသည်မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာဖြစ်တယ် ဟု အမှန်အတိုင်း သိမြင်တယ်။

သညာတရားကို ပိုင်းခြား၍ အမှန်အတိုင်း သိမြင်လျှင် သညာပရိစ္ဆေဒဉာဏ်ဖြစ်တယ်။ နာမပရိစ္ဆေဒဉာဏ် ဟုလည်း ခေါ်တယ်။

ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။
ဉာတ ပရိညာ ဖြစ်တယ်။
စူဠသောတာပန် ဖြစ်တယ်။

နာမ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ် အတ္တဒိဋ္ဌိကို ပယ်တယ်။ ပရမတ် အတ္တဒိဋ္ဌိ ကျန်ရှိနေသေးတယ်။

## ပစ္စယ ပရိဂ္ဂဟဉာဏ်

သညာတရားသည် အကြောင်းမရှိပဲ အလိုအလျောက် ဖြစ်ပေါ်နေတယ်ဟု ထင်မှတ်ယူဆလျှင် အဟေတုက ဒိဋ္ဌိဖြစ်တယ်။

သညာတရား၏ ဖြစ်ခြင်းအကြောင်းကား—

ပစ္စုပ္ပန်အကြောင်း၊

အတိတ်အကြောင်းဟူ၍ နှစ်မျိုးရှိတယ်။

ပစ္စုပ္ပန်အကြောင်းကား—

ဖဿော ဟေတု ဖဿော ပစ္စယော သညာက္ခန္ဓဿ

ပညာပနာယ-

ဟူ၍ ဥပရိ ပဏ္ဏာသ ပါဠိတော်မှာ မြတ်စွာဘုရားဟောတော်မူသောကြောင့် သညာတရား၏ ဖြစ်ခြင်းအကြောင်းသည် အာရုံကို တွေ့ထိ တတ်သော ဖဿဖြစ်တယ်။ အာရုံကိုတွေ့ထိ တတ်သော ဖဿသည် သညာ တရား ၏ဖြစ် ခြင်းအကြောင်း ဖြစ်တယ်။

အတိတ်အကြောင်းကား—

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်,ကံတရားတို့ ဖြစ်တယ်။

ဤသို့အကြောင်းကိုသိမ်းဆည်း၍သိမြင်လျှင် ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တယ်။ ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြစ်လျှင် ကင်္ခါ ဝိတရဏဝိသုဒ္ဓိ ဖြစ်တယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

## ပရမတ် အတ္တဒိဋ္ဌိ

ပရမတ် အတ္တဒိဋ္ဌိရှိနေသေးလျှင် သဿတ ဒိဋ္ဌိဖြစ်၍ နိဗ္ဗာန်သို့ မရောက်နိုင်။

မရမတ် အတ္တဒိဋ္ဌိ ဆိုသည်မှာ—

အဆင်းကိုမှတ်ထားခြင်းသည် ငါမှတ်ထားသည် မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာဖြစ်တယ်ဟု သညာတရား မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

အသံကို မှတ်ထားခြင်းသည် ငါမှတ်ထားသည်မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု သညာတရား မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

အနံ့ကိုမှတ်ထားခြင်းသည် ငါမှတ်ထားသည်မဟုတ်၊သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု သညာတရား မပျက်မစီးပဲရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

အရသာကို မှတ်ထားခြင်းသည် ငါမှတ်ထားဆည်မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု သညာတရား မပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထား ခြင်းသည် ငါမှတ်ထားသည်မဟုတ်၊ သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု သညာတရားမပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ် ယူဆမှု။

စိတ်မှာ ထင်လာသော အာရုံကို မှတ်ထားခြင်းသည် ငါ မှတ်ထားသည်မဟုတ်၊ သညာ တရားက မှတ်ထား ခြင်းသာ ဖြစ်တယ်ဟု သညာတရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှုတို့ ဖြစ်တယ်။

သို့အတွက် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ—

ယော ဘိက္ခဝေ သညံအဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယောဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာ တိ ဝဒါမိ။

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ ယော=အကြင်ပုဂ္ဂိုလ်သည်။ သညံ= သညာတရားကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ် စွဲလမ်းနေ၏။ သော= ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ= သံသရာ ဆင်းရဲ ဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ် စွဲလမ်းနေသည် မည်၏။ ယော= အကြင် ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာဆင်းရဲဒုက္ခကို၊ အဘိနန္ဒတိ= နှစ်သက်ခင်တွယ်စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသ္မာ= အို,နာ, သေရ သံသရာ ဆင်းရဲ ဒုက္ခမှ။ အပရိမုတ္တော=မလွတ်။ ဣတိ=ဤသို့။ အဟံ= ငါဘုရားသည်။ ဝဒါမိ=ဟောတော် မူ၏။

**အဓိပ္ပာယ်။** ။ရဟန်းတို့၊ သညာတရားကို နှစ်သက်ခင်တွယ် စွဲလမ်းနေလျှင် သံသရာဆင်းရဲဒုက္ခကို နှစ်သက် ခင်တွယ် စွဲလမ်းနေသည် မည်တယ်။ သံသရာ ဆင်းရဲ ဒုက္ခကို

နှစ်သက် ခင်တွယ် စွဲလမ်းနေလျှင် အို, နာ, သေရ သံသရာဆင်းရဲ ဒုက္ခမှ မလွတ် ဟူ၍ မြတ်စွာဘုရား ဟောတော်မူတယ်။

## သင်္ခါရဥပါဒါနက္ခန္ဓာ

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မြင်အောင် အားပြုမှု၊ အသံကို ကြားအောင် အားပြုမှု၊ အနံ့ကိုရအောင် အားပြုမှု၊ အရသာစားမှုကို အားပြုမှု၊ ကိုယ်မှာတွေ့ထိ တိုက်ခိုက်မှုကို အားပြုမှု၊ စိတ်မှာထင်လာသော အာရုံကို အားပြုမှုတို့ ရှိကြတယ်။

အဆင်းကို မြင်အောင် အားပြုမှု၊ အသံကို ကြားအောင် အားပြုမှု၊အနံ့ကိုရအောင်အားပြုမှု၊အရသာစားမှုကိုအားပြုမှု၊ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို အားပြုမှု၊ စိတ်မှာထင်လာသော အာရုံကို အားပြုမှုတို့သည် စေတနာသင်္ခါရ တရားဖြစ်တယ်။

ယင်း စေတနာသင်္ခါရတရားသည် ငါ ဟူသော သဘော၊ မိန်းမ, ယောကျ်ား ဟူသော သဘောမှ ကင်း သော ကြောင့် သင်္ခါရက္ခန္ဓာ ဖြစ်တယ်။

ယင်း သင်္ခါရက္ခန္ဓာသည် အတိတ် ဘဝက အစွဲ အလမ်း ဥပါဒါန်ကြောင့် ဖြစ်သည့်အတွက် သင်္ခါရဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ သင်္ခါရဥပါဒါနက္ခန္ဓာသည် သက္ကာယ ဖြစ်တယ်။

(၁၁)                                                    ဒုတိယအကြိမ်

## သင်္ခါရဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကပ်ပုံ

သင်္ခါရဥပါဒါနက္ခန္ဓာ သက္ကာယမှာ ဒိဋ္ဌိကပ်လာလျှင်-

သင်္ခါရတရားက အဆင်းကို မြင်အောင် အားပြုသည်ကို ငါအားပြုတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သင်္ခါရတရားက အသံကိုကြားအောင် အားပြုသည်ကို ငါအားပြုတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိကပ်တယ်။

သင်္ခါရတရားက အနံ့ကိုရအောင် အားပြုသည်ကို ငါအားပြုတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ကပ်တယ်။

သင်္ခါရတရားက အရသာ စားမှုကို အားပြုသည်ကို ငါ အားပြုတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ကပ်တယ်။

သင်္ခါရတရားက ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို အားပြုသည်ကို ငါ အားပြုတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ကပ်တယ်။

သင်္ခါရတရားက စိတ်မှာထင်လာသော အာရုံကို အားပြုသည်ကို ငါ အားပြုတယ်ဟု ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ ကပ်တယ်။

## သင်္ခါရ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာ ဖြစ်ပုံ

သင်္ခါရ ဥပါဒါနက္ခန္ဓာ သက္ကာယမှာ စွဲကပ်နေသော ဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်ရမည်။ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်၍ ဒိဋ္ဌိ ကွာသွားလျှင်....

အဆင်းကို မြင်အောင် အားပြုခြင်းသည် ငါ အားပြုသည် မဟုတ်၊ စေတနာ သင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အသံကိုကြားအောင် အားပြုခြင်းသည် ငါ အားပြုသည် မဟုတ်၊ စေတနာ သင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အနံ့ကိုရအောင် အားပြုခြင်းသည် ငါ အားပြုသည် မဟုတ်၊ စေတနာ သင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

အရသာ စားမှုကို အားပြုခြင်းသည် ငါ အားပြုသည် မဟုတ်၊ စေတနာ သင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

ခန္ဓာကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို အားပြုခြင်းသည် ငါ အားပြုသည်မဟုတ်၊ စေတနာသင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

စိတ်မှာ ထင်လာသော အာရုံကို အားပြုခြင်းသည် ငါ အားပြုသည်မဟုတ်၊ စေတနာ သင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

သင်္ခါရ တရားကို ပိုင်းခြား၍ အမှန်အတိုင်း သိမြင်လျှင် သင်္ခါရ ပရိစ္ဆေဒဉာဏ် ဖြစ်တယ်။ နာမပရိစ္ဆေဒ ဉာဏ်ဟုလည်း ခေါ်တယ်။

ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

ဉာတပရိညာ ဖြစ်တယ်။

စူဠ သောတာပန် ဖြစ်တယ်။

နာမပရိစ္ဆေဒဉာဏ်ဖြင့် ပညတ် အတ္တဒိဋ္ဌိကို ပယ်တယ်။ ပရမတ် အတ္တဒိဋ္ဌိ ကျန်ရှိသေးတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

သင်္ခါရ တရားသည် အကြောင်းမရှိပဲ အလိုအလျောက် ဖြစ်ပေါ်နေသည်မဟုတ်၊ အကြောင်း တရားကြောင့် ဖြစ်ပေါ်နေခြင်းသာ ဖြစ်တယ်။

အကြောင်းတရားမရှိပဲ အလိုအလျောက် ဖြစ်ပေါ်နေသည်ဟု ထင်မှတ်ယူဆလျှင် အဟေတုက ဒိဋ္ဌိ ဖြစ်တယ်။

သင်္ခါရတရား၏ ဖြစ်ခြင်းအကြောင်းတရားကား–

ပစ္စုပ္ပန်အကြောင်း၊ အတိတ်အကြောင်းဟူ၍နှစ်မျိုးရှိတယ်။

ပစ္စုပ္ပန်အကြောင်းကား–

ဖဿော ဟေတု ဖဿော ပစ္စယော သင်္ခါရက္ခန္ဓဿ

ပညာပနာယ–

ဟူ၍ ဥပရိပဏ္ဏာသ ပါဠိတော်မှာ မြတ်စွာဘုရား ဟောတော်မူသောကြောင့်သင်္ခါရတရား၏ဖြစ်ခြင်းအကြောင်းသည် အာရုံကို တွေ့ထိတတ်သော ဖဿတရား ဖြစ်တယ်။

အာရုံကို တွေ့ထိတတ်သော ဖဿတရားသည် သင်္ခါရ တရား၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

အတိတ် အကြောင်းကား–

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်,ကံတရားတို့ ဖြစ်တယ်။

ဤသို့ အကြောင်းကို သိမ်းဆည်း၍ သိမြင်လျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြစ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်လျှင် ကင်္ခါဝိတရဏ ၀ိသုဒ္ဓိဖြစ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကိုပယ်တယ်။

## ပရမတ် အတ္တ ဒိဋ္ဌိ

ပရမတ် အတ္တဒိဋ္ဌိရှိနေသေးလျှင် သဿတဒိဋ္ဌိဖြစ်၍ နိဗ္ဗာန် သို့ မရောက်နိုင်။

ပရမတ် အတ္တဒိဋ္ဌိဆိုသည်မှာ—

အဆင်းကိုမြင်အောင် အားပြုခြင်းသည် ငါအားပြုသည် မဟုတ်၊ စေတနာသင်္ခါရက အားပြုခြင်းသာ ဖြစ်တယ်ဟု စေတနာသင်္ခါရတရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှု။

အသံကိုကြားအောင် အားပြုခြင်းသည် ငါအားပြုသည် မဟုတ်၊စေတနာသင်္ခါရကအားပြုခြင်းသာဖြစ်တယ်ဟု စေတနာ သင်္ခါရတရားမပျက်စီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

အနံ့ကိုရအောင် အားပြုခြင်းသည်ငါအားပြုသည် မဟုတ်၊ စေတနာသင်္ခါရက အားပြုခြင်းသာဖြစ်တယ်ဟုစေတနာသင်္ခါရ တရားမပျက်မစီးပဲ ရှိနေသေးတယ်ဟူ၍ ထင်မှတ်ယူဆမှု။

ကိုယ်မှာတွေ့ထိ တိုက်ခိုက်မှုကို အားပြုခြင်းသည် ငါအားပြု သည်မဟုတ်၊ စေတနာသင်္ခါရက အားပြုခြင်းသာဖြစ်တယ်ဟု

စေတနာ သင်္ခါရ တရား မပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှု။

စိတ်မှာထင်လာသောအာရုံကို အားပြုခြင်းသည် ငါအားသည်မဟုတ်၊ စေတနာသင်္ခါရက အားပြုခြင်းသာဖြစ်တယ်ဟု စေတနာ သင်္ခါရ တရားမပျက်မစီးပဲ ရှိနေသေးတယ် ဟူ၍ ထင်မှတ်ယူဆမှုတို့ ဖြစ်တယ်။

သို့အတွက် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ—

ယော ဘိက္ခဝေ သင်္ခါရေ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာ တိ ဝဒါမိ။

ဟူ၍ ဟောတော်မူထားတယ်။

ဘိက္ခဝေ = ရဟန်း တို့။ ယော = အကြင် ပုဂ္ဂိုလ်သည်။ သင်္ခါရေ=သင်္ခါရတရားတို့ကို။ အဘိနန္ဒတိ=နှစ်သက် ခင်တွယ် စွဲလမ်းနေ၏။ သော=ထို ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာဆင်းရဲ ဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ် စွဲလမ်းနေသည်မည်၏။ ယော=အကြင် ပုဂ္ဂိုလ်သည်။ ဒုက္ခံ=သံသရာ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ=နှစ်သက်ခင်တွယ်စွဲလမ်းနေ၏။ သော=ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသ္မာ=အို,နာ,သေရ သံသရာဆင်းရဲဒုက္ခမှ။ အပရိမုတ္တော=မလွတ်။ ဣတိ=ဤသို့။ အဟံ=ငါဘုရားသည်။ ဝဒါမိ=ဟောတော်မူ၏

**အဓိပ္ပာယ်။** ။ရဟန်းတို့၊ သင်္ခါရတရားကို နှစ်သက်ခင်တွယ် စွဲလမ်းနေလျှင် **သံသရာဆင်းရဲဒုက္ခကို နှစ်သက်** ခင်တွယ် စွဲလမ်းနေသည် မည်တယ်။ သံသရာ ဆင်းရဲဒုက္ခကို နှစ်သက်ခင်တွယ်စွဲလမ်းနေလျှင် အို၊ နာ၊ သေရ **သံသရာဆင်းရဲ** ဒုက္ခမှ မလွတ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူထားတယ်။

## တိရဏ ပရိညာ

ဥပါဒါနက္ခန္ဓာငါးပါး သင်္ခါယ တရားတို့သည် မပျက် မစီးပဲ အမြဲတည်ရှိနေကြသော တရားတို့မဟုတ်၊ ဖြစ်ပေါ်လာကြပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိသော တရားတို့သာ ဖြစ်တယ်။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက် ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

အ ကြောင်း အား လျော် စွာ ဥ ပါ ဒါ န က္ခ န္ဓာငါးပါး သင်္ခါယ တ ရား တို့ ဖြစ်ပေါ်နေသမျှ ဆင်းရဲ ဒုက္ခတို့သာ ဖြစ်တယ်။

ဥပါဒါနက္ခန္ဓာငါးပါး သင်္ခါယတရားတို့ အချင်းခပ်သိမ်း မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားမှ သာလျှင် ချမ်းသာ သုခတို့နှင့် ပြည့်စုံစွာ နေကြရမည်။

သို့အတွက် မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ —

အနိစ္စာ သဗ္ဗ သင်္ခါရာ၊ ဥပ္ပာဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဟူ၍ ဟောတော်မူထားတယ်။

သဗ္ဗသင်္ခါရာ=အလုံးစုံသော သင်္ခါရတရားဟူသမျှတို့သည်။ အနိစ္စာ=ဖြစ်ပေါ်လာပြီးလျှင် မရှိသောကြောင့် အနိစ္စဘုရားတို့ပါတကား။ဥပ္ပါဒဝယဓမ္မိနော=ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ=အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ=ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ တေသံ=ထို ရုပ်,နာမ် ဓမ္မ, သင်္ခါရတရားတို့၏။ ဝူပသမော=မ ဖြစ် တော့ ပဲ ချုပ်ငြိမ်းခြင်းသည်။ သုခေါ= ချမ်းသာ၏။

**အဓိပ္ပာယ်**။ ။အလုံးစုံသော ရုပ်, နာမ် ဓမ္မ, သင်္ခါရ တရား ဟူသမျှတို့သည် ဖြစ် ပေါ် လာ ပြီး လျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသောကြောင့် ပရမာ ဏုမျှမျှ မရှိသော အနိစ္စ တရားတို့သာ ဖြစ်တယ်။ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိသော တရားတို့သာ ဖြစ်တယ်။ အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာပြီး၍ ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

ရုပ်,နာမ် ဓမ္မ,သင်္ခါရ တရားတို့ အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေကြလျှင် ဆင်းရဲဒုက္ခဖြစ်ကြရတယ်။ ရုပ်,နာမ် ဓမ္မ,

သင်္ခါရတရားဟူသမျှတို့ အချင်းခပ်သိမ်း မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားမှသာလျှင် ချမ်းသာကြရတယ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူထားတယ်။

သို့အတွက် တကာကြီးတို့၊ တကာမကြီးမှာ—

ခန္ဓာကိုယ်မှာ တောင့်တင်းမှု၊ ထုံကျဉ်မှု ရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

ခန္ဓာကိုယ် တလုံးတခဲတည်းဖြစ်မှု၊ ယိုစီးမှု ရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

ခန္ဓာကိုယ်မှာ ပူမှု, အေးမှု, ပုပ်ပျော်မကျမှု, ရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်ဘယ်။

ခန္ဓာကိုယ်မှာ ပုံစံသဏ္ဌာန် ဖြစ်ပေါ်နေမှု, လှုပ်ရှားမှု ရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

မျက်စိ အကြည်ဓာတ် ရုပ်တရား၊ နား အကြည်ဓာတ် ရုပ်တရား၊ နှာခေါင်း အကြည်ဓာတ် ရုပ်တရား၊ လျှာ အကြည်ဓာတ် ရုပ်တရား၊ ကိုယ် အကြည်ဓာတ် ရုပ်တရား၊ နှလုံးသား အကြည်ဓာတ် ရုပ်ဘရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

အဆင်းကိုမြင်သော စက္ခုဝိညာဏ်စိတ်၊အသံကို ကြားသော သောတဝိညာဏ်စိတ်၊ အနံ့ကို နံသော ဃာန ဝိညာဏ်စိတ်၊

အရသာကို သိသော ဇိဝှာ ဝိညာဏ်စိတ်၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိသော ကာယ ဝိညာဏ်စိတ်၊ စိတ်မှာ ထင်လာသော အာရုံကိုသိသော မနော ဝိညာဏ်စိတ်တို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

အဆင်းကို မြင်သောအခါ၊ အသံကို ကြားသောအခါ၊ အနံ့ကို နံသောအခါ၊ အရသာကို စားသောအခါ၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု ဖြစ်သောအခါ၊ စိတ်မှာ အာရုံ ထင်လာသောအခါ၊ ဝမ်းမြောက် ဝမ်းသာဖြစ်သော သောမနဿ ဝေဒနာ။

စိတ် မ ချမ်းမသာဖြစ် သော ဒေါမနဿ ဝေဒနာတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

အဆင်းကို မှတ်ထားသော သညာ၊ အသံကို မှတ်ထားသော သညာ၊ အနံ့ကို မှတ်ထားသော သညာ၊ အရသာကို မှတ်ထားသော သညာ၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထားသော သညာ၊ စိတ်မှာ ထင်လာသော အာရုံကို မှတ်ထားသော သညာ တရားတို့သည် ဖြစ် ပေါ် လာ ပြီး လျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

အဆင်းကို မြင်အောင် အားပြုသော စေတနာ သင်္ခါရ၊ အသံကို ကြားအောင် အားပြုသော စေတနာသင်္ခါရ၊ အနံ့ကို ရအောင် အားပြုသော စေတနာ သင်္ခါရ၊ အရသာ စားမှုကို အားပြုသော စေတနာသင်္ခါရ၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို

အားပြုသော စေတနာ သင်္ခါရ၊ စိတ်မှာ ထင်လာသော အာရုံကို အားပြုသော စေတနာ သင်္ခါရ တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ် ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ ဥပါဒါနက္ခန္ဓာ ငါးပါး သင်္ခါရ တရားတို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ် ဟူ၍ ဝိပဿနာ ဉာဏ်မှာ ထင်မြင်လာအောင် ပွားများအားထုတ်ကြ။

ဥပါဒါနက္ခန္ဓာ ငါးပါး သင်္ခါရ တရားတို့ကို ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟူ၍ ဝိပဿနာ ဉာဏ်မှာ ထင်မြင် လာလျှင် တီရဏပရိညာဖြစ်တယ်။ တီရဏပရိညာဖြင့် ပရမတ်အတ္တဒိဋ္ဌိကို ပယ်တယ်။

## ပဟာနပရိညာ

တီရဏပရိညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှာ ယင်း ဥပါဒါနက္ခန္ဓာ ငါးပါး သင်္ခါရ တရားတို့၏ ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော သဘောကိုပင် ကြိမ်ဖန်များစွာ ပွားများအားထုတ်ကြရတယ်။

ဥပါဒါနက္ခန္ဓာ ငါးပါး သင်္ခါရ တရားတို့၏ ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီး သော သဘောကိုပင် ကြိမ်ဖန်များစွာ ပွားများ အားထုတ်ကြသဖြင့် ပညတ်၊ ပရမတ်တို့အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ်လာ

တတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ သဘော တရား မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားလျှင် ဒုက္ခချုပ်ငြိမ်းသွား တယ်။

ပညတ် ပရမတ်တို့အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ် လာတတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ သဘော တရား မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားသဖြင့် ဒုက္ခချုပ်ငြိမ်းသွား လျှင် ပဟာနပရိညာဖြစ်တယ်။

ပဟာန ပရိညာဖြစ်လျှင် မဟာသောတာပန်ဖြစ်တယ်။

## သစ္စာလေးပါး

မဟာသောတာပန် ပုဂ္ဂိုလ်သည် ဒုက္ခချုပ်ငြိမ်းမှု နိရောဓ သစ္စာကို ထိုးထွင်း၍ သိသောအားဖြင့် အာရုံပြုတယ်။ သစ္စာ လေးပါးတရားတို့ကို ပိုင်းခြား၍ သိမြင်တယ်။

သစ္စာလေးပါး တရားတို့ကား—

ဒုက္ခသစ္စာ တပါး၊

သမုဒယသစ္စာ တပါး၊

နိရောဓသစ္စာ တပါး၊

မဂ္ဂသစ္စာ တပါး အားဖြင့် လေးပါးရှိဘယ်။

ရုပ်,နာမ်တရားဖြစ်ပေါ်မှုသည် အို,နာ,သေရ ဝဋ်ဒုက္ခတို့မှ မလွတ်မြောက်သည့် အတွက် ဆင်းရဲခြင်း အမှန် ဖြစ်တယ်ဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ပညတ်, ပရမတ်တို့အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ်လာတတ်သော သာယာခင်တွယ် စွဲလမ်းမှု အနုသယ သဘောရှိနေခြင်းသည် ဆင်းရဲဒုက္ခဖြစ်မှု၏ အကြောင်းမှန် ဖြစ်တယ်ဟု သမုဒယသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ပညတ်, ပရမတ်တို့ အပေါ်မှာ အကြောင်း ရှိလျှင် ဖြစ်ပေါ်လာတတ်သော သာယာ ခင်တွယ် စွဲလမ်းမှု အနုသယ သဘော မဖြစ်တော့ပဲ ချုပ်ငြိမ်းခြင်းသည် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းမှု အမှန် ဖြစ်တယ်ဟု နိရောဓသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်သည် ဖြစ်စေ၊ သမုဒယသစ္စာကို ပိုင်းခြား၍ သိမြင်သည် ဖြစ်စေ၊ နိရောဓ သစ္စာကို ပိုင်းခြား၍ သိမြင်သည်ဖြစ်စေ ဒုက္ခချုပ်ငြိမ်းမှု အကြောင်းမှန် ဖြစ်တယ်ဟု မဂ္ဂသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

သတိပဋ္ဌာန် လေးပါးတို့တွင်—

ရုပ်တရားတို့ကို ပွားများအားထုတ်လျှင် ကာယာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်။

ဝိညာဏ်စိတ် တရားကို ပွားများ အားထုတ်လျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်။


ဝေဒနာတရားကို ပွား များ အား ထုတ် လျှင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်။

သညာတရား၊ သင်္ခါရတရားတို့ကို ပွားများအားထုတ်လျှင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။

ကိုင်း–ဆုံးပြီ။

စစ်တွေမြို့ ပုသိမ်ဆရာတော် အရှင်ဂရုဝံသသည်
သဒ္ဓမ္မဂရု ကျောင်းတိုက်၌ ဥပုသ်ဆောက်တည်
ကြကုန်သော တကာ - တကာမ တို့အား
၁၃၂၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်နေ့တွင်
ဟောပြော ပြသသော

# ဒိဋ္ဌိဝိစိကိစ္ဆာကွာ ဝိပဿနာတရားတော်



# အခန်း ၄

ဒီနေ့ ဟောပြောပြသရဖို့ တရားကား ဝါဆို လပြည့်နေ့ ဟောပြောပြသသော တရားက ဆက်၍ ဟောပြသွားမည်။ ဝါဆို လကွယ်နေ့က ရုပ်, နာမ်, ခန္ဓာတို့ အပေါ်မှာ ဒိဋ္ဌိ, ဝိစိကိစ္ဆာကပ်ပုံ, ကွာပုံ တရားကို ဟောပြခဲ့တယ်။ ဒီနေ့ဟောပြဖို့တရားကား အာယတန, ဓာတ်တို့မှာ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကပ်ပုံ, ကွာပုံတရားကို ဟောပြသွားမည်။

ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကပ်ပုံ, ကွာပုံတရားကိုဘာဖြစ်လို့အရေးတကြီး ထပ်ဟောနေရသလဲဆိုလျှင် စွဲကပ်နေသော ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ခွာမပစ်နိုင်လျှင် စေတီတို့မှာညောင်ပင်ကပ်၍ညောင်ပင်ကိုခွာမပစ်

နိုင်၊ နှုတ်မပစ်နိုင်လျှင် စေတီ ပျက်စီးရသကဲ့သို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စွဲကပ်ခံနေကြရသော ပုဂ္ဂိုလ်တို့သည် အပါယ်လေးပါးတို့မှ မလွတ်မြောက်နိုင်ကြသဖြင့် ပျက်စီးကြရတယ်။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ မကွာလျှင် ဘယ်လိုကုသိုလ်မျိုးကို ပြုလုပ်အားထုတ်ကြစေကာမူ အပါယ်မျိုးစေ့ရှိနေသေးသည့် အတွက် အပါယ်လေးပါးတို့မှ မလွတ်မြောက်နိုင်။

အပါယ်မျိုးစေ့ဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတရားတို့ကို မျိုးစေ့ အကြွင်းအကျန်မရှိအောင် ပယ်ခွာဖျက်ဆီးပစ်နိုင်ကြမှသာလျှင် အပါယ်လေးပါးတို့မှ လွတ်မြောက်၍ ချမ်းသာကြမည်။

သို့အတွက် တကာကြီးတို့၊ တကာမကြီးတို့မှာ အပါယ်လေးပါးတို့မှ လွတ်မြောက်လိုကြလျှင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို မျိုးစေ့ အကြွင်းအကျန်မရှိအောင် ပယ်ခွာဖျက်ဆီးပစ်ကြရမည်။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကို ပယ်ခွာ ဖျက်ဆီးပစ်ဖို့ရန် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စွဲကပ်သောနေရာဌာနကို သိမှသာလျှင် ပယ်ခွာဖျက်ဆီးနိုင်ကြမည်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာစွဲကပ်သော နေရာဌာနကို မသိကြလျှင် ပယ်ခွာဖျက်ဆီးနိုင်ကြမည်မဟုတ်။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့သည်ဘယ်နေရာဌာနမှာစွဲကပ်နေကြသလဲ။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့သည် သက္ကာယမှာ စွဲကပ်တယ်။

သက္ကာယဆိုသည်မှာ သဘောအားဖြင့် ထင်ရှား ရှိသော ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် သက္ကာယဖြစ်တယ်။

သက္ကာယခေါ်သော ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ဘယ်နေရာဌာနမှာ ရှိနေကြသလဲ။

တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်မှာရှိနေကြတယ်။

ခန္ဓာကိုယ် ဘယ်နေရာ ဌာနမှာ ရှိနေကြသလဲ။

မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံးသားတို့မှာ ရှိနေကြတယ်။

ရုပ်, နာမ်, ခန္ဓာ, တို့မှာ ဒိဋ္ဌိ,စိစိကိစ္ဆာ စွဲကပ်ပုံ, ကွာပုံတို့ကိုဟောပြပြီးသော်လည်း အာယတန, ဓာတ်တို့ကို ဟောပြမည်ဆိုလျှင်လည်း ရုပ်, နာမ်, တရားတို့ကိုပင် အာယတန, ဓာတ်ခေါ်သည့်အတွက် ရုပ်, နာမ်တရားတို့ကို ရှေးဦးစွာ ခွဲပြရမည်။

တဏှာကြီးတို့၊ တဏှာမကြီးတို့ရဲ့မျက်စိမှာ အဆင်းကိုမြင်မှုဖြစ်ကြတယ်။ နားမှာ အသံကိုကြားမှုဖြစ်ကြတယ်။ နှာခေါင်းမှာ အနံ့နံမှုဖြစ်ကြတယ်။လျှာမှာ အရသာကိုသိမှုဖြစ်ကြတယ်။ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိမှု ဖြစ်ကြတယ်။ စိတ်မှာ ထင်လာသော အာရုံကို သိမှုဖြစ်ကြတယ်။

မျက်စိမှာ အဆင်းကိုမြင်မှုသည်စက္ခုဝိညာဏ်စိတ်ဖြစ်တယ်။

နားမှာ အသံကိုကြားမှုသည် သောတဝိညာဏ်စိတ်ဖြစ်တယ်။

နှာခေါင်းမှာအနံ့ကိုနံမှုသည် ဃာနဝိညာဏ်စိတ်ဖြစ်တယ်။

လျှာမှာ အရသာကို သိမှုသည် ဇိဝှာဝိညာဏ်စိတ်ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိမှုသည် ကာယဝိညာဏ်စိတ်ဖြစ်တယ်။

စိတ်မှာ ထင်လာသောအာရုံကို သိမှုသည် မနောဝိညာဏ်စိတ် ဖြစ်တယ်။

(၁၂) ဒုတိယအကြိမ်

## အာယတန သဏ္ဍာယ

ယင်းဝိညာဏ်စိတ် ခြောက်ပါးတို့သည် သံသရာ ကျင်လည်ရမှု အစီး အပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားတို့ကို ဖြစ်စေတတ်သည့်အတွက် **အာယတန** ဟု ခေါ်တယ်။

မျက်စိမှာ စက္ခုဝိညာဏ်စိတ်က အဆင်းမြင်သည်ကို ငါမြင်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

အဆင်းကိုမြင်ခြင်းသည် ငါ မြင်သည်မဟုတ်၊စက္ခုဝိညာဏ်စိတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ စက္ခုဝိညာဏ်စိတ် တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် စက္ခုဝိညာဏ်စိတ်ကို မနဟု ခေါ်၍ "မနာ ယ တန" ဟု ခေါ်တယ်။

နားမှာ သောတဝိညာဏ်စိတ်က အသံကြားသည်ကို ငါကြားတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

အသံကို ကြားခြင်းသည် ငါ ကြားသည်မဟုတ်၊ သောတဝိညာဏ်စိတ်က ကြားခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ သောတဝိညာဏ်စိတ် တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့် အတွက် သောတ ဝိညာဏ်စိတ်ကို မနဟု ခေါ်၍ "မနာယတန" ဟု ခေါ်တယ်။

နှာခေါင်းမှာ ဃာန ဝိညာဏ်စိတ်က အနံ့ နံသည်ကို ငါ နံတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

အနံ့ကို နံခြင်းသည် ငါနံသည်မဟုတ်၊ ဃာနဝိညာဏ်စိတ်က နံခြင်းသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ ဃာန ဝိညာဏ်စိတ် တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် ဃာနဝိညာဏ်စိတ်ကို မနဟု ခေါ်၍ "မနာယတန" ဟု ခေါ်တယ်။

လျှာမှာ ဇိဝှာ ဝိညာဏ် စိတ် က အရသာ သိသည်ကို ငါ သိတယ်၊ ငါ ချိုတယ်၊ ငါ ချဉ်တယ်၊ ငါ ခါးတယ် စသော အားဖြင့် အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

အရသာကို သိခြင်းသည် ငါ သိသည်မဟုတ်၊ ငါ ချိုသည် မဟုတ်၊ ငါ ချဉ်သည်မဟုတ်၊ ငါ ခါးတယ် စသည်မဟုတ်၊ ဇိဝှာ ဝိညာဏ်စိတ်က သိခြင်းသာဖြစ်တယ်၊ ဇိဝှာ ဝိညာဏ် စိတ်က ချိုခြင်းသာဖြစ်ဘယ်၊ ဇိဝှာ ဝိညာဏ်စိတ်က ချဉ်ခြင်း

သာဖြစ်တယ်၊ ဇီဝှာ ဝိညာဏ်စိတ်က ခါးခြင်း စသည်သာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ ဇိဝှာဝိညာဏ်စိတ် တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် ဇိဝှာဝိညာဏ်စိတ်ကို မနဟု ခေါ်၍ "မနာယတန"ဟု ခေါ်တယ်။

ကိုယ်မှာ ကာယဝိညာဏ်စိတ်က တွေ့ထိ တိုက်ခိုက်မှုကို သိသည်ကို ငါ သိတယ်ဟု အလွဲအမှား ထင်မှတ် ယူဆ လျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိခြင်းသည် ငါ သိသည် မဟုတ်၊ ကာယဝိညာဏ်စိတ်က သိခြင်းသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ ကာယဝိညာဏ်စိတ် တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် ကာယဝိညာဏ်စိတ်ကို မန ဟု ခေါ်၍ "မနာယတန"ဟု ခေါ်တယ်။

မနောဝိညာဏ်စိတ်က စိတ်မှာထင်လာသော အာရုံကို သိသည်ကို ငါ သိတယ်ဟု အလွဲအမှားထင်မှတ်ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

စိတ်မှာထင်လာသောအာရုံကို ငါသိသည်မဟုတ်၊ မနောဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့မနောဝိညာဏ်စိတ်တခုတည်းကပင် သံသရာကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် မနောဝိညာဏ်စိတ်ကို မန ဟုခေါ်၍ "မနာယတန" ဟု ခေါ်တယ်။ မနာယတနသည် သက္ကာယ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်မှု၊ စိတ်မချမ်းမသာဖြစ်မှုတခုခု ဖြစ်ကြတယ်။

အသံကိုကြားသောအခါ၊ အနံ့ကိုနံသောအခါ၊ အရသာကို စားသောအခါ၊ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှု ဖြစ်သောအခါ၊ စိတ်မှာ အာရုံထင်လာသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်မှု၊ စိတ်မချမ်းမသာဖြစ်မှု တခုခု ဖြစ်ကြတယ်။ ဝမ်းမြောက် ဝမ်းသာ ဖြစ်မှုသည် သောမနဿ ဝေဒနာ ဖြစ်တယ်။ စိတ်မချမ်းမသာ ဖြစ်မှုသည် ဒေါမနဿ ဝေဒနာ ဖြစ်တယ်။

ယင်း သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ နှစ်ပါးတို့သည် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီး အပွားတို့ကို ဖြစ် စေ တတ် သည့် အတွက် အာယတန ဟု ခေါ်တယ်။

အဆင်းကိုမြင်သောအခါ၊အသံကိုကြားသောအခါ၊အနံ့ကို နံသောအခါ၊ အရသာကို စားသောအခါ၊ ကိုယ်မှာ တွေ့ထိ

တိုက်ခိုက်မှုဖြစ်သောအခါ စိတ်မှာ အာရုံ ထင်လာသောအခါ သောမနဿဝေဒနာက ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်ကို ငါ ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသည် ငါ ဝမ်းမြောက် ဝမ်းသာ ဖြစ်သည် မဟုတ်၊ သောမနဿဝေဒနာက ဝမ်း မြောက် ဝမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့သောမနဿဝေဒနာတခုတည်းကပင်သံသရာကျင်လည် ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် သောမနဿဝေဒနာကို ဓမ္မ ဟု ခေါ် ၍ "ဓမ္မာယတန" ဟု ခေါ်တယ်။

ဒေါမနဿဝေဒနာက စိတ်မချမ်းသာဖြစ်သည်ကို ငါစိတ် မချမ်းသာဖြစ်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

စိတ်မချမ်းသာ ဖြစ်ခြင်းသည် ငါ စိတ်မချမ်းသာ ဖြစ်သည် မဟုတ်၊ ဒေါမနဿ ဝေဒနာက စိတ်မချမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်းသိမြင်လျှင် သံသရာမှ ထွက်မြောက် ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ ဒေါမနဿဝေဒနာ တခုတည်းကပင် သံသရာ ကျင် လည်ရမှု အစီးအပွား၊ သံသရာမှထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် ဒေါမနဿဝေဒနာကို ဓမ္မ ဟု ခေါ်၍

"ဓမ္မာယတန" ဟု ခေါ်တယ်။ ဓမ္မာယတနသည် သက္ကာယ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို အမှတ်ပြုမှု ဖြစ်ကြတယ်။

အသံကို အမှတ်ပြုမှု၊ အနံ့ကို အမှတ်ပြုမှု၊ အရသာကို အမှတ်ပြုမှု၊ ကိုယ်မှာတွေ့ထိတိုက်ခိုက်မှုကို အမှတ်ပြုမှု၊ စိတ်မှာ ထင်လာသော အာရုံကို အမှတ်ပြုမှု ဖြစ်ကြတယ်။ အမှတ် ပြု မှုသည် သညာတရားဖြစ်တယ်။

ယင်း သညာတရားတို့သည် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် "အာယတန" ဟု ခေါ်တယ်။

သညာတရားက အမှတ် ပြုသည်ကို ငါ အမှတ် ပြုတယ်ဟု အလွဲအမှား ထင်မှတ် ယူဆလျှင် သံသရာ ကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

အမှတ်ပြုခြင်းသည် ငါ အမှတ် ပြု သည် မဟုတ်၊ သညာတရားက အမှတ်ပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ သညာတရား တခုတည်းကပင် သံသရာကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် သညာတရားကို ဓမ္မ ဟု ခေါ်၍ "ဓမ္မာယတန" ဟု ခေါ်တယ်။ ဓမ္မာယတနသည် သက္ကာယ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မြင်အောင် အားပြုမှု ဖြစ်ကြတယ်။

အသံကိုကြားအောင်အားပြုမှု၊ အနံ့ကိုရအောင်အားပြုမှု၊ အရသာစားမှုကို အားပြုမှု၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို အားပြုမှု၊စိတ်မှာထင်လာသောအာရုံကို အားပြုမှုဖြစ်ကြတယ်။ အားပြုမှုသည် စေတနာ သင်္ခါရတရား ဖြစ်တယ်။

ယင်းစေတနာသင်္ခါရ တရားတို့သည် သံသရာကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် 'အာယတန'' ဟု ခေါ်တယ်။

စေတနာသင်္ခါရတရားက အားပြုသည်ကို ငါအားပြုတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

အားပြုခြင်းသည် ငါအားပြုသည်မဟုတ်၊ စေတနာသင်္ခါရတရားက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ စေတနာသင်္ခါရတရားတခုတည်းကပင် သံသရာကျင်လည်ရမှုအစီးအပွား၊သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည်အတွက် စေတနာ သင်္ခါရတရားကို ဓမ္မဟု ခေါ်၍ "ဓမ္မာယတန" ဟု ခေါ်တယ်။ ဓမ္မာယတနသည် သဏ္ဍာယ ဖြစ်တယ်။

ယခုဟောပြသော အာယတနတို့သည် အာရုံရှိသောအခါ ဖြစ်ပေါ်လာတတ်သည့်အတွက် **နာမ်အာယတန** တို့ ဖြစ်တယ်။

နာမ်အာယတနတို့၏ မှီ၍ဖြစ်ရာတို့သည် ရုပ်အာယတနတို့ဖြစ်တယ်။ ဖောက်ပြန်မှု ထင်ရှားသောကြောင့် **ရုပ်အာယတန**တို့ ဖြစ်တယ်။

နာမ်အာယတနတို့၏ မှီရာဖြစ်ရာ ရုပ်အာယတန တို့သည်–

စက္ခာယတန၊
သောတာယတန၊
ဃာနာယတန၊
ဇိဝှာယတန၊
ကာယာယတန၊
ဓမ္မာယတန အားဖြင့် ခြောက်ပါးရှိတယ်။

ယင်း ရုပ် အာယတန ခြောက်ပါးတို့တွင် ဓာတ်လေးပါး တို့ များစွာပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော အကြည်ဓာတ် တို့သည် မျက်စိခေါ်သောနေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေသော အကြည်ဓာတ်သည် မျက်စိအကြည်ဓာတ် ဖြစ်တယ်။

နားခေါ်သောနေရာမှာ ပျံ့နှံ့ဖြစ်ပေါ်နေသော အကြည် ဓာတ်သည် နားအကြည်ဓာတ် ဖြစ်တယ်။

နှာခေါင်းခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေသော အကြည်ဓာတ်သည် နှာခေါင်းအကြည်ဓာတ်ဖြစ်တယ်။

လျှာခေါ်သောနေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေသော အကြည် ဓာတ်သည် လျှာအကြည်ဓာတ် ဖြစ်တယ်။

ကိုယ်ခေါ်သောနေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေသော အကြည် ဓာတ်သည် ကိုယ်အကြည်ဓာတ် ဖြစ်တယ်။

နှလုံးသားခေါ်သော နေရာမှာ ပျံ့နှံ့ ဖြစ်ပေါ်နေသော အကြည်ဓာတ်သည် နှလုံးသားအကြည်ဓာတ်ဖြစ်တယ်။

ယင်း အကြည်ခေါတ်ခြောက်ပါးတို့သည် ဖောက်ပြန်မှု ထင်ရှားသောကြောင့် ရုပ်တရားတို့ဖြစ်တယ်။

ယင်း အကြည်ခေါတ်ခြောက်ပါးတို့သည် သံသရာကျင်လည်ရမှု အစီး အပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် အာယတနဟု ခေါ်တယ်။

မျက်စိအကြည်ခေါတ်ကို ငါ့မျက်စိဟု အလွဲအမှားထင်မှတ် ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

မျက်စိအကြည်ခေါတ်သည် ငါ့မျက်စိမဟုတ်၊ ခေါတ်လေးပါး တို့ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော မျက်စိအကြည်ခေါတ် ရုပ်တရားသာဖြစ်တယ်ဟု အမှန်အတိုင်းသိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့မျက်စိအကြည်ခေါတ်ရုပ်တရားတခုတည်းကပင်သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီး အပွား ဖြစ်စေတတ်သည့်အတွက် မျက်စိ အကြည်ခေါတ် ရုပ် တရားကို စက္ခုဟုခေါ်၍ စက္ခာယတန ဟု ခေါ်တယ်၊ စက္ခာ ယတနသည် သက္ကာယ ဖြစ်တယ်။

နားအကြည်ခေါတ်ကို ငါ့နားဟု အလွဲအမှား ထင်မှတ်ယူဆ လျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

နား အကြည်ခေါတ်သည် ငါ့နားမဟုတ်၊ ခေါတ်လေးပါး တို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နား အကြည်ခေါတ် ရုပ် တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့နားအကြည်ဓာတ်ရုပ်တရား တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီး အပွားကို ဖြစ်စေတတ်သည့် အတွက် နားအကြည်ဓာတ် ရုပ် တရားကို သောတ ဟု ခေါ်၍ သောတာယတန ဟုခေါ်တယ်။ သောတာယတနသည် သက္ကာယ ဖြစ်တယ်။

နှာခေါင်း အကြည်ဓာတ်ကို ငါ့နှာခေါင်းဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ် စေတယ်။

နှာခေါင်း အကြည်ဓာတ်သည် ငါ့နှာခေါင်းမဟုတ်၊ ဓာတ် လေးပါးတို့ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှာခေါင်း အ ကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင် လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ နှာခေါင်း အကြည်ဓာတ် ရုပ်တရားတခုတည်းကပင် သံသရာကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် နှာခေါင်း အကြည် ဓာတ် ရုပ်တရားကို ဃာနဟု ခေါ်၍ ဃာနာယတန ဟု ခေါ် တယ်။ ဃာနာယတနသည် သက္ကာယ ဖြစ်တယ်။

လျှာအကြည်ဓာတ်ကို ငါ့လျှာဟု အလွဲအမှား ထင်မှတ် ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

လျှာ အကြည်ဓာတ်သည် ငါ့လျှာမဟုတ်၊ ဓာတ်လေးပါး တို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော လျှာအကြည်ဓာတ် ရုပ် တရားသာဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့လျှာအကြည်ခေါတ်ရုပ်တရားတခုတည်းကပင် သံသရာကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့်အတွက် လျှာ အကြည်ခေါတ် ရုပ်တရားကို ဇိဝှာ ဟု ခေါ်၍ ဇိဝှာယတနဟု ခေါ်တယ်။ ဇိဝှာယတနသည် သက္ကာယ ဖြစ်တယ်။

ကိုယ် အကြည်ခေါတ်ကို ငါ့ကိုယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ကိုယ်အကြည်ခေါတ်သည် ငါ့ကိုယ်မဟုတ်၊ ခေါတ်လေးပါးတို့ ပေါင်းဆုံမိ၍ဖြစ်ပေါ်လာသော ကိုယ်အကြည်ခေါတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ကိုယ်အကြည်ခေါတ်ရုပ်တရားတခုတည်းကပင် သံသရာကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့် အတွက် ကိုယ်အကြည်ခေါတ် ရုပ်တရားကို ကာယ ဟုခေါ်၍ ကာယာယတန ဟု ခေါ်တယ်။ ကာယာယတနသည် သက္ကာယ ဖြစ်တယ်။

နှလုံးသား အကြည်ခေါတ်ကို ငါ့နှလုံးသားဟု အလွဲအမှား ထင်မှတ်ယူဆလျှင် သံသရာကျင်လည်ရမှု အစီးအပွားကို ဖြစ်စေတယ်။

နှလုံးသား အကြည်ခေါတ်သည် ငါ့ နှလုံးသား မဟုတ်၊ခေါတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှလုံးသား အကြည်ခေါတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်လျှင် သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတယ်။

ဤသို့ နှလုံးသား အကြည်ဓာတ် ရုပ်တရား တခုတည်းကပင် သံသရာ ကျင်လည်ရမှု အစီးအပွား၊ သံသရာမှ ထွက်မြောက်ရမှု အစီးအပွားကို ဖြစ်စေတတ်သည့် အတွက် နှလုံးသား အကြည်ဓာတ် ရုပ်တရားကို ဓမ္မဟု ခေါ်၍ ဓမ္မာယတနဟု ခေါ်တယ်။ ဓမ္မာယတနသည် သဏ္ဍာယ ဖြစ်တယ်။

## အာယတနမှာ ဒိဋ္ဌိစွဲကပ်ပုံ

အာယတန သဏ္ဍာယမှာ ဒိဋ္ဌိ စွဲကပ်လာလျှင် လူများတို့မှာ တစ္ဆေ ဘီလူး ပူးကပ်လာသကဲ့သို့ ဖြစ်ပေါ်လာတတ်တယ်။ တစ္ဆေ ဘီလူး ပူးကပ်လာသော ပုဂ္ဂိုလ်တို့သည် ပကတိ လူစိတ် ပျောက်၍ တစ္ဆေစိတ်၊ ဘီလူးစိတ် ဖြစ်ပေါ်လာပြီးလျှင် အလွဲ အမှား ထင်မှတ်ယူဆမှု ဖြစ်ကြလျက် လုပ်ချင်ရာလုပ်၊ ပြောချင် ရာပြော၊ စားချင်ရာစား၊ သောက်ချင်ရာသောက် ဖြစ်ပေါ် လာတတ်တယ်။

ထို့အတူ ဒိဋ္ဌိ စွဲကပ်လာသော ပုဂ္ဂိုလ်တို့သည်လည်း အလွဲ အမှား ထင်မှတ်ယူဆမှု ဖြစ်ကြလျက် လုပ်ချင်ရာလုပ်၊ ပြောချင် ရာပြော၊ စားချင်ရာစား၊ သောက်ချင်ရာသောက် ဖြစ်ပေါ်လာ ကြတယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အာယတနတို့အပေါ် ဒိဋ္ဌိ စွဲကပ်လာလျှင်—

မျက်စိမှာ စက္ခုဝိညာဏ်စိတ်က အဆင်းမြင်သည်ကို ငါ မြင်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

နားမှာ သောတဝိညာဏ်စိတ်က အသံ ကြားသည်ကို ငါ ကြားတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

နှာခေါင်းမှာ ဃာနဝိညာဏ်စိတ်က အနံ့ နံသည်ကို ငါ အနံ့ နံတယ်၊ ငါ ပုပ်တယ်၊ ငါ မွှေးတယ်၊ ငါ ညှော်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

လျှာမှာ ဇိဝှာဝိညာဏ်စိတ်က အရသာ သိသည်ကို ငါ သိတယ်၊ ငါ ချိုတယ်၊ ငါ ချဉ်တယ်၊ ငါ ခါးတယ် စသော အားဖြင့် အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

ကိုယ်မှာ ကာယဝိညာဏ်စိတ်က တွေ့ထိ တိုက် ခိုက်မှု ကို သိသည်ကို ငါ သိတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

မနောဝိညာဏ်စိတ်က စိတ်မှာ ထင်လာသော အာရုံကို သိသည်ကို ငါ သိတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

အဆင်းကိုမြင်သောအခါ၊ အသံကိုကြားသောအခါ၊ အနံ့ကို နံသောအခါ၊ အရသာကိုစားသောအခါ၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု ဖြစ်သောအခါ၊ စိတ်မှာ အာရုံ ထင်လာသောအခါ သောမနဿဝေဒနာက ဝမ်းမြောက် ဝမ်းသာ ဖြစ်သည်ကို ငါ ဝမ်းမြောက် ဝမ်းသာ ဖြစ်တယ်ဟု အလွဲအမှား ထင်မှတ် ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

ဒေါမနဿ ဝေဒနာက စိတ် မချမ်းမသာ ဖြစ်သည်ကို ငါ စိတ်မချမ်းမသာ ဖြစ်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

သညာတရားက အဆင်းကို့၊ အသံကို့၊ အနံ့ကို့၊ အရသာကို့၊ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို့၊ စိတ်မှာထင်လာသော အာရုံကို မှတ်ထားသည်ကို ငါ မှတ်ထားတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

စေတနာ သင်္ခါရတရားက အဆင်းကိုမြင်အောင်၊ အသံကို ကြားအောင်၊ အနံ့ကိုရအောင်၊ အရသာစားမှုကို၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို၊ စိတ်မှာထင်လာသောအာရုံကို အားပြု သည်ကို ငါ အားပြုတယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိ စွဲကပ်တယ်။

မျက်စိအကြည်ဓာတ် ရုပ်တရားကို ငါ့မျက်စိဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

နား အကြည်ဓာတ် ရုပ်တရားကို ငါ့ နားဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

နှာခေါင်း အကြည်ဓာတ် ရုပ်တရားကို ငါ့ နှာခေါင်းဟု အလွဲအမှားထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

လျှာအကြည်ဓာတ် ရုပ်တရားကို ငါ့ လျှာဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

ကိုယ်အကြည်ဓာတ် ရုပ်တရားကို ငါ့ ကိုယ်ဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

နှလုံးသား အကြည်ဓာတ် ရုပ်တရားကို ငါ့နှလုံးသားဟု အလွဲအမှား ထင်မှတ်ယူဆလျှင် ဒိဋ္ဌိစွဲကပ်တယ်။

## ဒိဋ္ဌိကွာ၍ ဉာတပရိညာ ဖြစ်ပုံ

တစ္ဆေ၊ ဘီလူး ပူးကပ်သော လူများတို့ကို မှော်ဆရာက ဆေးတိုက်လျှင် ကျွတ်ထွက် သွားသကဲ့သို့ ဒိဋ္ဌိစွဲကပ်နေသော လူများကိုလည်း ပဋိပတ္တိအရာ လိမ္မာသော ဆရာသမားက ဝိပဿနာကဲသော မဂ္ဂင်ဆေးကိုတိုက်ကျွေးလျှင် စွဲကပ်နေသော ဒိဋ္ဌိ ကွာသွားတယ်။

ဒိဋ္ဌိကွာသွားလျှင် ရုပ်၊နာမ်၊အာယတန သဏ္ဍာယတရားတို့ကို အမှန်အတိုင်းသိမြင်ကြတယ်။

ရုပ်၊နာမ်၊အာယတန သဏ္ဍာယတရားတို့ကို အမှန်အတိုင်း သိမြင်ကြလျှင် မျက်စိမှာအဆင်းကို မြင်ခြင်းသည် ငါမြင်သည် မဟုတ်၊စက္ခုဝိညာဏ်စိတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်ကြတယ်။

နားမှာ အသံကို ကြားခြင်းသည် ငါ ကြားသည်မဟုတ်၊ သောတဝိညာဏ်စိတ်က ကြားခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်ကြတယ်။

နှာခေါင်းမှာ အနံ့နံခြင်းသည် ငါ နံသည်မဟုတ်၊ ဃာန ဝိညာဏ်စိတ်က နံခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင် ကြတယ်။

လျှာမှာ အရသာကိုသိခြင်းသည် ငါသိသည်မဟုတ်၊ ဇိဝှာ ဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင် ကြတယ်။

ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို သိခြင်းသည် ငါ သိသည် မဟုတ်၊ကာယဝိညာဏ်စိတ်က သိခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်ကြတယ်။

စိတ်မှာ ထင်လာသောအာရုံကို သိခြင်းသည် ငါ သိသည် မဟုတ်၊ မနောဝိညာဏ်စိတ်က သိခြင်းသာဖြစ်တယ်ဟု အမှန် အတိုင်းသိမြင်ကြတယ်။

အဆင်းကိုမြင်သောအခါ၊အသံကိုကြားသောအခါ၊အနံ့ကို နံသောအခါ၊အရသာကိုစားသောအခါ၊ကိုယ်မှာ တွေ့ထိတိုက် ခိုက်မှု ဖြစ်သောအခါ၊ စိတ်မှာ အာရုံ ထင်လာသောအခါ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းသည် ငါ ဝမ်းမြောက် ဝမ်းသာ ဖြစ်သည်မဟုတ်၊ သောမနဿဝေဒနာက ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

စိတ်မချမ်းမသာ ဖြစ်ခြင်းသည် ငါ စိတ် မချမ်းမသာ ဖြစ် သည်မဟုတ်၊ဒေါမနဿဝေဒနာက စိတ်မချမ်းမသာ ဖြစ်ခြင်း သာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

အဆင်းကိုမှတ်ထားခြင်းသည်၊အသံကိုမှတ်ထားခြင်းသည်၊ အနံ့ကို မှတ်ထားခြင်းသည်၊ အရသာကို မှတ်ထားခြင်းသည်၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို မှတ်ထားခြင်းသည်၊ စိတ်မှာ ထင်လာသောအာရုံကို မှတ်ထားခြင်းသည် ငါမှတ်ထားသည် မဟုတ်၊သညာတရားက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု အမှန် အတိုင်း သိမြင်ကြတယ်။

အဆင်းကို မြင်အောင် အားပြုခြင်းသည်၊အသံကို ကြား အောင် အားပြုခြင်းသည်၊အနံ့ကို ရအောင် အားပြုခြင်းသည်၊

အရသာကို အားပြုခြင်းသည်၊ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို အားပြုခြင်းသည်၊ စိတ်မှာထင်လာသောအာရုံကို အားပြုခြင်း သည် ငါ အားပြုသည်မဟုတ်၊ စေတနာသင်္ခါရက အားပြုခြင်း သာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

မျက်စိအကြည်ဓာတ်သည် ငါ့မျက်စိမဟုတ်၊ ဓာတ်လေးပါး တို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော မျက်စိအကြည်ဓာတ် ရုပ် တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

နားအကြည်ဓာတ်သည် ငါ့နားမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နားအကြည်ဓာတ် ရုပ်တရား သာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

နှာခေါင်းအကြည်ဓာတ်သည် ငါ့နှာခေါင်းမဟုတ်၊ ဓာတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော နှာခေါင်း အကြည်ဓာတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင် ကြတယ်။

လျှာအကြည်ဓာတ်သည် ငါ့လျှာ မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော လျှာ အကြည်ဓာတ် ရုပ် တရားသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

ကိုယ်အကြည်ဓာတ်သည် ငါ့ကိုယ်မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ် ပေါ် လာ သော ကိုယ်အကြည်ဓာတ် ရုပ် တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

နှလုံးသားအကြည်ဓာတ်သည် ငါ့နှလုံးသားမဟုတ်၊ ဓာတ် လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ် ပေါ် လာ သော နှလုံးသား

အကြည်ခံတတ် ရုပ်တရားသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

နာမ် အာယတန သက္ကာယတို့မှာ ဒိဋ္ဌိကွာလျှင် **နာမပရိစ္ဆေဒ ဉာဏ်** ဖြစ်တယ်။

ရုပ် အာယတန သက္ကာယတို့မှာ ဒိဋ္ဌိကွာလျှင် **ရူပ ပရိစ္ဆေဒ ဉာဏ်** ဖြစ်တယ်။

နာမ် အာယတနသက္ကာယ၊ ရုပ်အာယတနသက္ကာယ နှစ်ပါးလုံးမှာ ဒိဋ္ဌိကွာလျှင် **နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်တယ်။**

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တယ်။

ဉာတပရိညာ ဖြစ်တယ်။

စူဠ သောတာပန် ဖြစ်တယ်။

**နာမ** ရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ် အတ္တဒိဋ္ဌိကို ပယ်တယ်။ **ပရမတ်အတ္တဒိဋ္ဌိ** ကျန်ရှိနေသေးတယ်။

## ပစ္စယ ပရိဂ္ဂဟဉာဏ်

နာမ် အာယတနသက္ကာယ၊ ရုပ် အာယတနသက္ကာယ တရားတို့၏ အကြောင်းကား—

ပစ္စုပ္ပန် အကြောင်း၊ အတိတ်အကြောင်းအားဖြင့် နှစ်ပါးရှိတယ်။ ပစ္စုပ္ပန် အကြောင်းကား—

နာမ် အာယတန သက္ကာယမှာ စက္ခုဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းကား အဆင်းအာရုံ ဖြစ်တယ်။ အဆင်းအာရုံသည် စက္ခုဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

သောတဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းကား အသံ အာရုံ ဖြစ်တယ်။ အသံ အာရုံသည် သောတဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။ ဃာန ဝိညာဏ်စိတ်၏ ဖြစ်ခြင်း အကြောင်းကား အနံ့ အာရုံ ဖြစ်တယ်။ အနံ့ အာရုံသည် ဃာန ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

ဇိဝှာ ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းကား၊ အရသာ အာရုံ ဖြစ်တယ်။ အရသာ အာရုံသည် ဇိဝှာ ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

ကာယ ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းကား ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုအာရုံ ဖြစ်တယ်။ ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှု အာရုံသည် ကာယ ဝိညာဏ်စိတ်၏ ဖြစ် ခြင်း အ ကြောင်း ဖြစ်တယ်။

မနော ဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်းကား စိတ်မှာ ထင်လာသော အာရုံ ဖြစ်တယ်။ စိတ်မှာ ထင်လာသော အာရုံ သည် မနောဝိညာဏ်စိတ်၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

ဝေဒနာ သက္ကာယ တရား၏ ဖြစ် ခြင်း အ ကြောင်း ကား အာရုံကို တွေ့ထိတတ်သော ဖဿတရား ဖြစ်တယ်။ အာရုံကို တွေ့ထိတတ်သော ဖဿတရားသည် ဝေဒနာသက္ကာယ တရား၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

သညာသက္ကာယ တရား၊ သင်္ခါရ သက္ကာယ တရားတို့၏ ဖြစ်ခြင်းအကြောင်းကား အာရုံကို တွေ့ထိတတ်သော ဖဿ တရားဖြစ်တယ်။ အာရုံကို တွေ့ထိတတ်သော ဖဿတရားသည်

သညာ သက္ကာယတရား၊ သင်္ခါရသက္ကာယတရားတို့၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

ဤကား နာမ် အာယတနသက္ကာယ တရားတို့၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

ရုပ်သက္ကာယ တရားတို့၏ ဖြစ်ခြင်းအကြောင်းမှာ—

စက္ခာယတန၊

သောတာယတန၊

ဃာနာယတန၊

ဇိဝှာယတန၊

ကာယာယတန၊

ဓမ္မာယတန-

တရားတို့၏ ဖြစ်ခြင်းအကြောင်းကား ဓာတ် လေးပါးတို့ ပေါင်းဆုံမိမှု ဖြစ်တယ်။ ဓာတ် လေးပါးတို့ ပေါင်းဆုံမိမှု သည် စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာ ယတန၊ ကာယာယတန၊ ဓမ္မာယတနသက္ကာယ တရားတို့၏ ဖြစ်ခြင်းအကြောင်း ဖြစ်တယ်။

ဤကား ရုပ်အာယတနသက္ကာယ တရားတို့၏ ဖြစ်ခြင်း အကြောင်း ဖြစ်တယ်။

အတိတ်အကြောင်းကား-

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ တရားတို့ဖြစ်တယ်။

အတိတ်အကြောင်းကို သိမြင်နိုင်လောက်ပြီဖြစ်၍ မဟောတော့ဘူး။

အကြောင်းကို သိမ်းဆည်း၍ သိမြင်ကြလျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

ပရမတ် အတ္တဒိဋ္ဌိကပ်ပုံ, ကွာပုံကိုလည်း သိမြင်နိုင်လောက်ပြီဖြစ်၍ မဟောတော့ဘူး။

## တီရဏ ပရိညာ

နာမ်အာယတန, ရုပ်အာယတနသက္ကာယ တရားတို့ကို ဖြစ်ပေါ်လာပြီလျှင် ပရမာကျူမှု့ အကြွင်းအကျန်မရှိပဲ ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသောတရားတို့သာ ဖြစ်တယ်ဟူ၍ ဝိပဿနာဉာဏ်မှာထင်မြင်လာအောင် ရှုကြ,ပွားများကြ။

ကြိမ်ဖန်များစွာ ရှုကြ,ပွားများကြ၍ ဖြစ်ပေါ်လာပြီးလျှင် ပရမာကျူမှု့ အကြွင်းအကျန်မရှိပဲ ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟု ဝိပဿနာဉာဏ်မှာ ထင်မြင်လာလျှင် တီရဏပရိညာဖြစ်တယ်။ တီရဏပရိညာဖြင့် ပရမတ်အတ္တဒိဋ္ဌိကို ပယ်တယ်။

## ပဟာန ပရိညာ

နာမ် အာယတန, ရုပ် အာယတနသင်္ကာယ တရား တို့၏ ဖြစ်ပေါ်လာပြီးလျှင် ပရမာဏုမျှမျှ အကြွင်းအကျန်မရှိပဲ ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာဖြစ်တယ်ဟု ဝိပဿနာဉာဏ်မှာ ထင်မြင်လာသောအတိုင်း ကြိမ်ဖန်များစွာ ပွားများ အားထုတ်ကြလျှင် ပညတ်, ပရမတ်တို့ အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ်လာတတ်သော ဒိဋ္ဌိနှင့် တကွ ဖြစ်သော သာယာခင်တွယ်စွဲလမ်းတတ်သော အနုသယလောဘ တရား အချင်းခပ်သိမ်း မဖြစ်တော့ပဲ ချုပ်ငြိမ်း သွားသဖြင့် ဒုက္ခချုပ်ငြိမ်းသွားတယ်။

အနုသယ လောဘတရား အချင်းခပ်သိမ်း မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားသဖြင့် ဒုက္ခချုပ်ငြိမ်း သွားလျှင် ပဟာနပရိညာ ဖြစ်တယ်၊ ပဟာနပရိညာဖြစ်လျှင် မဟာသောတာပန်ဖြစ်တယ်။

မဟာသောတာပန်ပုဂ္ဂိုလ်သည် ဒုက္ခချုပ်ငြိမ်းမှု နိရောဓသစ္စာကို ထိုးထွင်း၍ သိမြင်သောအားဖြင့် အာရုံပြုတယ်။

သစ္စာလေးပါး တရားတို့ကို ပိုင်းခြား၍သိမြင်တယ်။

ယခု ဟောပြသော တရားကား အာယတန သင်္ကာယ အပေါ်မှာ ဒိဋ္ဌိကပ်ပုံ, ဒိဋ္ဌိကွာပုံကို ဟောပြသော တရား ဖြစ်တယ်။

## ခေတ်သင်္ကာယ

ခေတ်သင်္ကာယအပေါ်မှာ ဒိဋ္ဌိကပ်ပုံ, ဒိဋ္ဌိကွာပုံကို သိသာရုံ အကျဉ်းမျှ ဟောပြသွားမည်။

တကာကြီးတို့၊တကာမကြီးတို့မျက်စိမှာအဆင်းကို မြင်သော စိတ်သည် စက္ခုဝိညာဏ်စိတ် ဖြစ်တယ်။

နားမှာ အသံကိုကြားသောစိတ်သည် သောတဝိညာဏ် စိတ် ဖြစ်တယ်။

နှာခေါင်းမှာ အနံ့နံသော စိတ်သည် ဃာနဝိညာဏ် စိတ် ဖြစ်တယ်။

လျှာမှာ အရသာကို သိသောစိတ်သည် ဇိဝှာဝိညာဏ်စိတ် ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို သိသော စိတ်သည် ကာယ ဝိညာဏ်စိတ် ဖြစ်တယ်။

စိတ်မှာ ထင်လာသော အာရုံကို သိသောစိတ်သည် မနော ဝိညာဏ်စိတ် ဖြစ်တယ်။

ယင်း ဝိညာဏ်စိတ် ခြောက်ပါးတို့သည် မိမိ၏ သဘောကို ဆောင်သောကြောင့် ဓာတ်ဟု ခေါ်တယ်။

စက္ခုဝိညာဏ်စိတ်သည် အဆင်းမြင်မှု မိမိ၏ သဘောကို ဆောင်သောကြောင့် စက္ခုဝိညာဏဓာတ်ဟု ခေါ်တယ်။

သောတဝိညာဏ်စိတ်သည် အသံကြားမှု မိမိ၏ သဘောကို ဆောင်သောကြောင့် သောတဝိညာဏဓာတ်ဟု ခေါ်တယ်။

ဃာနဝိညာဏ်စိတ်သည် အနံ့နံမှု မိမိ၏သဘောကို ဆောင် သောကြောင့် ဃာနဝိညာဏဓာတ်ဟု ခေါ်တယ်။

ဇိဝှာဝိညာဏ် စိတ်သည် အရသာသိမှု မိမိ၏ သဘောကို ဆောင်သောကြောင့် ဇိဝှာဝိညာဏဓာတ်ဟု ခေါ်တယ်။

ကာယဝိညာဏ် စိတ်သည် ကိုယ်မှာ တွေ့ထိမှုကို သိမှု မိမိ၏ သဘောကို ဆောင်သောကြောင့် ကာယဝိညာဏ ဓာတ်ဟု ခေါ်တယ်။

မနောဝိညာဏ်စိတ်သည် စိတ်မှာ ထင်လာသော အာရုံကို သိမှု မိမိ၏ သဘောကို ဆောင်သောကြောင့် မနောဝိညာဏ ဓာတ်ဟု ခေါ်တယ်။

ဝိညာဏဓာတ် ခြောက်ပါးတို့သည် သက္ကာယ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မြင်သော အခါ၊ အသံကိုကြားသောအခါ၊ အနံ့ကိုနံသောအခါ၊ အရသာကို စားသောအခါ၊ ကိုယ်မှာတွေ့ထိ တိုက်ခိုက်မှုဖြစ်သော အခါ၊ စိတ်မှာ အာရုံ ထင်လာသော အခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်မှုသည် "သောမနဿဝေဒနာ"ဖြစ်တယ်။

စိတ်မချမ်းသာဖြစ်မှုသည် "ဒေါမနဿဝေဒနာ"ဖြစ်တယ်။

ယင်း ဝေဒနာတရားတို့သည် မိမိ၏ သဘောကို ဆောင် သောကြောင့် ဓာတ်ဟု ခေါ်တယ်။

သောမနဿဝေဒနာသည် ဝမ်းမြောက်ဝမ်းသာဖြစ်မှု မိမိ၏ သဘောကို ဆောင်သောကြောင့် သောမနဿဓာတ်ဟု ခေါ် တယ်။

ဒေါမနဿ ဝေဒနာသည် စိတ်မချမ်းသာ ဖြစ်မှု မိမိ၏ သဘောကို ဆောင်သောကြောင့် ဒေါမနဿဓာတ်ဟု ခေါ် တယ်။ ဝေဒနာဓာတ်တို့သည် သက္ကာယ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မှတ်ထားမှု၊ အသံကိုမှတ်ထားမှု၊ အနံ့ကိုမှတ်ထားမှု၊အရသာကိုမှတ်ထားမှု၊ ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို မှတ်ထားမှု၊ စိတ်မှာထင်လာသောအာရုံကို မှတ်ထားမှုတို့သည် "သညာ"တရားဖြစ်တယ်။

ယင်းသညာတရားတို့သည် မိမိ၏သဘောကို ဆောင်သောကြောင့် ဓာတ်ဟု ခေါ်တယ်။

သညာတရားသည် အာရုံခြောက်ပါးကို မှတ်ထားမှု မိမိ၏ သဘောကို ဆောင်သောကြောင့် သညာဓာတ်ဟု ခေါ်တယ်။ သညာဓာတ်သည် သင်္ခါယ ဖြစ်တယ်။

တကာကြီးတို့၊ တကာမကြီးတို့မှာ အဆင်းကို မြင်အောင် အားပြုမှု၊ အသံကိုကြားအောင် အားပြုမှု၊ အနံ့ ရအောင်အားပြုမှု၊ အရသာ စားမှုကို အားပြုမှု၊ကိုယ်မှာ တွေ့ထိတိုက်ခိုက် မှုကို အားပြုမှု၊ စိတ်မှာထင်လာသော အာရုံကို အားပြုမှု တို့သည် စေတနာသင်္ခါရတရား ဖြစ်တယ်။

ယင်း စေတနာ သင်္ခါရ တရားတို့သည် မိမိ၏ သဘောကို ဆောင်သောကြောင့် ဓာတ်ဟု ခေါ်တယ်။

စေတနာသင်္ခါရတရားသည် အဆင်းကို မြင်အောင် အားပြုမှု၊အသံကိုကြားအောင်အားပြုမှု၊အနံ့ကို ရအောင်အားပြုမှု၊ အရသာစားမှုကို အားပြုမှု၊ကိုယ်မှာတွေ့ထိတိုက်ခိုက်မှုကို အားပြုမှု၊ စိတ်မှာထင်လာသောအာရုံကို အားပြုမှု မိမိ၏သဘောကို ဆောင်သောကြောင့် စေတနာသင်္ခါရဓာတ်ဟု ခေါ်တယ်။ စေတနာသင်္ခါရဓာတ်သည် သင်္ခါယဖြစ်တယ်။

ယခု ဟောပြသော ဓာတ်တို့ကား အာရုံရှိသောအခါ ဖြစ်ပေါ်လာတတ်သောကြောင့် နာမ်ဓာတ်တို့ ဖြစ်တယ်။

နာမ်ဓာတ်တို့၏ မှီ၍ ဖြစ်ရာ ရုပ်ဓာတ်တို့ကား—

စက္ခုဓာတ်၊

သောတဓာတ်၊

ဃာနဓာတ်၊

ဇိဝှာဓာတ်၊

ကာယဓာတ်၊

ဓမ္မဓာတ် အားဖြင့် ခြောက်ပါး ရှိတယ်။

ယင်း ရုပ်ဓာတ် ခြောက် ပါး တို့ တွင် ဓာတ် လေး ပါး တို့ များစွာ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော အကြည်ဓာတ်တို့သည် မျက်စိခေါ်သောနေရာမှာ ပွံ့နှံ့ ဖြစ်ပေါ်လာသော အကြည်ဓာတ်သည် မျက်စိအကြည်ဓာတ် ဖြစ်တယ်။

နားခေါ်သောနေရာမှာ ပွံ့နှံ့ ဖြစ်ပေါ်လာသော အကြည်ဓာတ်သည် နားအကြည်ဓာတ် ဖြစ်တယ်။

နှာခေါင်းခေါ်သော နေရာမှာ ပွံ့နှံ့ ဖြစ်ပေါ်လာသော အကြည်ဓာတ်သည် နှာခေါင်းအကြည်ဓာတ် ဖြစ်တယ်။

လျှာခေါ်သောနေရာမှာ ပွံ့နှံ့ဖြစ်ပေါ်လာသော အကြည်ဓာတ်သည် လျှာအကြည်ဓာတ် ဖြစ်တယ်။

ကိုယ်ခေါ်သောနေရာမှာ ပွံ့နှံ့ဖြစ်ပေါ်လာသော အကြည်ဓာတ်သည် ကိုယ်အကြည်ဓာတ် ဖြစ်တယ်။

နှလုံးသား ခေါ်သော နေရာမှာ ပွံ့နှံ့ ဖြစ်ပေါ်လာသော အကြည်ဓာတ်သည် နှလုံးသားအကြည်ဓာတ် ဖြစ်တယ်။

ယင်း အကြည်ဓာတ် ခြောက်ပါးတို့သည် မဟာဘုတ် လေးပါးတို့ကို ကြည်လင်စေတတ်သော မိမိတို့၏ သဘောကို ဆောင်သောကြောင့် ဓာတ်ဟုခေါ်တယ်။

မျက်စိ အကြည်ဓာတ်ကို စက္ခုဟု ခေါ်၍ စက္ခုဓာတ်ဟု ခေါ်တယ်။

နားအကြည်ဓာတ်ကို သောတဟုခေါ်၍ သောတဓာတ်ဟု ခေါ်တယ်။

နှာခေါင်း အကြည်ဓာတ်ကို ဃာနဟု ခေါ်၍ ဃာန ဓာတ်ဟု ခေါ်တယ်။

လျှာ အကြည်ဓာတ် ကို ဇိဝှာဟု ခေါ်၍ ဇိဝှာဓာတ်ဟု ခေါ်တယ်။

ကိုယ် အကြည်ဓာတ်ကို ကာယဟု ခေါ်၍ ကာယဓာတ်ဟု ခေါ်တယ်။

နှလုံးသား အကြည်ဓာတ်ကို ဓမ္မဟု ခေါ်၍ ဓမ္မဓာတ်ဟု ခေါ်တယ်။

ယင်း ဓာတ် ခြောက်ပါးတို့သည် ဖောက်ပြန်မှု ထင်ရှား သောကြောင့် ရုပ်ဓာတ်တို့ ဖြစ်တယ်။

ယင်း ရုပ်ဓာတ် ခြောက်ပါးတို့သည် သက္ကာယ ဖြစ်တယ်။

## နာမ်ခေတ် ရုပ်ခေတ် သက္ကာယတို့မှာ ဒိဋ္ဌိကပ်ပုံ

နာမ်ခေတ်, ရုပ်ခေတ် သက္ကာယတို့မှာ ဒိဋ္ဌိ စွဲကပ်လာလျှင်—

စက္ခုဝိညာဏခေတ်က အဆင်းမြင်သည်ကို ငါမြင်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

သောတဝိညာဏခေတ်က အသံကြားသည်ကို ငါကြားတယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဃာနဝိညာဏခေတ်က အနံ့ နံသည်ကို ငါနံတယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဇိဝှာဝိညာဏခေတ်က အရသာသိသည်ကို ငါသိတယ်၊ ငါချိုတယ်၊ ငါချဉ်တယ် စသောအားဖြင့် အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ကာယဝိညာဏခေတ်က ကိုယ်မှာ တွေ့ထိ တိုက်ခိုက်မှုကို သိသည်ကို ငါသိတယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

မနောဝိညာဏခေတ်က စိတ်မှာ ထင်လာသော အာရုံကို သိသည်ကို ငါသိတယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

သောမနဿခေတ်က ဝမ်းမြောက် ဝမ်းသာ ဖြစ်သည်ကို ငါဝမ်းမြောက် ဝမ်းသာ ဖြစ်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဒေါမနဿခေတ်က စိတ်မချမ်းသာ ဖြစ်သည်ကို ငါစိတ်မချမ်းသာ ဖြစ်တယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

သညာခေတ်က အာရုံတို့ကို မှတ်ထားသည်ကို ငါ မှတ်ထားတယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

စေတနာသင်္ခါရခေတ်က အာရုံတို့ကို အားပြုသည်ကို ငါ အားပြုတယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဤကား နာမ်ခေတ်တို့မှာ ဒိဋ္ဌိကပ်ပုံ ဖြစ်တယ်။

ရုပ်ခေတ် သက္ကာယတို့မှာ ဒိဋ္ဌိ ကပ်လာလျှင်—

စက္ခုခေတ် ရုပ်တရားကို ငါ့မျက်စိဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

သောတခေတ် ရုပ်တရားကို ငါ့ နားဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဃာနခေတ် ရုပ်တရားကို ငါ့ နှာခေါင်းဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဇိဝှာခေတ် ရုပ်တရားကို ငါ့ လျှာဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ကာယခေတ် ရုပ်တရားကို ငါ့ ကိုယ်ဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဓမ္မခေတ် ရုပ်တရားကို ငါ့ နှလုံးသားဟု အလွဲအမှား ထင်မှတ်ယူဆမှု ဖြစ်တယ်။

ဤကား ရုပ်ခေတ်တို့မှာ ဒိဋ္ဌိကပ်ပုံ ဖြစ်တယ်။

## နာမ်ခေတ်,ရုပ်ခေတ်တို့မှာ ဒိဋ္ဌိကွာ၍ ဉာတပရိညာဖြစ်ပုံ

နာမ်ခေတ်,ရုပ်ခေတ်သက္ကာယ တို့မှာ စွဲကပ်နေသော ဒိဋ္ဌိကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပယ်ခွာပစ်၍ ဒိဋ္ဌိကွာသွားလျှင် နာမ်ခေတ်, ရုပ်ခေတ်တို့ကို အမှန်အတိုင်း သိမြင်တယ်။

နာမ်ခေတ်,ရုပ်ခေတ်သက္ကာယတို့မှာဒိဋ္ဌိကွာ၍ အမှန်အတိုင်း သိမြင်လျှင်—

မျက်စိမှာ အဆင်းကို မြင်ခြင်းသည် ငါမြင်သည်မဟုတ်၊ စက္ခုဝိညာဏခေတ်က မြင်ခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်တယ်။

နားမှာ အသံကို ကြားခြင်းသည် ငါကြားသည် မဟုတ်၊ သောတဝိညာဏခေတ်က ကြားခြင်းသာ ဖြစ်တယ်။

နှာခေါင်းမှာ အနံ့ကိုနံခြင်းသည် ငါနံသည်မဟုတ်၊ ဃာန ဝိညာဏခေတ်က နံခြင်းသာ ဖြစ်တယ်။

လျှာမှာ အရသာကို သိခြင်းသည် ငါသိ သည် မဟုတ်၊ ဇိဝှာဝိညာဏခေတ်က သိခြင်းသာ ဖြစ်တယ်။

ကိုယ်မှာ တွေ့ထိတိုက်ခိုက်မှုကို သိခြင်းသည် ငါသိသည် မဟုတ်၊ ကာယဝိညာဏခေတ်က သိခြင်းသာ ဖြစ်တယ်။

စိတ်မှာ ထင်လာသော အာရုံကို သိခြင်းသည် ငါသိသည် မဟုတ်၊ မနောဝိညာဏခေတ်က သိခြင်းသာ ဖြစ်တယ်။

ဒီလို အမှန်အတိုင်း သိမြင်ကြတယ်။

ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းသည် ငါ ဝမ်းမြောက် ဝမ်းသာ ဖြစ်သည်မဟုတ်၊ သောမနဿစေတက ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းသာ ဖြစ်တယ်။

စိတ်မချမ်းသာဖြစ်ခြင်းသည် ငါစိတ်မချမ်းသာ ဖြစ်သည်မဟုတ်၊ ဒေါမနဿစေတက စိတ်မချမ်းသာဖြစ်ခြင်းသာ ဖြစ်တယ်။

ဒီလို အမှန်အတိုင်း သိမြင်ကြတယ်။

အာရုံတို့ကို မှတ်ထားခြင်းသည် ငါမှတ်ထားသည်မဟုတ်၊ သညာစေတက မှတ်ထားခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

အာရုံတို့ကို အားပြုခြင်းသည် ငါ အားပြုသည် မဟုတ်၊ စေတနာသင်္ခါရစေတက အားပြုခြင်းသာ ဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

နာမ်စေတသိက်ကာယတို့မှာ ဒီဥစ္စာလျှင် နာမပရိစ္ဆေဒဉာဏ် ဖြစ်တယ်။

မျက်စိအကြည်စေတ်သည် ငါ့မျက်စိ မဟုတ်၊ စေတ်လေးပါးတို့ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော စက္ခုစေတ် ရုပ်တရားသာဖြစ်တယ်ဟု အမှန်အတိုင်း သိမြင်ကြတယ်။

နားအကြည်စေတ်သည် ငါ့နား မဟုတ်၊ စေတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော သောတစေတ် ရုပ်တရားသာ ဖြစ်တယ်။

နှာခေါင်းအကြည်ဓာတ်သည် ငါ့နှာခေါင်းမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ဃာနဓာတ် ရုပ်တရားသာ ဖြစ်တယ်။

လျှာအကြည်ဓာတ်သည် ငါ့လျှာမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ဇိဝှာဓာတ် ရုပ်တရားသာ ဖြစ်တယ်။

ကိုယ်အကြည်ဓာတ်သည် ငါ့ကိုယ်မဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ကာယဓာတ် ရုပ်တရားသာ ဖြစ်တယ်။

နှလုံးသား အကြည်ဓာတ်သည် ငါ့နှလုံးသားမဟုတ်၊ ဓာတ်လေးပါးတို့ ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော ဓမ္မဓာတ် ရုပ်တရားသာ ဖြစ်တယ်။

ဒီလို အမှန်အတိုင်း သိမြင်ကြတယ်။

ရုပ်ဓာတ် သက္ကာယတို့မှာ ဒိဋ္ဌိကွာလျှင် **ရူပပရိစ္ဆေဒဉာဏ်** ဖြစ်တယ်။

နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

ဉာတပရိညာ ဖြစ်တယ်။

စူဠသောတာပန် ဖြစ်တယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပညတ်အတ္တဒိဋ္ဌိကို ပယ်တယ်။ ပရမတ်အတ္တဒိဋ္ဌိ ကျန်ရှိနေသေးတယ်။

နာမ်ဓာတ်, ရုပ်ဓာတ်သက္ကာယ တို့၏ အကြောင်းကား အာယတန သက္ကာယတို့၏အကြောင်းနှင့် တူ၏။

## တီရဏပရိညာ

နာမ်ခေတ်,ရုပ်ခေတ်သင်္ခါယ တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

နာမ်ခေတ်,ရုပ်ခေတ်သင်္ခါယ တရားတို့ကို ဖြစ်ပေါ် လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက် စီး သော တရားတို့သာ ဖြစ်တယ် ဟူ၍ မနားမနေ ကြိုးစားအားထုတ်ကြ။

မနား မနေ ကြိုးစားအားထုတ်၍ နာမ်ခေတ်, ရုပ်ခေတ်သင်္ခါယတရားတို့၏ ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော သဘောတရားတို့သာ ဝိပဿနာဉာဏ်မှာ ထင်မြင်လာလျှင် **တီရဏပရိညာ** ဖြစ်တယ်။

တီရဏပရိညာဖြင့် ပရမတ် အတ္တဒိဋ္ဌိကို ပယ်တယ်။

## ပဟာန ပရိညာ

တီရဏပရိညာနှင့် ပြည့် စုံ သော ပုဂ္ဂိုလ်တို့မှာ နာမ်ခေတ်, ရုပ်ခေတ် သင်္ခါယ တရားတို့၏ ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော သဘောတရားတို့ကိုသာ ဝိပဿနာဉာဏ်မှာ ထင်မြင်လာသော အတိုင်း ကြိမ်ဖန်များစွာ ပွားများ အားထုတ်ကြလျှင် ပညတ်, ပရမတ်တို့အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ် လာတတ်သော

သာယာခင်တွယ် စွဲလမ်းမှု အနုသယသဘော မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားကြလျှင် ဒုက္ခချုပ်ငြိမ်းသွားတယ်။

သာယာခင်တွယ်စွဲလမ်းမှု အနုသယသဘော မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားသဖြင့် ဒုက္ခချုပ်ငြိမ်းသွားလျှင် **ပဟာနပရိညာ** ဖြစ်တယ်။

ပဟာနပရိညာဖြစ်လျှင် မဟာသောတာပန် ဖြစ်တယ်။

မဟာသောတာပန် ပုဂ္ဂိုလ်သည် ဒုက္ခချုပ်ငြိမ်းမှု နိရောဓ သစ္စာကို ထိုးထွင်း၍ သိမြင်သောအားဖြင့် အာရုံပြုတယ်။

သစ္စာလေးပါးတရားတို့ကို ပိုင်းခြား၍ သိမြင်တယ်။

## သက္ကာယကိုမပယ်ရ ဒိဋ္ဌိကိုသာ ပယ်ရပုံ

တချို့ ဝိပဿနာဆရာတို့က သက္ကာယ တရားကို ပယ်မှသာ လျှင် အပါယ်တံခါးပိတ်တယ်ဟု ယူဆပြောဆိုကြတယ်။

သက္ကာယ တရားသည် ပယ်၍ ရသော တရားမဟုတ်၊ ဒိဋ္ဌိ တရားကိုသာ ပယ်ရမည်။

ဒိဋ္ဌိတရားသည်သာလျှင်ပယ်အပ်သော တရားဖြစ်တယ်။ ဒိဋ္ဌိ တရားကို ပယ်မှသာလျှင် အပါယ်တံခါး ပိတ်တယ်။

သက္ကာယတရားသည် အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်တရားတို့ဖြစ်၍ ပယ်၍ ရကောင်းသော တရားမဟုတ်။ ပိုင်းခြား၍ သိအောင် ပြုအပ် သော တရားသာ ဖြစ်တယ်။

တချို့ ဝိပဿနာဆရာတို့က ဝိပဿနာတရား ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ နိဗ္ဗာန်တရားကို တောင့်တ၍ အာရုံပြု၍ ပွားများအားထုတ်ကြမှသာလျှင် မဂ်ဖိုလ်တရား တို့ကို ရနိုင်တယ် ဟူ၍ ယူဆပြောဆိုကြတယ်။

ဒွိန္နံ စိတ္တာနံ ဧကက္ခဏေ ပဝတ္တိနာမ နတ္ထိ–

ဟူ၍ အဋ္ဌကထာဆရာမိန့်ဆိုထားသောစကားနှင့် ဆန့်ကျင်ဘက် ဖြစ်တယ်။

ဧကက္ခဏေ=တခုတည်းသော ခဏ၌။ ဒွိန္နံ စိတ္တာနံ=စိတ် နှစ်ခုတို့၏။ ပဝတ္တိနာမ=ဖြစ်ခြင်းမည်သည်။ နတ္ထိ=မရှိ။

အဋ္ဌကထာဆရာ မိန့်ဆိုထားသောစကားကို ထောက်၍ တခု တည်းသောခဏ၌ စိတ်နှစ်ခုပြိုင်မဖြစ်နိုင်သည့်အတွက် တခုတည်း သောခဏမှာ နိဗ္ဗာန်ကိုအာရုံပြုသောစိတ်၊ ဝိပဿနာတရားပွား များသော စိတ်ဟူ၍ နှစ်ခုပြိုင်မဖြစ်နိုင်။

နိဗ္ဗာန်ကို အာရုံပြုသောအခါ ဝိပဿနာတရား ပွားများ အားထုတ်မှု မဖြစ်နိုင်။

ဝိပဿနာတရား ပွားများအားထုတ်သောအခါ နိဗ္ဗာန်ကို အာရုံပြုမှု မဖြစ်နိုင်။

အကယ်၍နိဗ္ဗာန်ကို သာယာခင်တွယ်စွဲလမ်းမှုဖြင့် ဝိပဿနာ တရား ပွားများအားထုတ်နေကြလျှင်–

နိဗ္ဗာနံ အဿာဒေန္တော တဏှာမညနာယ မညတိ–

ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာဆရာ မိန့်ဆိုထားသောကြောင့်

တဏှာ ပပဉ္စတရားဖြစ်နေကြသဖြင့် မဂ်ဖိုလ်တရားတို့ကို ရနိုင်ကြမည် မဟုတ်။

နိဗ္ဗာနံ= နိဗ္ဗာန် တရားကို။ အဿာဒေ့န္တော= သာယာခင်တွယ် စွဲလမ်းသော ပုဂ္ဂိုလ်သည်။ တဏှာမညနာယ=တဏှာပပဉ္စတရားဖြင့်။ မညတိ=မဂ်ဖိုလ်နိဗ္ဗာန် တရားတို့၏ ဆန့်ကျင်ဘက်တရားဟူ၍ သိရ၏။

မူလပဏ္ဏာသအဋ္ဌကထာဆရာစကားကိုထောက်၍ ဝိပဿနာတရားပွားများအားထုတ်ကြသောအခါ နိဗ္ဗာန်ကို တောင့်တမှု၊ သာယာခင်တွယ်စွဲလမ်းမှု မဖြစ်ကြစေပဲ ရုပ်,နာမ်,ခန္ဓာ တရားတို့၏ အဖြစ်အပျက် တရားကိုသာလျှင် ဝိပဿနာဉာဏ်မှာ ထင်မြင်အောင် ရှု'ကြ။ ပွားများ အားထုတ်ကြ။

ရုပ်, နာမ်, ခန္ဓာတရားတို့၏ အဖြစ်အပျက် တရားတို့ကိုသာ ဝိပဿနာဉာဏ်မှာ ထင်မြင်လာသော အတိုင်း ကြိမ်ဖန်များစွာ မနားမနေပွားများအားထုတ်ကြလျှင် ပညတ်,ပရမတ်တို့အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ်လာတတ်သော သာယာခင်တွယ် စွဲလမ်းမှု အနုသယသဘောတရား မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားလျှင် ဒုက္ခ ချုပ်ငြိမ်းသွားတယ်။

ဒုက္ခချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန် ဖြစ်တယ်။

တချို့ ဝိပဿနာဆရာတို့က ပညတ်,ပရမတ်တို့ အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ်လာတတ်သော သာယာခင်တွယ် စွဲလမ်းမှု အနုသယ သဘောတရား မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားသဖြင့် ဒုက္ခချုပ်ငြိမ်းမှုသည် နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်၊

နိဗ္ဗာန်ဆိုသည်ကား အစမထင် သံသရာမှ၏ အသစ်စက် စက် အမြဲတည်ရှိနေသော တရားသာ ဖြစ်တယ်။

ပညတ်, ပရမတ်တို့အပေါ်မှာ အကြောင်းရှိလျှင် ဖြစ်ပေါ်လာတတ်သော သင်္ခါရဓိခင်တွယ်စွဲလမ်းမှု အနုသယ သဘောတရား မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားသဖြင့် ဒုက္ခ ချုပ်ငြိမ်းမှုကို နိရောဓသစ္စာ နိဗ္ဗာန်ဟုဆိုလျှင် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသောဉာဏ် ဖြစ်တယ်။

ဂေါတြဘူ ဉာဏ် ဖြစ်ဆဲ အခိုက်အတန့်မှာ အနုသယ ကိလေသာရှိသေးသောကြောင့် ဒုက္ခချုပ်ငြိမ်းမှုမဖြစ်နိုင်သေး။

ဂေါတြဘူဉာဏ် ဖြစ်ဆဲ အခိုက်အတန့်မှာ အနုသယ ကိလေသာ ရှိသေး၍ ဒုက္ခချုပ်ငြိမ်းမှု မဖြစ်သေးသည့်အတွက် ဂေါတြဘူဉာဏ်က နိရောဓ သစ္စာ နိဗ္ဗာန်ကို အာရုံ ပြုတယ် ဟူသောစကားနှင့် ဆန့်ကျင်ဘက်ဖြစ်တယ်ဟု ယူဆ ဟောပြောကြတယ်။

ဒီလို ယူဆဟောပြောသော ဝိပဿနာဆရာတို့၏ စကားကို သံယုတ် အဋ္ဌကထာ ဆရာက—

ဒဿနန္တိ ပဌမ မဂ္ဂဿေတံ အဓိ ဝစနံ—

စသော ပါဠိစကားရပ်တို့ဖြင့် ပယ်တယ်။

ပါဠိ များ၍ ပါဠိ ကို မရွတ်တော့ဘူး၊ အဓိပ္ပာယ်ကိုသာ ဟောပြသွားမည်။

ဒဿနန္တိ တော် = နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သော ဒဿန ဟူသော အမည်သည်။ ပဌမ မဂ္ဂဿ=ရှေးဦးစွာ ဖြစ်သော သောတာပတ္တိမဂ်၏။ အဓိဝစနံ=အမည်တည်း။

**အဓိပ္ပာယ်ကား။** ။သောတာပတ္တိ မဂ်သည် ကိလေသာကို ပယ်ခြင်းကိစ္စ ပြီးသောကြောင့် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည့်အတွက် ဒဿန မည်တယ်။ ဂေါတြဘူ ဉာဏ်ကား ပြုအပ်သောကိစ္စနှင့် ကိလေသာ ပယ်ခြင်း မရှိသောကြောင့် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည်ဟု မဆိုအပ်။ စင်စစ် မဂ် လေးပါးတို့သာ နိဗ္ဗာန်ကို မြင်ကြတယ်။ ဂေါတြဘူဉာဏ်သည်ကား နိဗ္ဗာန်ကို မြင်သည် မဟုတ်၊ **ဂေါတြဘုနာသင်္ခါရ နိမိတ္တဂါဟဿ ပဟာနံ** ဟူ၍ သံယုတ် အဋ္ဌကထာဆရာ မိန့်ဆိုထားသော ပါဠိကို ထောက်၍ ဂေါတြဘူဉာဏ်သည် သင်္ခါရ အာရုံယူခြင်းကို ပယ်သောကြောင့် သင်္ခါရကို အာရုံမပြုလျှင် နိဗ္ဗာန်ကို အာရုံပြုတယ်ဟု တင်စား၍ ဟောပြော ရေးသားခြင်းသာ ဖြစ်တယ်။ အမှန်စင်စစ် နိဗ္ဗာန်ကို အာရုံပြု သည် မဟုတ်။

ဂေါတြဘုနာ = ဂေါတြဘူ ဉာဏ်သည်။ သင်္ခါရ နိမိတ္တဂါဟဿ=သင်္ခါရ အာရုံယူခြင်းကို။ ပဟာနံ=ပယ်ခြင်းသည်။ ဟောတိ=ဖြစ်၏။

နိဗ္ဗာန်တရားသည် အစမထင် သံသရာမှစ၍ အသစ်စက်စက် အမြဲတည်ရှိနေသော တရားသာ ဖြစ်တယ်ဟု ယူဆ ဟောပြော နေကြလျှင် သဿတဒိဋ္ဌိဖြစ်တယ်။ သဿတဒိဋ္ဌိအယူဖြစ်နေလျှင် နိဗ္ဗာန်ကို မရနိုင်။

နိဗ္ဗာန် တရားသည်ကား အစမထင် သံသရာမှ စ၍ အမြဲ တည်ရှိနေသော တရားမဟုတ်။

အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာသောအခါ ထိုးထွင်း၍ သိမြင်အပ်သော တရားသာ ဖြစ်တယ်။

သမုဒယနိရောဓေ နေဝ ဒုက္ခံ နိရုဇ္ဈတိ၊ ပရမတ္ထတော ဟိ
ဒုက္ခနိရောဓံ အရိယသစ္စန္တိ နိဗ္ဗာနံ ဝုစ္စတိ။

ဟူ၍ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆရာ မိန့်ဆို ထား သော စကားကို ထောက်၍ အကြောင်း သမုဒယ ချုပ်ငြိမ်း ခြင်း ကြောင့်သာလျှင် အကျိုးဒုက္ခ ချုပ်ငြိမ်းမှု ဖြစ်တယ်။

ထိုစကားမှန်တယ်။

ပရမတ္ထ အားဖြင့် အကျိုးဒုက္ခ ချုပ်ငြိမ်းမှု အရိယာပုဂ္ဂိုလ် တို့၏ မှန်ကန်သော ဉာဏ်အမြင်ကို နိဗ္ဗာန် ဟူ၍ ခေါ်တယ်။

သမုဒယ နိရောဓေနေဝ= အကြောင်း သမုဒယ ချုပ်ငြိမ်း ခြင်းကြောင့် သာလျှင်။ ဒုက္ခံ= အကျိုးဒုက္ခသည်။ နိရုဇ္ဈတိ= ချုပ်ငြိမ်း၏။ ဟိသစ္စံ=ထိုစကားမှန်၏။ ပရမတ္ထတော=ပရမတ္ထ အားဖြင့်။ ဒုက္ခနိရောဓံ= ဒုက္ခချုပ်ငြိမ်းမှု ဖြစ်သော။ အရိယ သစ္စံ= အရိယာ ပုဂ္ဂိုလ်တို့၏ မှန်ကန်သော ဉာဏ် အမြင်ကို။ နိဗ္ဗာနန္တိ=နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ=ဆိုအပ်၏။

တချို့ ဝိပဿနာဆရာတို့က သောတာပတ္တိမဂ်သည် ဒဿန တရားဖြစ်၍ သောတာပတ္တိမဂ်ကို ရရှိရန် အတွက် ဝိပဿနာ တရားကို ပွားများ အားထုတ်စရာမလို၊ အထက်မဂ် သုံးပါး တို့သည်သာလျှင် ဘာဝနာတရားဖြစ်၍ အထက်မဂ်သုံးပါးတို့ ကို ရရှိရန်အတွက်သာ ဝိပဿနာတရားကို ပွားများအားထုတ် ရမည်ဟူ၍ ယူဆဟောပြောကြတယ်။

ဒီလို ယူဆ ဟောပြောသော ဆရာတို့၏ စကားကို—

သေသမဂ္ဂတ္တယဥ္စ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌ ပုဗ္ဗံ ကိဉ္စိ န ပဿတိ၊ တသ္မာ ဘာဝနာတိ ဝုစ္စတိ။

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ ပါဠိ စကားရပ်တို့ဖြင့် ပယ်တယ်။

ဟိသစ္စံ= ထိုစကားမှန်၏။ သေသမဂ္ဂတ္တယံ= ကြွင်းသော အထက် မဂ်သုံးပါးသည်။ ပဌမ မဂ္ဂေန= ရှေးဦးစွာသော သောတာပတ္တိ မဂ်ဖြင့်။ ဒိဋ္ဌသ္မိံယေဝဓမ္မေ= မြင် အပ် သော တရား၌သာလျှင်။ ဘာဝနာဝသေန= ထပ်၍ မြင်ခြင်းဟု ဆို အပ်သော ပွားများသည်၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇတိ=ဖြစ် ၏။ အဒိဋ္ဌပုဗ္ဗံ=သောတာပတ္တိမဂ်ဖြင့် မမြင်ဘူးသော။ ကိဉ္စိ= တစုံတခုသောတရားကိုမျှ။ယသ္မာ=အကြင်ကြောင့်။နပဿတိ= မမြင်။ တသ္မာ=ထိုကြောင့်။ ဘာဝနာတိ= ဘာဝနာဟူ၍။ ဝုစ္စတိ=ဆိုအပ်၏။

**အစီပွာယ်ကား။** ။သောတာပတ္တိမဂ်သည် ဝိပဿနာ တရားပွားများအားထုတ်မှု မရှိပဲ နိဗ္ဗာန်ကို မြင်သောကြောင့် ဒဿနမည်သည် မဟုတ်၊ ဝိပဿနာတရား ပွားများ အားထုတ်၍ အကြောင်း သမုဒယ ချုပ်ငြိမ်းခြင်းကြောင့် အကျိုး ဒုက္ခ ချုပ်ငြိမ်းမှုဟုဆိုအပ်သော ဒုက္ခနိရောဓ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သောကြောင့် သောတာပတ္တိမဂ်ကို ဒဿနဟု ခေါ်ခြင်းသာ ဖြစ်တယ်။

ကြွင်းသော အထက်မဂ် သုံးပါးတို့သည် သောတာပတ္တိမဂ် မြင်ပြီးသော တရားကို ထပ်၍ မြင်သော ကြောင့် ဘာဝနာမည်တယ်။

အမှန်စင်စစ်အားဖြင့် သောတာပတ္တိမဂ်ကိုဖြစ်စေ၊ အထက်မဂ် သုံးပါးတို့ကိုဖြစ်စေ ဝိပဿနာတရား ပွားများအားထုတ်မှု မပြုပဲ မည်သည့်နည်းနှင့်မျှ မရနိုင်။ ဝိပဿနာတရား ပွားများအားထုတ်မှသာလျှင် ရနိုင်တယ်။ ဤသို့ ပြောဆို ခြင်း သည် နေယျပုဂ္ဂိုလ်ကို ပြောဆိုခြင်းသာ ဖြစ်တယ်။

ဝိပဿနာတရား ပွားများ အားထုတ်မှုဆိုသည်မှာ သမထတရားပွားများအားထုတ်သကဲ့သို့ တခုတည်းသောနေရာ၌ ထိုင်လျက် သမာဓိရအောင် စူးစိုက်နေရသည် မဟုတ်။

သွား၍ဖြစ်စေ, ထိုင်၍ဖြစ်စေ, အိပ်၍ဖြစ်စေ,အလုပ်အကိုင်လုပ်ကိုင်၍ဖြစ်စေ, စား၍ဖြစ်စေ, သောက်၍ဖြစ်စေ ဖြစ်ပေါ်လာသမျှသော ရုပ်,နာမ် တရားတို့ကို ဉာဏ်ပညာဖြင့် ခွဲခြမ်းဝေဖန်ရသောအလုပ် ဖြစ်တယ်။


သို့အတွက် လူဖြစ်သော တကာ၊ တကာမများတို့မှာ ဿရဝါသ ဗဟုကိစ္စ များကြသည့်အတွက် သမထတရား ပွားများ အားထုတ်မှုနှင့် မသင့်လျော်။ သွားလာ လုပ်ကိုင် မပျက်ပဲ ပွားများအားထုတ်ရသော ဝိပဿနာတရား ပွားများ အားထုတ်မှုနှင့်သာ သင့်လျော်တယ်။ သတိထားကြ။

ကိုင်း—ဆုံးပြီ။



စစ်တွေမြို့ ပုသိမ်ဆရာတော် အရှင်ဂရုဝံသသည်
သဒ္ဓမ္မဂရု ကျောင်းတိုက်၌ ဥပုသ်ဆောက်တည်
ကြကုန်သော တကာ တကာမတို့အား
၁၃၂၉ ခုနှစ်၊ ဝါခေါင်လပြည့် နေ့တွင်
ဟောပြော ပြသသော

# မိုးဆယ့်တစ်ပါး ငြိမ်းအေးသော ဝိပဿနာ တရားတော်



# အခန်း ၅

တကာကြီးတို့၊တကာမကြီးတို့ ဤလောကအတွင်း၌ ဖြစ်ကြကုန်သော သတ္တဝါဟူသမျှတို့ ခန္ဓာကိုယ်မှာ မီးဆယ့်တစ်ပါး လောင်ကျွမ်းနေတယ်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူထားသည့်အတွက် တကာကြီးတို့၊ တကာမကြီးတို့၏ ခန္ဓာကိုယ်မှာ မီးဆယ့်တစ်ပါး လောင်ကျွမ်းနေတယ်။ ခန္ဓာကိုယ်မှာ လောင်ကျွမ်းနေသော မီးဆယ့်တစ်ပါးကို ငြိမ်းအေးအောင် မပြုလုပ်နိုင်ကြလျှင် အမြဲတမ်းပူလောင်လျက် ဒုက္ခ ရောက်နေကြရမည်။ သို့အတွက် ခန္ဓာကိုယ်မှာ လောင်ကျွမ်းနေသော မီးဆယ့်တစ်ပါးကို ငြိမ်းအေးသွားအောင် ပြုလုပ် အားထုတ်ကြရမည်။

## အာဒိတ္တသုတ်

အခါတပါး မြတ်စွာဘုရားသည် ဂယာသီသ၌ ရဟန်းတထောင်တို့နှင့်တကွ သီတင်းသုံး နေတော်မူသောအခါ ထိုရဟန်းတို့အား အာဒိတ္တသုတ်ကို ဒီလို ဟောတော်မူထားတယ်။

သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊
ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ဇာတိယာ
ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ
ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တံ-

စသောအားဖြင့် ဟောတော်မူထားတယ်။

ဘိက္ခဝေ=ရဟန်းတို့။ သဗ္ဗံ= အလုံးစုံသော ရုပ်နာမ် ဓမ္မတော့ဘူမကတရား ဟူသမျှသည်။ အာဒိတ္တံ=အလျှံ ပြောင်ပြောင် တောက်လောင်၍နေ၏။ ကေန=အဘယ်မီးဖြင့်။ အာဒိတ္တံ= အလျှံ ပြောင်ပြောင် တောက်လောင်၍ နေသနည်း။ရာဂဂ္ဂိနာ= ရာဂမီးဖြင့်။ဒေါသဂ္ဂိနာ=ဒေါသမီးဖြင့်။ မောဟဂ္ဂိနာ=မောဟမီးဖြင့်။အာဒိတ္တံ=အလျှံ ပြောင်ပြောင် တောက်လောင်၍နေ၏။ ဇာတိယာ=ဇာတိမီးဖြင့်။ ဇရာယ=ဇရာမီးဖြင့်။ မရဏေန= မရဏမီးဖြင့်။ သောကေဟိ= သောကမီးတို့ဖြင့်။ပရိဒေဝေဟိ= ပရိဒေဝမီးတို့ဖြင့်။ ဒုက္ခေဟိ=ဒုက္ခမီးတို့ဖြင့်။ ဒေါမနဿေဟိ= ဒေါမနဿ မီးတို့ဖြင့်။ ဥပါယာသေဟိ=ဥပါယာသမီးတို့ဖြင့်။ အာဒိတ္တံ=အလျှံ ပြောင်ပြောင် တောက်လောင်၍ နေ၏။

## မီးဆယ့်တစ်ပါး

၁။ ရာဂမီး၊

၂။ ဒေါသမီး၊

၃။ မောဟမီး၊

၄။ ဇာတိမီး၊

၅။ ဇရာမီး၊

၆။ မရဏမီး၊

၇။ သောကမီး၊

၈။ ပရိဒေဝမီး၊

၉။ ဒုက္ခမီး၊

၁၀။ ဒေါမနဿမီး၊

၁၁။ ဥပါယာသမီး-

ပေါင်း မီးဆယ့်တစ်ပါး ဖြစ်သည်။

ရာဂ မီးဆိုသည်မှာ သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊ စွဲလမ်းမှု လောဘသည် ရာဂမီး ဖြစ်သည်။

ဒေါသမီးဆိုသည်မှာ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု ဒေါသသည် ဒေါသမီး ဖြစ်သည်။

မောဟမီးဆိုသည်မှာ အမှန်တရားကို မသိမှု၊ တွေဝေမှု မောဟသည် မောဟမီး ဖြစ်သည်။

ဇာတိမီးဆိုသည်မှာ ထိုထိုဘုံဘဝ၌ ပဋိသန္ဓေ နေရမှုသည် ဇာတိမီး ဖြစ်သည်။

ဇရာမီးဆိုသည်မှာ ဆံဖြူ၊ သွားကျိုး၊ အရေတွန့်၊ ကုန်းကွ လျက် မျက်စိမမြင်၊ နားမကြား၊ မသွားနိုင်၊ မစားနိုင်၊အိုမင်း ယွင်းယိုခြင်းသည် ဇရာမီး ဖြစ်သည်။

မရဏမီးဆိုသည်မှာ ပစ္စုပ္ပန်ဘဝမှ ရွေ့လျော သေလွန်ခြင်း သည် မရဏမီး ဖြစ်သည်။

သောကမီးဆိုသည်မှာ မိမိတို့၏အကြောင်းနှင့် ပတ်သက်၍ ဖြစ်စေ၊ မိဘ ဆွေမျိုးတို့၏ အကြောင်းနှင့် ပတ်သက်၍ဖြစ်စေ စိုးရိမ်ပူဆွေးရခြင်းသည် သောကမီး ဖြစ်သည်။

ပရိဒေဝမီး ဆိုသည်မှာ မိမိတို့၏ ဆုတ်ယုတ် ထိခိုက်နစ်နာ ပျက်စီးမှုနှင့်ပတ်သက်၍ဖြစ်စေ၊ မိဘဆွေမျိုးတို့၏ ဆုတ်ယုတ် ထိခိုက်နစ်နာပျက်စီးမှုနှင့် ပတ်သက်၍ဖြစ်စေ ငိုကြွေးမြည်တမ်း ရခြင်းသည် ပရိဒေဝမီး ဖြစ်သည်။

ဒုက္ခမီးဆိုသည်မှာခန္ဓာကိုယ်ထိခိုက်နာကျင်ဆင်းရဲခြင်းသည် ဒုက္ခမီး ဖြစ်သည်။

ဒေါမနဿမီး ဆိုသည်မှာ စိတ်ထိခိုက် နာကျင်ဆင်းရဲခြင်း သည် ဒေါမနဿမီး ဖြစ်သည်။

ဥပါယာသမီး ဆိုသည်မှာ မိမိတို့၏ဆုတ်ယုတ်ထိခိုက်နစ်နာ ပျက်စီးမှုနှင့် ပတ်သက်၍ဖြစ်စေ၊ မိဘဆွေမျိုးတို့၏ ဆုတ်ယုတ်

ထိခိုက်နစ်နာပျက်စီးမှုနှင့် ပတ်သက်၍ ဖြစ်စေ စိတ်မှာ အလွန် ပူလောင်မှုဖြစ်ခြင်းသည် ဥပါယာသမီး ဖြစ်သည်။

## အကြောင်းမီးငြိမ်းအေးမှ အကျိုးမီးငြိမ်းအေးခြင်း

မီး ဆယ့်တစ်ပါးတို့တွင် ရာဂမီး၊ ဒေါသမီး၊ မောဟမီး သုံးပါးသည် အကြောင်းမီး ဖြစ်တယ်။ ဇာတိမီး၊ ဇရာမီး၊ မရဏမီး ၊သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး ရှစ်ပါးသည် အကျိုးမီးဖြစ်တယ်။ အကြောင်းမီး သုံးပါး ငြိမ်းအေးမှ အကျိုး မီး ရှစ် ပါး ငြိမ်း အေး မည်။ အကြောင်းမီး သုံးပါး မငြိမ်းအေးလျှင် အကျိုးမီး ရှစ်ပါး မငြိမ်းအေးနိုင်။

သို့အတွက် သံယုတ်အဋ္ဌကထာမှာ ဒီလို ဖွင့်ဆိုထားတယ်။

နှ ဟိ ဟေတုမှိ အပ္ပဟီနေ ဖလံ ပဟီယတိ။

ဟိသစ္စံ=ထိုစကားမှန်၏။ ဟေတုမှိ=အကြောင်းမီး သုံးပါးကို။ အပ္ပဟီနေ=မပယ်အပ်သည် ရှိသော်။ ဖလံ=အကျိုးမီး ရှစ်ပါးကို။ နှ ပဟီယတိ=မပယ်အပ်။

## မီးဆယ့်တစ်ပါး လောင်နေပုံ

သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊ စွဲလမ်းမှု လောဘသည် ရာဂမီး ဖြစ်တယ်ဟု ဆိုရာ၌ တကာ၊ တကာမများတို့မှာ သား

သမီး, မြေး, မြစ်, ပစ္စည်း, ဥစ္စာတို့ကို သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊ စွဲလမ်းမှု။ လင်နှင့် မယား အချင်းချင်း သာယာမှု၊ ခင်တွယ်မှု၊ စွဲလမ်းမှု။ မိဘ, ဆွေမျိုးများတို့ကို သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊စွဲလမ်းမှု။ ရဟန်းသံဃာများတို့မှာ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးတို့နှင့်တကွ တခြားတပါး ပစ္စည်းဝတ္ထုတို့ကို သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊ စွဲလမ်းမှု။ ကိုးကွယ်ဆည်းကပ်သော တကာ၊ တကာမတို့ကို သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊စွဲလမ်းမှု။ဂုဏ်ပကာသနလာဘ်လာဘတို့ကို သာယာမှု၊ ခင်တွယ်မှု၊လိုချင်မှု၊စွဲလမ်းမှုဖြစ်ကြလျှင် ရာဂမီး လောင်တယ်။ အချို့တကာ၊ တကာမများတို့သည် သာယာမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊ စွဲလမ်းမှု တို့ကို မီးလောင်တယ်ဟူ၍ပင် မသိကြ။

အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု ဒေါသ သည် ဒေါသမီး ဖြစ်တယ်ဟု ဆိုရ၍ တကာ၊ တကာမများတို့မှာ သား, သမီး, မြေး, မြစ်, ပစ္စည်းဥစ္စာတို့နှင့် ပတ်သက်၍ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု။ လင်မယားချင်း အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု။ မိဘ, ဘိုးဘွား, ဆွေမျိုးများနှင့် ပတ်သက်၍ အမျက်ထွက်မှု၊စိတ်ဆိုးမှု၊ရန်ငြိုးထားမှု။ ရဟန်း သံဃာများတို့မှာ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးတို့နှင့်တကွ တခြားတပါး ပစ္စည်းဝတ္ထုတို့နှင့် ပတ်သက်၍ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု။ ကိုးကွယ်ဆည်းကပ်သော တကာ၊ တကာမများတို့နှင့် ပတ်သက်၍ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု။ ဂုဏ်ပကာသန လာဘ်လာဘတို့နှင့်

ပတ်သက်၍ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု။ ရဟန်း သံဃာတို့ အချင်းချင်း အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုး ထားမှု ဖြစ်ကြလျှင် ဒေါသမီး လောင်တယ်။ တချို့ တကာ၊ တကာမ များတို့သည် အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုး ထားမှုတို့ကို မီးလောင်တယ်ဟူ၍ပင် မသိကြ။

အမှန်တရားကို မသိမှု၊ တွေဝေမှု မောဟသည် မောဟမီး လောင်သည်ဟုဆိုရာ၌ အမှန်တရားကို မသိမှု၊ တွေဝေမှု ဆို သည်မှာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတရားတို့ကို ပိုင်းခြား ဝေဖန်၍ ဟုတ်တိုင်းမှန်စွာ မသိမှု ဖြစ်တယ်။

## သမ္မုတိ သစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ပါး

သစ္စာတရားသည် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာအားဖြင့် နှစ်ပါးရှိတယ်။ ငါ, သူတပါး, ယောကျာ်း,မိန်းမ, ဘိုးဘွား, မိဘ, ညီအစ်ကို, မောင်နှမ, ဘကြီး, ဘထွေး,မိကြီး, မိထွေး, ဦးရီး, ဦးလေး, စသောအားဖြင့် ခေါ်ဝေါ်ပြောဆိုမှု၊ ငရဲ, တိရိစ္ဆာန်, လူ, နတ်, ဗြဟ္မာ စသောအားဖြင့် ခေါ်ဝေါ် ပြောဆိုမှု၊ သစ်ပင်, တော, တောင်,ရေ,မြေ, သမုဒ္ဒရာစသော အားဖြင့် ခေါ်ဝေါ်ပြောဆိုမှု ဟူသမျှသည် သမ္မုတိသစ္စာ ဖြစ်တယ်။

သမ္မုတိသစ္စာတရားသည် သဘောအားဖြင့် ထင်ရှားမရှိ သောတရားဖြစ်တယ်၊ လောကမှာ ခေါ်ဝေါ်ပြောဆိုသော အားဖြင့် မှန်ကန်သောသစ္စာတရား ဖြစ်တယ်။

ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ် ပရမတ္ထတရား ဟူသမျှသည် ပရမတ္ထ သစ္စာတရားဖြစ်တယ်။

ပရမတ္ထတရားသည် သဘောအားဖြင့် ထင်ရှားရှိသော သစ္စာတရားဖြစ်တယ်။ ဉာဏ်ပညာဖြင့် ခွဲခြမ်း ဝေဖန်၍သာ သိမြင်ရသော သစ္စာတရားဖြစ်တယ်။

သဘောအားဖြင့် ထင်ရှားမရှိသော သမ္မုတိသစ္စာနှင့် သဘောအားဖြင့် ထင်ရှားရှိသောပရမတ္ထသစ္စာကို ရောနှော၍ အသုံးအနှုန်း ပြုလျက် ယူဆပြောဆိုကြလျှင် မိစ္ဆာဒိဋ္ဌိအယူဝါဒသို့ ရောက်သွားတတ်တယ်။

သမ္မုတိသစ္စာနေရာမှာ ပရမတ္ထသစ္စာကို အသုံးအနှုန်းပြု၍ ယူဆပြောဆိုလျှင် ငရဲမရှိ, နတ်မရှိဟူသော အယူဝါဒသို့ ရောက်သွားတတ်တယ်။

ငရဲမရှိ, နတ်မရှိ ဟူသောအယူဝါဒသို့ ရောက်သွားလျှင် သမ္မုတိသစ္စာဖြစ်သော မိဘ, ဘိုးဘွားမရှိ။ ညီအစ်ကို, မောင်နှမ မရှိ။ ဘုရားမရှိ။ တရားမရှိ၊ သံဃာမရှိ စသောအားဖြင့်အယူဝါဒဖြစ်လျက် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားတတ်တယ်။

ပရမတ္ထသစ္စာမှာ သမ္မုတိသစ္စာကို အသုံးအနှုန်းပြု၍ ယူဆပြောဆိုလျှင် ရုပ်, နာမ်, ခန္ဓာ အာယတန, ဓာတ် ပရမတ္ထတရားတို့ကို ငါ, သူတပါး, ယောကျ်ား, မိန်းမ စသောအားဖြင့် ထင်မှတ်ယူဆမှုဖြစ်သွားတတ်တယ်။

ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ် ပရမတ္ထတရားတို့ကို ငါ, သူတပါး, ယောကျ်ား, မိန်းမ စသောအားဖြင့် ထင်မှတ်ယူဆမှုဖြစ်လျှင် သဿတဒိဋ္ဌိ ဖြစ်တတ်တယ်။

ဥစ္စေဒ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ အယူရှိနေလျှင် အကြောင်း အကျိုး ဆက်စပ်မှု အယူဝါဒရှိသော ဗုဒ္ဓဘာသာ သာသနာ တော်တရား ကွယ်ပျောက်ပျက်စီးသွားမည်။

ပရမတ္ထသစ္စာသည် ဉာဏ်အားဖြင့်အာရုံပြု၍သိရသောသစ္စာ တရား ဖြစ်တယ်။

သမ္မုတိသစ္စာကားသညာအမှတ်ဖြင့် ပြောဆိုရသော တရား ဖြစ်တယ်။

သမ္မုတိသစ္စာသည် ပယ်အပ်သော ပဟာတဗ္ဗ တရား မဟုတ်သည့်အတွက် ငရဲမရှိ၊နတ်မရှိ စသောအားဖြင့် ပယ်အပ် သောသစ္စာမဟုတ်၊ ပယ်၍ မရ ကောင်း သော သစ္စာသာ ဖြစ်တယ်။ သမ္မုတိသစ္စာအနေဖြင့် ငရဲ, နတ်, ဗြဟ္မာ စသည် အမှန်ရှိတယ်။

ငရဲ၌ ဖြစ်စေတတ်သော အကြောင်းရှိလျှင် ငရဲ၌ဖြစ်ကြ ရတယ်။ နတ်ဗြဟ္မာစသည်တို့၌ ဖြစ်စေတတ်သော အကြောင်း ရှိလျှင် နတ်, ဗြဟ္မာ စသည်တို့၌ ဖြစ်ကြရတယ်။

ငရဲ၌ ဖြစ်စေတတ်သော အကြောင်းမရှိလျှင် ငရဲ၌ဖြစ်ကြ ရမှု ငြိမ်းအေးတယ်၊ နတ်,ဗြဟ္မာစသည်တို့၌ ဖြစ်စေတတ်သော အကြောင်းမရှိလျှင် နတ်, ဗြဟ္မာစသည်တို့၌ ဖြစ်ကြရမှုငြိမ်း အေးတယ်။

ဥပမာ–သမ္မုတိသစ္စာအားဖြင့် မြန်မာနိုင်ငံ၌ မန္တလေး၊ ရန်ကုန်၊ ကျောက်ဖြူစသော မြို့များရှိနေကြတယ်။ လူပုဂ္ဂိုလ် တချို့က မြန်မာနိုင်ငံ၌ မန္တလေး၊ရန်ကုန်၊စစ်တွေ၊ကျောက်ဖြူ

စသောမြို့များမရှိဟု ပြောဆိုလျှင် ထိုလူတို့ပြောဆိုရုံမျှဖြင့် မန္တလေး၊ရန်ကုန်၊ စစ်တွေ၊ကျောက်ဖြူစသောမြို့များ ပျောက်ကွယ်သွားသည်မဟုတ်၊ သမ္မုတိသစ္စာအားဖြင့် မန္တလေး၊ ရန်ကုန်၊ကျောက်ဖြူစသောမြို့များ ရှိနေကြမည်သာဖြစ်တယ်။

မန္တလေး၊ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူစသောမြို့များသို့ ရောက်စေနိုင်လောက်သော ခရီးစရိတ်ရှိကြလျှင် မန္တလေး၊ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူစသော မြို့များသို့ ရောက်နိုင်ကြမည်သာ ဖြစ်တယ်။ မန္တလေး၊ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ စသောမြို့များသို့ရောက်စေနိုင်လောက်သော ခရီးစရိတ်မရှိလျှင်ကား မန္တလေး၊ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ မြို့များသို့ မရောက်နိုင်။

ထိုနည်းပမာ အလားတူစွာသာလျှင် လူပုဂ္ဂိုလ် တချို့တို့က အယူဝါဒတမျိုး ယူဆလျက် ငရဲမရှိ၊ နတ်မရှိဟု ပြောဆိုရုံမျှဖြင့် ငရဲ,နတ်တို့ ပျောက်သွားကြမည် မဟုတ်။ ငရဲသို့ ရောက်စေတတ်သော အကြောင်းရှိလျှင် ငရဲ၌ ဖြစ်ကြရတယ်။ နတ်သို့ ရောက်စေတတ်သော အကြောင်းရှိလျှင် နတ်၌ ဖြစ်ကြရတယ်။

ပရမတ္ထသစ္စာအားဖြင့် ခွဲခြမ်း ဝေဖန်လျှင်ကား ငရဲမရှိ၊ နတ်မရှိ၊ မန္တလေး၊ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူမြို့တို့လည်း မရှိ။ မိဘ, ဘိုးဘွားတို့သည်း မရှိ၊ ဘုရားလည်းမရှိ၊ တရားလည်း မရှိ၊ သံဃာတို့လည်း မရှိ၊ ရုပ်,နာမ်,ခန္ဓာ, အာယတန, ဓာတ်တို့သာ ရှိတယ်။

သို့အတွက် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို ရောယှက်၍ ယူဆမပြောဆိုပဲ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကိုခွဲခြား၍သာ ယူဆပြောဆိုကြရမည်။

ပရမတ္ထသစ္စာမှာ ကိလေသာ အကုသိုလ် တရားတို့သည် သာလျှင် ပယ်အပ်သော ပဟာတဗ္ဗ တရားဖြစ်၍ ကိလေသာ အကုသိုလ်တရားတို့ကိုသာ အကြွင်းအကျန် မရှိအောင် ပယ်စွန့်ကြရမည်။

ကိလေသာ အကုသိုလ် တရားတို့ကို မပယ်စွန့် နိုင်ကြလျှင် မီးဆယ့်တစ်ပါး မငြိမ်းအေးနိုင်။ ကိလေသာ အကုသိုလ်တရားတို့ကို ပယ်စွန့်နိုင်ကြမှသာလျှင် မီးဆယ့်တစ်ပါး ငြိမ်း အေးသွားနိုင်တယ်။

အဋ္ဌကထာဆရာက သစ္စာနှစ်ပါး ရှိကြောင်းကို ဒီလိုမိန့်ဆိုထားတယ်။

ဒုဝေသစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

ဝဒတံဝရော=တရားဟောတတ်သောပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် မြတ်တော်မူသော။ သမ္ဗုဒ္ဓေါ= မြတ်စွာဘုရားသည်။ သမ္မုတိံစ= သမ္မုတိ သစ္စာကို လည်းကောင်း။ ပရမတ္ထဉ္စ= ပရမတ္ထသစ္စာကိုလည်းကောင်း။ ဒုဝေသစ္စာနိ= နှစ်ပါးသော သစ္စာတို့ကို။ အက္ခာသိ=ဟောတော်မူလေပြီ။ တတိယံ=သုံးခု မြောက်သော သစ္စာကို။ န ဥပလဗ္ဘတိ=မရအပ်။

မြတ်စွာဘုရားကိုယ်တော်တိုင်က ငရဲမရှိ၊ နတ်မရှိ၊ မိဘမရှိ၊ ဘိုးဘွားမရှိ၊ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ စသော အားဖြင့် သမ္မုတိသစ္စာ ပညတ် တရားကို ပယ်၍ တရားမဟောရန် ဓမ္မကထိကပုဂ္ဂိုလ်တို့အား ဥပရိပဏ္ဏာသပါဠိတော်၌ စည်းကမ်း သတ်မှတ်၍ ဟောတော်မူထားတယ်။

"သာမညံ နာတိဓာဝေယျ"

ဟူ၍ ဟောတော်မူထားတယ်။

ဓမ္မကထိကော=ဓမ္မကထိကပုဂ္ဂိုလ်သည် သာမညံ=သမ္မုတိ သစ္စာပညတ် တရားကို။ နာတိဓာဝေယျ= ပယ် ချန် ထားခါ ကျော်လွန်၍ မဟောရာ။

မြတ်စွာဘုရား ကိုယ်တော်တိုင် သမ္မုတိသစ္စာ ပညတ်ကို မပယ်ရန် ဟောတော် မူထားသည့် အတွက် ငရဲမရှိ၊ နတ်မရှိ စသောအားဖြင့် သမ္မုတိသစ္စာပညတ်တရားကို မြတ်စွာဘုရား ကိုယ်တိုင် မပယ်ကြောင်းကို ဋီကာစုတ်အဋ္ဌကထာဆရာကလည်း ဒီလိုမိန့်ကြား ဖွင့်ဆိုထားတယ်။

လောကသမ္မုတိဉ္စ ဗုဒ္ဓါဘဂဝန္တော န ပဇဟန္တိ။

ဗုဒ္ဓါဘဂဝန္တော–ဘုန်းတော် အနန္တ ကြီးမားကြကုန်သော မြတ်စွာဘုရားတို့သည်။ လောကသမ္မုတိဉ္စ=လောကမှာ ခေါ်ဝေါ်ပြောဆိုသောအားဖြင့် မှန်ကန်သော သမ္မုတိသစ္စာပညတ် တရားကိုလည်း။ န ပဇဟန္တိ=မပယ်စွန့်ကြကုန်။

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတရားကို ပိုင်းခြားဝေဖန်၍ ဟုတ်တိုင်းမှန်စွာ မသိကြလျှင် မှောက်မီးလောင်တယ်။

တချို့ တကာ၊တကာမများတို့က သမ္မုတိသစ္စာနှင့် ပရမတ္ထ သစ္စာတရားကို ပိုင်းခြားဝေဖန်၍ ဟုတ်တိုင်းမှန်စွာ မသိကြ လျှင် မောဟမီးလောင်တယ် ဟူ၍ မသိကြ။ အကျိုးမီးရှစ်ပါး တို့ကား ထင်ရှားသည့်အတွက် သိမြင်နိုင်လောက်ပြီ။

## မီးလောင်ခံရသော ပုဂ္ဂိုလ်တို့ တခုတည်းသော နေရာ၌ နေ၍ မရသည်နှင့် တူပုံ

မီးလောင်ခံကြရသောပုဂ္ဂိုလ်တို့သည် အလွန်ပူလောင်သည့် အတွက် တခုတည်းသောနေရာ၌ ထိုင်နေ၍မရ၊ အိပ်နေ၍မရ၊ ဟိုပြေး ဒီပြေး ဆိုသလို ဖြစ်ကြရတယ်။ တချို့ ပုဂ္ဂိုလ်တို့ကား အဝတ်တောင် မကပ်နိုင်ကြဘူး။

ထို့အတူ ရာဂ စသော မီးဆယ့်တစ်ပါး အလောင် ခံနေ ကြရသော ပုဂ္ဂိုလ်တို့သည်လည်း အလွန်ပူလောင်သည့်အတွက် တခုတည်းသော နေရာ၌ ထိုင်နေ၍မရ၊ အိပ်နေ၍မရ၊ ဟိုပြေး ဒီပြေးဆိုသလို တောတောင်တို့၌ အလုပ်လုပ်စားသော ပုဂ္ဂိုလ် တို့သည် တောတောင်ကိုပြေး၊ မြစ်ချောင်းတို့၌ အလုပ်လုပ် စားသော ပုဂ္ဂိုလ်တို့သည် မြစ်ချောင်းများကိုပြေး၊ လယ်ယာ ဥယျာဉ်တို့၌ အလုပ်လုပ်စားသော ပုဂ္ဂိုလ်တို့သည် လယ်ယာ ဥယျာဉ် မြေရှိရာကိုပြေး၊ ရုံးအလုပ်သမားတို့သည် ရုံးကိုပြေး၊ ကျောင်းဆရာ ဆရာမများတို့သည် ကျောင်းကိုပြေး၊ကုန်ရောင်း ဝယ်သူတို့သည် ထိုထိုမြို့ရွာကိုပြေး၊ ငြိမ်ငြိမ်ထိုင်နေ၍ မရကြ၊

ငြိမ်ငြိမ်အိပ်နေ၍ မရကြ၊ ရာဂ စသော မီးအလောင် ခံနေကြ ရသည့်အတွက် အလွန်ပူလောင်၍ ပြေးလွှား နေကြရတယ်။

## လူတို့၏ နေရာအိမ်ကို မီးလောင်သည်နှင့်တူပုံ

တကာကြီးတို့၊ တကာမကြီးတို့သည် လူတို့ နေရာအိမ်ကို မီးလောင်သည်ကို မြင်ဘူးကြသည် မဟုတ်လား။ လူတို့၏ နေရာ အိမ်ကို မီးလောင်သကဲ့သို့ ထို့အတူ သတ္တဝါတို့ ခန္ဓာအိမ်မှာ လည်း မီးဆယ့်တစ်ပါး လောင်နေတယ်။

လူတို့၏ နေရာအိမ်ကို မီးလောင်၍ မီးအဟုန် ပြင်းထန် လာသောအခါ အထက်က ထုပ် လျှောက် အခြင် ရနယ်တို့မှစ၍ ပြုတ်ကျသကဲ့သို့ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာလည်း ဇရာမီး အဟုန် ပြင်းထန်လာသောအခါ သွားတို့ ဆံပင်အမွေးတို့ ပြုတ်ကျကြတယ်။

မီးလောင်ခံရသော သစ်ဝါးတို့သည် ကောက်ကွေ့ လိမ် တွန့်သွားသကဲ့သို့ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာလည်း ဇရာမီး အဟုန် ပြင်းထန်လာသောအခါ တချို့ သက်ကြီး ရွယ်ကြီး တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်လည်း ကောက်ကွေ့ လိမ်တွန့် သွားကြတယ်။

မီးအလောင်ခံရသော သစ်ဝါးတို့သည် အသီ အစေး ခန်းခြောက်လျက် အက်ကွဲ၍ ပြာနှမ်းနှမ်း ဖြစ်သွားသကဲ့သို့ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာလည်း

ဇရာမီး အဟုန် ပြင်းထန်လာသောအခါ အဆီ အစေး ခန်း ခြောက်လျက် ဖြုဖြုအက်ကွဲ၍ ပြာနှမ်းနှမ်း ဖြစ်သွားကြတယ်။ ဆောင်းဥတု အတွင်းမှာ အလွန်ထင်ရှားတယ်။

မီးလောင်ခံရသော အုန်း ဓနိတို့သည် ဖြူသလင်း ဖြစ်သွားသကဲ့သို့ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာလည်း ဇရာမီး အဟုန် ပြင်းထန်လာသောအခါ ဆံပင် အမွေးတို့ ဖြူသလင်း ဖြစ်သွားကြတယ်။

မီးပူ အပြင်းအထန် ခံရသော ပုဂ္ဂိုလ်တို့ မျက်စိမမြင်၊ နားမကြား ဖြစ်သွားသကဲ့သို့ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာလည်း ဇရာမီး အဟုန် ပြင်းထန်လာသောအခါ မျက်စိမမြင်၊ နားမကြား ဖြစ်သွားကြတယ်။

အိမ်သစ် အိမ်ကောင်း ပြန်ဆောက်သောအခါ မီးလောင်ခံရသော သစ်တိုင်ကို အိမ်ရှေ့ ကျက်သရေ မင်္ဂလာရှိသောနေရာ၌ မသုံးတော့ပဲ အိမ်နောက်ဘက် မီးဖိုချောင် ရေသုံးခန်းတို့၌သာ အသုံးပြုရသကဲ့သို့ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာလည်း ဇရာမီး အပြင်းအထန် အလောင်ခံရသော ပုဂ္ဂိုလ်တို့သည် အိမ်ရှေ့ ကျက်သရေ မင်္ဂလာရှိသော နေရာ၌ မနေနိုင်တော့ပဲ အိမ်နောက်ဘက် မီးဖိုချောင်မှာသာ မီးကင်း၍ အိပ်နေကြရတယ်။

ဝင်္ဂဆင်းရဲမှ လွတ်မြောက်ရေးအတွက် ဥပုသ်သီလလည်း မစောင့်နိုင်တော့ဘူး။ တရားလည်း မနာနိုင်တော့ဘူး။ တရားလည်း အားမထုတ်နိုင်တော့ဘူး။ အကောင်း အမွန်

အစား အသောက်တို့ကိုလည်း မစား သောက် နိုင် တော့ဘူး။ အဖိုးတန် အဝတ်တန်ဆာတို့ကို ဝတ်ဆင်၍လည်း မတင့်တယ် တော့ဘူး။

မီးလောင်ခံရသော အိမ်မှ အသုံး အဆောင် ပစ္စည်းဥစ္စာ တို့ကို ရသမျှ ထုတ် ဆောင် ထား ရ သ ကဲ့ သို့ ထို့ အတူ မီးဆယ့်တစ်ပါး အလောင်ခံနေရသော တကာကြီးတို့၊ တကာမ ကြီးတို့ ခန္ဓာအိမ်မှ နိဗ္ဗာန် သွားရာလမ်းခရီး၌ သုံးဆောင် စားသောက်ရန်အတွက် ကုသိုလ် ကောင်း မှု တည်း ဟူ သော ပစ္စည်းဥစ္စာတို့ကို ရသမျှ ဒါန, သီလ, ဘာဝနာတည်းဟူသော အလုပ်ဖြင့် ထုတ်ဆောင် ထားကြရတယ်။

မီးလောင်ခံရသော အိမ်မှ အသုံး အဆောင် ပစ္စည်း ဥစ္စာ တို့ကို ရသမျှ ထုတ်ဆောင်ထားသောအခါ အဖိုးတန် ပစ္စည်း ဥစ္စာတို့ကို ရထားလျှင် အကောင်း အမွန် သုံးဆောင်ခံစားကြ ရမည်။ အဖိုးမတန်သော ပစ္စည်း ဥစ္စာတို့ကို ရရှိထားလျှင် အကောင်း အမွန် မသုံးဆောင် မခံစားရ ဖြစ်ကြသကဲ့သို့ ထို့အတူ မီးဆယ့်တစ်ပါး အလောင်ခံနေရသော တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာကုသိုလ်ကောင်းမှု တည်းဟူသော ပစ္စည်းဥစ္စာတို့ကို ဒါန,သီလ,ဘာဝနာ တည်းဟူသော အလုပ် ဖြင့် ထုတ်ဆောင်ထားနိုင်ပါမှ တဏှာ, မာန, ဒိဋ္ဌိ အစွဲအလမ်း ကင်းသော ကုသိုလ်ကောင်းမှု အဖိုးတန် ပစ္စည်းဥစ္စာတို့ကို ရအောင် ထုတ်ယူထားတတ်ကြရမည်။ အဖိုးတန် ပစ္စည်းဥစ္စာ

တည်းဟူသော ကုသိုလ်ကောင်းမှုကို ရရှိထားလျှင် မွန်မြတ်သော အကျိုးကို ခံစားကြရမည်။

တဏှာ,မာန,ဒိဋ္ဌိ အစွဲအလမ်းနှင့်တကွဖြစ်သော ဒါန,သီလ,ဘာဝနာ အလုပ်ဖြင့် ထုတ်ဆောင်ထားသော ယုတ်ညံ့သော ကုသိုလ်ကောင်းမှု တည်းဟူသော ပစ္စည်းဥစ္စာတို့ကို ရရှိထားလျှင် ယုတ်ညံ့သော အကျိုးကို သုံးဆောင် ခံစားကြရမည်။

## အဖိုးတန် ပစ္စည်းဥစ္စာတို့ကို မီးခံသေတ္တာထဲ ထည့်ထားလျှင် မီးလွတ်ပုံ

ဤလောကအတွင်း၌ ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်တို့မှာ အဖိုးတန်သော ပစ္စည်းဥစ္စာတို့ကို တချို့က သစ်သားသေတ္တာ၌ ထည့်ထားကြတယ်။နေအိမ်ကို မီးလောင်သောအခါ သစ်သားသေတ္တာ,သံသေတ္တာတို့၌ အဖိုးတန်ပစ္စည်းဥစ္စာတို့သည် မီးထဲပါသွားကြတယ်။ မီးခံသေတ္တာထဲ ထည့်ထားသော အဖိုးတန်ပစ္စည်း ဥစ္စာတို့ကား အိမ်ကိုမီးလောင်၍ ပြာကျသွားသော်လည်း အဖိုးတန် ပစ္စည်းဥစ္စာတို့သည် မီးထဲပါမသွားနိုင်။

ထို့အတူ ဗုဒ္ဓသာသနာတော်ကိုကိုးကွယ်ဆည်းကပ်ကြသော တကာကြီးတို့ တကာမကြီးတို့မှာလည်း ဒါန,သီလ,ဘာဝနာ အလုပ်ဖြင့် ခန္ဓာအိမ်မှထုတ်ဆောင်၍ ရရှိထားသော အဖိုးတန် ပစ္စည်း ဥစ္စာ တည်းဟူသော ကုသိုလ်ကောင်းမှုကို တချို့က သစ်သားသေတ္တာနှင့်တူသော ဆရာစွဲဖြင့် ပြုလုပ်ထားကြတယ်။

တချို့မှာသံသေတ္တာနှင့်တူသောဂိုဏ်းစွဲဖြင့်ပြုလုပ်ထားကြတယ်။ တချို့မှာ မီးခံသေတ္တာနှင့်တူသော သာသနာတော်ကို အာရုံပြုသောအားဖြင့် လုပ်ထားကြတယ်။

ခန္ဓာအိမ်ကို မရဏမီးလောင်၍ ပြာကျသွားသောအခါ ဆရာစွဲ,ဂိုဏ်းစွဲဖြင့် ပြုလုပ်၍ ရရှိထားသော ကုသိုလ်ကောင်းမှုတို့သည် တဏှာ,မာန,ဒိဋ္ဌိ အစွဲအလမ်းဖြင့် ပြုလုပ်၍ ရရှိထားသည့်အတွက်အားကိုးမှီခိုရာမရပဲဖြစ်သွားတတ်တယ်။ သာသနာတော်ကိုအာရုံပြုသောအားဖြင့် ပြုလုပ်၍ရရှိထားသော ကုသိုလ်ကောင်းမှုတို့သာ အားကိုးဂွခိုရာ ဖြစ်တယ်။

## မီးဆယ့်တစ်ပါးငြိမ်းအောင် ဘာသာကိုးကွယ်ခြင်း

ဤလောကအတွင်း၌ မီးဆယ့်တစ်ပါး အခလောင်ခံနေကြရသောပုဂ္ဂိုလ်တို့သည်မီးဆယ့်တစ်ပါးငြိမ်းအေးအောင် နီးစပ်ရာဘာသာကို ကိုးကွယ်ဆည်းကပ်ကြရတယ်။ နီးစပ်ရာဘာသာကို ကိုးကွယ် ဆည်းကပ် ကြရတယ် ဆိုရာမှာ မိဘ, ဘိုးဘွားတို့ ကိုးကွယ်ဆည်းကပ်သောဘာသာကို သား,သမီး,မြေး,မြစ်တို့က အစဉ်လိုက်၍ ကိုးကွယ်ဆည်းကပ်ကြတယ်။ မိဘ,ဘိုးဘွားတို့က ခရစ်ယာန်ဘာသာကို ကိုးကွယ်ဆည်းကပ်ကြလျှင် သားသမီး မြေး,မြစ်တို့ကလည်းခရစ်ယာန်ဘာသာကို ကိုးကွယ်ဆည်းကပ်ကြတယ်။ မိဘ,ဘိုးဘွားတို့က အစ္စလာမ်ဘာသာကို ကိုးကွယ်ဆည်းကပ်ကြလျှင် သား,သမီး,မြေး,မြစ်တို့ကလည်း အစ္စလာမ်ဘာသာကို ကိုးကွယ် ဆည်းကပ်ကြတယ်။

မိဘ, ဘိုးဘွားတို့က ဖြာဟ္မဏဘာသာကို ကိုးကွယ်ဆည်းကပ်ကြလျှင် သား, သမီး, မြေး, မြစ်တို့ကလည်း ဗြာဟ္မဏဘာသာကို ကိုးကွယ်ဆည်းကပ်ကြတယ်။ မိဘ, ဘိုးဘွားတို့ကဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်ကြလျှင် သား သမီး မြေး မြစ်တို့ကလည်း ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်ကြတယ်။

ယခုတရားနာနေကြသော တကာ တကာမများတို့နှင့်တကွ တရားဟောသောရဟန်းသံဃာများတို့သည်မိဘ, ဘိုးဘွားတို့က ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ် လာခဲ့ကြသည့်အတွက် ဗုဒ္ဓဘာသာကိုကိုးကွယ်ဆည်းကပ်ကြတယ်။ ငါတို့၏ မိဘ, ဘိုးဘွားတို့က ခရစ်ယာန် ဘာသာကို ကိုးကွယ် ဆည်းကပ်ခဲ့ကြလျှင် ငါတို့လည်း ခရစ်ယာန် ဘာသာကို ကိုးကွယ် ဆည်းကပ်နေကြမှာပဲ၊ ငါတို့၏မိဘ, ဘိုးဘွားတို့က အစ္စလာမ်ဘာသာကိုကိုးကွယ် ဆည်းကပ်ခဲ့ကြလျှင် ငါတို့လည်းအစ္စလာမ်ဘာသာကိုကိုးကွယ် ဆည်းကပ်နေကြမှာပဲ၊ ငါတို့၏ မိဘ, ဘိုးဘွားတို့က ဗြာဟ္မဏ ဘာသာကို ကိုးကွယ် ဆည်းကပ်လာခဲ့ကြလျှင် ငါတို့လည်း ဗြာဟ္မဏဘာသာကို ကိုးကွယ်ဆည်းကပ်လျက် ရှိနေကြမှာပဲ။

ငါတို့၏ မိဘ, ဘိုး ဘွား တို့ က ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်ကြသည့်အတွက် ငါတို့လည်း ယခု ဗုဒ္ဓ ဘာသာကို ကိုးကွယ်ဆည်းကပ်နေကြတယ်။ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်း ကပ်ကြသော ပုဂ္ဂိုလ်တို့မှာ ပဓာနအားဖြင့် ဗုဒ္ဓ, ဓမ္မ, သံဃာ လို့ဆိုတဲ့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြရတယ်။

## ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပုံ သရဏဂုံသုံးပါး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ဗုဒ္ဓံ=မြတ်စွာဘုရားကို။ သရဏံ=မီးဆယ့်တစ်တန်ငြိမ်း အေးရန်အတွက် ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။
ဓမ္မံ=တရားတော်မြတ်ကို။ သရဏံ=မီးဆယ့်တစ်တန် ငြိမ်းအေးရန်အတွက် ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။
သံဃံ=သံဃာတော်မြတ်ကို။ သရဏံ = မီး ဆယ့်တစ်တန် ငြိမ်းအေးရန်အတွက် ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

ဗုဒ္ဓ,ဓမ္မ,သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ရခြင်းသည် မီးဆယ့်တစ်ပါး ငြိမ်းအေးအောင် ကိုးကွယ် ဆည်းကပ်ကြသော်လည်း တချို့ မသိ မလိမ္မာသော ပုဂ္ဂိုလ်တို့မှာ ဘုရား,တရား,သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ် ဆည်းကပ်ကြရာ၌ မီးလောင်ခံနေကြရတယ်။ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို မသိ မမြင်ကြလျှင် မောဟ မီးလောင်တယ်။ ငါတို့၏ ဘုရား၊ ငါတို့၏ တရား၊ ငါတို့၏ အဖွဲ့ကတရား၊ ငါတို့၏ ဆရာတော်၊ ငါတို့၏ ဂိုဏ်း ဟူ၍ အစွဲ

အလမ်းဖြင့် ကိုးကွယ်ဆည်းကပ်ကြလျှင် ရာဂမီးလောင်တယ်။ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးတို့နှင့်ပတ်သက်၍ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု ဖြစ်ကြလျှင် ဒေါသမီးလောင်တယ်။

ဘုရား၊တရား၊သံဃာ ရတနာသုံးပါးတို့ကို ကိုးကွယ် ဆည်းကပ်ကြရာ၌ ဒီလို အာရုံပြု၍ ကိုးကွယ် ဆည်းကပ်ကြပါလျှင် မီးလောင်မှု ငြိမ်းအေးကြမည်။ ဘုရား၏ ရုပ်တုတော်၊ ဓာတ်တော်၊ မွေတော်၊ စေတီတော်တို့သည် မီး ဆယ့်တစ်ပါး ငြိမ်းအေးပြီးသော မြတ်စွာဘုရား၏ ရုပ်တုတော်၊ဓာတ်တော်၊ မွေတော်၊စေတီတော်တို့ ဖြစ်တယ်။မီးဆယ့်တစ်ပါး ငြိမ်းအေးပြီးသော မြတ်စွာဘုရား၏ ရုပ်တုတော်၊ဓာတ်တော်၊မွေတော်၊ စေတီတော်တို့ကို ကိုးကွယ် ဆည်းကပ်သဖြင့် ငါတို့လည်း မီး ဆယ့်တစ်ပါး ငြိမ်းအေးလိမ့်မည်ဟု အာရုံပြု၍ ကိုးကွယ် ဆည်းကပ်ကြလျှင် မီး ဆယ့်တစ်ပါး ငြိမ်းအေးကြောင်း ကုသိုလ်ဖြစ်တယ်။

## မီးသတ်ရုံနှင့်တူပုံ

တချို့ မြို့ကြီး ရွာကြီးတို့မှာ အိမ် စသော အဆောက်အအုံတို့ကို မီးလောင်လျှင် မီး သတ် ရန် အတွက် မီး သတ် ဌာန ဆောက်လုပ်၍ မီးသတ်ဗိုလ်၊ မီးသတ်သမားတို့ကို လခပေး၍ ထားကြတယ်။ မီးသတ်ဗိုလ်၊ မီးသတ်သမားတို့သည် အိမ် စသော အဆောက်အအုံတို့ကို မီးလောင်လျှင် လိုက်၍ သတ်

ကြရတယ်။သို့သော်လည်း မီးသတ်ဗိုလ်၊ မီးသတ်သမားတို့သည် မိမိတို့နေရာ အိမ် မီးသတ်ဌာနတို့ကို မီးလောင်နေလျှင် တခြား အိမ်စသော အဆောက်အအုံတို့ကို မီးလောင်နေသော်လည်း လိုက်၍ မငြိမ်းသတ်နိုင်။ ထို့အတူ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာ လောင်နေသော ရာဂ စသော မီးဆယ့်တစ်ပါးတို့ကို ငြိမ်းသတ်ရန်အတွက် ကျောင်းတည်း ဟူသော မီးသတ်ဌာနကို ဆောက်လုပ်၍ မီးသတ်ဗိုလ်၊ မီးသတ်သမားများဖြစ်ကြသော ဆရာတော်, သံဃာတော်တို့ကို ပင့်ဆောင်၍ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းထားကြတယ်။

မီးသတ်ဗိုလ်၊ မီးသတ်သမားများဖြစ်ကြသော ဆရာတော်, သံဃာတော်တို့သည် တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာအိမ်မှာ လောင်နေသော ရာဂ.စသော မီးဆယ့်တစ်ပါး ငြိမ်းအေးအောင် ငြိမ်းသတ်နေကြတယ်။

သို့သော်လည်းမီးသတ်ဗိုလ်၊မီးသတ်သမားများဖြစ်ကြသော ဆရာတော်, သံဃာတော်တို့သည် မိမိတို့ ခန္ဓာအိမ်မှာ ရာဂ စသောမီးလောင်နေလျှင် တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာ အိမ်မှာ လောင်နေသော ရာဂမီးဆယ့်တစ်ပါးကို ငြိမ်းအေး အောင် ငြိမ်းသတ်နိုင်မည်မဟုတ်။

မီးသတ်ဗိုလ် မီးသတ်သမားများဖြစ်ကြသော ဆရာတော် သံဃာတော်တို့မှာ ငါ့သက်န်း၊ငါ့ဆွမ်း၊ငါ့ကျောင်း၊ငါ့ပစ္စည်း၊ ငါ့တကာ တကာမ စသောအားဖြင့် သာယာခင်တွယ်လိုချင် စွဲလမ်းမှု ရာဂမီးလောင်နေလျှင် ဆွမ်း,သင်္ကန်း, ကျောင်း,

ဆေး ပစ္စည်းလေးပါးနှင့်တကွ တခြားသော ပစ္စည်းများနှင့် ပတ်သက်၍ဖြစ်စေ၊တကာ, တကာမများနှင့်ပတ်သက်၍ ဖြစ်စေ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု ဒေါသမီးလောင် နေလျှင်၊ ပစ္စဝေက္ခဏာဆင်ခြင်မှု၊ သီလ၊ သမာဓိ၊ ပညာ တရား ပွားများမှုကိုမသိ၍မောဟမီးလောင်နေလျှင်တကာကြီး တကာမကြီးတို့ ခန္ဓာအိမ်မှာ လောင်နေသော ရာဂ စသော မီးဆယ့်တစ်ပါးကို ငြိမ်းအေးအောင်ငြိမ်းသတ်နိုင်မည်မဟုတ်။

ဆွမ်း,သင်္ကန်း, ကျောင်း, ဆေးနှင့်တကွ တခြားပစ္စည်း တို့ကိစ္စ၊တကာ,တကာမ ကိစ္စတို့နှင့် ပတ်သက်၍ စိုးရိမ်ပူဆွေးမှု သောကမီးလောင်နေလျှင်၊ ငိုကြွေးရမှု ပရိဒေဝမီးလောင် နေလျှင်၊ ကိုယ်ဆင်းရဲမှု ဒုက္ခမီးလောင်နေလျှင်၊ စိတ်ဆင်းရဲမှု ဒေါမနဿမီးလောင်နေလျှင်၊ ပြင်းစွာပူပန်ရမှု ဥပါယာသ မီးလောင်နေလျှင် တကာ, တကာမတို့ခန္ဓာအိမ်မှာ လောင်နေ သော ရာဂစသော မီးဆယ့်တစ်ပါးကို ငြိမ်းအောင် ငြိမ်းသတ် နိုင်မည်မဟုတ်။

ပစ္စည်းလေးပါးနှင့်တကွ တခြား ပစ္စည်းတို့နှင့်ပတ်သက်၍ ရာဂစသော မီးလောင်လာလျှင် ပစ္စဝေက္ခဏာ ဆင်ခြင်မှုတည်း ဟူသော ရေဖြင့်ငြိမ်းသတ်လျှင်ငြိမ်းအေးသွားနိုင်တယ်၊တကာ, တကာမတို့နှင့်ပတ်သက်၍ ရာဂစသော မီးလောင်လာလျှင် ပစ္စဝေက္ခဏာ ဆင်ခြင်မှုတည်းဟူသော ရေဖြင့် ငြိမ်းသတ်၍ မငြိမ်းအေးနိုင်၊ ဝိပဿနာတရားပွားများအားထုတ်၍လောကီ

လောကုတ္တရာ မဂ္ဂင်ရေဖြင့် ငြိမ်းသတ်မှသာလျှင် ငြိမ်းအေး သွားနိုင်တယ်။

## ဓာတ်ဗေဒ သမ္မာန်ရုပ် ဝိပဿနာတရား

တကာကြီးတို့၊တကာမကြီးတို့၊ မီးဆယ့်တစ်ပါး ငြိမ်းအေး သွားအောင် ဝိပဿနာတရားကို ပွားများ အားထုတ်ကြ၊ တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်မှာ ပြင်းစွာပူမှု ဖြစ်ကြတယ်။ ခန္ဓာကိုယ်မှာ ပြင်းစွာပူမှု ဖြစ်ခြင်းသည် ရုပ်တရားတို့ ပြင်းစွာပူနေမှုသာ ဖြစ်တယ်ဟူ၍ မသိကြပဲ ငါ့ခန္ဓာကိုယ်ပြင်းစွာပူနေတယ်ဟု ထင်မှတ်ယူဆကြလျှင်မောဟ မီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ ပြင်းစွာမီးလောင်မှုဖြစ်ခြင်းသည် ရုပ်တရား တို့ ပြင်းစွာပူလောင်နေမှုသာဖြစ်တယ်ဟူ၍ မသိကြပဲ ငါ့ခန္ဓာ ကိုယ် ပြင်းစွာပူလောင်နေတယ်ဟု ထင် မှတ် ယူ ဆကြလျှင် မောဟမီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ သွားနာမှု, သွားကျိုးမှု ဖြစ်ခြင်းသည် ရုပ် တရားတို့ နာမှု,ကျိုးမှု သာဖြစ်တယ်ဟူ၍ မသိကြပဲ၊ ငါ့သွား နာတယ်, ငါ့သွားကျိုးတယ်ဟုထင်မှတ်ယူဆကြလျှင် မောဟ မီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ ဆံပင် အမွေးဖြူခြင်းသည် ရုပ်တရားတို့ ဖြူခြင်းသာ ဖြစ်တယ်ဟူ၍ မသိကြပဲ ငါ့ဆံပင်၊ ငါ့အမွေး

ဖြူနေတယ်ဟု ထင်မှတ်ယူဆကြလျှင် မောဟမီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ အသားအရေတွန့်ခြင်းသည် ရုပ်တရားတို့ တွန့်ခြင်းသာ ဖြစ်တယ်ဟူ၍ မသိကြပဲ ငါ့အသားအရေတွန့်နေတယ်ဟု ထင်မှတ်ယူဆကြလျှင် မောဟမီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ မျက်စိပြာမှု၊ မျက်စိမမြင်မှု ဖြစ်ခြင်းသည် ရုပ်တရားတို့ ဆုတ်ယုတ် ပျက်စီး၍ ပြာမှုမမြင်မှုသာဖြစ်တယ် ဟူ၍မသိကြပဲ ငါ့မျက်စိပြာမှု၊မမြင်မှုသာဖြစ်တယ်ဟု ထင်မှတ် ယူဆကြလျှင် မောဟမီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ နားထိုင်းမှု၊ နားမကြားမှု ဖြစ်ခြင်းသည် ရုပ်တရားတို့ဆုတ်ယုတ်ပျက်စီး၍ ထိုင်းမှု၊ မကြားမှုသာဖြစ်တယ် ဟူ၍ မသိကြပဲ ငါ့နားထိုင်းတယ်၊ ငါ့နားမကြားဟု ထင်မှတ် ယူဆကြလျှင် မောဟမီး လောင်နေတယ်။

ခန္ဓာကိုယ်မှာ အစာကြေမှု ဖြစ်ခြင်းသည် ရုပ်တရားတို့ ကြေမှုသာဖြစ်တယ်ဟူ၍ မသိကြပဲ ငါ့မှာ အစာကြေတယ်ဟု ထင်မှတ်ယူဆကြလျှင် မောဟမီး လောင်နေတယ်။

## မီးဆယ့်တစ်ပါး ငြိမ်းအေးအောင်
## ဒီလို ပွားများအားထုတ်ကြ

တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်မှာ ပြင်းစွာ ပူမှု ဖြစ်ခြင်းသည် ငါ့ခန္ဓာကိုယ် ပြင်းစွာ ပူသည်မဟုတ်၊ သန္တာပနတေဇောကြောင့် ရုပ်အပေါင်းတို့ ပြင်းစွာ ပူမှုသာ ဖြစ်တယ်

ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေး တယ်။

ခန္ဓာကိုယ်မှာ ပြင်းစွာ ပူလောင်မှု ဖြစ်ခြင်းသည် ငါ့ခန္ဓာကိုယ် ပြင်းစွာ ပူလောင်သည်မဟုတ်၊ ဒဟတေဇောကြောင့် ရုပ်တရားတို့ ပြင်းစွာ ပူလောင်မှုသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးတယ်။

ခန္ဓာကိုယ်မှာ သွားနာမှု, သွားကျိုးမှု ဖြစ်ခြင်းသည် ငါ့သွားနာသည်မဟုတ်၊ငါ့သွား ကျိုးသည်မဟုတ်၊ဇီရဏ တေဇော ကြောင့် ရုပ်တရားတို့ နာမှု, ကျိုးမှုသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးတယ်။

ခန္ဓာကိုယ်မှာ ဆံပင် အမွေးဖြူခြင်းသည် ငါ့ဆံပင်၊ ငါ့ အမွေးဖြူသည် မဟုတ်၊ ဇီရဏ တေဇောကြောင့် ရုပ်တရားတို့ ဖြူခြင်းသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးသွားတယ်။

ခန္ဓာကိုယ်မှာ အသား အရေ တွန့်ခြင်းသည် ငါ့ အသား အရေ တွန့်သည်မဟုတ်၊ ဇီရဏ တေဇောကြောင့် ရုပ်တရားတို့ တွန့်ခြင်းသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးတယ်။

ခန္ဓာကိုယ်မှာ မျက်စိပြာမှု၊မျက်စိမမြင်မှု ဖြစ်ခြင်းသည် ငါ့ မျက်စိ ပြာသည်ဟုတ်၊ ငါ့ မျက်စိ မမြင်သည်မဟုတ်၊ ဇီရဏ တေဇောကြောင့် ရုပ်တရားတို့ ဆုတ်ယုတ်ပျက်စီး၍ ပြာမှု

မမြင်မှုသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးတယ်။

ခန္ဓာကိုယ်မှာ နားထိုင်းမှု နားမကြားမှု ဖြစ်ခြင်းသည် ငါ့နား ထိုင်းသည်မဟုတ်၊ ငါ့နား မကြားသည်မဟုတ်၊ဇီရဏ တေဇောကြောင့် ရုပ်တရားတို့ ဆုတ်ယုတ် ပျက်စီး၍ ထိုင်းမှု မကြားမှုသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးတယ်။

ခန္ဓာကိုယ်မှာ အစာကြေမှု ဖြစ်ခြင်းသည် ငါ အစာကြေသည်မဟုတ်၊ပါစက တေဇောကြောင့် ရုပ်တရားတို့ ကြေမှုသာ ဖြစ်တယ်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်ကြလျှင် မောဟမီး ငြိမ်းအေးတယ်။

## ပရိညာ သုံးပါး

ပရိညာ တရားသည် ဉာတပရိညာတပါး၊ တီရဏ ပရိညာ တပါး၊ ပဟာန ပရိညာ တပါးအားဖြင့် သုံးပါး ရှိတယ်။

ရုပ်တရားကိုဖြစ်စေ၊ နာမ်တရားကိုဖြစ်စေ၊ ရုပ်နာမ်တရား နှစ်ပါးလုံးကိုဖြစ်စေ ပိုင်းခြား၍ သိခြင်းသည် ဉာတပရိညာ ဖြစ်တယ်။

ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာပြီးလျှင် ချုပ် ပျောက် ပျက်စီး၍ မရှိသောတရားသာ ဖြစ်တယ်ဟူ၍ သိမြင်ခြင်း

အနိစ္စလက္ခဏာ၊ ဖြစ်ပေါ်လာပြီးလျှင် မရှိသောတရားသည် ဆင်းရဲသော တရားသာဖြစ်တယ်ဟူ၍ သိမြင်ခြင်းဒုက္ခလက္ခဏာ၊ ဖြစ်ပေါ်လာပြီးလျှင် မရှိသောတရားသည် အနှစ်သာရမရှိ၊ အလိုသို့မလိုက်၊ အစိုးမရသော တရားသာ ဖြစ်တယ်ဟူ၍ အနတ္တလက္ခဏာ၊ ဤသို့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို သိမြင်ခြင်းသည် တီရဏ ပရိညာ ဖြစ်တယ်။

ပညတ်, ပရမတ်တို့အပေါ်မှာ သာယာ ခင်တွယ် လိုချင်စွဲလမ်းမှု မဖြစ်တော့ပဲ ငြိမ်းအေးသွားလျှင် ပဟာန ပရိညာ ဖြစ်တယ်။

## ဉာတပရိညာ

ခန္ဓာကိုယ်မှာ ပြင်းစွာ ပူမှု ဖြစ်ခြင်းသည် ရုပ်တရားသာ ဖြစ်တယ်ဟု သိမြင်မှု၊ ပြင်းစွာ ပူလောင်မှု ဖြစ်ခြင်းသည် ရုပ်တရားသာ ဖြစ်တယ်ဟု သိမြင်မှု, သွားနာမှု သွားကျိုးမှု ဖြစ်ခြင်းသည် ရုပ်တရားတို့ နာမှု, ကျိုးမှုမျှသာ ဖြစ်တယ်ဟု သိမြင်မှု၊ ဆံပင် အမွေး ဖြူခြင်းသည် ရုပ်တရားတို့ ဖြူခြင်းမျှသာ ဖြစ်တယ်ဟု သိမြင်မှု၊ အသားအရေ တွန့်ခြင်းသည် ရုပ်တရားတို့ တွန့်ခြင်းသာ ဖြစ်တယ်ဟု သိမြင်မှု, မျက်စိပြာမှု မျက်စိ မမြင်မှု ဖြစ်ခြင်းသည် ရုပ်တရားတို့ ဆုတ်ယုတ် ပျက်စီးမှုမျှသာ ဖြစ်တယ်ဟုသိမြင်မှု၊နားထိုင်းမှု,နားမကြားမှု ဖြစ်ခြင်းသည် ရုပ်တရားတို့

ဆုတ်ယုတ် ပျက်စီးမှုမျှသာ ဖြစ်တယ်ဟု သိမြင်မှု၊ အစာကြေမှု ဖြစ်ခြင်းသည် ရုပ်တရားတို့ ကြေမှုမျှသာ ဖြစ်တယ်ဟု သိမြင်မှု တို့သည် ဉာတပရိညာ ဖြစ်တယ်။ ဉာတပရိညာဖြင့် ဒိဋ္ဌိကို ပယ်တယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ခန္ဓာကိုယ်မှာ ပြင်းစွာ ပူမှုဖြစ်ခြင်း ရုပ်တရားတို့အကြောင်း သည် သန္တာပနတေဇော ဖြစ်တယ်။ သန္တာပနတေဇော ဖြစ်ခြင်း သည် ခန္ဓာကိုယ်မှာ ပြင်းစွာ ပူမှု ဖြစ်ခြင်း ရုပ်တရားတို့၏ အကြောင်း ဖြစ်တယ်။

ခန္ဓာကိုယ်မှာ ပြင်းစွာ ပူလောင်မှုဖြစ်ခြင်း ရုပ်တရားတို့၏ အကြောင်းသည် ဒဟတေဇော ဖြစ်တယ်။ ဒဟတေဇော ဖြစ် ခြင်းသည် ခန္ဓာကိုယ်မှာ ပြင်းစွာပူလောင်မှုဖြစ်ခြင်း ရုပ်တရား တို့၏အကြောင်းဖြစ်တယ်။

သွားခေါ်သော ရုပ်တရားတို့၏ နာမှု, ကျိုးမှု အကြောင်း သည် ဇိရဏတေဇောဖြစ်တယ်။ ဇိရဏတေဇော ဖြစ်ခြင်းသည် သွား ခေါ်သော ရုပ်တရားတို့၏ နာမှု, ကျိုးမှု အကြောင်း ဖြစ်တယ်။

ဆံပင်၊ အမွေး ခေါ်သော ရုပ်တရားတို့၏ဖြူမှုအကြောင်း သည် ဇိရဏတေဇော ဖြစ်တယ်။ ဇိရဏတေဇော ဖြစ်ခြင်းသည် ဆံပင် အမွေးခေါ်သော ရုပ်တို့၏ ဖြူမှုအကြောင်းဖြစ်တယ်။

အသားအရေ ခေါ်သော ရုပ်တရားတို့၏ တွန့်ခြင်း အကြောင်းသည် ဇီရဏတေဇော ဖြစ်တယ်။ ဇီရဏတေဇော ဖြစ်ခြင်းသည် အသား အရေခေါ်သော ရုပ်တရားတို့၏ တွန့် ခြင်းအကြောင်း ဖြစ်တယ်။

မျက်စိ ခေါ်သော ရုပ်တရားတို့၏ ပြာမှု၊ မမြင်မှုသည် ဇီရဏတေဇော ဖြစ်တယ်။ ဇီရဏတေဇောဖြစ်ခြင်းသည် မျက်စိ ခေါ်သော ရုပ်တရားတို့၏ပြာမှု၊ မမြင်မှုအကြောင်းဖြစ်တယ်။

နား ခေါ်သော ရုပ်တရားတို့၏ ထိုင်းမှု၊မကြားမှု ဖြစ်ခြင်း သည် ဇီရဏတေဇော ဖြစ်တယ်။ ဇီရဏတေဇော ဖြစ်ခြင်းသည် နားခေါ်သောရုပ်တရားတို့၏ ထိုင်းမှု၊ မကြားမှု အကြောင်း ဖြစ်တယ်။

အစာ ခေါ်သော ရုပ်တရားတို့၏ ကြေမှု အကြောင်းသည် ပါစကတေဇော ဖြစ်တယ်။ ပါစကတေဇော ဖြစ်ခြင်းသည် အစာခေါ်သော ရုပ်တရားတို့၏ ကြေမှုအကြောင်း ဖြစ်တယ်။

အကြောင်းကို သိမ်းဆည်း၍ သိမြင်ခြင်း သည် ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ်တယ်။

## တီရဏပရိညာ

တကာကြီးတို့၊ တကာမကြီးတို့ ခန္ဓာကိုယ်မှာ ပြင်းစွာ ပူမှု ရုပ်တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟု ရှုကြ။

ခန္ဓာကိုယ်မှာ သွား ခေါ်သော ရုပ် တရားတို့၏ နာမှု၊ ကျိုးမှု ရုပ်တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

ခန္ဓာကိုယ်မှာ ဆံပင်၊ အမွေး ခေါ်သော ရုပ်တရားတို့၏ ဖြူမှု ရုပ်တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

ခန္ဓာကိုယ်မှာ အသား အရေခေါ်သော ရုပ် တ ရား တို့ ၏ တွန့်မှုရုပ်တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

မျက်စိခေါ်သော ရုပ်တရားတို့၏ ပြာမှု၊ မမြင်မှု ရုပ်တရား တို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

နားခေါ်သောရုပ်တရားတို့၏ထိုင်းမှု၊မကြားမှု ရုပ်တရားတို့ သည်ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီး သော တရားတို့သာဖြစ်တယ်။

အစာခေါ်သော ရုပ်တရားတို့၏ ကြေမှု ရုပ်တရားတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့သာ ဖြစ်တယ်။

ဤကဲ့သို့အကြိမ်ကြိမ်အထပ်ထပ်ပွါးများအားထုတ်ကြလျှင် ရုပ်တရားတို့၏ ဖြစ်ပေါ်လာပြီးလျှင်ခဏ ချက်ချင်းချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟူ၍ ဝိပဿနာဉာဏ်မှာ ထင်မြင်လာသောအခါ တီရဏပရိညာ ဖြစ်တယ်။

## ပဟာနပရိညာ

ဤကဲ့သို့ အကြိမ်ကြိမ် အထပ်ထပ် ပွါးများအားထုတ်ကြသဖြင့် ဝိပဿနာဉာဏ် ရင့်ကျက် လာသော အခါ သာယာခင်တွယ် လိုချင်စွဲလမ်းတတ်မက်သော ရာဂမီး မဖြစ်တော့ပဲ အချင်းခပ်သိမ်း ချုပ်ငြိမ်းသွားလျှင် အခြားတပါးသောမီးတို့လည်း ငြိမ်းအေး သွားတယ်။ အပါယ်လေးပါးတို့၌ ဖြစ်စေတတ်သောရာဂ, ဒေါသ, မောဟမီးတို့ ငြိမ်းအေးသွားလျှင် ပဟာန ပရိညာဖြစ်တယ်။ ပဟာနပရိညာ ဖြစ်လျှင် မဟာသောတာပန်ဖြစ်တယ်။

## သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်ခြင်း

မဟာသောတာပန်ပုဂ္ဂိုလ်သည်သစ္စာလေးပါးတို့ကိုပိုင်းခြား၍သိမြင်တယ်။ ရုပ်တရား,နာမ်တရားတို့ဖြစ်ပေါ်လာခြင်းသည် ဇာတိ,ဇရာ,မရဏစသောမီးလောင်ကျွမ်းမှုတို့မှ မလွတ်မြောက်သည့်အတွက် ဆင်းရဲခြင်း အမှန် ဖြစ်တယ်ဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ရာဂ,ဒေါသ,မောဟမီးတို့ တောက်လောင် နေခြင်းသည် ဇာတိ,ဇရာ,မရဏစသော အကျိုးမီးတို့၏ တောက်လောင်ခြင်း အကြောင်း ဖြစ်တယ်ဟု သမုဒယ သစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ရာဂ,ဒေါသ, မောဟတို့၏ အချင်းငြိမ်းခြင်း မဖြစ်တော့ပဲ ချုပ်ငြိမ်းခြင်းသည်ဇာတိ,ဇရာ,မရဏစသောအကျိုးမီးတို့မဖြစ်တော့ပဲ ချုပ်ငြိမ်းမှု ဖြစ်တယ်ဟု နိရောဓသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

အကြောင်းမီး သုံးပါး မငြိမ်းလျှင် အကျိုးမီး ရှစ်ပါးတို့ မငြိမ်းနိုင်။


အကြောင်းမီးသုံးပါးငြိမ်းမှသာလျှင် အကျိုးမီးရှစ်ပါးတို့ ငြိမ်းအေး သွားတယ်ဟု ဟုတ်မှန်စွာ ပိုင်းခြား သိမြင်လျှင် မဂ္ဂသစ္စာကို ပိုင်းခြား၍ သိမြင်တယ်။

ကိုင်း....ဆုံးပြီ။



စစ်တွေမြို့ ပုသိမ်ဆရာတော် အရှင်ဂုဏဝံသသည်
သာဒ္ဓမ္မဂုဏ ကျောင်းတိုက်၌ ဥပုသ်ဆောက်တည်
ကြ ကုန် သော တကာ တကာမ တို့ အား
၁၃၂၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်နေ့တွင်
ဟောပြော ပြသသော

# အာမဂန္ဓ ဝိပဿနာ တရားတော်



# အခန်း ၆

ဒီနေ့တကာကြီးတို့၊တကာမကြီးတို့အား အာမဂန္ဓဝိပဿနာ တရားကိုဟောမည်။

တကာကြီးတို့၊ တကာမကြီးတို့၊ ငါတို့ ဂေါတမမြတ်စွာ ဘုရားမပွင့်မီက သာဝတ္ထိမြို့မှာ အာမဂန္ဓမည်သော ပုဏ္ဏား တယောက်ရှိတယ်။ ထိုအာမဂန္ဓပုဏ္ဏားသည် တပည့်လုလင်ငါးရာ တို့နှင့်တကွ ရသေ့ရဟန်းပြုလုပ်၍ ဟိမဝန္တာသို့ ဝင်လျက် တောင်ကြား၌ သင်္ခမ်း ကျောင်း ဆောက်လုပ်၍ နေကြတယ်။ တောသစ်မြစ်၊သစ်သီးတို့ကိုအာစာအာဟာရအဖြစ်စားသောက် သုံးဆောင်၍ ကျင့်နေကြတယ်။

ချဉ်ဆား မမှိုဝဲ မသုံးဆောင်ရသော ရသေ့တို့အား ဖျော့တော့ဆော အနာရောဂါ စွဲထပ်လာကြသည်အတွက် ချဉ်ဆား မှိုဝဲ သုံးဆောင် ခြင်းငှါ လူတို့၏နေရာပစ္စန္တရစ် ရွာသို့ ရောက်လာကြတယ်။ ထိုပစ္စန္တရစ်ရွာ၌ နေကြသော လူတို့သည် ထိုရသေ့တို့ကို ကြည်ညိုကြသဖြင့် ဆွမ်း လှူဒါန်း ကျွေးမွေးကြတယ်။ဆွမ်းစားပြီးသောအခါ ထိုရသေ့တို့အား ပင့်ဖိတ်၍ ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာ စသည်တို့ကို ချပေးကြလျက် သီတင်းသုံးနေကြရန် လျှောက်ထားကြတယ်။

ထိုရသေ့ တို့ သည် ထိုပစ္စန္တရစ်ရွာ၌ မိုးလေးလပတ်လုံး သီတင်းသုံးနေကြတယ်၊ ကျန်းကျန်းမာမာ ဖြစ်ကြသောအခါ လူတို့အား ဟိမဝန္တာသို့ပြန်သွားရန် ပြောကြားကြတယ်။ လူတို့သည် ထိုရသေ့တို့အား သုံးဆောင်မှိုဝဲရန်အတွက် ဆန်၊ ဆီ၊ ဆား စသော အသုံးအဆောင် ပစ္စည်းတို့ကို လှူဒါန်း ကြတယ်။ ထိုရသေ့တို့သည် ထိုပစ္စန္တရစ်ရွာ၌ နှစ်စဉ် နှစ်တိုင်း မိုးလေးလအခါ ကြွ၍ သီတင်းသုံးကြတယ်။

## ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခြင်း

ဤလောကို၌ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာ၍ မြတ်စွာဘုရားသည် ဒေသစာရီ လှည့်လည်၍ သာဝတ္ထိမြို့သို့ ရောက်တော်မူလာသောအခါ ထိုရသေ့တို့၏ ရဟန္တာဖြစ်ဖို့ရန် အကြောင်းနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ ရဟန်းသံဃာ များစွာ ခြံရံလျက် ထိုပစ္စန္တရစ်ရွာသို့ ရောက်တော်မူတယ်။

ထိုပစ္စန္တရစ်ရွာသူရွာသားတို့သည် ရဟန်းသံဃာ များစွာ ခြံရံလျက် ကြွလာတော်မူသော မြတ်စွာဘုရားအား ရဟန်း သံဃာတို့နှင့်တကွ ဆွမ်း ကျွေးမွေး လှူဒါန်းကြတယ်။ ဆွမ်း သုံးဆောင်ပြီးသောအခါ ထိုတကာ တကာမတို့အား မြတ်စွာ ဘုရား တရားဟောတော်မူသဖြင့် တချို့သောတာပန်၊ တချို့ သကဒါဂါမ်၊ တချို့အနာဂါမ်ဖြစ်ကြတယ်။ တချို့ရဟန်းပြု၍ ရဟန္တာဖြစ်ကြတယ်။ မြတ်စွာဘုရားသည် ထိုပစ္စန္တရစ်ရွာမှ သာဝတ္ထိမြို့သို့ တဖန်ပြန်ကြွသွားတယ်။

ထို ရသေ့တို့သည် ချဉ်ဆား မှိုဝဲ သုံးဆောင်ရန် အတွက် ထိုပစ္စန္တရစ်ရွာသို့ တဖန် ရောက်လာကြသောအခါ ပစ္စန္တရစ် ရွာသူ ရွာသားတို့သည် ထိုရသေ့တို့အား ရှေးအခါကကဲ့သို့ အုတ်အုတ်ကျက်ကျက် ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း၊ လှူဒါန်းကျွေးမွေးခြင်း စသည်တို့ မပြုတော့ပဲ နေကြတယ်။

ထိုအခါ ထိုရသေ့တို့သည် ပစ္စန္တရစ်ရွာသူရွာသားတို့အား မေးမြန်းကြတယ်။

“ဒါယကာတို့ ဘယ်လိုဖြစ်နေကြသလဲ၊ ငါတို့ ရှေးအခါက ဒီရွာသို့ ရောက်လာကြလျှင် အုတ်အုတ် ကျက်ကျက် ခရီးဦး ကြိုဆိုကြတယ်၊ အရိုအသေ ပြုကြတယ်၊ ကျွေးမွေး လှူဒါန်း ကြတယ်။

“ယခု ငါတို့ရောက်လာသောအခါ ရှေးအခါကကဲ့သို့ အုတ် အုတ်ကျက်ကျက် ခရီးဦး ကြိုဆိုမှုလည်း မရှိ၊ အရိုအသေ ပြုမှု လည်းမရှိ၊ ကျွေးမွေး လှူဒါန်းမှုလည်းမရှိ ဖြစ်နေသည်ကို တွေ့ရတယ်။ မင်းပြစ် မင်းဒဏ်ဖြင့် နှိပ်စက် ခံနေကြရသလား၊

သို့မဟုတ် ဝေါ်မွတ်ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရကပ် ဆိုက်နေကြသလား၊ သို့မဟုတ် ငါတို့ထက် သီလ,သမာဓိ, ပညာတို့ဖြင့် သာလွန်သော ရသေ့ ရဟန်း ပုဂ္ဂိုလ် တစုံတယောက် ဒီရွာသို့ ရောက်လာသလား''ဟူ၍ မေးမြန်းကြတယ်။

ဒါယကာများတို့က ထိုရသေ့တို့အား ဒီလို ဖြေကြား လျှောက်ထားကြတယ်။

''အရှင်ဘုရားတို့၊ တပည့်တော်တို့သည် မင်းပြစ် မင်းဒဏ် နှိပ်စက်ခံနေရသည်လည်း မဟုတ်ပါ၊ဝေါ်မွတ်ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရကပ် ဆိုက်နေသည်လည်း မဟုတ်ပါ၊ အမှန်စင်စစ် အားဖြင့် ဤလောက၌ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူလျက် ဒေသစာရီ လှည့်လည်သောအားဖြင့် ဒီရွာသို့ ကြွလာတော်မူ၍ တရား ဟောတော်မူပါတယ်။ တရားနာရသော ပုဂ္ဂိုလ်တို့သည် တချို့ သောတာပန်၊တချို့ သကဒါဂါမ်၊တချို့ အနာဂါမ် ဖြစ်ကြပါတယ်။တချို့ ရဟန်းပြု၍ ရဟန္တာ ဖြစ်ကြပါတယ်''ဟူ၍ လျှောက်ထားကြတယ်။

ထိုအခါ ထို ဒါယကာတို့ လျှောက်ထားသော စကားကို ကြားရလျှင် အာမဂန္ဓ ရသေ့သည် ဝမ်းမြောက် ရွှင်လန်းသောအားဖြင့် ဒီလို မိန့်မြွက်သောစကားကို ပြောဆိုတယ်။

> ''ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော အတိဒုလ္လဘတရော လောကသ္မိံ''

ဟူ၍ မိန့်မြွက် ပြောဆိုတယ်။

လောကသ္မိံ=လောကအတွင်း၌။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ=ဘုရား ဘုရားဟူ၍။ ဃောသော=ပြောဆိုအပ်သောစကား အသံကို။ အတိဒုလ္လဘတရော=အလွန် ရခဲ၏။

ထိုစကားကို မိန့်မြွက် ပြောဆိုပြီးသည့်နောက် အာမဂန္ဓ ရသေ့သည် ဒါယကာတို့အား ဒီလို မေးမြန်းတယ်။

“ကိံ နုခေါ သောဗုဒ္ဓေါ အာမဂန္ဓံ ဘုဉ္ဇတိ နဘုဉ္ဇတိ” ဟူ၍ မေးမြန်းတယ်။

အာဝုသော=ဒါယကာတို့။ သောဗုဒ္ဓေါ=ထိုမြတ်စွာဘုရားသည်။ အာမဂန္ဓံ=အာမဂန္ဓ အစာအာဟာရကို။ ဘုဉ္ဇတိကိံ နုခေါ= စားသုံးသလော။ နဘုဉ္ဇတိကိံ နုခေါ= မစားမသုံး သလော။

“ထိုမြတ်စွာဘုရားသည် အာမဂန္ဓ အစာအာဟာရကို စားသုံး သလော၊ မစားမသုံး သလော” ဟူ၍ အာမဂန္ဓ ရသေ့က ဒါယကာတို့အား မေးတယ်။

ဒါယကာတို့က အာမဂန္ဓ ရသေ့အား ဒီလို ပြန်လျှောက် ထားကြတယ်။

“ကောပန ဘန္တေ အာမဂန္ဓော”

ဟူ၍ ပြန်လျှောက်ထားကြတယ်။

ဘန္တေ= အရှင်ဘုရား။ အာမဂန္ဓော= အာမဂန္ဓ အစာ အာဟာရသည်။ ကောပန=အဘယ်ပါနည်း။

ဒါယကာတို့က “အရှင်ဘုရား၊ အာမဂန္ဓ အစာအာဟာရ သည် အဘယ်ပါနည်း” ဟူ၍ အာမဂန္ဓရသေ့အား လျှောက် ထားကြတယ်။

အာမဂန္ဓရသေ့က ဒါယကာတို့အား ဒီလိုဖြေကြားတယ်။

"မစ္ဆမံသံ ဂဟပတယော အာမဂန္ဓော"

ဟူ၍ ဖြေကြားတယ်။

ဂဟပတယော=ဒါယကာတို့။ မစ္ဆမံသံ= ငါး, အမဲသားသည်။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရမည်၏။

အာမဂန္ဓရသေ့က "ဒါယကာတို့ ငါး, အမဲသားသည် အာမဂန္ဓ အစာအာဟာရမည်၏"ဟူ၍ ဖြေကြားတယ်။

ဒါယကတို့က အာမဂန္ဓရသေ့အား"အရှင်ဘုရား၊မြတ်စွာဘုရားသည် ငါး,အမဲသား အစာအာဟာရကိုစားသုံးပါတယ်" ဟူ၍ လျှောက်ထားကြလျှင် အာမဂန္ဓရသေ့သည် စိတ်နှလုံး မချမ်းမသာ ဖြစ်သွားတယ်။

အာမဂန္ဓရသေ့သည် စိတ်နှလုံး မချမ်း မသာ ဖြစ်လျက် ဒီလို စိတ်အကြံ ဖြစ်တယ်။

"မာဟေဝ ခေါပန ဗုဒ္ဓေါ သိယာ"

ဟူ၍ အကြံ ဖြစ်တယ်။

ခေါပန=စင်စစ်။ ဗုဒ္ဓေါ=မြတ်စွာဘုရားသည်။ မာဟေဝ သိယာ=မဖြစ်ရာသည်သာတည်း။

အာမဂန္ဓရသေ့က စိတ်အကြံဖြစ်သည်မှာ ငါး,အမဲသား အစာ အာဟာရကိုသာလျှင် အကယ်၍စားသုံးပါက မည်သည့်နည်းနှင့်မျှ ဘုရားမဖြစ်နိုင်ဟူ၍ စိတ်အကြံဖြစ်တယ်။

အာမဂန္ဓရသေ့သည် နောက်ထပ်တဖန် ဒီလို စိတ်အကြံ ဖြစ်ပြန်တယ်။

"ဗုဒ္ဓါနံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ"
ဟူ၍ နောက်ထပ်တဖန် အကြံဖြစ်ပြန်တယ်။

လောကသ္မိံ=လောကအတွင်း၌။ ဗုဒ္ဓါနံ= မြတ်စွာဘုရားတို့၏။ ပါတုဘာဝေါ=ထင်ရှားစွာ ဖြစ်ခြင်းကို။ ဒုလ္လဘော=ရခဲ၏။

လောကအတွင်း၌ မြတ်စွာဘုရားတို့၏ ထင်ရှားစွာ ဖြစ်ခြင်းကို ရခဲတယ်။ ငါသည် မြတ်စွာဘုရား ရှိရာသို့ သွား၍ မြတ်စွာဘုရားနှင့် တွေ့ဆုံပြီးလျှင် ပုစ္ဆာမေးလျက် ဘုရားဟုတ် မဟုတ်ကို ဗေဒင်ကျမ်းဖြင့် တိုက်ကြည့်မည်။ ဗေဒင်ကျမ်းမှာ လာရှိသောအတိုင်း စိစစ်ကြည့်မည်။ ဗေဒင်ကျမ်းမှာ လာရှိသောအတိုင်း စိစစ်၍ ဘုရားအစစ် တကယ် ဖြစ်လျှင် ငါး, အမဲသား အာမဂန္ဓ အစာအာဟာရ စားသုံးမှုတို့ကို ဖြတ်စေလျက် ငါသည် တပည့်ငါးရာတို့နှင့်တကွ မြတ်စွာဘုရားအထံ၌ ရဟန်းပြုမည်ဟူသော စိတ်အကြံဖြင့် သာဝတ္ထိမြို့ မြတ်စွာဘုရား ရှိရာ ဇေတဝန်ကျောင်းသို့ အရောက်သွားတယ်။

ထိုအခါ မြတ်စွာဘုရားသည် တရားဟောရန်အတွက် တရားဟော ပလ္လင်ထက်၌ သီတင်းသုံး နေတော်မူတယ်။ အာမဂန္ဓရသေ့တို့သည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ စကားလည်း မပြော၊ ရှိခိုးခြင်းလည်း မပြုပဲ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေကြတယ်။ ထိုအခါ မြတ်စွာဘုရားက အာမဂန္ဓရသေ့တို့အား ဒီလို မေးတော်မူတယ်။

"ကစ္စိ ဝေါ ဂ္ဂလသယော ခမနီယံ ယာပနီယံ"
စသောအားဖြင့် နှုတ်ဆက်မေးမြန်းတော်မူတယ်။

ဣလသယော=ရသေ့တို့။ ကစ္စိ=အသို့နည်း။ ဝေါ= သင်တို့သည်။ ခမနီယံ=ကျန်းကျန်းမာမာရှိကြပါ၏လား။ ယာပနီယံ=မျှတကြပါ၏လား။

"ရသေ့တို့၊ အသို့နည်း၊ သင်တို့သည် ကျန်းကျန်း မာမာ ရှိကြ၏လား၊ မျှမျှတတ ရှိကြ၏လား" ဟူ၍ မြတ်စွာဘုရားက နှုတ်ဆက် မေးမြန်းတော်မူတယ်။

ထိုရသေ့တို့က မြတ်စွာဘုရားအား ဒီလို ပြန်ကြား လျှောက်ထားကြတယ်။

"ခမနီယံ ယာပနီယံ ဘောဂေါတမ"

ဟူ၍ ပြန်ကြား လျှောက်ထားကြတယ်။

ဘောဂေါတမ= အရှင်ဂေါတမ။ ခမနီယံ= ကျန်းကျန်း မာမာ ရှိပါ၏။ ယာပနီယံ=မျှမျှတတ ရှိပါ၏။

"အရှင်ဂေါတမ ကျန်းကျန်း မာမာ ရှိပါ၏၊ မျှမျှ တတ ရှိပါ၏"ဟူ၍ အာမဂန္ဓ ရသေ့က ပြန်ကြား လျှောက်ထားတယ်။

ထိုအခါ အာမဂန္ဓ ရသေ့က မြတ်စွာဘုရားအား၊ ဒီလို လျှောက်ထားတယ်။

"အာမဂန္ဓံ ဘောဂေါတမ ဘုဉ္ဇသိ န ဘုဉ္ဇသိ"

ဟူ၍ လျှောက်ထားတယ်။

ဘောဂေါတမ= အရှင်ဂေါတမ။ တွံ=အရှင်ဘုရားသည်။ အာမဂန္ဓံ= အာမဂန္ဓ အစာအာဟာရကို။ ဘုဉ္ဇသိ= စားသုံးသလော။ နဘုဉ္ဇသိ=မစားမသုံးသလော။

"အရှင်ဂေါတမ၊ အရှင်ဂေါတမသည် အာမဂန္ဓ အစာအာဟာရကို စားသုံးသလော၊ မစားသုံးသလော"ဟူ၍ အာမဂန္ဓ ရသေ့က မြတ်စွာဘုရားအား လျှောက်ထားတယ်။

မြတ်စွာဘုရားက အာမဂန္ဓ ရသေ့အား ဒီလို ပြန်မေးတယ်။

"ကောပန ဗြဟ္မုဏာ အာမဂန္ဓော"ဟူ၍ ပြန်မေးတယ်။

ဗြဟ္မုဏာ=ပုဏ္ဏား။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရသည်။ ကောပန=အဘယ်နည်း။

"ပုဏ္ဏား၊အာမဂန္ဓ အစာအာဟာရသည် အဘယ်နည်း"ဟူ၍ မြတ်စွာဘုရားက အာမဂန္ဓ ပုဏ္ဏားအား မေးတော်မူတယ်။

အာမဂန္ဓ ပုဏ္ဏားက မြတ်စွာဘုရားအား ဒီလို ဖြေကြား လျှောက်ထားတယ်။

"မစ္ဆမံသံ ဘောဂေါတမ အာမဂန္ဓော"
ဟူ၍ ဖြေကြား လျှောက်ထားတယ်။

ဘောဂေါတမ=အရှင်ဂေါတမ။ မစ္ဆမံသံ=ငါး, အမဲသားသည်။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရ မည်၏။

"အရှင်ဂေါတမ၊ငါး,အမဲသားသည် အာမဂန္ဓ အစာအာဟာရ မည်ပါတယ်"ဟူ၍ ဖြေကြား လျှောက်ထားတယ်။

မြတ်စွာဘုရားက အာမဂန္ဓ ပုဏ္ဏားအား ဒီလို မိန့်ကြားတော်မူတယ်။

"နှ ခေါ ပြဟ္မဏ မစ္ဆမံသံ အာမဂန္ဓော၊ သဗ္ဗေဃဝ ကိလေသာ အာမဂန္ဓော၊ ပါပကာ အကုသလာဓမ္မာ အာမဂန္ဓော"

ဟူ၍ မိန့်ကြား တော်မူတယ်။

ပြဟ္မဏ=ပုဏ္ဏား။ မစ္ဆမံသံ=ငါး အမဲသားသည်။ နှ ခေါ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရမဟုတ်။ သဗ္ဗေဃဝ ကိလေသာ=အလုံးစုံသော ကိလေသာ တရားတို့သည်သာလျှင်။ အာမဂန္ဓော= အာမဂန္ဓ အစာအာဟာရ မည်၏။ ပါပကာ= ယုတ်မာကုန်သော။ အကုသလာဓမ္မာ= အကုသိုလ်တရားတို့ သည်။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရ မည်၏။

"ပုဏ္ဏား၊ ငါး အမဲသားသည် အာမဂန္ဓ အစာအာဟာရ မဟုတ်။ အလုံးစုံသော ကိလေသာတရားတို့သာလျှင် အာမဂန္ဓ အစာအာဟာရ မည်တယ်။ ယုတ်မာကုန်သော အကုသိုလ် တရားတို့သည်သာလျှင် အာမဂန္ဓ အစာအာဟာရမည်တယ်" ဟူ၍ မြတ်စွာ ဘုရားက အာမဂန္ဓ ပုဏ္ဏားအား မိန့်မြွက် ဟောကြားတော်မူတယ်။

## ကိလေသာတရားတို့နှင့်တကွ ယုတ်မာသော အကုသိုလ် တရားတို့သာ အာမဂန္ဓ အစာအာဟာရမည်ပုံ

တကာကြီးတို့ တကာမကြီးတို့၊ ငါး အမဲသားတို့ကို စားသုံး ခြင်းသည် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မဟုတ်၊ သာယာမှု၊ ခင်တွယ်မှု၊ စွဲလမ်းမှု လောဘဖြစ်ခြင်းသည် သာလျှင်

အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်းမည်တယ်။ အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု၊ ဒေါသဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မည်တယ်။ အမှန်တရားကို မသိမှု၊တွေဝေမှု၊မောဟဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်းမည်တယ်။

ထောင်လွှားတက်ကြွမှုမာနဖြစ်ခြင်းသည်သာလျှင်အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်းမည်တယ်။ ရုပ်၊နာမ်၊ခန္ဓာတရားတို့ကို ငါ၊သူတပါး၊ယောကျ်ား၊မိန်းမဟူ၍ထင်မှတ်ယူဆသော ဒိဋ္ဌိဖြစ်ခြင်း သည်သာလျှင်အာမဂန္ဓအစာအာဟာရကို စားသုံးခြင်းမည်တယ်။သစ္စာလေးပါး၊ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာ ဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးခြင်း မည်တယ်။

အိပ်ချင်မှု၊ငိုက်ချင်မှု ထိနဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာ အာဟာရကို စားသုံးခြင်း မည်တယ်။ စိတ်ပြန့်လွင့်မှု၊ စိတ်မငြိမ်သက်မှု ဥဒ္ဓစ္စဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကိုစားသုံးခြင်းမည်တယ်။ ဒုစရိုက်ဒုရာစီဝတို့မှမရှက်မှု အဟိရိက ဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်းမည်တယ်။ ဒုစရိုက် ဒုရာစီဝတို့မှမလန့်မှု အနောတ္တပ္ပ ဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓအစာအာဟာရကို စာသုံးခြင်း မည်ဘယ်။ မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို နှမြောဝန်တိုမှု မစ္ဆရိယ ဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မည်တယ်။ သူတပါးတို့အား ငြူစူ စောင်းမြောင်းမှု

ဣဿာ ဖြစ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မည်တယ်။

တကာကြီးတို့-တကာမကြီးတို့၊ငါး,အမဲသားတို့ကို စားသုံးခြင်းသည် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မဟုတ်၊ ပါဏာတိပါတ= သူတပါးတို့၏အသက်ကို သတ်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မည်တယ်။ အဒိန္နာဒါန=သူတပါးတို့၏ ပစ္စည်းဥစ္စာတို့ကို ခိုးယူလုယက်တိုက်ဖျက်ခြင်းသည် သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မည်တယ်။ ကာမေသုမိစ္ဆာစာရ=သူတပါးတို့၏ အိမ်ရာကို လွန်ကျူး၍ ကျင့်ခြင်းသည်သာလျှင် အာမဂန္ဓ အစာ အာဟာရကို စားသုံးခြင်း မည်တယ်။

မုသာဝါဒ= မဟုတ် မမှန် လုပ်ကြံ၍ ပြောဆိုခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်းမည်တယ်။ ပိသုဏာဝါစာ=အသင့်အတင့်အညီအညွတ် ပေါင်းသင်းဆက်ဆံနေကြသောသူတို့ကို ကွဲပြားအောင် ကုန်းတိုက် ပြောဆိုခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်း မည်တယ်။

ဖရုသဝါစာ=ကြမ်းကြမ်းတမ်းတမ်း ပြောဆို ဆဲရေးခြင်းသည်သာလျှင် အာမဂန္ဓ အစာ အဟာရကို စား သုံး ခြင်း မည်တယ်။ သမ္ဖပ္ပလာပ=လောကီ လောကုတ္တရာ အကျိုးစီးပွားမရှိသော စကားကို ပြောဆိုခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးခြင်းမည်တယ်။

အဘိဇ္ဈာ=သူတပါးတို့၏ ပစ္စည်းဥစ္စာတို့ကို မတရားသဖြင့် ရအောင် ရှေးရှု ကြံစည်ခြင်းသည်သာလျှင် အာမဂန္ဓ အစာ အာဟာရကို စားသုံးခြင်း မည်တယ်။ ဗျာပါဒ=သူတပါးတို့၏ ပစ္စည်းဥစ္စာတို့ကို ပျက်စီးအောင် ကြံစည်ခြင်းသည်သာလျှင် အာမဂန္ဓ အစာအာဟာရကိုစားသုံးခြင်းမည်တယ်။ မိစ္ဆာဒိဋ္ဌိ= မှားသော အယူကို ယူခြင်းသည်သာလျှင် အာမဂန္ဓ အစာ အဟာရကို စားသုံးခြင်း မည်တယ်။

## ကဿပမြတ်စွာဘုရားအား
## အာမဂန္ဓအစာအာဟာရကို မေးခြင်း

"ပုဏ္ဏား၊ သင်သည်သာလျှင် ယခုအခါ၌ ငါဘုရားအား အာမဂန္ဓ အစာအာဟာရကို မေးလျှောက်သည် မဟုတ်၊ ရှေးအခါကလည်း ကဿပမြတ်စွာဘုရားအား တိဿ အမည်ရှိသော ပုဏ္ဏားသည် မေးလျှောက်ဘူးလေပြီ"ဟူ၍ အတိတ်ကို ဆောင်လျက် ဟောကြားတော်မူတယ်။

"ပုဏ္ဏား၊ ရှေးအခါက ကဿပ မြတ်စွာဘုရား ပွင့်တော်မူတယ်။

ကဿပ မြတ်စွာဘုရားအလောင်းသည် ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်ပုဏ္ဏား၏ ဇနီးဓနဝတီ ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေ နေတယ်။ တိဿပုဏ္ဏားအလောင်းသည် အနုပုရောဟိတ်ပုဏ္ဏား၏ဇနီး ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေ နေတယ်။ ကဿပမြတ်စွာဘုရား၏ အလောင်းနှင့် တိဿပုဏ္ဏား၏ အလောင်းတို့သည်

တနေ့တည်း၌ပင် မွေးဖွားကြတယ်။ ဗြဟ္မဒတ်ပုဏ္ဏား၏ ဇနီး ဓနဝတီ ပုဏ္ဏေးမ ထံမှ မွေးဖွားသော သူငယ်ကို ကဿပ ဟု အမည် မှည့်ကြတယ်။ အနုပရောဟိတ်၏ ဇနီးထံမှ မွေးဖွား သောသူငယ်ကို တိဿဟု အမည် မှည့်ကြတယ်။

ထို သူ ငယ် နှစ် ယောက် တို့ ကြီးမြင့်လာသောအခါ အနု ပုရောဟိတ် ပုဏ္ဏားက သားတော် တိဿ အား ဒီလို ပြော ကြားတယ်။

''ချစ်သား တိဿ၊ ဤ ကဿပ သူငယ်သည် နောင်အခါ တောထွက်၍ ရဟန်း ပြုလျက် ဘုရား ဖြစ် လိမ့် မည်။ သင် ချစ်သား သည် ကဿပ ဘု ရား ဖြစ် လာ သော အခါ ကဿပ ဘုရားထံ၌ ရဟန်းပြု၍ သံသရာ ဝဋ်ဆင်းရဲတို့မှ လွတ်မြောက် အောင် ကျင့် ကြံ ပွား များ အား ထုတ် လော့'' ဟု ပြော ကြားတယ်။

ထိုသူငယ် နှစ်ယောက်တို့သည် အစဉ်သဖြင့် ကြီးမြင့်လာ သောအခါ တိဿ အမည်ရှိသော လုလင်ပုဏ္ဏားသည် ဘုရား လောင်း ကဿပအား တောထွက်၍ ရဟန်းပြုကြရန် ခဏခဏ တိုက်တွန်း ပြောဆိုတယ်။

တောထွက်၍ ရဟန်းပြုရန် ခဏခဏ တိုက်တွန်း ပြောဆို သော်လည်း ကဿပဘုရားလောင်းက တောထွက်၍ရဟန်း မပြု သည့်အတွက် တိဿ အမည်ရှိသော လုလင်ပုဏ္ဏားသည်သာလျှင် တောထွက်၍ ရဟန်းပြုလျက် တောင်ခြေရင်း၌ ကျောင်းသခ်မ်း ဆောက်လုပ်၍ ကျင့်ကြံပွားများ အားထုတ်နေတယ်။ နောင် အခါမှသာလျှင် ကဿပဘုရားလောင်းသည် ပါရမီ ရင့်ကျက်

လာသဖြင့် အိမ်၌နေလျက် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်၍ ဈာန်အဘိညာဏ်တို့ကို ရရှိသဖြင့် နေရာ အိမ်ပြာသာဒ်နှင့် တကွ ဗောဓိမဏ္ဍိုင်သို့ တောထွက်၍ ရဟန်းပြုတယ်။

ဗောဓိမဏ္ဍိုင်သို့ ရောက်သောအခါ နေရာ အိမ်ပြာသာဒ်ကို မိမိနေရာသို့ ပြန်ရောက်ရန် အဓိဋ္ဌာန် လိုက်လျှင် နေရာ အိမ်ပြာသာဒ်သည် မိမိနေရာ၌ ပြန်ရောက်၍ တည်မြဲအတိုင်း တည်နေတယ်။ တဿပဘုရားလောင်းသည် ဗောဓိမဏ္ဍိုင်၌ တရားကို ဆင်ခြင် ပွားများ အားထုတ်လျှင် ခုနစ်ရက်အတွင်း၌ ဘုရားဖြစ်သွားတယ်။ ကဿပမြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ တရား အားထုတ်၍ နေကြသော ရသေ့ နှစ်သောင်းတို့အား ဓမ္မစကြာ တရားကို ဟော၍ ရသေ့ နှစ်သောင်း တို့ သည် ရဟန္တာ ဖြစ်သွားကြတယ်။ ကဿပမြတ်စွာဘုရားသည် ရဟန္တာ နှစ်သောင်းနှင့် တကွ မိဂဒါဝုန် တော၌ သီတင်းသုံးနေတော်မူတယ်။

ထိုအခါ ဗာရာဏသီပြည်၌ထီးနန်းအုပ်ချုပ် မင်းလုပ်၍နေသော ကိကီရှင်ဘုရင်သည် မြတ်စွာဘုရားအား ရဟန်းသံဃာနှင့်တကွပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့လှူဒါန်းထားတယ်။

တနေ့သ၌ ဗာရာဏသီမြို့သား ယောကျ်ား တယောက်သည် တောင်၌ စန္ဒကူးနံ့သာ ရှာမှီးလျက် တိဿရသေ့၏ ကျောင်းသခ်မ်းသို့ ရောက်သွား၍ တိဿရသေ့အား ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌နေတယ်။ ထိုအခါ တိဿ

ရသေ့က ထိုယောကျ်ားအား "ဒါယကာ အဘယ်အရပ်မှ လာခဲ့သလဲ"ဟုမေးတယ်။ ဒါယကာက ဗာရာဏသီမြို့မှလာခဲ့ကြောင်းလျှောက်ထားတယ်။ ဒီတော့ ရသေ့က"ဗာရာဏသီမြို့မှာ ဘယ်လို သတင်းထူးများကို ကြားခဲ့ရပါသလဲ"ဟုမေးတယ်။

ဒါယကာက ဗာရာဏသီမြို့မှာ ကဿပ မြတ်စွာဘုရားပွင့်တော်မူကြောင်း လျှောက်ထားလျှင် တိဿ ရသေ့က ထိုဒါယကာအား—

"ကိံ နုခေါ သောဗုဒ္ဓေါ အာမဂန္ဓံ ဘုဉ္ဇတိ နဘုဉ္ဇတိ"

ဟူ၍ မေးမြန်းတယ်။

အာဝုသော=ဒါယကာ။ သော ဗုဒ္ဓေါ= ထို ကဿပ မြတ်စွာဘုရားသည်။ အာမဂန္ဓံ=အာမဂန္ဓ အစာ အာဟာရကို။ ဘုဉ္ဇတိကိံ နုခေါ=စားသုံးသလော၊ နဘုဉ္ဇတိကိံ နုခေါ=မစားသုံးသလော။

"ဒါယကာ၊ ထိုကဿပမြတ်စွာဘုရားသည် အာမဂန္ဓ အစာအာဟာရကို စားသုံးသလား၊ မစားသုံးသလား"ဟူ၍ တိဿရသေ့က ထိုဒါယကာအား မေးတယ်။

ဒါယကာက တိဿရသေ့အား ဒီလိုပြန်မေးတယ်။

"ကော ပန ဘန္တေ အာမဂန္ဓော"

ဟူ၍ ပြန်မေးတယ်။

ဘန္တေ=အရှင်ဘုရား၊ အာမဂန္ဓော=အာမဂန္ဓ အာစာအဟာရသည်။ ကောပန=အဘယ်ပါနည်း။

''အရှင်ဘုရား၊ အာမဂန္ဓ အစာ အာဟာရသည် အဘယ် ပါနည်း''ဟူ၍ ပြန်ကြားလျှောက်ထားတယ်။

တိဿရသေ့က ထိုဒါယကာအား ဒီလို ဖြေကြားတယ်။

''မစ္ဆမံသံ အာဝုသော အာမဂန္ဓော''

ဟူ၍ ဖြေကြားတယ်။

အာဝုသော=ဒါယကာ။ မစ္ဆမံသံ=ငါး၊အမဲသားသည်။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရမည်၏။

''ဒါယကာ ငါး၊အမဲသားသည် အာမဂန္ဓ အစာအာဟာရ မည်တယ်''ဟူ၍ ဖြေကြားတယ်။

ဒါယကာက ကဿပမြတ်စွာဘုရားသည် ငါး၊အမဲသား အစာ အာဟာရကို စားသုံးကြောင်းလျှောက်ထားလျှင် တိဿ ရသေ့သည် စိတ်နှလုံးမချမ်းမသာဖြစ်လျက်ငါသည် ကဿပ မြတ်စွာဘုရားထံသို့ သွား၍ မေး လျှောက် မည်၊ က ဿ ပ မြတ်စွာဘုရားက အာမဂန္ဓအစာအာဟာရကို စားသုံးကြောင်း အမိန့်ရှိ ပြောကြားလျှင်လည်း ကဿပမြတ်စွာဘုရားအား အာမဂန္ဓအစာအာဟာရကို ဖြတ်စေလျက်ကဿပမြတ်စွာဘုရား အထံ၌ ရဟန်းပြုမည်ဟူသော စိတ်အကြံဖြင့် မြတ်စွာဘုရား ရှိရာ ဗာရာဏသီပြည် မိဂဒါဝုန် တောသို့ သွားတယ်။

ထိုအခါ မြတ်စွာဘုရားသည် တရားဟောရန် တရားဟော ပလ္လင်၌ သီတင်းသုံး နေတော်မူတယ်။ တိဿ ရသေ့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာ ဘုရားကို ရှိခိုးခြင်း လည်း မပြု၊ စကားလည်းမပြောပဲ သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်နေတယ်။

မြတ်စွာဘုရားက တိဿရသေ့အား ကျန်းမာ ချမ်းသာ ကြောင်း စသည်တို့ကို မေးတယ်။ တိဿ ရသေ့ကလည်း ကျန်းမာချမ်းသာစွာရှိကြောင်း ပြန်ကြားလျှောက်ထားတယ်။ ထို့နောက် တိဿရသေ့သည် သင့်တင့် လျှောက်ပတ်သော အရပ်၌ထိုင်လျက် မြတ်စွာဘုရားအား ဒီလို မေးလျှောက်တယ်။

"အာမဂန္ဓံ ဘော ကဿပ ဘုဉ္ဇသိ န ဘုဉ္ဇသိ"

ဟူ၍ လျှောက်ထားတယ်။

ဘောကဿပ=အရှင်ကဿပ။ အာမဂန္ဓံ=အာမဂန္ဓ အစာ အာဟာရကို။ ဘုဉ္ဇသိ=စားသုံးသလော။ န ဘုဉ္ဇသိ=မစားသုံး သလော။

"အရှင်ကဿပ၊ အာမဂန္ဓ အစာအာဟာရကို စားသုံး သလော၊ မစားသုံးသလော" ဟူ၍ မေးလျှောက်တယ်။

မြတ်စွာဘုရားက တိဿရသေ့အား ဒီလို ဖြေကြားတော် မူတယ်။

"နာဟံ ဗြဟ္မဏ အာမဂန္ဓံ ဘုဉ္ဇာမိ"

ဟူ၍ ဖြေကြားတော်မူတယ်။

ဗြဟ္မဏ=ပုဏ္ဏား။ အဟံ= ငါဘုရားသည်။ အာမဂန္ဓံ= အာမဂန္ဓ အစာအာဟာရကို။ နဘုဉ္ဇာမိ= စားသုံးတော်မမူ။

"ပုဏ္ဏား၊ ငါဘုရားသည် အာမဂန္ဓ အစာ အာဟာရကို မစားသုံး" ဟူ၍ ဖြေကြားတော်မူတယ်။

တိဿရသေ့က မြတ်စွာဘုရားအား ဒီလိုပြန်ကြားလျှောက် ထားတယ်။

"သာဓုသာဓု ဘော ကဿပ ပရကုဏပံ အခါဒန္တော
သုန္ဒရံ အဏာသိ"

ဟူ၍ ပြန်ကြားလျှောက်ထားတယ်။

ဘောကဿပ=အရှင်ကဿပ။ သာဓု သာဓု= ကောင်း၏ ကောင်း၏။ ပရကုဏပံ= သူတပါး တို့၏ အကောင်ပုပ်ကို။ အခါဒန္တော= မခဲသောသူသည်။ သုန္ဒရံ= ကောင်းသည်ကို။ အဏာသိ=ပြုပြီ။

"အရှင် ကဿပ ကောင်း၏၊ ကောင်း၏၊ သူတပါးတို့၏ အကောင်ပုပ်ကို မခဲသော သူသည် ကောင်း သည် ကို ပြုသည် မည်တယ်" ဟူ၍ လျှောက်ထားတယ်။

ထိုသို့ တိဿရသေ့ လျှောက်ထားလျှင် မြတ်စွာဘုရားအား ဒီလို အကြံဖြစ်တယ်။ ငါဘုရားသည် ကိလေသာ တရားတို့ကို ရည်ညွှန်း၍ အာမဂန္ဓ အစာအာဟာရကို မစားသုံးဟူ၍ ဖြေကြားလိုက်တယ်။ တိဿရသေ့က ငါး အမဲသားကို အာမဂန္ဓ အစာအာဟာရ ဟူ၍ ယူဆထားတယ်။ ငါဘုရားသည် မနက်ဖြန် နံနက် မြို့ထဲ ရွာထဲသို့ ဆွမ်းခံ မဝင်ပဲ ကိကီရှင်ဘုရင်၏ နန်းတော်က ပို့ဆောင် လှူဒါန်းလာသော ဆွမ်းကိုစားသုံးလျှင် အာမဂန္ဓ အစာအာဟာရနှင့်ပတ်သက်၍ စကားဖြစ်လာမည်ဟု အာရုံပြုပြီး မြို့ထဲရွာထဲသို့ ရဟန်းသံဃာတော်တို့နှင့် အတူတကွ ဆွမ်းခံမဝင်ပဲ ဂန္ဓကုဋီတိုက်၌ သီတင်းသုံး နေတော်မူတယ်။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်မှထွက်၍ ခင်းထားသော ဘုရား၏ နေရာ၌ ထိုင်နေတော်မူတယ်။ တိဿရသေ့ သည်လည်း ဟင်းရွက်ပြုတ်ကို စားသုံးပြီး၍ မြတ်စွာဘုရား၏ အနီး၌ ထိုင်

နေတယ်။ ကိုကိုရှင်ဘုရင်သည် ဆွမ်းခံလှည့်လည်သော ရဟန်းသံဃာတို့ကို လျှောက်ထား၍ မြတ်စွာဘုရား ဆွမ်းခံ မထွက်ကြောင်းကို သိသဖြင့် မြတ်စွာဘုရားအား ဆွမ်း သွားပို့ရန် အမတ်တို့အား စေခိုင်းလိုက်တယ်။ အမတ်တို့သည် မြတ်စွာဘုရားအား ဆွမ်းကပ်လှူဒါန်းလျက် ပြုစုလုပ်ကျွေးကြတယ်။

ရှင်ဘုရင် နန်းတော်မှ လှူဒါန်းပို့လိုက်သော ဆွမ်းပွဲမှာ ငါး, အမဲသား, ကြက်သား, ဝက်သားတို့ အစုံ ပါရှိတယ်။ တိဿ ရဟန်းသည် ဆွမ်းပွဲ၌ ပါရှိသော ငါး, အမဲသား, ကြက်သား, ဝက်သားတို့ကိုမြတ်စွာဘုရားသည် စားသုံးသလား၊ မစားသုံးသလားဟု ကြည့်နေစဉ် မြတ်စွာဘုရားသည် ငါး, အမဲသား, ကြက်သား, ဝက်သားတို့ကို စားသုံးတော်မူတယ်။ မြတ်စွာဘုရားသည် ငါး, အမဲသား, ကြက်သား, ဝက်သားတို့ကို စား သုံး တော် မူ သည် ကို မြင် လျှင် တိဿ ရဟန်းသည် အလွန် စိတ်ဆိုး အမျက်ထွက်တယ်။

မြတ်စွာဘုရားသည် ငါး, အမဲသား, ကြက်သား, ဝက်သားတို့ကို စားသုံးပါလျက် မစားသုံးဟု မုသားစကား ပြောတယ်။ ဆွမ်းသုံးပြီးလျှင် မြတ်စွာဘုရားအား မုသာဝါဒ စကားဖြင့် အပြစ်တင် စွပ်စွဲပြောဆိုမည်ဟု စိတ်အကြံ ဖြစ်နေတယ်။ မြတ်စွာဘုရား ဆွမ်းသုံးပြီးလျှင် မြတ်စွာဘုရားအား မုသာဝါဒစကားဖြင့် အပြစ်တင် စွပ်စွဲ လျှောက်ထားတယ်။ အရှင်ကဿပ၊ အရှင်ဘုရားသည် ငါး,အမဲသား, ကြက်သား, ဝက်သားတို့ကို စားသုံးပါလျက် အာမဂန္ဓ အစာအာဟာရကို ငါဘုရား မစားသုံးဟူ၍ မုသားစကား ပြောဆိုတယ်။

မုသားစကား ပြောဆိုခြင်းသည် ပညာရှိ သူတော်ကောင်းတို့၏ ပြောဆိုသောစကား မဟုတ်၊တောတောင်၌ နေကြသော ရသေ့တို့ သော်မှလည်း မုသားစကားကို မပြောဆိုကြ အရှင်ဘုရားသည် ဘုရားဟု ဝန်ခံပါလျက် မုသားစကား ပြောဆိုခြင်းသည် မသင့်လျော်ဟူ၍ အပြစ်တင် စွပ်စွဲ ပြောဆိုတယ်။

ထိုအခါ မြတ်စွာဘုရားသည် တိဿ ရသေ့အား ဒီလို မိန့်မြွက် ဟောကြားတော်မူတယ်။

နှ ခေါ ဗြဟ္မဏ မစ္ဆမံသံ အာမဂန္ဓော၊ သဗ္ဗေဝေဝ ကိလေသာ အာမဂန္ဓော၊ ပါပကာ အကုသလာဓမ္မာ အာမဂန္ဓော။

ဟူ၍ မိန့်မြွက် ဟောကြားတော်မူတယ်။

ဗြဟ္မဏ=ပုဏ္ဏား။ မစ္ဆမံသံ=ငါး, အမဲသားသည်။ နှ ခေါ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရ မဟုတ်။ သဗ္ဗေဝေဝ ကိလေသာ= အလုံးစုံသော ကိလေသာ တို့ သည်သာလျှင်။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရ မည်၏။ ပါပကာ= ယုတ်မာကုန်သော။ အကုသလာဓမ္မာ= အကုသိုလ် တရားတို့ သည်။ အာမဂန္ဓော=အာမဂန္ဓ အစာအာဟာရ မည်၏။

"ပုဏ္ဏား, ငါး, အမဲသား, ကြက်သား, ဝက်သားတို့သည် အာမဂန္ဓ အစာအာဟာရ မဟုတ်၊အလုံးစုံသော ကိလေသာ၊ ယုတ်မာသော အကုသိုလ် တရားတို့သည်သာလျှင် အာမဂန္ဓ အစာအာဟာရ ဖြစ်တယ်"ဟူ၍ မိန့်မြွက် ဟောကြား တော်မူ တယ်။

ဤသို့သော တရားစကားကို ဟောကြားတော်မူသည်ကို ကြားနာရ၍ တရားဆုံးလျှင် အာမဂန္ဓ ပုဏ္ဏားသည် တပည့်ရသေ့ ငါးရာတို့နှင့်တကွ မြတ်စွာဘုရားထံ၌ ရဟန်း ပြုကြ၍ ရဟန္တာ ဖြစ်သွားကြတယ်။

## အာမဂန္ဓ ဝိပဿနာတရား

တကာကြီးတို့-တကာမကြီးတို့၊ အာမဂန္ဓ ဝိပဿနာတရားကို အကျယ် မဟောတော့ဘူး၊ ပွားများ အားထုတ် ဖို့ တတ်အောင် သိသာရုံမျှသာ ဟောပြသွားမည်။နားထောင်ကြ၊ သာယာခင်တွယ်လိုချင် စွဲလမ်းမှုဖြစ်ခြင်းကို ငါသာယာတယ်၊ ငါခင်တွယ်တယ်၊ ငါလိုချင်တယ်၊ ငါစွဲလမ်းတယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကိုစားသုံးတယ်မည်တယ်။

သာယာခင်တွယ် လိုချင်စွဲလမ်းမှုဖြစ်ခြင်းသည် ငါသာယာသည်မဟုတ်၊ ငါခင်တွယ်သည်မဟုတ်၊ ငါလိုချင်သည်မဟုတ်၊ ငါစွဲလမ်းသည်မဟုတ်၊ လောဘတရားက သာယာမှုသာဖြစ်တယ်၊ လောဘတရားက ခင်တွယ်မှုသာဖြစ်တယ်၊ လောဘတရားက လိုချင်မှုသာဖြစ်တယ်၊ လောဘတရားက စွဲလမ်းမှုသာဖြစ်တယ်၊ ယင်းလောဘတရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု ဖြစ်ခြင်းကို ငါ အမျက်ထွက်တယ်၊ ငါစိတ်ဆိုးတယ်၊ ငါရန်ငြိုးထားတယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးတယ် မည်တယ်။

အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးထားမှု ဖြစ်ခြင်းသည် ငါအမျက်ထွက်သည်မဟုတ်၊ ငါစိတ်ဆိုးသည်မဟုတ်၊ ငါရန်ငြိုး ထားသည်မဟုတ်၊ ဒေါသတရားကအမျက်ထွက်မှုသာဖြစ်တယ်။ ဒေါသ တရားကစိတ်ဆိုးမှုသာ ဖြစ်တယ်။ ဒေါသတရားက ရန်ငြိုးထားမှုသာဖြစ်တယ်။ ယင်းဒေါသတရားသည် ဖြစ်ပေါ် လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရား သာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓအစာ အာဟာရကို စားသုံးမှုမှလွတ်တယ်။

အမှန်တရားကို မသိနိုင်ပဲ တွေဝေမှုဖြစ်ခြင်းကို ငါအမှန် တရားကိုမသိ၊ ငါတွေဝေတယ်ဟုထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

အမှန်တရားကိုမသိမှု၊ တွေဝေမှုဖြစ်ခြင်းသည် ငါအမှန် တရားကိုမသိသည်မဟုတ်၊ ငါတွေဝေသည်မဟုတ်၊ မောဟ တရားက အမှန်တရားကို မသိမှုသာဖြစ်တယ်၊ မောဟတရားက တွေဝေမှုသာဖြစ်တယ်။ ယင်းမောဟတရားသည်၊ ဖြစ်ပေါ် လာပြီးလျှင် ခဏချက်ချင်းချုပ်ပျောက် ပျက်စီးသော တရား သာဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓအစာ အာဟာရကို စားသုံးမှုမှ လွတ်တယ်။

ထောင်လွှား တက်ကြွမှုဖြစ်ခြင်းကို ငါ ထောင်လွှား တက်ကြွတယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

ထောင်လွှား တက်ကြွမှုဖြစ်ခြင်းသည် ငါ ထောင်လွှား တက်ကြွသည်မဟုတ်၊ မာနတရားကထောင်လွှားတက်ကြွမှုသာ ဖြစ်တယ်။ ယင်းမာနတရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသောတရားသာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓအစာအာဟာရကို စာသုံးမှုမှလွတ်တယ်။

း၇ ရုပ်, နာမ်, ခန္ဓာ တရားတို့ကို ငါ,သူတပါး,ယောကျာ်း, မိန်းမဟူ၍ အလွဲအမှား ထင်မှတ်ယူဆခြင်းကို ငါ အလွဲအမှား ထင်မှတ် ယူဆတယ်ဟု နှလုံးသွင်းလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးမှု မည်တယ်။

ရုပ်, နာမ်, ခန္ဓာ တရားတို့ကို ငါသူတပါး ယောကျာ်း မိန်းမဟူ၍ အလွဲအမှား ထင်မှတ်ယူဆခြင်းသည် ငါ အလွဲအမှား ထင်မှတ်ယူဆသည်မဟုတ်၊ ဒိဋ္ဌိတရားက အလွဲအမှား ထင်မှတ်ယူဆခြင်းသာဖြစ်တယ်၊ ယင်းဒိဋ္ဌိတရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသောတရားသာဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ် တရားတို့၌ ယုံမှားသံသယ ဖြစ်ခြင်းကို ငါ ယုံမှားသံသယ ဖြစ်တယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ် တရားတို့၌ ယုံမှားသံသယ ဖြစ်ခြင်းသည် ငါယုံမှားသံသယ ဖြစ်သည် မဟုတ်၊ ဝိစိကိစ္ဆာ တရားက ယုံမှားသံသယဖြစ်ခြင်းသာဖြစ်တယ်။ ယင်းဝိစိကိစ္ဆာ တရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်ဟု ပွားများ အားထုတ်ကြ လျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

အိပ်ချင်မှု၊ ငိုက်ချင်မှု ဖြစ်ခြင်းကို ငါအိပ်ချင်တယ်၊ ငါငိုက် ချင်တယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမည်တယ်။

အိပ်ချင်မှု၊ ငိုက်ချင်မှု ဖြစ်ခြင်းသည် ငါ အိပ်ချင်သည် မဟုတ်၊ ငါငိုက်ချင်သည် မဟုတ်၊ ထိန တရားက အိပ်ချင် ခြင်းသာ ဖြစ်တယ်။ ထိန တရားက ငိုက်ချင်ခြင်းသာ ဖြစ် တယ်။ ယင်း ထိနတရားသည် ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စား သုံးမှုမှ လွတ်တယ်။

စိတ်ပြန့်လွင့်မှု၊ စိတ်မငြိမ်သက်မှု ဖြစ်ခြင်းကို ငါ စိတ်ပြန့် လွင့်တယ်၊ ငါစိတ်မငြိမ်မသက် ဖြစ်တယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

စိတ်ပြန့်လွင့်မှု၊ စိတ်မငြိမ်သက်မှု ဖြစ်ခြင်းသည် ငါစိတ်ပြန့် လွင့်သည်မဟုတ်၊ ငါ စိတ်မငြိမ်သက်သည်မဟုတ်၊ ဥဒ္ဓစ္စတရားက ပြန့်လွင့်ခြင်းသာ ဖြစ်တယ်။ ဥဒ္ဓစ္စတရားက မငြိမ်သက်ခြင်း သာ ဖြစ်တယ်။ ယင်း ဥဒ္ဓစ္စတရားသည် ဖြစ်ပေါ် လာပြီးလျှင်

ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

ဒုစရိုက် ဒုရာဇီဝတို့မှ မရှက်မှု ဖြစ်ခြင်းကို ငါ ဒုစရိုက် ဒုရာဇီဝတို့မှ မရှက်မှု ဖြစ်တယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

ဒုစရိုက် ဒုရာဇီဝတို့မှ မရှက်မှု ဖြစ်ခြင်းသည် ငါ ဒုစရိုက် ဒုရာဇီဝတို့မှ မရှက်မှု ဖြစ်သည် မဟုတ်၊ အဟိရိက တရားက မရှက်မှုသာ ဖြစ်တယ်။ ယင်း အဟိရိက တရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

ဒုစရိုက် ဒုရာဇီဝတို့မှ မလန့်မှုဖြစ်ခြင်းကို ငါဒုစရိုက်ဒုရာဇီဝတို့မှ မလန့်မှုဖြစ်တယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

ဒုစရိုက် ဒုရာဇီဝတို့မှ မလန့်မှု ဖြစ်ခြင်းသည် ငါ ဒုစရိုက် ဒုရာဇီဝတို့မှ မလန့်မှုဖြစ်သည် မဟုတ်၊ အနောတ္တပ္ပ တရားက မလန့်မှုသာ ဖြစ်တယ်။ ယင်းအနောတ္တပ္ပတရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို နှမြောဝန်တိုမှုဖြစ်ခြင်းကို ငါ မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို နှမြောဝန်တိုမှုဖြစ်တယ်ဟု ထင်မှတ် ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို နှမြောဝန်တိုမှု ဖြစ်ခြင်းသည် ငါ နှမြောဝန်တိုမှုဖြစ်သည် မဟုတ်၊ မစ္ဆရိယ တရားက နှမြော ဝန်တိုမှုသာ ဖြစ်တယ်။ ယင်း မစ္ဆရိယ တရားသည် ဖြစ်ပေါ် လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရား သာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓ အစာ အာဟာရကို စားသုံးမှု လွတ်တယ်။

သူတပါးတို့အား ငြူစူ စောင်းမြောင်းမှု ဖြစ်ခြင်းကို ငါ သူတပါးတို့အား မနာလို ငြူစူ စောင်းမြောင်းမှု ဖြစ်တယ်ဟု ထင်မှတ် ယူဆလျှင် အာမဂန္ဓ အစာ အာဟာရကို စားသုံးမှု မည်တယ်။

သူတပါးတို့အား ငြူစူစောင်းမြောင်းမှုဖြစ်ခြင်းသည် ငါ သူတပါးတို့အား မနာလို ငြူစူ စောင်းမြောင်းမှု ဖြစ်သည် မဟုတ်၊ ဣဿာတရားက မနာလို ငြူစူ စောင်းမြောင်းမှုသာ ဖြစ်တယ်။ ယင်းဣဿာတရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏ ချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်ဟု ပွားများ အားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စား သုံးမှုမှ လွတ်တယ်။

ဤ ဝိပဿနာတရား ပွားများ အား ထုတ် နည်း တို့ ကား ကိလေသာ အာမဂန္ဓ တရား ပွားများ အား ထုတ် နည်း တို့ ဖြစ်တယ်။

ဒုစရိုက် ဆယ်ပါး အာမဂန္ဓ ဝိပဿနာ တရား အားထုတ်နည်းကို အားထုတ်ဖို့ တတ်အောင် သိသာရုံမျှ ဟောပြမည်။ တကာကြီးတို့၊ တကာမကြီးတို့ အာရုံစိုက်၍ လိုက်မှတ်ကြ။

**ပါဏာတိပါတ။** ။သူတပါးတို့၏ အသက်ကို သတ်ခြင်းကို ငါ သတ် တယ် ဟု ထင်မှတ် ယူဆလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးမှု မည်တယ်။

သူတပါးတို့၏ အသက်ကို သတ်ခြင်းသည် ငါ သတ်သည် မဟုတ်၊ ဒေါသနှင့်ယှဉ်သော စိတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က လက်၊ ခြေနှင့် ခန္ဓာကိုယ် ခေါ်သော ရုပ်အပေါင်းတို့ကို တွန်းကန်ပေးလျက် ဝိညာဏ်က ပြုပြင်ပေးသည့်အတွက် သတ်မှုဖြစ်တယ်။ ယင်းရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာ ဖြစ်တယ်ဟု ပွားများ အားထုတ်ကြလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

**အဒိန္နာဒါန။** ။သူ တ ပါး တို့ ၏ ပစ္စည်း ဥစ္စာတို့ကို ခိုးယူ လုယက် တိုက်ဖျက်ခြင်းကို ငါ ခိုးယူတယ်၊ ငါ လုယက်တယ်၊ ငါ တိုက်ဖျက်တယ်ဟု ထင်မှတ် ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

သူတပါးတို့၏ ပစ္စည်းဥစ္စာတို့ကို ခိုးယူ လုယက် တိုက်ဖျက်ခြင်းသည် ငါ ခိုးယူလုယက်တိုက်ဖျက်သည်မဟုတ်၊ လောဘနှင့်ယှဉ်သော စိတ်ကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ်က

လက်၊ခြေနှင့် ခန္ဓာကိုယ် ခေါ်သော ရုပ်အပေါင်းတို့ကို တွန်းကန်ပေးလျက် ဝိညာဏ်က ပြုပြင်ပေးသည့်အတွက် ခိုးယူလုယက်တိုက်ဖျက်မှုဖြစ်တယ်။ ယင်းရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသောတရားတို့သာဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓအစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

**ကာမေသုမိစ္ဆာစာရ။** ။သူတပါးတို့၏အိမ်ရာကို လွန်ကျူး၍ကျင့်ခြင်းကို ငါ လွန်ကျူး၍ ကျင့်တယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

သူတပါးတို့၏ အိမ်ရာကို လွန်ကျူး၍ ကျင့်ခြင်းသည် ငါ လွန်ကျူး၍ ကျင့်သည်မဟုတ်၊ ရာဂနှင့်ယှဉ်သော စိတ်ကြောင့်ဖြစ်ပေါ်လာသော ဝါယောဓာတ်က လက်၊ခြေနှင့် ခန္ဓာကိုယ်ခေါ်သော ရုပ်အပေါင်းတို့ကို တွန်းကန်ပေးလျက် ဝိညာဏ်က ပြုပြင်ပေးသည့်အတွက် သူတပါးတို့၏ အိမ်ရာကို လွန်ကျူး၍ ကျင့်မှုဖြစ်တယ်။ ယင်းရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားတို့သာဖြစ်တယ်ဟု ပွားများ အားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

**မုသာဝါဒ။** ။မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုခြင်းကို ငါ မဟုတ်မမှန်လုပ်ကြံ၍ ပြောဆိုတယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုခြင်းသည် ငါ ပြောဆိုသည် မဟုတ်၊ လောဘနှင့်ယှဉ်သောစိတ်ကြောင့် ဖြစ်ပေါ်လာသော စိတ္တဇ ပထဝီဓာတ်က ကမ္မဇ ပထဝီဓာတ်ကို လည်ချောင်းမှာ အာခေါင်မှာ၊ လျှာမှာ၊ သွားမှာ၊ နှုတ်ခမ်းမှာ ထိခတ်ပေး၍ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်က ခံတွင်း, လျှာ, နှုတ်ခမ်း ခေါ်သော ရုပ် အပေါင်းတို့ကို တွန်းကန်ပေးလျက် ဝိညာဏ်က ပြုပြင်ပေးသည့်အတွက် မဟုတ်မမှန်လုပ်ကြံ၍ စကား ပြောဆိုမှုဖြစ်တယ်။ ယင်း ရုပ်အပေါင်းတို့သည် ဖြစ်ပေါ်လာ ပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားတို့ သာ ဖြစ်တယ်ဟု ပွားများအားထုတ်ကြလျှင် အာမဂန္ဓ အစာ အာဟာရကို စားသုံးမှုမှ လွတ်တယ်။

**ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။** ။ ဝစီ ဒုစရိုက် သုံးပါး ဝိပဿနာတရား ပွားများအားထုတ် နည်းတို့ကား မုသာဝါဒ ဝိပဿနာတရား ပွားများအားထုတ် နည်းနှင့် တူတယ်။ မုသာဝါဒ ဝိပဿနာတရား ပွားများ အားထုတ်နည်းအတိုင်း ပွားများ အားထုတ်ကြ။

**အဘိဇ္ဈာ။** ။ သူ့ဘပါးတို့၏ ပစ္စည်းဥစ္စာတို့ကို မတရားသဖြင့် ရအောင်ရှေးရှုကြံစည်ခြင်းကို ငါကြံစည်သည်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

သူတပါးတို့၏ ပစ္စည်းဥစ္စာတို့ကို မတရားသဖြင့် ရအောင် ရှေးရှု ကြံစည်ခြင်းသည်ငါ ကြံစည်သည်မဟုတ်၊ မိစ္ဆာသက်ပ္ပဝိတက်တရားက ကြံစည်ခြင်းသာဖြစ်တယ်။ ယင်း မိစ္ဆာသက်ပ္ပဝိတက်တရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက် ပျက်စီးသော တရားသာ ဖြစ်တယ်ဟု ပွားများ အားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

**ဗျာပါဒ။** ။သူတပါးတို့၏ပစ္စည်းဥစ္စာတို့ကို ပျက်စီးအောင် ကြံစည်ခြင်းကို ငါကြံစည်သည်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

သူတပါးတို့၏ ပစ္စည်းဥစ္စာတို့ကို ပျက်စီးအောင် ကြံစည် ခြင်းသည် ငါကြံစည်သည်မဟုတ်၊ မိစ္ဆာသက်ပ္ပဝိတက်တရားက ကြံစည်ခြင်းသာဖြစ်တယ်။ ယင်း မိစ္ဆာသက်ပ္ပဝိတက်တရားသည် ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်ဟု ပွားများ အားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်တယ်။

**မိစ္ဆာဒိဋ္ဌိ။** ။မှားသောအယူကို ယူခြင်းကို ငါ ယူတယ်ဟု ထင်မှတ်ယူဆလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှု မည်တယ်။

မှားသောအယူကိုယူခြင်းသည် ငါယူသည်မဟုတ်၊ မိစ္ဆာဒိဋ္ဌိ တရားက ယူခြင်းသာ ဖြစ်တယ်။ ယင်း မိစ္ဆာဒိဋ္ဌိ တရားသည်

ဖြစ်ပေါ်လာပြီးလျှင် ခဏချက်ချင်း ချုပ်ပျောက်ပျက်စီးသော တရားသာဖြစ်တယ်ဟု ပွားများ အားထုတ်ကြလျှင် အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှလွတ်တယ်။

ဤသို့ အကြိမ်ကြိမ်အထပ်ထပ်ပွားများအားထုတ်ကြလျှင် အပါယဂမနိယ ကိလေသာ အာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ လွတ်ကြမည်။အပါယဂမနိယ ကိလေသာအာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ အချင်းခပ်သိမ်း လွတ်ကြလျှင် သောတာပန် ဖြစ်ကြမည်။ ကာမသုဂတိဘုံ၌ ပဝတ္တိအခါ ရှုန်းရင်း ကြမ်းတမ်းသော ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော ကိလေသာအာမဂန္ဓ အစာ အာဟာရကို စားသုံးမှုမှအချင်း ခပ်သိမ်းလွတ်ကြလျှင် သကဒါဂါမ်ဖြစ်ကြမည်၊ ကာမသုဂတိ ဘုံ၌ ပဝတ္တိအခါသိမ်မွေ့သော ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော ကိလေသာအာမဂန္ဓ အစာအာဟာရကို စားသုံးမှုမှ အချင်း ခပ်သိမ်းလွတ်ကြလျှင် အနာဂါမ်ဖြစ်ကြမည်။ ရူပ, အရူပဘုံ၌ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော ကိလေသာ အာမဂန္ဓ အစာ အာဟာရကို စားသုံးမှုမှ အချင်းခပ်သိမ်း လွတ်ကြလျှင် ရဟန္တာ ဖြစ်ကြမည်။

ကိုင်း—ဆုံးပြီ။

- ဗုဒ္ဓသာသနာ ဆိုသည်မှာ အဘယ်နည်း။
- ထို သာသနာတော်၏အမွေကို မည်ကဲ့သို့ ခံယူရပါသနည်း။
- မိမိ၏ရင်၌ဖြစ်သောသား၊ကိတ္တိမသား စသည်တို့ကို ရှင်သာမဏေ ပြုပေးတိုင်း သာသနာ့အမွေ ရနိုင်ပါသလား။
- မည်သို့သော ဦးတည်ချက်မျိုးနှင့် ယှဉ်နှော၍ သာသနာ့အမွေ ရနိုင်ပါသနည်း။
- သာသနာတော်တွင်းသို့ ရောက်လာကြသူ ရှင်သာမဏေများ၏ ကျင့်ဝတ် သိက္ခာ တို့ကား အဘယ်တို့ပါနည်း။ အရေအတွက် အားဖြင့် မည်မျှရှိပါသနည်း။
- ရှင့်ဒါယကာ၊ရှင့်ဒါယိကာမများရနိုင်သော အကျိုးတရားတို့ကား အဘယ်တို့ပါနည်း။

**ဗုဒ္ဓသာသနာတော်နှင့် ယှက်နွယ်နေကြသူတိုင်း သိသင့်သိထိုက်သော ထိုမေးခွန်းတို့၏အဖြေများ။**

**သာသနာ့အမွေကိုခံယူခဲ့ပြီး၊ခံယူကြဆဲနှင့်နောင် ခံယူကြရမည့် သာသနာ့ ဒါယကာ၊ ဒါယကာ လောင်းလျာများအတွက် မသိလျှင် မဖြစ်သော အကြောင်း, အချက်များ ဝေဝေ ဆာဆာဖြင့်**

# ပုသိမ်ဆရာတော် အရှင်ဂရုဝံသ ၏

# သာသနာ့အမွေ

**မကြာမီ ဆက်လက်ထွက်ပေါ်လာမည်။**

# သမုဒ္ဒရာ ၆ ပါး ဝိပဿနာတရားတော်

- သမုဒ္ဒရာထဲတွင် ကြီးမားပြင်းထန်သော မိုးသက်မုန်တိုင်း လှိုင်းတံပိုးများနှင့် ငါးမန်း၊ ငါးဆင် စသော ရေသရဲ တို့၏ဘေးရန် ထူပြောလှသည်။ လူ့ဘဝ ပင်လယ်သမုဒ္ဒရာ တွင်လည်း ရာဂ၊ ဒေါသ၊ မောဟ စသော ဘေးအန္တရာယ် တို့ဖြင့် ပြွမ်းတီး၍ နေသည်။

- ထို သမုဒ္ဒရာ ရေပြင်လယ်တွင် ကျရောက် နစ်မွန်းရသူများ အဖို့ ပြန်လမ်း မရှိတော့ချေ။ ရေနေ သတ္တဝါတို့၏ အစာ အဖြစ်ဖြင့် ပျက်စီးကြရသည်သာတည်း။ သို့ရာတွင် ယင်း ပျက်စီးမှုကား မျက်မှောက် ဘဝတာ အတွက်မျှသာ ဖြစ် လေသည်။ ဤကား ဗဟိဒ္ဓမှ ပကတိ ရေသမုဒ္ဒရာ၏ သဘောပင်တည်း။

- သမုဒ္ဒရာ ၆ ပါး ဝိပဿနာတရားတော်သည် သတ္တဝါတို့၏ အဇ္ဈတ္တမှ သမုဒ္ဒရာ ၆ စင်းတို့ကိုလည်းကောင်း၊ ထိုသမုဒ္ဒရာ များ၏ ဝဲဩဃထဲတွင် သတ္တဝါများ နစ်မွန်းလာခဲ့ကြရပုံကို လည်းကောင်း၊ နောင် ဆက်၍ နစ်မွန်း ကြရဦးမည့် အနာဂတ်လမ်းခရီးကိုလည်းကောင်း ကြည်ကြည်လင်လင် ဖော်ညွှန်းထားလေသည်။

- သမုဒ္ဒရာ ၆ ပါး ဝိပဿနာ တရားတော်သည် ဘဝ သမုဒ္ဒရာမှ ကူးမြောက်နည်းကို ညွှန်ပြ ထားလေသည်။ ထိုကြောင့် ငြိမ်းအေးမှုကို ရှာမှီး တောင့်တကြကုန်သော သူတော်စင် ပုဂ္ဂိုလ်မွန်များအတွက် တစုံတရာသော ဓမ္မ လင်းရောင်ခြည်ကို ပေးစွမ်းနိုင်ပါစေသတည်း။